ကြောင်ပန်း ဦးတိက္ခာ အရှင်မြတ် ၏



# ဒိဋ္ဌိပြုတ်လမ်း ဟောပုံကျမ်း

ဗုဒ္ဓမြတ်စွာသာသနာ-ကမ္ဘာ့နေသို့-လင်းစေသောဝ်။

ဒု တိ ယ တွဲ

ဦးအောင်သိန်းပုံနှိပ်တိုက်၊ မလွန်-မန္တလေး။

ကြောင်ပန်းတောရ ဆရာတော်ဘုရားကြီး၏
တပည့်

## ဦးတိဿ အရှင်မြတ်သည်

**အရပ်ရပ် ဟောကြားတော်မူအပ်သော**

**ဝိပဿနာအလုပ် အကျဉ်းချုပ်**

# ဒိဋ္ဌိပြုတ်လမ်း ဟောပုံကျမ်း

## ဒုတိယတွဲ။

**ဆုံးခန်းတိုင်အောင်**
**ကြည့်-ကျက်-ဆောင်**

ဒိဋ္ဌိပြုတ်လမ်းဟောပုံကျမ်း ပ-ဒု-တ သုံးတွဲကို
မှတ်ပုံတင်ပြီး

**ရိုက်နှိပ်ခွင့် လုံးဝခွင့်မပြု၊**

စေတနာ့ဝန်ထမ်း ကြောင်ပန်းသာသနာပြုအဖွဲ့ချုပ်၊
မုဓလင်မြို့။

၁၃၃၁-ခု၊ ပဌမဝါဆိုလ။

**ထုတ်ဝေသူ**-ဦးအောင်သိန်း၊ ကင်းလွတ်ခွင့်အမှတ် (၀၉၁၀)
၈၅-လမ်း (၃၃-၃၄လမ်းကြား)မလွန်ရပ်
မန္တလေးမြို့။

* * *

**ဘာသာရေးစာပေ ခွင့်ပြုချက်အမှတ် (၃၃၂၀)**
စာအုပ်ရေ(၄၀၀၀)
ထုတ်ဝေသည့်နေ့-၁၉၆၉-ခု၊ ဇူလိုင်လ။

* * *

**ရိုက်နှိပ်သူ**-ဦးအောင်သိန်း(မှတ်ပုံတင်အမှတ် မြ-၀၁၂၁၆)
ဦးအောင်သိန်း ပုံနှိပ်တိုက်၊ ၈၅ -လမ်း၊
(၃၃-၃၄-လမ်းကြား)မလွန်-မန္တလေး။

# မာတိကာ


အမှတ်စဉ် စာမျက်နှာ

၁။ ဥပုသ်သယ်များ၊ သတိထား၊ သနားကြင်နာ ဆုံးမစာ၊ ကောင်းစွာဘော်ညွှန်း တရားခွန်း ၁

၂။ ဂျဇအေမိုက်၊ သူ့မေရိုက် ပုံလိုက်ဘော်ညွှန်း တရားခွန်း .... .... .... ၃၃

၃။ ရန်နိုးနှင့်သေ, များလူတွေ မှတ်စေဘော်ညွှန်း တရားခွန်း .... .... .... ၈၆

၄။ တချို့ကွယ်၍ တမယ်မေ့၊ ဖြစ်လေ့ဘော်ညွှန်း တရားခွန်း .... .... ၁၂၀

၅။ ကြက်ကန်းဆန်အိုး တွေ့ရမျိုး၊ ပုံထိုးဘော်ညွှန်း တရားခွန်း .... .... ၁၄၁

၆။ ပေါက်ပွင့်ခွေးမြှော်, ထင်လွဲချော်, ထုတ်ဘော်ပုံညွှန်း တရားခွန်း .... .... ၁၆၂

၇။ နိမ္မာန်ရောက်ကြောင်း အောင်သွယ်ကောင်း ထပ်လောင်းဘော်ညွှန်း တရားခွန်း .... ၁၉၅

၈။ နေကောင်း, သေကောင်း၊ နှစ်ပါးကောင်း ပွားကြောင်းဘော်ညွှန်း တရားခွန်း .... ၂၂၈

၉။ အို, နာ, သေ ဘေး၊ လွတ်လပ်ရေး မြှော်တွေးဘော်ညွှန်း တရားခွန်း .... ၂၆၇

၁၀။ မျက်နှာချင်းစုံ, လမင်းဆုံ၊ မှတ်ပုံဘော်ညွှန်း တရားခွန်း .... .... ၂၈၉

၁၁။ ဝိပဿနာ တောလေးဆယ် ပါဠိ, အနက် ၃[illegible]၉

# နိဒါန်း။

အထက်ချင်းတွင်းနယ်၊ မုံရွာဒိစတြိတ်၊ ဗုဓလင်မြို့ ပထမ ကျောင်းပန်းတောရ ဆရာတော်ဘုရားကြီး၏ တပည့်၊ **ဦးတိက္ခ အရှင်မြတ်သည်၊** အရပ် ရပ်တို့၌၊ ဟောကြားတော်မူအပ်သော၊ တရား ဂါထာနှင့် ဝိပဿနာ ဆောင်ပုဒ်များကို လိုလားတောင့်တ၊ မျှော် လင့်၍ နေကြသည့်အတိုင်း၊ **ဟောပုံကျမ်း**၊ ပထမတွဲတွင် အချို့ပါဝင်လေပြီး ဖြစ်၍၎င်း။ ။

၎င်းဟောပုံကျမ်း ဒုတိယတွဲကိုလည်း၊ မကြာမီ စီစဉ် ထုတ်ဝေရန်၊ ကြော်ငြာ ခဲ့သော်လည်း။ ခေတ်ကာလ အားလျော်စွာ၊ ရုတ်တရက် အကြောင်း. မညီမညွတ် ဖြစ်နေရာ၊ ယခုတဖန် - ထပ်မံ လျှောက်ထားကြ ပြန်၍၊ မိမိကိုယ် - မိမိလည်း။ အဇ္ဇေဝ သုဝေဝ မရဏကာလ ဒိဝသ ဘာဂ မသိရသည်ကို၊ ထောက်ဆမိသဖြင့်၎င်း။

ထိုဝိပဿနာ ဉာဏ်လမ်း၊ ဉာဏ်စခန်း၌၊ တမ်းတမ်း မတ်မတ်၊ ဟောတတ် ပြောတတ်၊ ပွားများတတ်အောင်၊ ရဟန်းရှင်လူ၊ ဝါသနာ ပါသူတို့ နည်းယူ လေ့လာ၊ လွယ်ကူစေခြင်း အကျိုးငှာ၊ ဤဝိပဿနာ အလုပ် အကျဉ်းချုပ်၊ **ဒိဋ္ဌိ ပြုတ်လမ်း၊ ဟောပုံကျမ်း၊** ဒုတိယ တွဲကို၊ တဆက်ထည်း ရေးသား လိုက်ရပြန်ပေ သတည်း။ ။

# ဗမာ့ မြေပုံပါ ကမ္ဘာလုံးပုံ ထည့်ရခြင်း၏

## ရည်ရွယ်ချက်။

ဘုရားရှင်၏၊ သုံးရပ်သော အဆုံး အမဘော် တည်းဟူသော သာသနာတော်ကြီးသည်။ ရှင်တော် ဘုရားကြီး ပွင့်တော်မူကတည်းက၊ စကြာဝဠာတိုက် တသောင်းဟု ဆိုအပ်သော ဇာတိခေတ် တခုလုံး၌၊ ထွန်းလင်းပြန့်နှံ့ တည်ရှိသည် အဖြစ်ကိုရင်း။ အဓိက အားဖြင့် ဘုရားရှင်တို့ ပွင့်မြဲဓမ္မတာ၊ ပွင့်တော်မူရာ၊ ဇမ္ဗူဒိပါ, ကျွန်းလက်ျာ၌၊ ထွန်းလင်းပြန့်နှံ့၊ တည်တန့် နေသည် အဖြစ်ကိုရင်း။ အထူးအားဖြင့် ကျွန်ုပ်တို့ မြန်မာပြည်တွင်၊ ဝိမုတ္တိ တပတ်ပြန်သော ခေတ်အား လျော်စွာ၊ ထွန်းလင်း တောက်ပ, ပြန့်နှံ့ နေသည့် အဖြစ်ကိုရင်း။ သာသနာ ကြီးပွားပြန့်နှံ့ တည်တန့် သည်ကို၊အားတက်ဘွယ်ရာသိစေလို၍ 'မျက်နှာဖုံးတွင်' **(ဗမာ့ မြေပုံပါ ကမ္ဘာလုံးပုံကြီး)** ထည့်သွင်းဖေါ်ပြ လိုက်ရပါသည်။ ။

**(ပုံ) ဦးအောင်သိန်း၊**

ဦးအောင်သိန်း ပုံနှိပ်တိုက်

မလွန် မန္တလေးမြို့။

# ကြောင်ပန်း "ခြောက်စောင်တွဲကျမ်း"

# ကျေညာချက်

ပုံနှိပ်တိုက် အသီးသီးမှရိုက်နှိပ်ခဲ့ကြသော ပထမ ကြောင်ပန်း ဆရာတော် ဘုရားကြီး၏ "ခြောက်စောင်တွဲ" ကျမ်းသည်။ အချို့သော ပုံနှိပ်တိုက်များတွင် (အယ်ဒီတာ) မရှိခြင်း။ တချို့ (အယ်ဒီတာ) ရှိသော်လည်း၊ ကြပ်ကြပ် မတ်မတ် မပြင်ဆင်ခြင်း။ ပေါ့ဆခြင်း အစရှိသော အကြောင်း ကြောင်းတို့ကြောင့်၊ ကျမ်းပြု ရှင်၏ မူလ အာဘော်တော်ကို ယွင်းမှား, ထိခိုက်လောက်အောင်၊ ပါဠိ,ဝါကျ၊ မြန်မာ,ဝါကျ တို့၌၊ ပုဒ်စုလိုက် ကျခြင်း၊ မှားခြင်း, အစရှိသော မှားယွင်း, ချက်ပေါင်း (တစ်ရာကျော်) တွေ့ရှိ ခဲ့ပေသည်။

သို့အတွက် ကြောင်ပန်း သာသနာပြုအဖွဲ့ချုပ် လူကြီးများ ကိုယ်တိုင်၊ ပထမရိုက် မူမှန်ကျမ်းများနှင့် တိုက်ဆိုင်ပြင်ဆင်ခြင်း။ ကြောင်ပန်း တောရရှိသော ကျောက်စာမူများ နှင့် တိုက်ဆိုင် ပြင်ဆင်ခြင်း။ ပထမ ဆရာတော်ဘုရားကြီး၏တပြည့်ရင်းဖြစ်တော် မူသော တတိယ နာယက ဆရာတော်ဘုရားကြီး အမှူးပြုသည့် နာယကဆရာတော်ကြီးများအဖွဲ့သို့တင်ပြအတည်ပြုပြင်ဆင်ခြင်း၊ ဤကဲ့သို့ အထပ်ထပ် ပြင်ဆင်၍ မူဟောင်း,မူမှန်၊ "အများပြည်သူ ရဟန်း,ရှင်လူ" ကြည့်ရှုနိုင်ရန် ကြောင်ပန်းသာသနာပြုအဖွဲ့ချုပ်မှ

ရိုက်နှိပ်နေပါပြီ၊ နောက်နောင်တွင် ၎င်း **"ခြောက်စောင်တွဲကျမ်း"** ကို ထုတ်ဝေလိုသူများသည်၊ အဖွဲ့ချုပ်နှင့် ဆက်သွယ်၍ ကြောင်ပန်း သာသနာပြု အဖွဲ့ချုပ်မှ ခွင့်ပြုချက်မူမှန် အရယူ၍ ရိုက်နှိပ် ထုတ်ဝေကြရပါမည်။

(ပုံ) အဖွဲ့ချုပ်ကိုယ်စား

**(ဦးကျော်သန်း)**

ကြည့်ကြပ်သူ


အမှတ် ( ၃၇၉ )

အနောက်ပြင် ဥယျာဉ်တန်း၊ မန္တလေးမြို့။

ဤစာအုပ်တွင် - အနည်းငယ်မျှ **အမှား, အမှန်** ကို ပြင်ဆင်ချက် ထည့်သွင်း ပြင်ဆင်ပြီးမှ ဘတ်ရှုကြပါရန်။

## ဝိသောဓက (ဦးကျော်သန်း)

| စာမျက်နှာ | စာကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၉ | ၂၀ | ရယ်လို | ရယ်လို့ |
| ၁၈ | ၉ | ပေါ့ပါ | ပေါပါ |
| ၅၄ | ၅ | တူစွ | တူစွာ |
| ၆၂ | ၁၀ | သဘုရား | ဘုရား |
| ၇၃ | ၃ | ဇတိ | ဇာတိ |
| ၁၁၈ | ၁၄ | လေဓာတ်ရ | လေဓာတ်စု |
| ၁၂၀ | ၆ | ဗလကာ | ဗာလကာ |
| ၉၀ | ၈ | နဲဘဲ | နဲ့ ဘဲ |
| ၁၈၂ | ၁၁ | နှစ်မနှစ် | နှစ်မိနစ် |
| ၁၈၃ | ၁ | ရုပ်ရပမတ် | ရုပ်ပရမတ် |
| ၁၉၃ | ၃ | ချောတဲ့ခါ | ချော့တဲ့ခါ |
| ၁၉၇ | ၅ | ထိလိုက် | တိလိုက် |
| ၂၀၆ | ၉ | ကျင်ကြံ | ကျင့်ကြံ |
| ၂၂၁ | ၂ | ကိုတော | ကိုတော့ |
| ၂၇၅ | ၈ | တွေ့ရဲကိုး | တွေ့ရဲ့ကို |
| ၃၀၀ | ၁၆ | သို့ကလို့ | သို့ကလို |
| ၃၂၁ | ၅ | ဒုက္ခတော့ | ဒုက္ခတော |



ကြေခင်ပန်း
အသျှင်-ဦးတိဿာ ပုံတော်။

# ဦးတိုးဗျာ-ဇယာဘုံကျမ်း။

" ရတနတ္တယံ-အဟံ-ဝန္ဒာမိ "

## ဥပုသ်သယ်များ သတိထား

## သနား ကြင်နာ ဆုံးမစာ။

## ကောင်းစွာဘော်ညွှန်း-တရားခွန်း။

(၁)

ကေစညေ ကောပရေ သိလံ-ဂဏှိတွာ တဥ္စုပေါသထံ၊
ဟိန် ဝဋ္ဋေထ ဘုဥ္ဇန္တိ-သေန္တိ-ဘာသန္တိ ဂစ္ဆရေ။

**ဘောဇန္တော**၊ ဝါတွင်း ဝါပ၊ နှစ်ဌာနဗ္ဗ၊ လာကြ သွားကြ၊ များလှ စုဆောင်း၊ အို....ဥပုသ်သယ် အပေါင်းတို့၊ ၊တုဒမှ၊ ရှစ်ရက်လပြေ့၊ လကွယ်နေ့ဗ္ဗ၊ တနေ့မပျက်၊ လေ့ကျက် ဆောက်တည်၊ အရှည်ကြာ ညောင်း၊ သင်....ဥပုသ်သယ် အပေါင်းတို့သည်။ မေ မဂ်ဖိုလ် စခန်း၊ ရက်တို လှမ်းဘို့၊ စိတ်မှန်း ရည်ရော်၊ အကျိုးမြော်၍၊ နှိုးဆော်လိုက်ခြင်း၊ ငါ ပဉ္စင်း၏။ မေ သုံးပုံပိဋကတ်၊ ပရိယတ်ဗ္ဗ၊ အတတ်ကြီး မဟုတ်သော်လဲ

ပရမတ် ခရီးအချုပ်မှာဖြင့်၊ အလုပ် နှင့် သရုပ်၊ ဟုတ်မဟုတ်ကို၊ ခွဲထုတ်နိုင်ပြား၊ တိလ်ရွှေကိုယ်ဘုရား၏။ ဝစနံထုတ်ဆိုစကား၊ နှုတ်ချိုပျားကို။ ဝစနံ၊ ဥပုသ်သယ်များ၊ သတိထားဘို့၊ သနားကြင်နာ၊ ဆုံးမစာဟု၊ ကောင်းစွာဘော်ညွှန်း၊ ရွှေနှုတ်ခွန်းကို။ သံလကျွေထ၊ အကြောင်းအရာ၊ ၎င်းစာမှာ၊ ကောင်းစွာမှတ်လိုက်ကြပါကုန်လော မနသိ ကရောထ၊ မရှန်း မရှင်း၊ အမှန်း ကင်းအောင်၊ ကောင်းမွန်စွာ နှလုံး သွင်းလိုက်ကြပါကုန်လော။ ။ ဝိန္ဒေထ၊ ဟုတ်ထာ ဆိုတော့မခံချင်၊ မဟုတ်ထာပြောတော့ စိတ်ညိုညင်၊ ဘယ်လိုပြောမှ သဘောကျနိုင်မည်မထင်။ သူ့ကိုပင်စောင်းသတဲ့၊ ငါ့ကိုပင်စောင်းသတဲ့လို့ အကြောင်းမဲ့ အပြစ် မတင်ကြပါနှင့်၊ ယဉ်ယဉ် ကခလေး သဘော ပိုက်ဆ၍၊ ဆင်ခြင် တွေးတောလိုက်ကြပါကုန်လော။ ။အပ္ပသုတာ၊ ပညာရှိထံ၊ နည်းမခံက၊ ယထာဘူတာ၊ မှန်မရဘူး၊ လောကဆိုရိုး၊ မော်ဘွန်းထိုး၏၊ အကျိုးမများ၊ တရားမဝင်၊ အကြား,အမြင်,နည်းပါး ကြသဖြင့်၊ အလကားပင်ကြီးမား၍နေရှာကြတဲ့၊ အနေမကျ၊ အသေမလှ၊ ဘဝထိုထို၊ ဘူတာအိုထီး၊ ဘူတာအိုမကြီးတို့သည်။ သီသံ၊ ရှစ်ပါး,ကိုးပါး, ဆယ်ပါးအထိ၊ အဋ္ဌင်္ဂီ, နဝင်္ဂီ, ဒသင်္ဂီနှင့်၊ ရှိသမျှအကုန်၊ အဖုံဖုံအရပ်ရပ်၊ အလုံးစုံသော သီလတော်မြတ်ကို။ ဂဏှန္တိ၊ အသိမျိုးမပါ၊ မိရိုးဘလာဖြင့်၊ ရှိခိုးခါခံယူကြလေကုန်၏။ ဂဏှိတွာ တယောက်နှင့်

တယောက်၊ ပေါက်ပေါက် ဖေါက်သလို၊ မြောက်သောံ
ညံ့ဆူ၊ ခံယူဆောက်တည်ကြကုန်ပြီး၍။ ကေစိ၊ အပေါ်ရံ
ဖယောင်း၊ အတွင်းက သံချောင်းမို့၊ သို့ကလို သဘော
မကောင်းကြတဲ့၊ အချို့အချို့သော ဥပုသ်သယ်အပေါင်း
တို့သည်။ ဘုဉ္ဇန္တိ၊ အပေါင်းအသင်း သဟာယတွေနှင့်၊
ကျောင်းတွင်းမှာ လာကြ၍၊ ဝါကြ ကြွားကြ၊ စားကြ
သောက်ကြ ဝါကြွား စားသောက်ကြ လေကုန်၏။
ဘုဉ္ဇန္တိ၊ အူမဘောင့်မှ သီလစောင့်နိုင်၊ ယိုစကား လက်
ကိုင်ကြောင့်၊ မထွက်နိုင် ပြင်ဆင်လို့ မပြီးဒါက၊ အထင်
အမြင်ကြီးအောင်၊ အတော်ဘဲ နည်းတွေက များရော့
ထင့်၊ အသွင်အပြင် ပုတီးပြောင်ပြောင်၊ အဘော်သဟဲ
သွီးသားတွေနှင့်၊ ပျော်ပွဲကြီးစားသောက်ကြလေကုန်၏၊
ဘုဉ္ဇန္တိ၊ အကောင်း ဟင်း တခွက် အဆိပ် အသက်မပါ
လျှင်၊ အပေါင်း အသင်း အတွက် မိတ်ပျက်မှာကြောင့်၊
ချက်ခါပြုတ်ခါ၊ ချက်ပြုတ်ခါနှင့်၊ ထက်သုဒ္ဓါ ဒေဝေါ်
အကြိုက်တို့လို၊ လက်သုတ်ပါ၊ ရေဖျော် အကြော်အလှော်
အမြှုံက်တွေနှင့်၊ ပျော်ပျော်ပါးပါးကြီး စားကော်တိုက်
ကြလေကုန်၏။ ဘုဉ္ဇန္တိ၊ ဝက်သားကြက်သားအမဲငါးနှင့်
ဘဲသား ဆိတ်ပါ၊ အဥဆိုတဲ့ သတ္တဝါ၊ အကောင်ဆိုတဲ့
သတ္တဝါတွေကို၊ ပြောင်သတ်ယာ ဧကန်သိပါလျှက်နှင့်၊
သေဒဏ်ထိဒါ၊ ဟိုခမြာ ကိုဖြင့်၊ မတွေး ကြတော့ဘဲ၊
ကိုယ်ခန္ဓာကလေး၊ လိုဒါမေး၊ အချိုအသာ ပေးပေးပြီး၊

ရှိပ်စာကြီး ကျွေးကြလေကုန်၏။ ဘုဋ္ဌန္တီ၊ ပါးစပ်ကို အလိုလိုက်၊ မိုက်ကအကျင့်ပါ၊ စိတ်ခွာတ်က သရမ်းလာသည်၊ ပန်းစရာ အဘော်ရမက်တွေနှင့်၊ စခန်း ပါ၀ါ အပျော် ဖက်ဖက်ပြီး၊ ရွှင်ရွှင် လန်းလန်းကြီး စားတော်ဆက်ကြလေကုန်၏။ ဘုဋ္ဌန္တီ၊ အညံ့ဆုံးအားဖြင့်၊ ဥပုသ်စောင့် အသွား၊ ဇရပ်နား အရောက်တွင်၊ ဆပ်သားခြောက်ထောင်း၊ ငါးခြောက်ကလေး တမျှောင်းနှင့်၊ ငါးပိကောင် ခေါင်းပြတ်ကလေးမှ မပါလျှင်၊ လာဒါ မြင် နှုတ်မဆက်မဲ့အရေးတွေကြောင့်၊ ချတ်တရက်ပြေးခါ လက်ဗလာကလေးရယ်နှင့်၊ အခက်ပါ တမျက်နှာ ရှက်စရာအရေးလိုပ၊ တခွက်စာပါနော် သဘက်ခါ ပေးမယ်လို့၊ ဈေးသယ်ဆီ အငန်းယူ၊ အများနှင့် တန်းတူအောင်၊ လှမ်းခြုံဆောင်၊ အကဲစတိုင် ပြချင်လို့မို့၊ နောင်ခါပေး အကြွေးစါးပွဲထိုင်ကြလေကုန်၏။ ဟိနံ့၊ စားစိတ်ထန်ပြင်း မသန့်ရှင်းလို့မို့၊ အလွန်ပင် ညံ့ဖျင်းလှစွာသော။ တဋ္ဌ ပေါ်သထံ–တံ ဥပေါသထံ၊ စားလိုက် ၀ါးလိုက်၊ တအားတိုက်ဖြင့်၊ အများစရိုက်လက်ရိုး၊ ထိုကဲ့သို့(ဘိလူးဥပုသ်) မျိုးကိုလဲ။ ဝဋ္ဋေထ၊ ကိုယ့်ကို ကိုယ်အား၊ သတိထား၍၊ ရှောင်ရှား တားမြစ် လိုက်ကြ ပါကုန်လော။ အညော၊ အပေါ်ရံ ရွှေမှုံကြဲ၊ အထဲက နွားချေး ခံမို့၊ သို့ကလို သဘောမကောင်းကြတဲ့၊ အချို့ အချို့သော ဥပုသ်သယ် အပေါင်းတို့သည်။ သေန္တီ၊ ပါလာသမျှ အစာအာဟာရ

အသီးအသီးတွေကို၊မိုက်ကားအောင်စားသောက်ပြီး၍ တငိုက်ငိုက် တမျည်းမျည်းနှင့်၊ ဖိန်းခြင်း ကြီးဖိန်း၊ ရှိန်းခြင်းကြီး ရှိန်းလျှက်၊ မှိန်းခြင်းကြီး မှိန်းကြလေကုန်၏။ သေနည့်၊ ဇရပ်ကြို ဇရပ်ကြား၊ ဘုရားကြို ဘုရားကြား ဆိတ်ငြိမ်ရာ သွားသွားပြီး၊ ကားကားကြီး အိပ်ကြလေကုန်၏။ သေနည့်၊ အစား ဝတဲ့အခါမှာ၊ ပုဘီးကလေး အနားချ၍၊ အားရပါးရ၊ စိတ်ချ လက်ချနှင့်၊ အဝတ်စကလေး ခင်းခင်းပြီး၊ စင်းစင်းကြီး အိပ်ကြလေကုန်၏။ သေနည့်၊ တချက် တွေးဆလိုက်ပုံက၊ 'တရက်'ကလေးကွ၊ ရတက် ပြေဘာရယ်လို့၊ တဘက်ကလေး တမမနှင့်၊တစကိုအုံး၊တစကိုဖုံးလျှက်၊တုံးလုံးပက်လက်၊ တချက်မပျော်၊ တချက်ပျော်နှင့်၊စက်ဘော် ခေါ်ကြလေကုန်၏။သေနည့်၊ တောင်တွေး မြောက်တွေး၊ တရေးရေးနှင့်၊ မအေးနိုင်စက်၊စိတ်ရတက်တွေက၊အဆိပ်တက်သလို၊မိတ်ဘက်ကို အတွင် လှမ်း လှမ်းပြီး၊ အိပ်မက် ခန်း ကြီး ဝင်ကြလေကုန်၏။ဟိန်း၊အိပ်စိတ်ထန်ပြင်း၊မသန့်ရှင်းလို့မို့၊အလွန်ပင် ညှံ့ဖျင်းလှစွာသော၊ တဋ္ဌုပေါ်ယထံ-တံဥပေါ်သထံ၊ ဥပုသ်သယ်ရဲ့စည်းစိမ်၊တလိမ်လိမ်နှင့်၊တပိန်ပိန် တချုံးချုံး၊ တနုံးနုံး တခွေခွေ၊ တသန်းသန်း တဝေဝေနှင့်၊ အချိန်တွေ ဖြုန်း၊ တနေ့လုံး သာလျှင်၊ အိပ်မှုံး ရိညှိုးထိုက်ခဲ့သို့(နဂါးဥပုသ်)မျိုးကိုလဲ။ဝဇ္ဇောထ၊ရုပ်နာမ်အနိစ္စ သဘာဝမှာ၊ ငါမရ-သူမရှိ၊ ပကတိပျက်မှု၊ အာရုံပြု၍

အမှုမဲ့ အမှတ်မဲ့နေချင်တဲ့ အချည်းနှီးစိတ်ကို၊ နှိမ်နင်းခါ ဆင်းင်တ်ပြီး၊ ထင်မြင်အောင် ပုတီးစိတ် လိုက်ကြပါကုန်လော့။ ဧကော၊ အပေါ်ရံရဲရဲ၊အတွင်းက မဲမဲမို့၊သို့ကလိုသဘော မကောင်းကြတဲ့၊ အချို့အချို့သော ကျီးအာသီး ဥပုသ်သယ် အပေါင်းတို့သည်၊ ဘာသန္တိ၊ ဥပုသ်နေ့မှ၊ အားလပ်ခွင့် ရသဖြင့်၊ တွေ့ကြလေရာ၊ မျက်နှာစုံညီ၊ သီတင်းသည်တို့၏ အလယ်၌၊ သယ်သယ်ပိုးပိုး၊ အကျိုးမပြီး၊ အချည်းနှီးမျှ၊ အသုံးမကျတဲ့ စကားတွေကို၊ နားမနေ-တားမနေ၊ ပတ္တမြား,ရွှေ,ငွေ၊ အမွေ ရတော့မလို၊ တဖွဖွတရွရွနှင့်၊ပါးစပ်ကအမြှုပ်ကျအောင်၊စားမတတ်ဝါးမတတ်၊ ပြောဆို တတ်ကြလေကုန်၏။ ဘာသန္တိ၊ ဟောရောက်ဟောင်ရောက်၊ကမောက်ကမ၊သောတရှ ခြောက်ဆယ်၊ အသွယ်သွယ် အဝဝ၊ ကြွေခဲ့ရ မြင်ခဲ့ရ စကား၊ အစားစားကို၊ တဝါးဝါး တသိုက်သိုက်နှင့်၊ ဟား ဟားတိုက် ပြောဆိုဘတ်ကြလေကုန်၏။ဘာသန္တိ လက်ကတော့ ပရင်းပုတီးတချောက်ချောက်နှင့်၊ပါးစပ်ကတော့ -မြင်း အီးပေါက်သလို၊ တယောက်ကို အလှဲမပေးနိုင်တော့ဘဲ၊ မယ်အေးက—ဘယ့်လို၊ မယ်ထွေးက ဘယ်ပုံ၊မယ်ရုံ,မယ်သုံ,မယ်လုံတို့ကဘယ်ဟန်၊မရင်,မခင် မကျင်က ဘယ်သဏ္ဍာန်နှင့်၊ မိဟန်, မိကျန်, မိညာဏ် က ဘယ်သဘော၊ အကြည်, အနု, အစု, အပု တို့ပါအကုန် ရောပြီး၊ တရယ်ရယ် တမောမောနှင့်၊ တသောသော

နေအောင် ပြောဆို ဘတ်ကြ လေကုန်၏။ ဘာသာန္တိ၊ လက်ထဲက အုံးပုတီးနှင့်၊ကျောင်းပေါ်က ဘုန်းကြီးကိုမှ အားမနာ၊ ဖြုန်းတီးဒါ၊ သားရတနာက မိုက်တယ်လို့၊ အများကညာတသိုက်ကိုကြီးစွာပိုးပြန်သတဲ့၊သွီးကညာ ကတိုးဟာ လိမ္မာတဲ့ အရေးတွေကြောင့်၊ ချိန်ခါမဝေး ဘောင်၊ မင်္ဂလာဆောင်တော့မလို့တဲ့၊ တင်စရာ နောင် ဗန်း အမြင်မချိပေဘူး၊ ခန်းဝင်ဘို့ပစ္စည်းမှာ-ဟောဒါ တွေ ဒါတွေဘဲရယ်လို့၊မိဂုဏ်,ဘဂုဏ်,ဓနဂုဏ် အလုံးစုံ အကုန်မကျန်၊တခုစီခွဲခွဲပြီးသဲသဲမဲမဲကြီး ပြောဆိုတတ်ကြ လေကုန်၏။ ဟီနုံ၊ မဲ့စိတ်,ရွံ့စိတ်,မတဲ့စိတ်နှင့်၊ ရယ်စိတ်, မောစိတ်,သောစိတ် ထန်ပြင်း၊ မသန့်ရှင်းလို့မို့၊ အလွန် ပင်ညှီဖျင်းလှစွာသော။တစ္ဆေ ပေါ်သထံ-တံ ဥပေါ်သထံ၊ လက်ပံပင် ဇရက်ကျသလို၊ ထွက်သမျှ နှုတ်ဆိုး၊ ထိုကဲ့သို့ (ဇရက်ဥပုသ်)မျိုးကိုလဲ။ ဝဋ္ဋေထဲ၊ရုပ် နာမ် ဒုက္ခ၊သဘာ ဝမှာ၊ ငါမရ-သူမရှိ၊ပကတိဆင်းရဲမှု၊ အာရုံပြု၍၊ အမှုမဲ့ အမှတ်မဲ့၊နေချင့်တဲ့အချည်းနှီးစိတ်ကို နှိမ်နင်းခါဆီးပိတ် ပြီး၊ ထင်မြင်အောင် ပုတီး စိတ်လိုက်ကြပါကုန်လော့။ အပရေ၊ အပေါ်ရုံရှင်းရှင်း အတွင်းကရှုပ်ရှုပ်မို့ သို့ကလို သဘော မကောင်းကြတဲ့၊အချို့ အချို့သော(သပ္ပုတ်အူ) ဥပုသ်သယ်အပေါင်းတို့သည်၊ ဂန္ထရေ-ဂန္ထန္တိ၊ တရား အဆုံးအမကိုဖြင့်၊ တလုံးတပါဒမှ အရမယူခဲ့မိဘဲ၊ စိတ် ခေတ်က တရစ်ရစ် လှုပ်လှုပ်ပြီး ဆွဲလို့မို့၊ လစ်ခနဲ

သုတ်ခနဲ-ဖြုတ်ခနဲ ပြန်သွား ကြလေကုန်၏။ ဂစ္ဆရေ-ဂစ္ဆန္တိ၊ ခါးကခလေး—တဆန့်ဆန့် လည်ပင်းကလေး တတန့်တန့်၊ အဝတ်ကလေးတဖြန့်ဖြန့်နှင့် ခေါ်လာရှာ အဘော်ခမြာကိုမှ မငေ့နိုင်တော့ဘဲ၊ ရွာဆီကို အာသီ ကန့်ကန့်ပြီး ခန့်ခန့်ကြီးပြန်သွားကြလေကုန်၏။ ဂစ္ဆရေ ဂစ္ဆန္တိ၊ ဩကာသအစ အာမဘန္တေ-အဆုံး၊ အားလုံး ကိစ္စ၊ သီလခံပြီးကထဲက၊ ဘာ့ကိစ္စ, ညာ့ကိစ္စ, ဟဝါ့ကိစ္စ ကြောင့်ရယ်လို့၊ တဆိပ်ကမှ မအောင့်နိုင်၊မစောင့်နိုင်၊ မလိမ်နိုင်၊အချိန်တိုင်-မတိုင် အရေးမထားကြတော့ဘဲ၊ ဟေးလား....ဝါးလား....နှင့် ပြန်သွားကြလေကုန်၏။ ဟိန်၊ သွားစိတ်,လာစိတ်၊ ပြန်စိတ်,ထန်ပြင်း မသန့်ရှင်း လို့မို့၊ အလွန်ပင်ညံ့ဖျင်းလှစွာသော။ တဥပေါသထံ တံဥပေါသထံ၊ အိမ်ချိတိုင်နား အကြီများလို့မို့၊ ဗျန် လွှားဗျန်လွှားနှင့်၊ ပြန်သွားကြရိုး၊ ထိုကဲ့သို့(စာကလေး ဥပုသ်)မျိုးကိုလဲ။ ဝဇ္ဇေထ၊ရှုပ်နာမ်အနုတ္တ။သဘာဝမှာ ငါ့မရ—သူမရှိ၊ပကတိမပိုင်မှု၊အာရုံပြု၍၊ အမှုမဲ့၊အမှတ်မဲ့ နေချင်တဲ့ အချည်းနှီးစိတ်ကို၊ နှိမ်နင်းခါ ဆီးပိတ်ပြီး၊ ထင်မြင်အောင် ပုတီး စိတ်လိုက်ကြ ပါကုန်လော့။ ဝဇ္ဇေထ၊ စား-အိပ်-ပြော-ပြန်၊သို့ဖြစ်ဟန်ကို လက်မခံ ဖယ်ရှား။ သတိထား၍၊အများလိုခဲ့တာ-စံမတူအောင် ကွင်းလိုက်ကြ ပေတော့၊ တရားကိုယ်မှာ-ဉာဏ်တဆူ သွင်းမိလျှင်ဖြင့်၊ အယူလင်းသူ-မဂ်တချူ ဆွဲမိပေလိမ့်၊

နူရင်း အုမအု - အနက်, အဖြူ ခွဲလိုက် ကြစို့ရဲ့၊ တကာစိန်ရေ (လူချင်းတူပေမယ့်—အသက်ရှူကွဲ) ကြရလေကုန်သတည်း၊ ။

ကဲကဲ ယခုလို-ရှစ်ရက်လပြေ့၊ လကွယ်နေ့ ဆိုတဲ့၊ ဥပုသ်နေ့ကြီးတွေဟာ၊ ခနေ့ထူးနေ့မြတ်ကြီးတွေဖြစ်သည့် အားလျော်စွာ၊ဥပုသ်သယ်များနှင့်ပတ်သက်၍မှတ်ချက် တင်ထိုက်သော တရား တကွင်း-နားသွင်း လိုက်ကြဦးစို့။ ။

တကာစိန်ရေ… (ဘုရား)၊ ဥပုသ်နေ့နှင့်ကြုံတိုက်၍ ဥပုသ်သယ်ဆုံးမစာ-တရားဂါထာကြီး ရွတ်ဆိုလိုက်ရ၊ ဥပုသ်သယ်များကဖြင့် ဘယ်လိုများအောင့်မေ့ ကြလိမ့် မှန်းနော်........ အင်း ဒီတရားနှင့်— ဒီနား တာစားမှ စားပါ့မလား။ ။

အော်....ဤတရားကား ငါ့ကို ဆုံးမတော် မူဒါပါ ကလား၊ ငါ့ကိုဆုံးမတော်မူဒါပါကလား-လို့ ကိုယ့် ဖြစ်ပုံ အမှုသွားနှင့် စဉ်းစားဥာဏ်လှဲ့ပြီး။ အတွဲ့ယူကြ ကောင်းပါရဲ့။ သို့တည်းမဟုတ်-ဦးတိတ္ထကိုယ်တော်က ဥပုသ်သယ်တဘက်သား မျက်နှာထားခက်သွားအောင် သက်သက်မဲ့ ချိုးဖွဲ့ဖျက်ဆီးပြီး။ ရက်ရက် စက်စက်ကြီး ဆိုလိုက်တဲ့စာ၊ "တို့ဖြင့်....နာချင်ဘောင်...."ရယ်လို

မတဲ့အောင် ယူဆသူများလဲ ရှိချင် ရှိအုံးမလားမသိဘူး တကာစိန်ရ....( မှန်ပါ....တချို့ကလဲ တို့ဖြင့် - အသက် ခြောက်ဆယ် ကျော်ပြီ၊ မြင်းအီး ပေါက် တရားများ ဒီတခါဘဲ ကြားဘူးရဲ့လို့....ပြောသံ ကြားမိပါသေး ဘုရား )။

အေး-အေး .... လက်ကတော့ပုရင်းပုတီး တချောက် ချောက်နှင့်၊ပါးစပ်ကတော့မြင်းအီးပေါက်သလို တော ရောက် တောင်ရောက်၊ ကရွတ်ကင်းရှောက်၊ သံသရာ တခုလုံးမှောက်စေတတ်တဲ့ စကားတွေနှင့် အလကား သား နေ့ရက်တွေ ဖြုံးတီးပြီး၊ လက်ထဲကအုန်းပုတီးနှင့် ကျောင်းပေါ်ကဘုန်းကြီးကိုမှအားမနာဘဲ၊ပြောချင်ရာ ပြော-ဆိုချင်ရာဆို။ သူ့အလို သူ့သဘောနှင့် နဲနဲမှ မရောမိတော့၊ နားထဲမှာ ချောကျိကျိနေလျှင် ယီးတီး ယားတား ပြောချင်လဲ ပြောမိရှာမှာပေါ့လေ။ ။

ယခု လောကကြီးမှာ ယောဘုယျသဘော များသော အားဖြင့်၊ တကာစိန်တို့ လူစု ဆောက်တည် မှုကို၊ သီတင်းတိုင်း သီတင်းတိုင်း မိရိုး ဘ, လာ ပြုကြတဲ့၊ ဥပုသ်တု ဥပုသ်ရောင် ဥပုသ်ကြောင် တွေကို ထင်ရှား အောင် ပြောင်တိုက်ပြီး၊ အကောင်လိုက် အကောင် လိုက် ထုတ်ပြလိုက်အုံးမယ်၊ နှုတ်ရသာ ဆောင်ထား ပေတော့။ ။

(၁) ကရားမထူး-အစားကြူး-ဘီလူး ဥပုသ်သယ်။
(၂) တရားမပွါး-အအိပ်များ-နဂါး ဥပုသ်သယ်။
(၃) တရားမဘက်-စကားပွက်-ဇရက်ဥပုသ်သယ်။
(၄) တရားနှင့်ဝေး အိပ် ပြန်ပြေး စာကလေး ဥပုသ်သယ်။ ။

ကဲ-ကဲ....တကာစိန်တို့စောင့်ကြတဲ့ ဥပုသ်တွေဟာ ဟောဒီ ဥပုသ် လေးမျိုးနှင့် တန်းတိုး မနေဘူးလား၊ (မှန်ပါ—မခံချင်ပေမယ့် မခံချင်ဒါက တမျိုး၊ စောင့်ကြရိုးမှာတော့၊ ဒီ လေးမျိုး နှင့် တန်းတိုး နေကြပါဘုရား။ )

ဥပုသ်စောင့်ဒါကို အပြစ်ဆိုဒါ မဟုတ်ဘူး အချိုးမကျတဲ့ မကောင်း ဓလေ့တွေကို ပြောင်းရွှေ့ ပြုပြင်ပြီး ဆင်ခြင်ထိုက်သော တရား၊ ဆင်ခြင်ဘို့ နာခံမှတ်သား ပွါးများထိုက်သော တရား၊ နာခံ မှတ်သား ပွါးများဘို့၊ သို့ကလို-နေ့ထူး နေ့မြတ်ကြီး, ဘဝထူး ဘဝမြတ်ကြီး အချိုးနှိုး မဖြစ်ရလေ အောင် စနစ်ကျ လုပ်ငန်းကို အဟုတ်တန်း သိစေချင်လို့ ဆုံးမတော်မူတဲ့ အချက်ကြီးနော်။ ။

ဥပုသ်ကြီး လေးမျိုကို မှတ်မိပလား။ ညာ—မဆာအောင်ဟဲ့၊ ညာ—မဆာအောင်ဟဲ့ ဆိုပြီး၊ ဝက်သား, ကြက်သား, အမဲ, ငါးတွေကို ဝ-သည်ထက် ပိုလွန်စွာ

ဗိုက် ကားအောင် စားသောက်တဲ့ ဥပုသ်မျိုးကို ဘာ ဥပုသ်မျိုးလို့ ဆိုမလဲ။ (ဘီလူးဥပုသ်မျိုးပါတဲ့ဘုရား။)

ဗိုက်ကားအောင် စား သောက်ပြီး—စင်း စင်းကြီး အိပ်နေဒါကတော့ ဘာဥပုသ်တဲ့လဲ။ (နဂါးဥပုသ်ပါတဲ့ ဘုရား။)

အိပ်ရာက ထပြီး–မဂ်ဖိုလ် နိဗ္ဗာန်နှင့်မနီး၊အချည်းနှီး ဖြစ်တဲ့ စကားတွေ ရောက်တတ်ရာရာ ပြောဆို နေကြ ဒါတော့ကော (ဇရက်ဥပုသ်ပါတဲ့ဘုရား။)

စကားတွေလဲစုံ၊ အချိန်လဲ ကုန်လို့၊ လုံချည် ဖုံခါ ထပြီး။ သုတ်သုတ် သုတ်သုတ်နှင့် ပြန်သွားကြတဲ့အခါ၊ ဘာဥပုသ်လို့ ခေါ်မလဲ (စာကလေး ဥပုသ်ခေါ်ပါ ဘုရား )

အင်း–အင်း....ဒါ့ကြောင့်၊ ပိဋကတ်တည်းဟူသော တောအုပ်ကြီး၊ ပညာတည်းဟူသော ဆီမီးနှင့် အပြီးတိုင် ညှိထွန်း၍၊ အလင်းသို့ ရောက်တော်မူသော ဇမ္ဗူအပြင် ထက်အောက်ခွင်၌၊ ပေါ်လွင်ထင်ရှား၊ အထူးသဖြင့် ကျော်ကြားတော် မူလှသော (မာန်လည် ဆရာတော် ဘုရားကြီး )က၊ တနေ့သောအခါ....ဥပုသ်သယ်များ အလွန်အကျွန် စားသောက် နေကြဒါ ကိုယ်တိုင် မြင် တော်မူလေတော့ "ဟဲ့....ဘီလူး ဥပုသ်သယ်တွေ၊ ဟဲ့.... ဘီလူး ဥပုသ်သယ်တွေ" လို့ မိန့်ဆိုတော်မူလိုက်သတဲ့။

ၚင်းနောက် – အိပ်နေကြဒါကို မြင်တော်မူပြန်တော့။ ''ဟဲ့ နဂါးဥပုသ်သယ်တွေ၊ဟဲ့ နဂါးဥပုသ်သယ်တွေ၊ လာကြ....လာကြ၊ တရားနာရအောင်''လို့ ခေါ်တော်မူလိုက်သဘဲ့၊ အဲဒါလို တဆင့်စကား ကြားဘူးသကိုး တကာစိန်ရ၊ (မှန်ပါဘုရား။)

အော်-ပညာရှိ ပုဂ္ဂိုလ်ကြီးများဟာ၊ မသိမလိမ္မာကြတဲ့ ဒုန်းသမားများအတွက်၊ ကရုဏာတော်သက်ပြီး တရားချတို့ အချက်ကျလာလျှင်၊ တက်ခနဲ တက်ခနဲနေအောင် ဆုံးမ ပြောဆိုတော်မူတတ်ကြတယ် နော်။ ဒါတောင်တချို့က ဘယ်အချက် ဘယ်လို၊ ဘာကို ရည်စူးပြီး ဘာပြောမှန်းတောင်မသိကြဘူး၊ ကိုယ့်ဥပုသ်နှင့်ကို၊ ကိုယ့် အသိဉာဏ် ကလေးနှင့်ကို၊ ကိုယ့် အလိုကိုယ့်ဆန္ဒနှင့် ရောင့်ရဲ တင်းတိမ်နေကြ၊ တော်တော်(ကွ)ကျသွားဘဲ။ ဒါ့ကြောင့်....

## ပညာရှိထံ နည်းမခံက အမှန်နည်းပါး အမှားများ၏။

အဲ ဒါလိုဆိုရိုးရှိသကိုး-တကာစိန်ရ၊ (မှန်ပါ-မှတ်သားစရာ စကားကြီး ထင်ရှားရှိပါဘုရား။)

အောင်မယ်- ဒါ့ထက်၊ ယခုလိုအချိုးမကျတဲ့ ဥပုသ်မျိုးဟာ ဘုရား လက်ထက်တော်က ရှိဘူးသေးတယ်၊ တိုတိုပြောကြဦးစို့။

လောကသေဌ်နှင်း၊ တရားမင်း ဖြစ်တော်မူသော၊ သုံးလူ့ထိပ်တင်၊ ဘုရားရှင်သည်၊ ပုပ္ဖါရုံကျောင်းတော်ကြီး၌၊ကိန်းအောင်းမွေ့လျော်၊စမ္ပါယ်တော် မူနေသောအခါ၊ သာဝတ္ထိပြည်က သီတင်းသည်မ ငါးရာဟာ ဘုရားထံ ဆိုက်ရောက် လာကြသတဲ့။ သီလကလဲ ခတ်ထောင့်ထောင့်၊နှလုံးသွင်းကလဲ ညောင့်မို့၊ ဆုတောင်း ပတ္ထနာ မဖြောင့်ရှာကြတဲ့ ဥပုသ်သယ်တွေပေါ့လေ....။

ဆုတောင်းပတ္ထနာ နေရာမကျ ပုံကတော့ ဒီလိုတဲ့။ ငါးရာသော မိန်းမတို့တွင် အသက် ခြောက်ဆယ်ကျော်ပြီး အဘွားကြီးတွေကတော့ ဥပုသ် စောင့်ရတဲ့အကျိုး၊ နတ်စည်းစိမ် မြော်ကိုးပြီး၊ တမျိုးဆုတောင်းကြသတဲ့။ အသက်သုံးဆယ်, လေးဆယ်, အရွယ်လတ်စား မိန်းမများကတော့၊ ရန်သူ ဖြစ်သော လင်ယောကျ်ားများနှင့် လားလားမှ မတွေ့ရသောကိုယ် ဖြစ်ရပါလို၏၊ သို့ကလို အကျိုးမြော်ကိုးပြီး တမျိုးဆုတောင်းကြသတဲ့။ အသက် အစိတ်- နှစ်ဆယ် အရွယ် နုထွား မိန်းမ များကတော့ "ငါ့အား....သားယောကျ်ားကလေး မောင်ရွှေသွေး ရှေးဦးစွာ မွေးပါရစေ"လို့၊ သို့ကလိုအကျိုး-မြော်ကိုးပြီး တမျိုး ဆုတောင်းကြသတဲ့။ ။အသက်ဆဲ့ ငါးနှစ်ဆဲ့ခြောက်နှစ် ဆံထောက်ဆံရစ် ပျိုမျစ်နုနယ် မိန်းမငယ်ကလေး တွေကတော့၊ အရွယ်လွန်ပိုင်း အပျိုဟိုင်းကြီးဘဝ နေရမှာ ကြောက်လှ၍၊ အပျိုပေါက် ကလေး

ဘ၀၊ ရောက်ခါစဥ်ပင်၊ ဖူးစာရှင်နှင့် ချစ်ခင်စွာ ကြင်နွဲပြီး။ မြန်မြန်ကြီး ဒွန်တွဲပါရစေ, မြန်မြန်ကြီး ဒွန်တွဲပါရစေ လို့ — သို့ကလို အကျိုး မြှော်ကိုးပြီး ဘမျိုး ဆုတောင်းကြသတဲ့။

အော်- သိတင်းသည့်မ ငါးရာ ဆုတောင်းပတ္တနာ အာရုံပြုကြပုံတွေဟာ လွန်စွာ ဆန်းကြယ်ဒါ ပါက လားဟ - တကာစိန့်ရ၊ (မှန်ပါ သိတ်ဆန်းကြယ်ပါဘုရား။ )

ဒါဖြင့် သူတို့ကို ထောက်ဆပြီး၊ နောက်က ရှုဘ်ဆိုခဲ့သော (ဘာသန္တိ) ပုဒ်ကို အနက်တမျိုး ထုတ်လိုက်ဦးမယ်၊ နားထောင် - နားထောင်။

(ဘာသန္တိ) အသက်အရွယ် ခြောက်ဆယ်ကျော်ပြီး အဘွားကြီးတွေက ကျားစီးမတက် နတ်ကာမဂုဏ်ကို ခံတတ်အာရုံ ရမက်စွဲလို့မို့ လက်ထဲက အသားပုတီးနှင့် ပုပ္ပါရုံကျောင်းပေါ်ကဘုရားကြီးကိုမှအားမနာ တချို့က သားကြီးရတနာ အဦးအစ မွေးပါရစေတဲ့ အလျှုံးမ က လေးတွေ - ဆံရစ် တမေခင်တို့ကလဲ၊ နှစ်တွေမလွန်ခင် ဖူးစာရှင် အတွေ့မနှောင်းပါ ရစေနှင့်-လို့ အောင်စေ ကြောင်း - ညောင်ရေ လောင်း လောင်းပြီး၊ လင်သား ကောင်းရအောင် - ဆုတောင်း ပြောဆိုကြ လေကုန် သတည်း။ ။

ယခု ရွှတ်ဆိုလိုက်သော အနက်ကတော့၊ ကျုပ်တို့ ဒိဥပုသ်သယ်တွေအတွက် ပေးလိုက်တဲ့အနက် မဟုတ်ပါဘူး၊ ဟိုတုံးအခါက, ဟို ဥပုသ်သယ်တွေကို ရည်မှန်းပြီး–လက်တန်းဥာဏ် ဖြည့်စွက်လိုက်သော အပို အနက်ကလေးပါ–တကာစိန်ရ။ (မှန်ပါ–ဒီစာအဆိုလဲ ခုအခါ ပိုချင်မှ ပိုမှာပါ ဘုရား။)

အဲ.... ဒါလို–သိတင်းသည့် မတွေ့ ဥပုသ် စောင့်ပုံအချိုးမကျဒါကို အကြောင်းနှင့်တကွ သိဟော် မူသော မြတ်စွာဘုရားကြီးသည် ထိုမိန်းမတို့အား ကဲ့ရဲ့ ရှုံ့ချအပြစ်ပြပြီး–တရားဆုံးမတော်မူသည်မှာ။ ။

အိုချစ်သွီးအပေါင်းတို့။ ငါဘုရားသည်၊ ဝဋ်မှလွတ်ကြောင်း တရားကောင်းကို၊ ပုပ္ဖါရုံ ရွှေကျောင်းက။ ထောင်းထအောင် တဖွဖွဟောနေပါလျက်နှင့် တရားအချက် နားမသက်ဘဲ မှားဘက်ကို အာရုံပြု မှားမှုနှင့် အချိန်ကုန် မှားစကား အဖုံဖုံနှင့် မှားမျိုးစုံ စုပေါင်းပြီး အဘယ့်ကြောင့်။ မှားဆုတွေတောင်းကြကုန်ဘိသနည်း။

သင်တို့ သဏ္ဍာန်မှာ ရုပ်နာမ် နှစ်ပါး အဖန်ဖန် ဖြစ်ပေါ် ပေါက်ပွါး မှုဆိုတဲ့ ဇာတိ တရားကြီးက ဇရာဘက်သို့ အတင်း ပို့နေလေ၏။ ။အဖန်ဖန် အိုမင်းယိုယွင်းမှု ဆိုတဲ့ ဇရာ တရားကြီးကလဲ ဗျာဓိဘက်သို့ အတင်းပို့နေလေ၏။ ။အဖန်ဖန် နာကျင် ကိုက်ခဲမှု

ဆိုတဲ့-မျာဓိ တရားကြီးကလဲ မရဏာဘက်သို့ အတင်းပို့နေလေ၏။

ထိုကဲ့သို့ ရုပ်-နာမ် နှစ်ပါး တို့၏ ဖြစ်ပေါ်မှု - ရင့်ရော်မှု - နာကျင်မှု - သေဆုံးမှု ဟူသော တရားအစုကို သင်တို့ တတွေပွားရှုကြကုန်-ပွားရှုကြကုန်-ဟု ရှင်တော်ဘုရား ဟောကြားတော် မူလိုက်သောအခါ၊ ငါးရာသော ဥပုသ်သယ် မတွေ ထိုခဏာ၌ပင် တရား အမြင်ပေါက်ပြီး -ပဌမဖလံ- သောတာပန် အဖြစ်သို့ ရောက်ကုန်ကြသတဲ့ တကာစိန်ရ၊ နေရာကျလိုက် ထာနော်၊ (မှန်ပါဘုရား၊ သူတို့ကတော့ နေရာကျလိုက်ထာ သိတ်ဟုတ်ထာဘဲ)။

## ပညာရှိထံ နည်းယူခံ အမှန်လဲရောက် အမှားပျောက်

နေရာမကျဘဲ ရှိပါ့မလား၊ ဘုရားတည်း ဟူသော ပညာရှိကြီး ဆည်းကပ်မိဒါကိုး။ သို့ကလို- ဘုရားအစရှိသော သာဝက တပည့် ပညာရှိတို့ထံ နည်းယူ ခံလိုက်လျှင်၊ အမှန်ရောက်ပြီး၊ အမှားတွေဟာ၊ အကုန်ပျောက်ရိုးပေါ့၊ ကြည့်ပါ့လား။ ဒီ ဥပုသ်သယ်မ ငါးရာဟာ မှန်ကန်သော တရားတခုကို အာရုံပြုမိတဲ့ တပြိုင်နက်၊ လင်ဆု-သားဆု တောင်းရင်းဘဲ၊ တခါထဲ သောတာပန် တည်ကုန်ကြသတဲ့၊ သူတို့ကို အားကျပြီး ဘယ့်လောက် တရားရအောင် နာဘို့ကောင်းသလဲ။ ။

ကြပ်ကြပ် သတိထားကြနော်၊ ဆည်းကပ်မှု တခုဟာ လွန်စွာ နေရာကျခဲ့တယ်၊ ယခုမိန်းမတွေဟာ ဝိသာခါ အကြောင်းပြု၍ ဆည်းကပ်မှု နေရာကျလို့ တရားမှန် နာရပြီး၊ သောတာပန် စခန်း - တန်းတန်း မတ်မတ် ရောက်ကြရတယ်။ ။အဇာတသတ်မှာတော့ ဒေဝဒတ် အကြောင်းပြု၍ ဆည်းကပ်မှု နေရာမကျလို့ ငရဲ ကျရ တယ်၊ အဲဒါလို ဆည်းကပ်မှု နေရာကျ မကျ ဆိုတဲ့ ဝတ္ထုတွေ အများကြီး ရှိသကိုး တကာစိန်ရ၊ (မှန်ပါ ပေါ့ပါဘုရား)။ ဒါတွေကို အသာထားပြီး ဥပုသ်လို့ ခေါ်တဲ့ စကား အရ-အဓိပ္ပါယ်မျှ ပြောဦးမယ်။ ။

## "ဥပဝသန္တိ ဧတ္ထာတိ ဥပေါသထော"

ဧတ္ထ၊ ဤရှစ်ရက် လပြည့်-လကွယ် နေ့များ၌။ သီလ နဝါ၊ ခံယူကျန မြတ်သီလဖြင့်ရင်း။ အနသနေနဝါ၊ အစာအာဟာရပစ္စည်းကို ရှောင်းသဖြင့်ရင်း။ဥပဝသန္တိ၊ ရတနာသုံးရပ် ဆည်းပူးကပ်၍ ကောင်းမွန်စွာ သီကင်း သုံး နေထိုင်တတ်ကုန်၏။ ဣတိ-တသ္မာ၊ ထို့ကြောင့်။ ဥပေါသထော၊ ဥပုသ် မည်၏။ ။

ဋီကာမိန့်ဆို၊ ထိုဝိဂြိုဟ်၏၊ အလိုရည်ရွယ်၊ အဓိပ္ပါယ် ကား နိမ္မာန်ကို ရည်မှတ်၍ ဝိဝဋ္ဋဓာတ်-သီလတော်မြတ် ဖြင့်ရင်း။ အစာ အာဟာရကို မြိုးခြိ၍၊ တဖန် မစား

မသောက် သဖြင့်ရင်း။ ဘုရား, တရား, သံဃာအားဖြင့် သုံးပါးသော ရတနာမြတ်ဘို့ကို၊ အာရုံမပြတ်၊ ကောင်းမွန်စွာ ဆည်းကပ်၍ ကျင့်သုံးနေထိုင်တတ်သော အနက်သဘောကြောင့် " ဥပုသ် " လို့ခေါ်ဆို သမုတ် ထိုနေ့ကို အမည်ထုတ်ရတယ်။ ။

အတိုချုပ် တဖန်၊ ပြောရပြန်လျှင်၊ ရှစ်တန် သီလကို လုံခြုံစွာညီမျှစေလျက်၊ ဝစီကာယကိုတည်ကြည် ထား၍ပြီး။ ဤကား အနိစ္စ၊ ဤကား ဒုက္ခ၊ ဤကား အနတ္တ-လို့ ကျနအောင် နာခံမှတ်သား ပွားများ ဆင်ခြင်၍ တွင်တွင်ကြီး ပုဘီးစိတ်ရသော နေ့ထူး နေ့မြတ်ကြီးတွေပေါ့လေ။ ။

ဩော်.... ဥပုသ်, ဥပုသ်နှင့် တကယ် စစ်တမ်း ထုတ်လိုက်တော့၊ သာမည မဟုတ်ပါကလား။ ဥပုသ်အချိုးကျဘို့ဟာ သိတ်လဲ မလွယ်ဘူး၊ အလွန်ကြီးလဲ မခက်ဘူး။ ဘယ့်နှယ်လဲ ကကာစိန်တို့၊ ဥပုသ်တွေဟာ-ဒီလို အချိုးကျဥပုသ်မျိုးလား။ သို့မဟုတ် ယခင်က ပြောပြခဲ့ ပြီးသော ဥပုသ် လေးမျိုး ထဲကလား၊ သေသေ ချာချာ စဥ်းစား ကြည့်စမ်းပ။ (မှန်ပါ ဥပုသ်တု ဥပုသ်ရောင်တွေများ ဖြစ်နေမသားမသိပါဘူးဘုရား)

ဒါဖြင့်- ခံချင်လဲခံ၊ မခံချင်လဲခံ၊ လမ်းမမှန်တဲ့ ဥပုသ်ကို ဟိုလိုသာ ဆိုလိုက်ချင်တော့တယ်။ ။

## ဥပုသ်သယ် ဆုံးမစာ တေးထပ်။

လက်အုပ်ချီ–ရှိခိုးလို့။ မိရိုးမို့, ဘ, လ၁၊ အသိမျိုး ညက်ကမပေါ်–ခံကြရှာ သီလ။ ။ဘုန်းကြီးက သူ့ငွေး ကိုက် အလှူယ် ပေးလိုက်တယ် ရရ–မရရ။ ။ဘီလူးသို့ အစားပို နဂါးလိုပုံပြ။ တရားဆို တမှုံမရပါကလ–နံ့လှတဲ့ နင့်ကိုယ်၊ ။ဇရက်လို မူမကွဲ ပါဘူး–တူတူဘဲ သူလဲ ကိုယ့်လို။ ။စာကလေး ဥပုသ်ဆို–အထူးရှုပ်ပို မလေ့မှား တွေနှင့်၊ နေ့အားမို့ စကားစုံ၊ ပြောကြဖုံဖုံ။ ။ကျင့် သီလ ပါမလုံတယ်–ဆာရုံသာ ဆာခဲ့ရလေး။ ။

တကာစိန် – ဟောဒီ တေးထပ် ကလေးကို အရ ဆောင်ပြီး၊ ကိုယ့်ကိုယ်ကို တရားနည်းနှင့် တင်းတင်းကြီး ဆုံးမလေနော်၊ (မှန်ပါ– အတင်း ဆုံးမပေးမှ တော်ရုံ ဂ..လေး နေရာကျမှာပါ ဘုရား)။

ဦးတိဿ ကိုယ်တော်နှယ်၊ ဥပုသ်သယ်တွေကို တွယ်မှ တွယ်လိုက်လေ။ ဘယ်တုံး ကများ ညှိုးထား ပါလိမ့်လို့ တချို့ကလဲ ပြောကြ အုံးမလား မသိဘူး။ ။

ဝိနည်းခါတ် တရားတော်မြတ်၌ အာရုံ ကပ်မိပါစေ တော့လို့–အထပ်ထပ် သတိပေးရ၊ ဒါမှ သဘောမကျလို့ ပြောကြရင်လဲ။(ငါ–ထား ဘုရားတောင် မတတ်နိုင်ဘူး) ဆိုသလို။

## " ဟုတ်တိုင်းမသွေ ပြောမလေ လမ်းနေရင် တိုက်မှီမှာဘဲ "

ခံစားမှု စံစားမှု စခန်း၊ အာသာ တငန်းငန်း နှင့်၊ ဝင်္ဂလမ်းနေသူ တိုက်မှီလိမ့်၊ မင်္ဂဖိုလ်စခန်း၊ ဝိပဿနာ ဉာဏ် ဦးတန်းပြီး၊ ဝိဝဋ္ဋလမ်းနေသူ ပိုက်မှီလိမ့်။ ။ ဒါ့ကြောင့်-တိုက်မှီသူတိုက်၊ပိုက်မှီသူပိုက်၊ဘယ်သူ့အလိုမှ မလိုက်ဘဲ။ ဘုရားအကြိုက် သဘောမှန် စူးစိုက်ပြီး။ တိုက် ရိုက်တွေ ထုတ်ဘော်ပြလိုက်သကိုး တကာ့စိန်ရ။ (မှန်ပါ့ ဘုရား)။

တကယ့် သဘောနှင့် - တကယ် ပြောရမယ် ဆိုလျှင်၊ အစစ, အရာရာ - ဘယ်နေရာ မျိုးမဆို၊ ဘာကို ပြုပြု၊ ဝိပဿနာ ဉာဏ် ဆိုတဲ့ အသိမျိုး မပါလျှင်၊ အကုန်လုံး မိရိုး, ဘ,လာ မှုတွေချည်း ဖြစ်နေကြတော့ဒါဘဲ။ ။

ဒီ–မိရိုး, ဘ,လာ-ပြုကျင့်မှုကြီးဟာ တယ်နေရာကျဒါ မျိုးမဟုတ်ဘူး။ သာသနာအခါနှင့် ထောက်စာ ကြည့် လိုက်လျှင်။ လွန်စွာ ကြောက်စရာ ကောင်းတဲ့ အလေ့ ကြီးပေါ့။ ။တချို့က တို့တော့-မိရိုး,ဘ,လာ လက်မလွှတ် နိုင်ဘောင် ဗျာလို့ ရောင်ချာချာ ပြောတတ်ကြသေးတယ်။ မိရိုး, ဘ, လာကို လက်လွှတ် ပစ်လိုတ် ရမယ် ဆိုဒါ မဟုတ်ဘူး။ ။မသိမှုဆိုတဲ့ အဝိဇ္ဇာ ပြဋ္ဌာန်းသော မိရိုး ဘ,လာ လုပ်ငန်းကြီးရဲ့အပေါ်မှာ၊ သိမှုဆိုတဲ့ ဝိဇ္ဇာဉာဏ် ပြဋ္ဌာန်းသော အရိယာရိုး ဘ,လာ လုပ်ငန်းကြီးဦးစီးပေး

လိုက်ဘို့ပြောဒါဟ- တကာစိန်ရ၊ (မှန်ပါ့ ဘုရား မိရိုး ဘ, လာ ပေါ်မှာ အရိယာရိုး, ဘ, လာ ဆင့်ပေးဘို့ အကြောင်းပါ ဘုရား)။

မိရိုး ဘ, လာ ဆိုတဲ့ လုပ်ငန်းမျိုးနှင့်သာ နိဗ္ဗာန်ကို လှမ်းနိုင်မယ်ဆိုရင်။ အဘယ်မှာလျှင် ဘုရားပွင့်ဘို့ လိုပါတော့မလဲ။ ။ဘုရားပွင့်ရဒါဟာ အပိုသက်သက်ဖြစ်နေတော့မှာပေါ့။ ။ဘုရားပွင့်တော်မူရတယ်ဆိုဒါ တခြားမဟုတ်ဘူး။ အချို့ မိရိုး ဘ,လာမှု ကြီးတွေကို ဖျက်ဆီးပစ်ဘို့၊အချို့မိရိုး ဘ,လာမှုကြီးတွေ အပေါ်ပင် အမှန်းတင်ပေးဘို့ ပွင့်တော်မူရဒါဖြစ်တယ်။စင်စစ်ကတော့ဝိပဿနာ ဉာဏ်မြင် အသိမျိုး အမှန်းမတင်နိုင်လျှင်။ ဝဋ်ကျွန်, ဝဋ်သပေါက်,ဝဋ်လက်အောက်ခံ,ဝဋ်စေတမန်တွေချည်းသာ ဖြစ်ရလိမ့်သတည်းဟု အမြဲမှတ်လေ။

ဒါကြောင့်-ပရမတ်အစစ်၊ခတ်အနှစ်ကို၊အမြစ်ကတူး အဖူး ကူအောင်၊ စူးရှသော ဉာဏ်အမြင်နှင့် ပြည့်စုံလုံလောက်၍၊ အလင်းသို့ ဆိုက်ရောက်တော်မူသော၊ တဆူတင်ရှား၊ ငါတို့ ကျေးဇူးရှင် ကြောင်ပန်း တောရ-ပဌမဆရာတော်ဘုရားကြီးက—

“သုံးဆယ့်တဆောင်၊ ဘုံပြောင်ပြောင်မှာ၊လောင်စာ ညီးညီး၊ ကမ္ဘာမီးသို့၊ တနည်း များမြောင်၊ တထောင့်ငါးရာ၊ တဏှာပါ၍၊ သုံးဖြာဒွါရ၊ ပြုသမျှက၊ သမုဒယ၊ ဒုက္ခသစ္စာ”ဟု ရေးသားစီရင်တော်မူခဲ့တယ်။

အမိပ္ပါယ်အကျဉ်း- မိန့်ဆိုတော်မူ လိုရင်းကတော့၊ ရုပ်နှင့် နာမ်ကို ဝိပဿနာ ဉာဏ်အမြင် မလင်းက၊ ကာယ ဒွါရ, ဝစီ ဒွါရ, မနော ဒွါရ ဆိုတဲ့ ဒွါရ သုံးခုမှာ၊ ပေါ်မှု ဖြစ်မှု ပြုပြုသမျှသော ဒါနစု, သီလစု, ဘာဝနာစု၊ မိရိုး ဘ,လာမှု တွေဟာ သမုဒယသစ္စာ အရင်းခံ ပါနေသော ကြောင့် ဒုက္ခသစ္စာတည်းဟူသော သုံးဆယ့်တဘုံ မီးအစု မီးအပုံ, မီးမျိုးစုံ ဖြစ်ကြောင်းမို့၊ နဲနဲမှ မကောင်းဘူးလို့ သိစေတော်မူလိုတဲ့ အချက်ကြီး တခုဘဲ ဟောတ်လား၊ ( မှန်ပါဘုရား )။

ဘာ့ကြောင့်- အဲ ဒီလို ဒွါရသုံးခု မသိမှုကြီးနှင့် ပြုပြု သမျှ ဒုက္ခသစ္စာ ဖြစ်ကြောင်း ဝဋ်အပေါင်းချည်း ဖြစ်နေ ကြရပါသလဲ ဆိုတော့၊ လောကုတ္တရာ အသိဉာဏ် လိမ္မာ မှုကို တခုမှ မရကြတဲ့ အတွက်ကြောင့်ဘဲ၊ ဆရာ သမား များက သွန်သင် ပြသ ဆို ဆုံးမမှု ကလဲ နဲပါး၊ မိမိကလဲ သံသရာ အမှုသွားကို လုံးလုံးမှမစဉ်းစားတော့၊ ပေါ့တော့ တော့-ရောင်ဝါးဝါးနှင့် အမှုမဲ့ အမှတ်မဲ့ သမားတွေချည်း ဖြစ်နေကြတော့ဒါပေါ့လေ။

အင်း- လောကီ လိမ္မာမှု ဆိုဒါကတော့၊ ဘယ်သူ့ထံ မှာဘဲ နည်းခံ နည်းခံ၊ မိမိနှင့် ထိုက်တန်သာလောက်ကို လွယ်လွယ်နှင့် ရနိုင်တယ်။ ။လောကုတ္တရာ လိမ္မာမှု ဆိုဒါ ကတော့၊ ပုဂ္ဂိုလ်တိုင်းထံမှာ နည်းခံလို့ရဒါမျိုးမဟုတ်ဘူး

မိမိနှင့် ထိုက်တန်သလောက်တောင် ရဘို့ရာ ခဲယဉ်းသော်ကလား, တကာစိန်ရ၊ ( မှန်ပါ....အရင်းမရ အမြတ်ရှုံး ဆိုသလို ဖြစ်တတ်ပါဘုရား)။

လောကုတ္တရာ အသိဉာဏ်, လိမ္မာမှု ဆိုဒါတရားတော်ကို မပြတ် မပြတ် အထပ်ထပ် နာရမှလဲ ရနိုင်တယ်။ မနာရင် မရနိုင်ဘူး။ မနာလို့လဲ မသိ၊ မသိလို့လဲ မနာ ဆိုဒါလို ဖြစ်နေကြ သကိုး။ ။တရားတော်ကို နာကြားမှု ဆိုတဲ့ ကိစ္စကြီးတခုဟာ၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်, လောကုတ္တရာ ဉာဏ်၏ အခြေခံ မူလ အလွန်လက်ရင်းကျတဲ့ ကိစ္စကြီးဘဲ လို့-အမြဲတထစ်ချ မှတ်ယူရမယ်နော်။ ။ကဲ ကဲ- အလွန် လက်ရင်းကျတဲ့ အလုပ် ကိစ္စကြီးတခု ဖြစ်ပုံကို သိသာရုံမျှ ပြောကြဦးစို့ရဲ့။

ပရိနိဗ္ဗုတေ ပန ဓမ္မသင်္ဂါဟကထေရာ စိန္တေသုံ၊
ဓမ္မသဝနံ စိရေန ဟောတီတိ။ တတော သမ္မနိတွာ။
ပဥ္စမိတိ ဓမ္မသဝန ဒိဝသံ ထပေသုံ၊ တတောပဘုတိ
သာ အဘိလက္ခိတာ။

ပန-တရားနာမှု၊ တခု ကိစ္စ၊ လက်ရင်းကျသဖြင့်၊မှန်းဆ ရည်းစူး၊ အကြောင်း ထူးကို၊ ဆက်၍ ဆိုဦးအံ့။ ။ ပရိနိဗ္ဗုတေ၊ မြတ်စွာဘုရားသခင်၊ ပရိနိဗ္ဗာန် စံဝင်တော်မူသည် ရှိသော်။ ။ဓမ္မသင်္ဂါဟကထေရာ၊ တရားတော်ကို သင်္ဂါယနာတင်၊ဆင်ယင် ပေတတ်၊ အရှင်မွန် အရှင်မြတ်တို့သည်။ ။ဓမ္မသာဝနံ- ရှင် လူ အများ၊ မြတ်တရားကို၊

နားကြာကြာရခြင်းသည်။ စိဝရန၊ တဥပုသ် နှင့် တဥပုသ် အကြား ရက်ကွာခြားလင့် အလွန်ကြာမြင့်သဖြင့်။ ဝါ၊ တရားနာရေးရက်ကွာဝေးသဖြင့်။ဟောဘိ၊တရားရသာ မြိုက်ဩဇာကို၊ အာသာဆန္ဒ၊ တဏှာတနှင့်၊ အားရမရှိ၊ အများပင် ဖြစ်ရဘိ၏။ ဇုတိ၊ ဤသို့။ စိန္တေသုံ၊ အားလုံး ဖြစ်ပုံ၊ကြံကြကုန်ပြီ။တတော၊ထိုသို့ကြံပြီးသည်မှ နောက် ကာလဝဲ။ ပဉ္စမိတိ၊ ငါးရက်မြောက်စေ့ ပဉ္စမိ ဥပုသ်နေ့ ဟူ၍။ သမ္မန္တိတွာ၊ ဝစီမြွက်ဟ ညီညွတ်စွာ သမုတ်ကြ၍။ ထပေသုံ၊ ကုသိုလ်တိုးပွား၊ အကျိုးများအောင်၊ ထား တော်မူကြကုန်၏။တတော၊ထိုသို့ မှတ်သားသမုတ်ထား ပြီးမှ။ ပဘုတိ၊ကောင်းစွာမှတ်မှု အစပြု၍။သာ၊ထိုတရား နာရန် ရည်သန်ဆိုထုတ် ပဉ္စမိဥပုသ်ကို။အဘိလက္ခိတာ၊ စဉ်လာမပြတ် ကောင်းစွာမှတ်အပ်၏။

(သို့ကလို)အဋ္ဌကထာမြွက် မိန့်ဆိုတော်မူအပ်သော စကား ရပ်စုကို၊ အဓိပ္ပါယ် အကျဉ်း ပြုလိုက်တော့။ ရှေးရိုး စဉ်လာ သူတော်စွာတို့၊ ဓမ္မတာအလေ့၊ဥပုသ် နေ့သည်၊ ရှစ်ရက်နေ့ ဟူသော အဋ္ဌမိဥပုသ်၊ တဆဲ့လေး ရက်နေ့ ဟူသော စာတုဒ္ဒသီ ဥပုသ်၊ တဆဲ့ငါးရက်နေ့ ဟူသော ပန္နရသီ ဥပုသ် ဟူ၍ သုံးမျိုး, သုံးစား သုံးပါး သာရှိ၏။ ။မြတ်စွာဘုရားကြီး ပရိနိဗ္ဗာန်စံဝင် ပြောင်း ကြွနောက်ကာလကျမှ သင်္ဂါယနာတင် ထေရ် အရှင်

တို့က တရားတော်ကို နာကြားရန် မြော်မြင်ပြီး ငါးရက်နေ့ဟူသော ပဉ္စမီ ဥပုသ် ရယ်လို့ ခေါ်တွင် သမုတ်ညွှန်ကြားပြုလုပ်တော်မူကြကုန်၏။

သည်တော့–ဥပုသ်နေ့ဟာ ဘယ်လို ဖြစ်ပေါ်လာပါသလဲဆိုတော့၊ လဆန်းပက္ခမှာ ငါးရက်နေ့ ပဉ္စမီ ဥပုသ်၊ ရှစ်ရက်နေ့ အဋ္ဌမီ ဥပုသ်။ ။တဆဲ့ လေးရက်နေ့ စာတုဒ္ဒသီ ဥပုသ်။ ။တဆဲ့ငါးရက်နေ့ ပန္နရသီ ဥပုသ် ရယ်လို့–လေးမျိုး ဖြစ်လာတယ်။ လဆုတ် ပက္ခ မှာလဲ ဤအတိုင်းဘဲ ဆိုတော့၊ တလမှာ ရှစ်ဥပုသ်ဖြစ်သပေါ့။

ကဲ–ဥပုသ်နေ့ တိုးလာရဒါ ဘာ့ကြောင့်လဲ၊ စဉ်းစားကြစမ်း၊ တရားတော်ကိုနာကြဘို့အတွက် နှင့် ဥပုသ်ရက်တိုးလာရတာယ် မဟုတ်လား....တကာစိန်ရ။ (မှန်ပါ့ဘုရား)။

ရှေးအခါက လူရောရှင်ပါဆိုသလို တရားတော်ကို နာရဒါ၊ အားမရ, တင်း မတိမ်, အချိန် ကွာဝေးမှာ စိုးရိမ်ကြောင့်ကြ တရားကို တောင့်တပြီး ပဉ္စမီ ဥပုသ် ရယ်လို့ တရားနာဘို့ ရက်နိုးကပ် လာအောင် အထူး ထုတ်ဆိုတော်မူကြရပြန်သတဲ့။

တရားတော်ကို နာယူဘို့ဟာ ဘယ့် ကလောက် အရေးကြီးတယ်ဆိုဒါ–အနည်းငယ် ထုတ်ပြ၍ သိရပြီ မဟုတ်လား၊ (မှန်ပါ ရိပ်မိကြပါပြီ ဘုရား)။

ဒါဖြင့်-ယခုအခါ သာသနာ အခါကောင်း အချိန်ကောင်း အခွင့် ကောင်းကြီး အားလျော်စွာ ဥပုသ်စောင့်ဆိုဒါ ရှစ်ပါး သီလနှင့် ညီမျှရုံ အစာ မစားတဲ့နေရုံနှင့် ဥပုသ်ရဲ့ အခြင်းအရာ ကောင်းမွန်စွာ ပြည့်စုံပါပြီလို့ မဆိုထိုက် သေးဘူး။ တရားဘော်ကို နာခံမှတ်သား ပွားများ ဆင်ခြင်ရမှ ဥပုသ်ရဲ့ အင်္ဂါ အခြင်းအရာဟာ ပြည့်စုံ လုံလောက် တယ်သို့ တကယ် မဆိုထိုက်ပေဘူးလား (မှန်ပါ့၊ ဆိုထိုက်ပါဘုရား)။

နာမ် ရုပ်ကို ပိုင်း ခြား ထင် မြင် ဆင် ခြင် နိုင် ခြင်းတည်းဟူသော နာမရူပ ဝဝတ္ထာန ဉာဏ်ကို မရကြလျှင် အစစအရာရာ ဘယ်နေရာမှာမှ အချိုး မကျဘူးဆိုဒါ တထစ်ချ မှတ်ရမယ်။ ဒါ့ကြောင့် နာမ်ရုပ်တရားနှစ်ပါး၌ ဆင်ခြင်ပွားများပုံကို သိသာရုံမျှ အကျဉ်းပြလိုက်ကြဦးစို့။

နာမရူပမတ္တတော အညော၊ သတ္တောဝါ
ပုဂ္ဂလောဝါ၊ ဒေဝေါဝါ ဗြဟ္မာဝါ နတ္ထိ။

နာမရူပမတ္တတော၊ ညွှတ်သိ ဘောက်ပြန်၊ ဖောက်ပျက်မျှ၊ နာမ်ရုပ်တရား နှစ်ပါးမှ။ အညော၊ကြဉ်ရှောင်ဖယ်ထား၊ အလွတ် တပါးသော။ ။သတ္တောဝါ၊ပြောပြ

လောကအောင်၊တကယ့်သတ္တဝါကောင် ဟူသည့်ရှင်း။ ပုဂ္ဂလောဝါ၊ ကိုင်စမ်းလောကအောင်၊ တကယ့်ပုဂ္ဂိုလ်ကောင် ဟူသည့်ရှင်း။ ။ဒေဝေါဝါ။ စွဲမက် လောကအောင်၊ တကယ့် နတ်ကောင်ဟူသည့်ရှင်း။ ။ဗြဟ္မာဝါ၊ အထင်ကြီးလောကအောင်၊ တကယ့်ဗြဟ္မာကောင်ဟူသည့်ရှင်း။ ။နတ္ထိ၊ ပရမတ်ဉာဏ်နှင့်၊ ဇကန် တိတိ၊ ဝေဘန် ကြည့်လျှင်၊ စင်စစ် မရှိပြီ။ ။နတ္ထိ၊ နာမ်ရုပ် နှစ်သင်း၊ ဉာဏ်မြင်လင်းတော့၊ ဘယ်သင်း သတ္တဝါ၊ ဘယ်ဟာပုဂ္ဂိုလ်၊ ဘယ်သိုဘာ နတ်၊ ဘယ်ဒြဗ်ဗြဟ္မာ ရယ်လို့၊ ပြောစရာ ပြစရာ၊ သေချာ ဃ-နှ၊ အရိပ် အရောင်ကလေးမျှ သော်လဲ၊ အလျဉ်း မရ မရှိ တော့ သည်သာလျှင်တည်း။

ဤကား- ဝိသုဒ္ဓိမဂ် မဟာအဋ္ဌကထာ မြတ်၌ ပါ ရှိသော လိုရင်းဆုံး အချက် ပါဌ် အနက်ကို သိသာရုံ မှတ်ချက် တင်လိုက်သည့် နာမရူပ ဝဝတ္ထာန် ဝိပဿနာ ဉာဏ်နှင့် ဝေဘန်၍ ကြည့်လျှင် ဇကန် အမှန် ရှိသော တရားကား၊ နာမ်ရုပ်တရား နှစ်ပါးမျှသာ ဖြစ်ကြောင်း။ ထိုနာမ်ရုပ်တရားနှစ်ပါးအပြင်မှတပါး၊ပုဂ္ဂိုလ်၊သတ္တဝါ ဗြဟ္မာ, လူ နတ်ရယ်လို့ တကယ်မရှိကြောင်း အကျယ် ဝိတ္ထာရ ဖွင့်ပြပါရှိငြားသော်လဲ ဤဟောပုံကျမ်း ဒုတိယ တွဲ၌ စကား ကျယ်လွန်းမည်စိုး၍ မထည့်တော့ပြီ။

နမန လက္ခဏံ နာမံ၊ ရုပ္ပနလက္ခဏံ ရူပံ ဟူသော ပါဠိအတိုင်း ပရမတ္ထသစ္စာ ဝိပဿနာဉာဏ်နှင့် မိုင်း ကြည့် လိုက်တော့၊ ညွတ်သိမှု ဟူသော နာမ်ခေတ်၊ ဖောက်ပြန်မှု ဟူသော ရုပ်ခေတ်၊ ဆတ်ဆတ်သော ပရမတ်သဘောမျှသာကေန္တ ရှိကြောင်း။ ပုဂ္ဂိုလ်ကောင်, သတ္တဝါကောင်, လူကောင်, နတ်ကောင်, ဗြဟ္မာကောင် ရယ်လို့ အဟုတ်တကယ် မရှိကြောင်း၊ ကောင်းကောင်း ကြီးသိမှ၊ နေရာကျမှာ မဟုတ်လား – တကာစိန်ရဲ့။ (မှန်ပါ ဒါသိမှ နေရာကျမှာပါဘုရား)။

အမျိုးမျိုးသော အာရုံ၊ အဖုံဖုံသောကိစ္စ၊ အဝဝသော အရာဌာနတွေကို ကိစ္စပြီးစီးအောင် ရွက်ဆောင် ပြုလုပ် အားထုတ်ကြိုးပန်းလေသမျှ၊ လုံးဝဥဿုံ၊ အလုံးစုံအကုန် ခြုံကြည့်လိုက်လျှင် ညွတ်သိမှုဆိုတဲ့ နာမ်ခေတ် ကလေး တခုအပေါ်မှာ၊ သတ္တုကျနေတယ်မဟုတ်လား။ (မှန်ပါ သူချယ်လယ်နေဒါပါဘုရား)။

ရွှေရုပ် အစဉ် နှင့် မတူ၊ အမူ ကွဲပြား၊ အစားစား ဖောက်ပြန် အတန်တန် ပြောင်းလဲ၊ အနဲနဲရွှေ့လျော၊ တသဘောနှင့်ဘသဘော၊ ဓရာနှောစပ်ယှက်၍မရ၊ ခဏ ခဏ၊ တရွရွ ချွတ်ယွင်းလျက်၊ အဆက်ဆက် ဖရိုဖရဲ၊ ပြိုကွဲ ပျက်စီး နေမှုကြီးတခုကိုတော့ ရုပ်ခေတ်အစုပါကလား လို့၊ ပွားများဆင်ခြင်ရမယ်နော်၊ (မှန်ပါ၊ ရုပ်သဘော ရုပ်လက္ခဏာကိုလဲ မှန်ကန်စွာ သိရပါလိမ့်ဘုရား)။

(ထို) နာမ်သဘာဝ, ရုပ်သဘာဝကို မှန်ကန်စွာ သိမှ၊ အနိစ္စ ဒုက္ခ အနတ္တအရာ-လက္ခဏာ အတင်မှန်မှာကိုး။ နာမ်ရုပ်ကို မသိက ငါ့အနိစ္စ သူ့အနိစ္စ၊ ငါ့ဒုက္ခ သူ့ဒုက္ခ၊ ငါ့အနတ္တ သူ့အနတ္တ ဖြစ်နေတတ်ကြတယ်-ကြပ်ကြပ် သတိထား၊ ငါကောင် သူကောင်ပေါ်မှာ လက္ခဏာသုံးပါး တင်နေလျှင် ပါစင်အောင် လွဲပြီလို့မှတ်ဟ-တကာဓိန်ရ (မှန်ပါ့၊နာမ်ရုပ်မမြင်လျှင် လက္ခဏာရေးသုံးပါး အဘင်လွဲဘဘ်ပါဘုရား)။

ညွှတ်သိမှု နာမ်ဓာတ် ဘောက်ပြန်မှု ရုပ်ဓာတ်တွေဟာ၊ အဇ္ဈတ္တ ဗဟိဒ္ဓ နှစ်ဌာနစလုံး၊ သိမ်းကြုံးကြည့်လိုက်တော့၊ တရုံးရုံးဖြစ်ပြီး၊ အသစ်အသစ်ပေါ်မှုပစ္စုပ္ပန် အခိုက် အတန့်ကလေးမျှဘဲလို့ ရှုနိုင်မှ အတ္တ အနေနှင့် ခုခံနေမှုဆိုတဲ့ အရိပ် အရောင် အကောင် အထယ်တွေ တကယ် မဟုတ်မှန်း သိသောဒါဘဲ။ ။ဒါမှလဲ မမြဲမှု ဆင်းရဲမှု အစိုးမရမှု ပွားရှုသောအခါသန့်ရှင်းစင်ကြယ် မှာကိုး၊ (မှန်ပါ၊ ဒါမှ လက္ခဏာဉာဏ် အမှန် ရောက်မှာပါ ဘုရား)။

ဒါဖြင့်-ပုဂ္ဂိုလ်,သတ္တဝါ, ငါ, သူတပါး၊ယောက်ျား, မိန်းမ အဏုမြူ ရှာ မရတဲ့ နာမ် သဘာဝ ရုပ်သဘာဝ တွေ ခဏမနား တဖွားဖွား ဖြစ်ပေါ် နေကြလျှင်၊ ပျက် ရတော့ ဘယ်တရားတွေ ပျက်နေကြသလဲ၊ (နာမ်ရုပ် တရားတွေ ပျက်နေကြပါဘုရား)။

နာမ် ရုပ် တရားတွေ-ရုပ်တည်မရ၊တခဏစု ပျက်စီး မှုကြီး ဖြစ်နေကြလျှင်၊ဆင်းရဲရဘော့ကော၊ ဘယ်တရား တွေ ဆင်းရဲ နေကြသလဲ၊ (နာမ်ရုပ် တရားတွေ ဆင်းရဲ နေကြပါဘုရား)။

နာမ်ရုပ် တရားတွေ အနေ ပြောင်းလဲ့, အကဲ မလှ့. ဆင်းရဲနေကြလျှင်၊ပိုင်ရှင် ကင်းပ အစိုး မရဇတော့ကော၊ ဘယ်တရားတွေ အစိုးမရနေကြသလဲ၊ (နာမ်ရုပ်တရား တွေ အစိုး မရနေကြပါဘုရား)။

အင်း, အင်း— ဒါဖြင့် လက္ခဏာရေး သုံးပါးဆိုဒါ တခြားမဟုတ်၊ နာမ်ရုပ် အပေါ်မှာပင် ပြန်ပြီး တင် လိုက်ရမယ်ဆိုပါတော့။(မှန်ပါနာမ်ရုပ် မမြဲ-တထပ်ထဲ၊ နာမ်ရုပ် ဆင်းရဲ တထပ်ထဲ၊ နာမ်ရုပ် ပိုင်ရှင် ကင်းပြီး တထပ်ထည်းကျမှ အမှန်ရမှာပါဘုရား)။

တကာစိန်ရေ၊ (ဘုရား)။ ဥပုသ်သယ် တွေဟာ အိမ်မှာလဲ အလုပ်ကလစ်ဟင်း၊ ထမင်းကဆာ၊ ဘလာ ကိုယ်တည်း၊ အချည်း နှီး မပြန် ရအောင်၊ ဥပုသ်သယ် ခါးပိုက်ဆောင် အတိုချုပ် - နာမ်ရုပ် ပုတီး စိတ်ပုံကို အကုန် ချပေးအုံးမှ ထင်ပါ၍။(မှန်ပါ အကျဉ်း သိလျှင် အကျယ်မြင် ဆိုသလို၊ တတို တစ ရထားမှလဲ့ ဆင်ခြင် စဉ်းစား ပွားများတတ်ကြမှာပါဘုရား)။

ကဲ....ကဲ....ဒါဖြင့် ငယ်ငယ် ကြီးကြီး၊ ထီးထီး မမ၊ အကုန်လိုက်ကြ အကုန်လိုက်ကြ။

(၁) ညွှတ်သိ ခေတ်နာမ်၊ ဘောက်ပြန် ရုပ်ခေတ်၊ နှစ်ရုပ်ဓမ္မ၊ ဖြစ်ပျက်မျှ၊ အနိစ္စ....အနိစ္စ။

(၂) ညွှတ်သိ ခေတ်နာမ်၊ ဘောက်ပြန် ရုပ်ခေတ်၊ နှစ်ရုပ်ဓမ္မ၊ ဆင်းရဲမျှ၊ ဒုက္ခ....ဒုက္ခ။

(၃) ညွှတ်သိ ခေတ်နာမ်၊ ဘောက်ပြန် ရုပ်ခေတ်၊ နှစ်ရုပ်ဓမ္မ၊ စိုး မရ၊ အနတ္တ....အနတ္တ။

(ဤတွင် အကျဉ်းမျှ-တရားချတော့မည်။)

အစ္ဆ၊ ဤနေ့ ဤရက်၊ ဤယခုဘက်၌။ ။ဥပေါသထိကာ၊ ရတနာ သုံးပါး၊ အာရုံ ထား၍။ ခ, စား ဆည်းကပ်၊ နှလုံးခေတ်ဖြင့်။ ကောင်းမြတ် ပြော့ပြောင်း၊ ဥပုသ်သယ် အပေါင်းတို့သည်။ နာမရူပေသု၊ ညွှတ်သိ ဘောက်ပြန်၊ အမှန် ထင်ရှား၊ နာမ်ရုပ် တရား နှစ်ပါးတို့၌။ ။တိလက္ခဏာ- ဖြစ်ပေါ် ပျက်မြဲ၊ ဆင်းရဲမှန်လှ၊ စိုးမရသည့်၊ ဓမ္မတံထွာ၊ လက္ခဏာစု၊ ဤသုံးခုကို။ ။ ဝိပဿနာ-သတ္တဇီဝ၊ ကင်းစင်ပအောင်၊ အထူးသဖြင့် ထင်မြင်နိုင်ကြပါစေကုန်သတည်း။(သာဓု—သာဓု—သာဓု)

အဓိပ္ပါယ် အကျယ်ကို ပေါ်လွင် ထင်ရှားအောင် စဉ်းစား၍ ဟောပြောကြကုန်။

ဥပုသ်သယ် ဆုံးမစာ, တရားခွန်း ပြီးပြီ။

"ရတနတ္တယံ-အဟံ-ဝန္ဒာမိ"

## "ဂျ အမိုက် သူ့မရိုက် ပုံလိုက်ဘော်ညွန်း တရားခွန်း"

(၂)

ဒုက္ခော ပဟာရတိ အတ္တာနံ၊ တဏှာ ဂဏှာတိ ရန္ဓတော၊ အထ ပုန ပတ္တယန္တိ၊ စိတ္တံခေါဝတိ ဟာယတိ။ ။

အတ္တာနံ၊ အပျိုကွ—အအိုကွ၊ အဖို အမ ရယ်လို့၊ ဆိုရ ပြောရ၊ လောကသမုတ်၊ ခေါ်ဝေါ်ရုံမျှ ဟုတ်ကြတဲ့၊ ရေမြေပဝ်အရ ပုံမှီး၊ ဤခန္ဓာကိုယ် တည်းဟူသော အတ္တဘောကြီးကို။ ။ဒုက္ခော၊ သန္တေမကင်း၊ အိုခြင်း တဖြာ၊ အနာတထွေ၊ အသေတချက်၊ လေးပါးသော ဒုက္ခစက်ကြီးသည်။ ။ပဟာရတိ၊သတ်ပုတ်ညှဥ်းဆဲလျက်၊ အတင်းဘဲ နှိပ်စက်၍ နေလေ၏။ ။ဝါ၊(ဂျ သူ့မ ရိုက်လို့-မှောင်မိုက်မှာငို) အဆိုစကား၊ ပုံအလား ကဲ့သို့၊ အကျိုး တရား၊ ခန္ဓာ ငါးပါး တည်းဟူသော မဂျကို။ ဇာတိဇရာ၊ ဗျာဓိ မရဏ တည်းဟူသော ဒုက္ခလေးထွေ၊ သူ့အမေ ရိုက်လို့မို့၊ သံသရာဆိုတဲ့

မှောင်မိုက်ထဲမှာ၊ တရွှဲရွှဲ တစိုစို၊ တသဲသဲ တဖိုဖိုနှင့်၊ အမြဲဘဲ ငို၍ နေရ ရှာလေ၏။ ။တဏှာ၊ ခင်ဘွယ် မင်ဘွယ်။ သာယာဘွယ်ဟု၊ တာတွယ် မွေ့မူး တဏှာ ရူးသည်။ ။ဂဏှာတိ၊ အချစ်ခိုင်ခိုင်၊ မလွှတ်နိုင်အောင်၊ စွတ်ကိုင် ဖမ်းယူလိုက်လေ၏။ ဝါ၊ ( ကိုလူပျို ထရံ ပေါက်က ခြေထောက်ကိုဆွဲ တွဲလဲ )ဆိုဘိသည့်နှဲ၊ ပုံမလွဲ သာလျှင်၊ အင်္ဂတေ်မွဲမှိုလ်၊ တဏှာတည်းဟူသော ကိုလူ ပျိုသည်၊ စက္ခု၊သောတ၊ ဃာန၊ ဇိဝှါ၊ ကာယမန၊ ခြောက် ဒွါရ တည်းဟူသော ထရံ ပေါက်က၊ ကံ ကိလေသာ တည်းဟူသော ခြေထောက်ကို ဆွဲလို့မို့၊ ဝိပါက် ပဋိ သန္ဓေတွဲလဲကြီး ဖြစ်ရ ရှာလေ၏။ မောဟော၊ လောဘ၏ သဘောကျကို၊ ပြောတတ်ပြတတ်တဲ့မောဟခေတ်သည်။ ရုန္တော၊ တရားနမိတ် မပွား မစိတ် နှိုင်အောင်၊ တံခါး ပိတ်လိုက်ပြန်လေ၏။ ဝါ၊ ဟုတ်မှန်သမျှ၊ ရုပ် နာမ် ဓမ္မ တွေကို မသိမမြင်ရလေအောင်၊ ဟောဒါ–အကောင်ထီး ဟောဒါ....အကောင်မကြီးရယ်လို့၊ ပုထုဇဉ် အရောင် အ,အ, တွေကို မှောင်ချ၍ ပေးလိုက်ပြန်လေ၏။ ဝါ၊ ''တွဲလဲနေပါအုံး မိုးတောင်ကချုန်း၊ မှုံလုံး''ပုံနှုန်းအလာ ထုံးပမာကဲ့သို့ လုံးချာရစ်ဝဲ၊ တသဲသဲနှင့်၊ အမြဲအစွဲ၊ မခွဲဘဲ တွဲလဲနေရာ ထိုအခါဝယ်၊ အဝိဇ္ဇာ တည်းဟူသော မိုး တောင်က ချုန်းလို့မို့၊ ပုညာဘိသင်္ခါရ, အပုညာဘိ သင်္ခါရ အနဉ္စာဘိ သင်္ခါရ တည်းဟူသော မှုံလုံးကြီး

ဖြစ်ရလေ၏။အထ၊ထိုသို့မှန်စွာ ဖြစ်ရသောအခါ၌၊ ဝါ၊ " မှုံလုံး စက္ကူကပ်လို့ " ထိုသို့ နည်းပြ ပမာဏဖြင့် သာလျှင်၊ စေတနာ သင်္ခါရတည်း ဟူသော မှုံလုံးကြီးကို အဝိဇ္ဇာတည်း ဟူသော စက္ကူ ကပ်လို့ မို့၊ သံသရာ အသက်ရှူကြပ်၍နေခဲ့သောအခါ၌။ဝဋ္ဋဘိရတာ၊ကိလေ ကမ္မ ဝိပါကဟုသုံးဝလောင်မြှုံက်မီးကျီးတိုက်၌နှစ်မြှုပ် ပျော်ပါး သံသရာ ဝဋ္ဋ ဖြစ်သမားတို့သည်။ ပတ္တယန္တို၊ အကောင်းဘဝ၊ အပြောင်း လှအောင်၊ ငန်းငန်းတက် တောင့်တကြလေကုန်၏။ ဝါ၊အိုဘေး,နာဘေး,အသေ ဘေး တွေကို ငွေ ပေး၍ ဝယ်ယူ ကြလေကုန်၏။ ဝါ၊ "ကြာကလာပ် နှင့် ဆွမ်းတော်တင်" ပုံသွင် ယူဟပ်၊ စကားရပ်ကဲ့သို့၊ကိလေသာ ကာမတည်း ဟူသော ကြာ ကလာပ်ကြီးနှင့်၊ဝတ္ထု ကာမတည်းဟူသော ဆွမ်းတော် ကို ရမ်းချော်သန်းချော်၊မှန်းမြော်၍ တင်ကြလေကုန်၏။ စိတ္တာံ၊ ကြည်ပြန် နေ ာက်ပြန်၊ နွားသောက် ကန်လို၊ ဘောက်ပြန် ရှုပ်ထွေး၊ ပုထုဇဉ်တို့ရဲ့ စိတ်ခုတ် ကလေး သည်။ဟိယသွာ၊ဝိုတောင်း ရိတောင်း၊သည်အကြောင်း ကြောင့်။ ခုဝတီ၊ အဆင်း ခဏ တွန်း ချ လိုက်သလို အတင်းအဓမ္မ ပြေးရရှာလေ၏။ ဝါ၊ "ပလ္လင့်ပေါ်က မျောက်ကလေး ဆင်းထွက်လို့ ပြေး" ဟိုရှေးအလာ၊ ထိုတေးပမာကဲ့သို့၊လောကုတ္တရာတရား တည်းဟူသော ရတနာ ပလ္လင်ပေါ်မှာ၊ ရှင်ပျော်စွာ မနေနိုင်တော့ဘဲ

အခြေမခိုင် သင်းကလက်တဲ့ အရေးတွေကြောင့်၊ ဘဝေ
ခရိုင် ကမြင်းဘက်တဲ့ အဝေးဆီသို့ စိတ် ဓာတ် ဘည်း
ဟူသော မျောက်ကလေးမှာ-ဆင်းထွက်လို့ ပြေးရ
ရှာလေ၏။ တသွာ၊ထိုသို့မြော်ကိုး၊ အကျိုးခမ္ဘ၊ ဖြစ်စရာ့
မယွင့်း၊ အကြောင်းရင်းကြောင့်၊ပုန၊တဖန်။အာယတိံ၊
ဘဝပဋ္ဌနာ သူ့တွက်တာကြောင့်၊ခါခါဖြစ်ရ နောက်
ဘဝ၌။ဝါ၊ခန္ဓာငါးပါး တည်းဟူသော ဂျဗ တဖန် ဖြစ်ရ
ပြန်သောအခါ၌၊အတ္တာနံ၊မလေးမမြတ်၊ဘေးအရပ်ရပ်
တို့၏၊ စားဖတ်,ဝါးဖတ်၊ နင်းနယ်ဖတ် ဖြစ်သော အတ္တ
ဘောကြီးကို။ ဒုက္ခာ၊ဆင်းရဲလေးခု၊ ဘေး အစုသည်။
ပဟာရတိ၊ ကောင်းပြု....မကောင်းပြု၊ အကြောင်း သမု
တွေကြောင့်၊ အထောင်း-အထု၊ အရိုက်-အနှက်၊ ခံရ
ပြန်လေ၏။ ဝါ၊ အဝိဇ္ဇာ အစ၊ ဇရာ မ ရ ဏ အဆုံး၊
ထွေးလုံးရစ်ပတ်၊ ပဋိစ္စ သမုပ္ပါဒ်ဆိုတဲ့ သံသရာ စက်
ရဟတ်မှာ၊ဆက်စပ်ခါ အကြောင်းမဝေးပုံ ပြရမှာဖြင့်၊
တောင်းရေး....တ,ရေး၊ တောင်း တတဲ့ အရေး၊ ဘဝ
အစေးတွေကြောင့်၊ သြော်....စဉ်းစားကြည့်လိုက်တော့
သံသရာ ဂျဗ သူ့မရိုက် ဖြစ်ရလေစွ တကား။

အင်း....ယနေ့ညမှာ ဆရာတော်ဘုရားက ဘယ်
တရားများ ချီး မြှင့် တော် မူလိမ့်မှန်းလို့ ပရိသတ်ကြီး
ကဖြင့် လည်ပင်း တဘန်းတန်းနှင့် မြော်မှန်း ငန့်လင့်

နေကြ ထင်ပါလား၊ တကာသန္ဓရ၊ (မှန်ပါ၊ အလွန်ဘဲ မြှော်လင့် နေကြပါဘုရား)။

ဘယ်တရား ပြောတယ်ပြီး၊ ဘယ်နည်း နှင့် ရွတ်ဆို ဘယ်လိုများ ဟောလိုက် လိမ့်မှန်း၊ ဘယ်ပုံများ ဟော လိုက်လိမ့်မှန်းလို့ ပရိသတ်ကြီးက အထွေထွေ အခန်း ခန်း၊ အဆန်းဆန်း၊ အပြားပြား၊ ဘာတရားကို ဦးတန်း၍၊ ညာ,တရားကို အထူးအဆန်း နာကြား ချင်ပေမဲ့၊ ကျုပ်တို့တော့ ရပ်တရား နာမ်တရားတွေ ဟောရမှာဘဲ။

တခါဟောလဲ ရုပ်နာမ်၊ ဘခါဟောလဲ ရုပ်နာမ်၊ ကြာတော့ လူတွေရဲ့နားထဲ အော်ကလီ ဆန်ပြီး၊ အန် ချင်များနေကြပလား မသိဘူး၊ဒါ့ကြောင့် အချို့အရပ်က တရားပွဲဆိုရင်၊ ဘယ်ကိုယ်တော်လဲ ကြောင်ပန်း ကလို့ ပြောတော့၊ "ကြောင်ပန်း ကိုယ်တော်တွေဖြင့် ရုပ်နာမ် ဟောမှာ ပါဘဲကွယ်လို့" ပြောသံကြားရတယ်-တကာ သန္ဓရ၊ (မှန်ပါ၊တကယ့်အရေး၊ အရေးမှန်း မသိတော့၊ ပေါ့ တော့ တော့ ပြောမိပါလိမ့် ဘုရား)။

ဒါနတရား,သီလတရားတွေကိုဟောကြားတဲ့ ပုဂ္ဂိုလ် တွေကတော့အများအပြားရှိကြပြီး၊ဝိပဿနာ ဘာဝနာ တရားကြီးကို ဘကယ် ပေါက်ပေါက်၊ ရောက်ရောက်၊

ဟောကြားမည့် ပုဂ္ဂိုလ်ကတော့ အလွန် နည်းပါးတဲ့ အတွက်၊ ကျေးဇူးရှင် ဆရာတော် ဘုရားကြီးများ လက်ထက်ကစပြီး၊ နည်းပါးတဲ့ ဘက်ကနေ၍ လိုရင်းအချက် ဝိပဿနာ ဘာဝနာဆိုတဲ့ ဉာဏ်စခန်း ဉာဏ်လမ်းကြီး သက်သက် ဖွင့်လှစ်တော်မူသွားကြတယ် မဟုတ်လား၊ ကျုပ်တို့လဲ ကျေးဇူးရှင် ဆ ရာ တော် ဘု ရား ကြီး များ အဆက်အနွယ်မပျက် ဆိုဒါလို၊မိမိ ဉာဏ်မှီသမျှ သည့် စခန်းခပျက် သည့်လမ်းဘဲ ဆက်ဖွင့်ခဲ့ရတယ်၊ အရပ်တကာမှာ ဖွင့်ခဲ့သည့်အလျောက် ပွင့်သလောက်လဲ ပွင့်ကုန်ကြပြီတကာသန္နိရ(မှန်ပါ၊အတော်အသင့်ပွင့်လင်းလာကြပါပြီ ဘုရား)။

အင်း....တချို့ကလဲ လူ့ စည်းစိမ်, နတ် စည်းစိမ် ဆိုတဲ့ စည်းစိမ်သံကလေး မပါတော့ နာရမှာတောင် ခတ်ပြင်းပြင်း နေမှာပေါ့၊ ခံ စ ား မှု, စံ စ ား မှု ဆိုတဲ့ ငယ်ကြိုက်ကလေးက တခုမှ မပါဘဲကိုး။ လူ့ စည်းစိမ် ကလေးနှင့် တပြုံးပြုံး၊ နတ်–စည်းစိမ် ကလေး နှင့် တပြုံးပြုံး၊ လူ့ကာမဂုဏ်ကလေးနှင့် တသိုက်သိုက်၊ နတ်ကာမဂုဏ်လေးနှင့် တသိုက်သိုက်၊တသံသရာလုံးက တပျော်ပျော်၊ တပိုက်ပိုက်နှင့်၊ ယခုလဲ ခံစားချင်လိုက် စံစားချင်လိုက်, ကောင်းချင်လိုက် ဆိုဒါတွေဟာ ငယ်ကြိုက်တွေမဟုတ်လားတကာသန္နိရ၊(မှန်ပါ၊ငယ်ကြိုက်တွေပါ ဘုရား)။

ကျုပ်တို့ကလဲ၊ ဘယ်အကြောင်း,ဘယ် ကိစ္စနှင့် ပတ်သက်၍ ဘယ်အရပ်မှာဘဲ ဟော-ဟော၊ ဘယ်သူ့သဘော, ဘယ်သူ့အလိုမှ မလိုက်၊ ငယ်ကြိုက်ကို အသံမပေးတော့၊ ယခင်က ပြောခဲ့သလို ဒီ ကိုယ်တော်တွေ ဟောရင် ရပ်နာမ်နေမှာပါလကွယ်လို့ တချို့ကပြောကြဒါပေါ့၊ ဩြော်....နားမသယ်တော့လဲ ပြောရိုးကိုးလို့ အောက်မေ့ရတော့ဒါဘဲ။

တချို့ နာချင်,ကြားချင်ကြဒါက လူ့စည်းစိမ် ခံစားမှုစံစားမှု၊ နတ်စည်းစိမ် ခံစားမှု စံစားမှု၊ ယခု ကျုပ်တို့ ဟောဒါက (အကောင်း-ကင်း၊ အကောင်း-ရှင်း၊ အကောင်းမရှိ မကောင်းအတိ ရှိရှိသမျှ-သဘာဝ ရုပ်နာမ်, ဒုက္ခသစ္စာ အမှန်)၊ ကဲ-စဉ်းစား ကြည့်စမ်းပါ၊ နာတဲ့သူရဲ့ အလိုနှင့် ဟောတဲ့သူရဲ့ အလိုဟာ၊ ခါးမောက်ပြောင်းပြန် လှန်တပ်သလို ဖြစ်မနေဘူးလား၊ (မှန်ပါ၊ အသွင်မတူ အိမ်သူ မဖြစ် ဆိုသလို ရှိသူလဲ ရှိပါလိမ့်ဘုရား)။

ဒါဖြင့်-ငယ်ကြိုက်သွားနှင့် ဒီတရား, လားလားကမှ မတွေ့ကြ၊ ဓမ္မာ သောကကြီးပေါ့လေ။

အင်း-လွန်စွာ အရေးကြီးတဲ့တရားမို့၊ဘာစည်းစိမ် ညာ စည်းစိမ်ဆိုတဲ့ စကား မညှပ်ဘဲ ရုပ်နာမ်ချည်း ထပ်တလဲဟောရ၊ ရှေးက ဘုန်းကြီးတပါး၊ မဂ်လာဆောင်

ရေစက်ချ မှားသလိုများ နေမလား, မသိဘူး-တကာ
သန့်ရေ၊ (မင်္ဂလာဆောင် ရေစက်ချပုံ-အခါန့် ရှိပါအုံး
ဘုရား)။

ရှေးက ရွာတရွာမှာ မင်္ဂလာဆောင်လက်ထပ်ပွဲ တခု
ရှိသတဲ့ မင်္ဂလာဆောင် အိမ်ထောင်ဦး အထူး သက်နီး
ကပ်ပွဲတခုလဲ ပါသေးဆိုကိုး၊သည့်အတွက် ရေစက်ချရန်
ရွာဦး ရွာထိပ်က ထားကိုး ကွယ်တဲ့ ဘုန်းကြီး သွား
ပင့်တော့ ကြွလာ၊ ဘုန်းကြီးမှာ ရေစက်ချက တပုဒ်ထဲ
ရသတဲ့၊ သူရတဲ့ ရေစက်ချကလဲ မသာ ရေစက် ချကြီး
ဆိုကိုး-တကာသန့်ရ၊(မှန်ပါ ကွကျစော်နံနေပြီဘုရား)။

တိုတိုပြောကြစို့၊စားပြီးအိပ်နေ,ဘိက္ခုဝေ၊သေလျှင်
ငုတ်တုတ်,ဂိဏ္ဍကျင့်ဆိုတဲ့အတိုင်း၊ကပ်ကြတဲ့ဆွမ်းတွေကို
မိုက်ကားအောင် စားပြီး၊ တင်ပလ္လင်ကြီး ခွေလျက်၊
ကိုယ်တော်ကျော့က မင်္ဂလာရေစက် ချတော်မူပါရော။

ရေစက်ချပုံက, သည်လိုတဲ့။ ၊မယံဘန္တေက စပြီး,
နောက်နားကျတော့ "ဣမံ ပိဏ္ဍပါတ စီဝရံ၊ ဤဆွမ်းနှင့်
သင်္ကန်းကို၊ဘဝန္တရ ဂတဿ၊ ဘဝတပါးသို့ ပြောင်း
သွားလေသော သူအား၊ ဥဒ္ဒိဿ, ရည်မှတ်၍၊ ဒေမ,
လှူဒါန်းပါကုန်၏ ဘုရား။" ဒီအသံ ကြားလိုက်တော့
ဟိုက်-ဆိုပြီး မင်္ဂလာဝင် သတို့သမီး နှင့် သတို့သားဟာ
နောက်ဆုတ် သွားကြသတဲ့၊ ဘုန်းကြီးက တော့-
ဇာနခြေကြီးမပျက် တစ်တစ် ခွခွ ဆက် ချလိုက်ထာ

အဖျားကျဘော့တောင်။သော၊ထိုစုတိကြွေဝင်သေလွန်လေပြီးသောသူသည်၊ ပေတ္တိဘဝေ၊ ပြိတ္တာဘုံ၌။ သစေဘဝိဿတိ၊ အကယ်၍ ဖြစ်ငြားအံ့၊ သာခု....သာခုတိကောင်း၏ ကောင်း၏ ဟူ၍၊ ဝဒတု၊ဆိုနိုင်ပါစေလော့။ ဝါ၊သာဓု ခေါ်နိုင်ပါစေသတည်း။ ။အဲသည်ကျတော့ဘုန်းကြီးနှင့် ယပ်တောင်သာ ကျန်ရစ်တော့၊ လူကဖြင့်တကောင်မှမရှိတော့ဘူးဆိုကိုး တကာသန့်ရ၊ (မှန်ပါ၊ပလ္လင်ပေါ်က ခဲနှင့်ပေါက်မချ ကံကောင်းပါဘုရား)။

ကဲ....ကဲ စဉ်းစား ကြည့်စမ်း၊ ပရိသတ် တွေနှင့်တကွ မင်္ဂလာဝင် သတို့သ္မီး, သတို့သားများရဲ့ အလိုဆန္ဒမြော်လင့်နေကြမှာက၊(စည်းစိမ် ဥစ္စာ၊ ရတနာ ရွှေ ငွေ၊ခြွေရွေ သင်းပင်း၊ဆင် မြင်း,ကျွဲနွား၊ပေါများဘိတောင်းသား ကောင်း ရတနာ၊ ထွန်းကား လာ၍ ချမ်းသာရွှင်လန်း၊ သက်တမ်းရာကျော် ရှည်စေသော်)။ စသည်ဖြင့် အဲဒီလိုလောကမင်္ဂလာစကား,မင်္ဂလာအသံကိုသာမြော်လင့် နေကြမှာ အမှန်ဘဲ၊ သည်ထဲမှာ ကိုယ်တော်မြတ်က ဘဝန္တရဂတဿ ဘဝ တပါး ပြောင်းသွားလေသောသူအား၊ ဥဒ္ဒိဿ ရည်မှတ်၍ ဆိုလိုက်တော့ဘယ်မှာ ကြိုက်နိုင်တော့မလဲ၊ ပရိသတ်တွေဟာ ခေါင်းချင်း ရိုက်ကုန်ရောဆိုကိုး တကာသန့်ရ၊ (မှန်ပါ၊မင်္ဂလာဆောင်ရာ မသာ ရေစက်ချတော့ ကွကျကုန်မှာပဘုရား)။

(၆)

လူငယ်များကတော့ မကြိုက်သော်လဲ ဘုန်းကြီးကို ကြောက်လို့ ဘာ တခွန်းမှ မရှောက် ဝန့်ကြဘူးပေါ့၊ မင်္ဂလာဝင် သတို့သမီးရဲ့မိခင်က မခံချင် ဒေါသပွပြီး....၊ ကိုယ်တော် ဘယ့်နှယ်ချသွားဒါတုံးဘုရား၊ ကိုယ်တော် ဘယ့်နှယ်လုပ်သွားဒါတုံးဘုရားလို့ ကျောင်းကျအောင် အတင်းလိုက် ချန်ထောင်ရောဆိုကိုး။

သည်တော့....ဘုန်းကြီးက ဟဲ့—ငါဘယ့်နှယ် လုပ်လို့တုံး၊ ဟဲ့—ငါ ဘယ့်နှယ် လုပ်လို့တုံး၊ ပြောစမ်းပါ အုံးဟဲ့ တကာမရဲ့လို့ ဆိုတော့။

ကြည့်စမ်းပါ၊လူသိရှင်ကြား၊ယခု မင်္ဂလာဆောင်မှန်း သိလျက်သားနှင့်၊ မသာ ရေစက်ကြီး ချသွားဒါ ကိုယ်တော်ဟာ တော်ရောလား၊ရေစက်ချကလေးလောက်မှ သူ့နေရာ နှင့် သူ အပေါက် တဲ့အောင် မချတတ်ရင် ဘောက်လို့ ဘုန်းကြီး လုပ်နေသေးတုံး၊ မိုကေရိပ်ပြီး စစ်ထဲရင်လဲ လိုက်သွားပါလား၊ သို့မဟုတ် ကြိုးဆွဲချ အငှါးရင်လဲ လိုက်စားပါလား၊ ကိုယ်တော် ယခု ဘုန်းကြီး လုပ်နေဒါဟာ ဝက်သား စားချင်လို့ လုပ်တဲ့ ဝ,ဘုန်းကြီးလား၊အိပ်နေချင်လို့ လုပ်တဲ့ အ,ဘုန်းကြီး လား၊ ဘာလား ညာလားနှင့် တကာမက အတင်းဆူ ရန်ထောင်လိုက်တာ ဘုန်းကြီးကို နရင်း ပူသွားရော ဆိုကိုး—တကာသန့်ရဲ၊(မှန်ပါ၊တယ် နှုတ်သီးကောင်းတဲ့ တကာမကိုး ဘုရား)။

သည့်တော့မှ-ဘုန်းကြီးမှာကြံရာမသိတော့ နေစမ်းပါအုံးဟဲ့ ကကမရဲ့၊ ငါတခု မေးစမ်းပရစေအုံး၊ နင့်အိမ်မှာ ရှေးအခါက လူတယောက်မှ မသေဘူးဘူးလား၊ စဉ်းစား ပြောစမ်းပ-လို့ မေးလိုက်သတဲ့။

ထိုအခါ တကမက အိမ်မှန်ရင် လူမသေဘူးတဲ့ အိမ်ရယ်လို့ ဘယ်မှာရှိမလဲ၊ဟို လွန်ခဲ့တဲ့ ဆယ်နှစ် လောက်တုံးက ဘပည့်တော်မ မွေးတဲ့ သွီးကလေး တယောက်မပြော ပလောက်ပေါင် ဇီးရွက်လောက် ရှိရဲ့–မွေးပြီးတဲ့နောက် ခြောက်ရက်လောက်အကြာ သူငယ်နာနှင့် သေဆုံးဘူးတယ် ဘုရာ့လို့ ပြန်လျှောက်လိုက်သတဲ့။

သည့်တော့–ဘုန်းကြီးက နင့်နှယ် ဖျင်းပါဘိဟယ်၊ အဲဒီ ကလေးမပေါ့ရေစက်ထဲ ပါသွားအောင် ငါဆွဲချ ဒါပဲ့လို့ ပြောလိုက်တော့....

တကမက, ဩော်....ဟုတ်ကဲ့လားဘုရာ့၊ ဒီလိုလားဘုရာ့၊အမိန့် ရှိတော်မူပါအုံး ဘုရာ့လို့-သဘောကျတဲ့ အသွင်နှင့် မျက်နှာထား ရွှင်လာသတဲ့။

အင်း....နင်တို့ မိန်းမတွေဟာ ဘာမှန်းမှ မသိ၊ အမြော်အမြင်လဲမရှိ၊ ဉာဏ်နှင့်လဲ ဝေဘန်ပြီး မကြည့်၊ ဆဲစရာရှိ ဆဲမယ်၊ ဆိုစရာရှိ ဆိုမယ်၊ ရန်ထောင်စရာရှိ ထောင်မယ်၊ဒါလောက်သာ နင်တို့သိတယ် တကယ်ဆို

နင် စဉ်းစားကြည့်ပါလား၊ ယခုပြုလုပ်ကြတဲ့ မင်္ဂလာချင်များမှာတော့၊ သူတို့ ရေစက်ဆုံကြပြီ၊ အောင်ကြပြီ၊ မဆုံရသေး, မအောင်ရသေးသော သူအတွက်၊ တဘက်က လိုပါသေးလားဆိုဒါ နင် -မသိဘဲကိုး။

ဩြော်....ကြီးပျင်းအောင်မနေရလို့ သော်ရရှာသော ဤကလေးမ,ထို ကလေးမ ကလေးသည်၊ ဖြစ်လေရာ ဌာန,ဘုံဘဝမှာ ဆုံရရှာပါစေဆိုပြီး၊ ယခု ပွဲမှာ သူလဲ အပါ မလွတ်ရအောင် မင်္ဂလာရေစက်ထဲ ငါဆွဲသွတ်ချလိုက်ထာ၊ နင်က ဘာ မခံချင်စရာ ရှိသလဲ စသည်ဖြင့်၊ ဘာလဲ, ညာလဲ နှင့် ဘုန်းကြီးက ပြန်ငြီး မာန်လိုက်, မဲလိုက်တောင် လုပ်သေးဆိုကိုး တကာသန့်ရ၊(မှန်ပါ၊ ကပ်ကပ် သပ်သပ် ဖြေတတ်တော့၊ ဘုန်းကြီးက အနိုင်ရသွားပြန်သကိုး ဘုရား)။

ဒါလိုဘဲ— ကျုပ်တို့လဲ ရပ်နာမ်က လွဲ မဟောတတ်တော့၊ ရေစက်ချကလေး တပုဒ်ထဲနှင့် ပွဲတိုင်းလိုက်နွှဲနေတဲ့ ဘုန်းကြီးနှင့် တူနေပလား မသိပါဘူး။

## "ဂျွေ သူ့မေရိုက်လို့ မှောင်မိုက်မှာ ငို"

ကဲ....ကဲ ရှိပါစေတော့လေ၊ ဘာနှင့်ဘဲ တူနေနေ ယခင်ရွတ်ဆိုလိုက်သော ဂါထာကြီး၏ အဖြေကတော့၊ တကာသန့်တို့ ကျုပ်တို့ တတွေဟာ ဖြစ်လိုက်,သေလိုက်၊

သေလိုက်,ဖြစ်လိုက်နှင့်၊အစမတုံး အဆုံးမရှိတဲ့ သံသရာ တပိုက်မှာ ဂျာဇေ သူ့အမေရိုက် ဆိုသလို-ဖြစ်နေကြရ သတဲ့လား၊ (မှန်ပါ၊သည့်တိုင်း ဖြစ်နေကြရပါဘုရား)။

အရိယာသစ္စာ မသိပါ၍၊ သံသရာပြင်ကျယ်၊ ဝဋ်ပင်လယ်မှာ၊အငယ် အကြီး၊အထီး အမ၊ခေါ်ဆိုရသော ဤ ခန္ဓာကိုယ် အတ္တဘောကြီး ရရှိ၍လာပြီ ဆိုမှဖြင့်၊ လေးပါးသော ဒုက္ခစက်ကြီးကလဲအပြီးတိုင် ဖျက်ဆီးဘို့ တပါတည်းကပ်, တထပ်ထည်း ပါသမို့၊ "တလှေတည်းစီး, တခရီးဘည်းသွား" ဆိုဒါလို၊ ဘယ်ခါမှ မလွတ်ခဲ့ဘူးဘူးနော်။

ခန္ဓာကိုယ် အတ္တဘောကြီး ဆိုဒါ—လုံးပြီး ပြော လိုက်တဲ့ စကားဘဲ၊ စင်စစ်သော်ကား ရူပက္ခန္ဓာ, ဝေဒနက္ခန္ဓာ, သညက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာ တည်းဟူသော ဤအကျိုးတရား ခန္ဓာငါးပါးကို ဆိုသို တယ်။ထိုခန္ဓာငါးပါးဟာ၊ဥပမာ—ဂျနေ့နှင့်တူသည်ဖြစ်၍ ဇာတိ ဒုက္ခ, ဇရာ ဒုက္ခ, ဗျာဓိ ဒုက္ခ, မရဏဒုက္ခ တည်း ဟူသော ဤဒုက္ခကြီး လေးပါးက သူ့အမေနှင့် မခြား အလားတူသပေါ့လေ။

အရဟတ္တမဂ်၊ စိန်သံလျက်ဖြင့်၊ ဝဋ်မြစ်ကို မခုတ်ဖျက် နိုင်ကြသေးသော သတ္တဝါ မှန်သမျှတို့မှာ၊ ဘယ်ဘ

ဘယ်ဘဝ၊ဘယ်ဌာနဌ ဖြစ်ဖြစ်၊ အသစ် အသစ် ပေါ်ဖြစ်ရခြင်းဆိုတဲ့ ဇာတိဒုက္ခ။ တစ တစ ရင့်ရော်ရခြင်း ဆိုတဲ့ ဇရာဒုက္ခ။ ခဏ ခဏ မအီ မသာ ဖြစ်ရခြင်းဆိုတဲ့ ဗျာဓိဒုက္ခ။ ထို ထို ဘုံဘဝမှ အဆုံးတိုင် ကျအောင် သတ်ဖြတ်ခွဲချလိုက်ခြင်း ဆိုတဲ့ မရဏဒုက္ခ။ စိုးရ ပိုင်ရှင် မိခင်နှင့်တူသော ဤဘေးဒုက္ခကြီးလေးချက်က သွီးနှင့် တူသော ခန္ဓာ, ငါးပါး (ဂျဇ)ကို ခဏ ကလေးမှ ရပ်နားခွင့် မပေးဘဲ၊ အမြဲတန်း တိုက်ဖျက်ပြီး ဒလကြမ်း ရိုက်နှက်နေလိုက်ထာ စဉ်းစား....ကြည့်လိုက်တော့၊ တကယ် ကြောက်စရာကြီး ပါကလားဟ တကာသန့်ရ၊ (မှန်ပါ၊ အလွန် ကြောက်စရာ ကောင်းပါဘုရား)။

ဤဒုက္ခကြီး လေးချက် နှိပ်စက်၍ နေပုံကို သိသာရုံမျှ ဥပမာ-ပြောရလျှင်၊ဘုရင် ပြည့်ရှင်မင်း၏ အာဏာသားလေးယောက် တို့နှင့် တူ လှ၏။ တူပုံကား....သေဒဏ်အပြစ်ရသောသူကို ပဌမလူတ ယောက်က သုသာန်တစ သင်းချိုင်းဝသို့ ဆွဲထုတ် ခေါ်ဆောင် သွားလေ၏။ ။ ထို့နောက် သုသာန်တစ သင်းချိုင်းဝသို့ ရောက်သော အခါ၊ ဒုတိယ လူ တ ယော က် က မြေပြင်မှာ လဲကျသွားအောင် တုံးလုံးလှဲပေးလိုက်လေ၏။ ။ထို့နောက် မြေပြင်မှာ လဲကျသောအခါ တတိယ လူတယောက်က ခလှုပ်မထနိုင်အောင် ကြိုး ကြိမ် နွယ် စသည်တို့နှင့် တင်း

ကြပ်စွာ တုပ်နှောင်၍ ပေးလိုက်ပြန်လေ၏။ ထို့နောက် မလှုပ် မကြွ မထနိုင်သေးအခါ စတုတ္ထမြောက် လူ တယောက်က ထက်လှစွာသော သံလျက်နှင့် လည်ပင်းကို တချက်ထည်း အပြီးတိုင် စီရင်လိုက်လေ၏။

ဥပမာနှင့်-ဥပမေယျနှစ်ရပ်ကို ဂဟေစပ်လိုက်တော့၊ ဘုရင် ပြည့်ရှင်မင်းကြီးနှင့်ကား-ထို ထို ဘဝ၌ ပစ်ချ စီမံတတ်သော ကံတရားနှင့်တူစေ။ သေဒဏ် အပြစ်ရသော သူနှင့်ကား—အန္ဓ ပုထုဇဉ်များနှင့် တူစေ။ သုသာန်တစ သင်းချိုင်းဝနှင့်ကား-ကာမ,ရူပ,အရူပ တည်းဟူသော ဘုံသုံးပါးနှင့် တူစေ။ ။သုသာန်တစ သင်းချိုင်း ဝသို့ ခေါ်ဆောင် လာခဲ့သော ပဌမ အာဏာသားနှင့်ကား အဖန်ဖန် ပဋိသန္ဓေ နေရခြင်းဆိုတဲ့ ဇာတိ တရားနှင့် တူစေ။ မြေပြင်၌ တုံးလုံးလဲကျစေသော ဒုတိယအာဏာ သားနှင့်ကား—အဖန်ဖန် အိုမင်း ရင့်ရော်ရခြင်း ဆိုတဲ့ ဇရာတရားနှင့် တူစေ။ မလှုပ် မထနိုင်အောင် ကြိုး ကြိမ် နွယ် စသည်တို့ဖြင့် တုပ် နှောင်၍ ပေးသော တတိယ အာဏာသားနှင့်ကား-အဖန်ဖန် နာဖျားရခြင်း ဆိုတဲ့ ဗျာဓိတရားနှင့် တူစေ၊ နောက်ဆုံး လည်ပင်းကို ဓားနှင့် ခုတ်ဖြတ်၍ တချက်ထည်း အသေ သတ် လိုက်သော စတုတ္ထ အာဏာသားနှင့်ကား — အဖန်ဖန် သေရခြင်း ဆိုတဲ့ မရဏ တရားကြီးနှင့်တူစေ။

ထို စကားရပ်တို့တွင် သေဒဏ် အပြစ်ရသောသူနှင့် အန္ဓ,ပုထုဇဉ် တူသည်ဟု ဆိုရာ၌၊ အန္ဓ-ပုထုဇဉ်ဆိုဒါ (အန္ဓက-အကန်း) (ပုထုဇဉ်က-အရူး) ဤပုဒ်နှစ်ခုကို မြန်မာလို ဆိုတော့၊ အကန်း, ရူးပေါ့ - တကာသန့်ရ၊ (မှန်ပါ၊အန္ဓပုထုဇဉ်ဆိုဒါ အကန်းရူးတွေပါ ဘုရား)။

ရပ်မှန်း, နာမ်မှန်း မသိဘဲ ပကတိ အန္ဓ ပုထုဇဉ် အဖြစ်နှင့်နေရဒါ သံသရာအပြစ် ကြီးကျယ်ပုံကို အနည်းငယ်မျှ ပြောကြဦးစို့။

အထက်က ပြဆိုခဲ့သော ဥပမာမှာ—ဘုရင် ပြည့်ရှင် မင်းကြီးက သေဒဏ် အပြစ်ချလိုက်ဆိုဒါ လူတိုင်းကို အပြစ်ပေးနိုင်ဒါ မဟုတ်ပါဘူး။ မိုက်မဲတွေဝေ, ဆိုးစွမ်း သောင်းကျန်း၍ နေသောသူကိုသာ၊ ဤသူ သေစေဆိုပြီး အာဏာ သားတို့၏ လက်တွင်း အပ်နှင်း လိုက်တယ် မဟုတ်လား။ ဘုရားသွား ကျောင်းတက်နှင့် အကောင်း သက်သက် စိတ်ရှိ၍ ပကတိ စင်ကြယ်နေသော သူကို သေဒဏ် အပြစ်ပေးရိုးထုံးစံ ရှိရဲ့လား။ (မှန်ပါ၊ သေ လောက်သော ပြစ်မှု ရှိမှ သာ သေ ဒဏ် အပြစ်ပေး နိုင်သည်ဖြစ်၍၊သေလောက်သော ပြစ်မှုမရှိက၊သေဒဏ် အပြစ် မပေးနိုင်ပါဘုရား)။

အဲ ....ဒါလိုဘဲ တကာသန့်တို့ ကျုပ်တို့ အန္ဓ,ပုထုဇဉ် တွေမှာ မသိမှုဆိုတဲ့ သံသရာအပြစ်ကြီး သင့်နေကြလို့ အဖြစ်ဒဏ်, အအိုဒဏ်, အနာဒဏ်, အသေဒဏ်တွေ

အပေး ခံနေကြရတယ်၊ ရုပ်နာမ်ကို၊ ဟုတ်မှန်စွာသိ၍ ဝိသုဒ္ဓိ ဉာဏ်အလင်းသို့၊ သန့်ရှင်းစွာ၊ဆိုက်ရောက်တော်မူကြသော အရိယာပေါင်း သူတော်ကောင်းတို့မှာ ထိုအပြစ်ဒဏ်နှင့် ဝေးကွာပြီး ဧရာသို့ ခိုလှုံတော်မူကြ ရလေပြီ။

ယခု လောကကြီးမှာ သူ့အသက်ကိုသတ်မှ အပြစ်ရှိတယ်၊ သူ့ ဥစ္စာကို ခိုးမှ အပြစ်ရှိတယ် – စသည်ဖြင့်၊ ဒီ့အပြစ်လောက်သာ အပြစ်ရှိတယ်လို့ ထင်ကြတယ်၊ ရုပ်နာမ် ကို ဟုတ်မှန်စွာ မသိမှုဆိုတဲ့ပုထုဇဉ်တို့၏ပကတိ မသိ ပြစ်ကြီးကိုတော့ အပြစ်မှန်း မသိကြဘူး ဟကာ သန့်ရ၊ ( မှန်ပါ၊ ပုထုဇဉ်တို့၏ ပကတိ အပြစ်ကြီးကို သိသူကနည်းပါလိမ့် ဘုရား )။

ထိုကဲ့သို့ မသိမှု အပြစ်ကြောင့် သတ္တာယဒိဋ္ဌိ ရေသောက်မြစ်ကြီး ရှိနေတော့၊ပြုမိပြုရာ,ပြုလတ္တံ့ဖြစ်သော ဒုစရိုက်သာ် အကိုင်း အခက် တွေကလဲ တဝေဝေ၊ သေလျှင်မုချ၊ အပါယ် ကျကြောင်း၊ ဒုစရိုက် ဟောင်းတွေကလဲ၊ဟိုကချောင်း၊ဒီကချောင်းနှင့် ယခုလူကောင်း ဘဝ၊ တော်တော်ကြာ အပါယ်ကျ၊ ယခု နတ်ကောင်း ဘဝ၊ တော်တော်ကြာ အပါယ်ကျ၊ ယခု ဗြဟ္မာကောင်း ဘဝတော်တော်ကြာ အပါယ်ကျ၊ဘယ်ဘဝ,ဘယ်ဌာန ဘယ်ဘုံသူ, ဘယ်ဘုံသားမှ ဒီပုထုဇဉ် မသိ ပြစ်ကြီး

ရှိနေသမျှ စိတ်ချစရာအရေးနှင့် ခွင့်ဖြင့် ဘယ်ခါမှ ရမှာ မဟုတ်ဘူးနော်-ဒါကြောင့်....

(၁) ခုခဏမှာ-လူ့ချမ်းသာ တော်တော်ကြွ သိဋ္ဌိုးဝိစိ။ ။

(၂) ခုခဏမှာ - နတ်ပြဟ္မာ တော် တော် ကြွ ခွေး,ဝက်, ကြက်, ငှက်။ ။

ယခု — ထုတ်ဆိုလိုက်သော ဆောင်ပုဒ် နှစ်ခုကို လက်ဆုပ် လက်ကိုင် ပြုပြီး၊ မသိမှုကို ပယ်ဖြတ်၍၊ သိမှုနယ်ရပ်သို့ ဉာဏ်အာရုံ ဆိုက်ကပ်လာအောင် သံဝေဂ စိတ်ဓာတ်မျိုးကို နာနာ ကြီးသာ နှိုးပေး လေတော့၊ တကာ သန့်ရေ....မသိမှုအပြစ် ကြီးကျယ်ပုံ ပေါ်လာပြီ နော်....။

သို့ကလို-ပုထုဇဉ်တို့၏ မသိမှုဆိုတဲ့ပကတိအပြစ်ကြီး ရှိနေတဲ့ အတွက်ကြောင့် လေးပါးသော ဒုက္ခ စက်ကြီးကလဲ ဖျက်ဆီးလိုက်၊ ဒုစရိုက် အသစ်တွေကလဲ အနဲ့ အဖုံဖုံ ဖြစ်လိုက်၊ ဒုစရိုက် ဟောင်းတွေကလဲ "ကပြောင်း ကပြန် မှောက်,လှန် စောက်ထိုး"အမျိုးမျိုး ပစ်ချလိုက်၊ အဲဒါလို-သံသရာတခွင်၌ အစဉ်တစိုက် အတွင်လိုက်နေရဒါဟာ စဉ်းစား ကြည့်လိုက်တော့၊ (ဂျူ သူ့မေရိုက်သလို) ဒီအဆိုနှင့် ကိုက် နေ ကြ ပြီ ဟ — တကာ သန့်ရ၊ (မှန်ပါ၊ ဂျာဇ သူ့မေရိုက်ဆိုတဲ့ပုံနှင့် တကိုက်ထဲ ဖြစ်နေကြပါဘုရား)။

## ''ကိုလူပျို ထရံပေါက်က ခြေထောက်ကိုဆွဲ တွဲလဲ''

ကိုလူပျို ဆိုသည်ကား-ရူပတဏှာ,သဒ္ဒတဏှာ, ဂန္ဓတဏှာ, ရသ တဏှာ, ဖောဋ္ဌဗ္ဗ တဏှာ, ဓမ္မ တဏှာ၊ ဤတဏှာ ၆ ပါးကို ဆိုလိုသည်။

ထရံပေါက်ဆိုသည်ကား-စက္ခုဒွါရ, သောတဒွါရ, ဃာနဒွါရ, ဇိဝှါဒွါရ, ကာယဒွါရ, မနောဒွါရ၊ ဤဒွါရ ၆ ပါး၊ တံခါး ၆ ပေါက်ကို ဆိုလိုသည်။

ခြေထောက် ဆို သ ည် က ား — ကံ, ကိလေသာ၊ ဤနှစ်ပါးကို ဆိုလိုသည်။ထိုနှစ်ပါးတို့တွင် ကံ,အရကား၊ အကုသိုလ်ကံ ၁၂-ပါး၊ ကာမဝစရ ကုသိုလ်ကံ ၈-ပါး၊ ရူပါဝစရ ကုသိုလ်ကံ ၅-ပါး၊ အရူပါဝစရ ကုသိုလ်ကံ ၄-ပါး ဟု ဆိုအပ်သော မဟဂ္ဂုတ်ကုသိုလ်ကံ ၉-ပါး၊ ပေါင်း ကံ ၂၉-ပါးတည်း။

ကိလေသာအရကား-လောဘ ကိလေသာ, ဒေါသ ကိလေသာ, မောဟ ကိလေသာ, မာန ကိလေသာ, ဒိဋ္ဌိ ကိလေသာ, ဝိစိကိစ္ဆာ ကိလေသာ, ထိန ကိလေသာ, ဥဒ္ဓစ္စ ကိလေသာ, အဟိရိက ကိလေသာ, အနောတ္တပ္ပ ကိလေသာ၊ ပေါင်း ကိလေသာ ဆယ်ပါးတည်း။

ဤစကားရပ်တို့ကို သဘာဝဉာဏ်နှင့် ကပ်မိအောင် ဟပ်ကြည့် လိုက်ကြဦးစို့။ စက္ခုဒွါရခေါ်သော မျက်စိ

ပေါက်က အဆင်းအာရုံ ကာမဂုဏ်နှင့် တွေ့ဆုံ မြင်သိ လိုက်ရသော အခါ ကောင်းတယ် – ကောင်းတယ်၊ လိုချင်တယ် – ရချင်တယ်လို့၊ တွယ်တာကပ်ငြိ သာယာ သိမ်းပိုက်ခြင်းရှိတဲ့ တဏှာ။

သောတဒွါရခေါ်သော နားပေါက်ကအသံအာရုံ။ ဃာနဒွါရခေါ်သော နှာခေါင်းပေါက်က အနံ့အာရုံ၊ ဇိဝှါဒွါရ ခေါ်သော လျှာပေါက်က အရသာ အာရုံ။ ကာယဒွါရ ခေါ်သော ကိုယ်ပေါက်က ဖေါ်ဋ္ဌဗ္ဗ အတွေ့ အာရုံ။ မနောဒွါရ ခေါ်သော စိတ်ပေါက်က အကြံ အာရုံ။ ထိုအာရုံ ၆ ပါးကို ပြင်းထန်စွာသာယာတတ်တဲ့ အဲဒီ တဏှာဆိုတဲ့ ကိုလူပျိုက ဒွါရခြောက်ပါး၊ တံခါး ခြောက်ပေါက်၊ ထရံပေါက်က ထွက် ထွက်ပြီး၊ ကံ ကိလေသာဆိုတဲ့ ခြေထောက်ကိုအတင်းဆွဲထားလို့မို့၊ တကာသန့်တို့ တတွေဟာ သံသရာထဲမှာ ပုံရက်ချည်း လဲနေကြ ထင်ပါလား၊ (မှန်ပါ၊ သံသရာက နလံမထ နိုင်ဘဲ ပုံရက် လဲနေကြရပါဘုရား)။

ပုံရက် မလဲဘဲ နေပမလား၊ ''ကမ္မံ သတ္တေ ဝိဘဇ္ဇတိ'' သတ္တေ၊ သတ္တဝါတို့ကို။ ကမ္မံ၊ ကံသည်။ ဝိဘဇ္ဇတိ၊ ဝေဘန် ၏ဟု ဟောတော်မူသည့်အတိုင်း၊ ကံ ကိလေသာတို့၏ ဝေဘန်ရာ,စီမံရာ,ပစ်ချရာ လိုက်ပါနေကြဒါကိုး။ သူတို့ စီမံရာ အမြဲတန်း လိုက်ပါ နေကြမှဖြင့်လဲ သုံးဆဲ့တဘုံ

ဆိုတဲ့ နှောင်အိမ်ကြီးထဲ, ဒုက္ခသစ္စာဆိုတဲ့ ပုံရက်လဲဘဝ မျိုးကဘယ်ခါမှ လွတ်မြောက်ကြတော့မည် မဟုတ်ဘူး။

ဘဝကို သာယာသော တဏှာ၏ အတွက်ကြောင့် ဝိပါက်ပဋိသန္ဓေကိုဖြစ်စေတတ်သောကံကိလေသာတွေ ဖြစ်ပေါ်လာကြလျှင် သူတို့ ပေါ်လာတိုင်း ပေါ်လာ တိုင်း၊ဇာတိဘေးကြီးကလဲအမြဲပါ၊ဇရာဘေးကြီးကလဲ အမြဲပါ၊ ဗျာဓိ ဘေးကြီးကလဲ အမြဲပါ၊ မရဏ ဘေးကြီး ကလဲ အမြဲပါ၊ အဲဒါ သို-ဘေးကြီးတွေ အမျိုးမျိုးဟာ အမြဲမကွာတွဲလဲပါနေကြလို့မို့၊(ကိုလူပျိုထရံပေါက်က ခြေထောက်ကိုဆွဲ ဘဲ့လဲ )ဒီပုံနှင့် တထပ်ထဲ တူမနေကြ ဘူးလား တကာသန္ဒရ၊(မှန်ပါ၊အလွန်တူလှပါဘုရား)

## ''တွဲလဲ နေပါအုံး မိုးတောင်ကချုန်း မုံ့လုံး''

ထိုကဲ့သို့ ဖြစ်ရခြင်း အကြောင်းရင်းကို ကြည့်လိုက် တော့မသိမှုဆိုတဲ့မောဟက သုံးဆဲ့တဘုံမှာအကောင်း ရှိတယ်လို့ ပြထားခြင်းကြောင့် ဟောဒါက — လူ့ ချမ်းသာ၊ဟောဒါက-နတ်ချမ်းသာ၊ဟောဒါက-ဗြဟ္မာ့ ချမ်းသာရယ်လို့ ဝမ်းသာမှုမဆုံး၊ ထင်လုံးကကြီး၊ အနည်းနည်း အဖြာဖြာ ရောက်ကြောင်းကို ရှာရ ကြောင်းကိုပါ ဆည်းပူးပြီး အထူးထူး စုဆောင်း ကြ လေသည်။

အဲဒါလို-အဝိဇ္ဇာ ခေါ်သော မောဟက အမှန်ကို မမြင်ရအောင် အမှားကို ပြလိုက်ပြီဆိုမှဖြင့် မိုးချိန်းသံကို ကြားရသော အခါ ဥမျိုးများသည် သားသန္ဓေ ရယူနိုင်ကြသကဲ့သို့၊ ထို့တူ ပမာဏ အဝိဇ္ဇာပစ္စယ မိုးသံကလေး-ခ,လိုက်တော့၊ မျိုးနှင့်တူစွ၊ တဏှာ၏ ကျွန် ဟူသမျှတို့သည်၊ ပုညာဘိသင်္ခါရ, အပုညာဘိ သင်္ခါရ, အာနေဉ္ဇာဘိ သင်္ခါရ တည်းဟူသော သန္ဓေသားကို မနေမနား အရယူကြလေကုန်၏။

၎င်းသင်္ခါရ တရားသားသုံးပါးတို့ကို ရှေးကလဲ ယူခဲ့လှလေပြီ၊ ယခုလဲ ယူတုံး ယူဆဲ၊ နောင်လဲ ယူရလတ္တံ့၊ တကာသန့်ရေ-ယူမှုကလဲ မတုံး၊ ရမှုတွေကလဲ မဆုံး တော့ပါကလား၊ (မှန်ပါ၊ မဆုံးတန်း မတုံးတန်းပါဘုရား)။

ထိုသင်္ခါရတရားသုံးပါးတို့တွင် ကောင်းသော ပြုပြင် စီရင်မှုကို ပုညာဘိသင်္ခါရဟု ဆိုသည်၊ မကောင်းသော ပြုပြင် စီရင်မှုကို အပုညာဘိ သင်္ခါရဟု ဆိုသည်၊ မတုံ ခလှုပ်သော ပြုပြင် စီရင်မှုကို အာနေဉ္ဇာဘိ သင်္ခါရဟု ဆိုသည်၊ ထိုတွင် ကာမ,ကုသိုလ် ၈ ပါးနှင့် ရူပ,ကုသိုလ် ၅ ပါး၊ ပေါင်း ၎င်း ၁၃ ပါးသည်၊ပုညာဘိသင်္ခါရမည်၏။ အကုသိုလ် ၁၂ ပါးသည်၊ အပုညာဘိသင်္ခါရ မည်၏။ အရူပကုသိုလ် ၄ ပါးသည်၊အာနေဉ္ဇာဘိသင်္ခါရမည်၏။

အဓိပ္ပါယ်ကား။ ။ပုညာဘိ သင်္ခါရ ကုသိုလ် ၁၃-ပါး တို့တွင် ကာမ,ကုသိုလ် ပုညာဘိ သင်္ခါရသည်၊ ကာမ သုဂတိ (၇)ဘုံသို့ ရောက်အောင် ပို့ဆောင် ပြုပြင် စီရင် တတ်သော တရားတည်း။ ရူပ ကုသိုလ် ပုညာဘိသင်္ခါ ရသည်၊ ရူပ ၁၆ ဘုံသို့ ရောက်အောင် ပို့ဆောင် ပြုပြင် စီရင်တတ်သော တရားတည်း။ အပုညာဘိသင်္ခါရသည်၊ အပါယ်လေးဘုံသို့ ရောက်အောင် ပို့ဆောင် ပြုပြင် စီရင်တတ်သော တရားတည်း။ အာနေဉ္ဇာဘိသင်္ခါ ရသည်၊ အရူပ လေးဘုံသို့ ရောက်အောင် ပို့ဆောင် ပြုပြင် စီရင်တတ်သော တရားတည်း။

အဝိဇ္ဇာနှင့်၊ တဏှာဓမ္မ ဒွေးမူလကြောင့်၊ကာမရူပ၊ ဘုံဘဝကို၊ ငန်းငန်းတက် လိုချင်လှ၍၊ ဒါန, သီလ, သမထ, ဘာဝနာ များစွာ ကုသလ၊ ပုညာဘိသင်္ခါရ ဟူသမျှတွေကို ပြုစု အားထုတ် လိုက်ကြရဒါကလဲ ဘဝ ကမ္ဘာ၊ သံသရာနှင့်အမျှ။ အဝိဇ္ဇာနှင့်၊တဏှာဓမ္မ၊ဒွေးမူ လကြောင့်၊ အပါယ်ဌာန၊ ဘုံဘဝကို၊ ရရာ ရကြောင်း၊ မကောင်းအကုသလ၊ အပုညာဘိသင်္ခါရဟူသမျှတွေကို ပြုစု အားထုတ်လိုက်ကြရဒါကလဲ ဘဝကမ္ဘာ သံသရာ နှင့်အမျှ။ ။အဝိဇ္ဇာနှင့်၊ တဏှာဓမ္မ၊ ဒွေးမူလကြောင့် အရူပ ဘုံဘဝကို၊ ငန်းငန်းတက် လိုချင်လှ၍၊ သမထ ဘာဝနာများစွာကုသလ၊ အာနေဉ္ဇာဘိသင်္ခါရ ဟူသမျှ တွေကို ပြုစု အားထုတ် လိုက်ကြရဒါကလဲ ဘဝကမ္ဘာ

သံသရာနှင့်အမျှ။ ။အဲဒါလို....ကာမ, ရူပ, အရူပဆိုတဲ့ ဘုံသုံးပါးသို့ ဦးဒဟို သွားလာ ရောက်ကြောင်း လမ်း ဟောင်းကြီး တမျှ၊ ပြစု အားထုတ် ကြရသော ဤသုံး ပါးသော သင်္ခါရတွေဟာ ရိုးချင့်တိုင်း....ရိုးနေပါပြီ တကာသန့်ရ၊ (မှန်ပါ၊ ကမ္ဘာပင်, ကမ္ဘာမျိုး, ကမ္ဘာ့ လက်ရိုး တရားကြီးတွေပါဘုရား)။

တိုတို-ပြောကြဦးစို့၊ လူ့ဘုံ, နတ်ဘုံ ဆိုတဲ့ အာရုံ စည်းစိမ်တွေကို တင်းမတိမ် နိုင်ကြလို့ ထို စည်းစိမ်ကို ရည်ရွယ် မှန်းဆပြီး - ဒါန, သီလစသော၊ ကာမဝစရ ကုသိုလ်ရှစ်ပါးကို ရအောင်အားထုတ်ကြ။ ရူပ၊ဗြဟ္မာဘုံ ဆိုတဲ့ အာရုံ စည်းစိမ်တွေကို တင်းမတိမ် နိုင်ကြလို့၊ ထို စည်းစိမ်ကို ရည်ရွယ်မှန်းဆပြီး ကသိုဏ်း အစရှိသော သမထ ကမ္မဋ္ဌာန်းတရားကို ပွားများ၍ ရူပကုသိုလ် ဈာန် ငါးပါးကို ရအောင် အားထုတ်ကြ။ ဤပုညာဘိသင်္ခါရ အတွက်ကြောင့် အထက် ကာမဘာဝ၊ ရူပ,ဗြဟ္မာဘာဝသို့၊ လားကြ သွားကြ ဆိုက်ရောက်ကြ။ ။တော်တော်ကြာ အပုညာဘိသင်္ခါရက သူ့အလှည့် ကျတော့၊ ငရဲဘာဝသို့ ဆွဲချလိုက်။ အရူပ ဗြဟ္မာဘုံဆိုတဲ့ အာရုံ စည်းစိမ်တွေကို တင်းမတိမ်နိုင်ကြလို့ ထိုစည်းစိမ်ကို ရည်ရွယ်မှန်းဆပြီး အာရုပ္ပသမထ ကမ္မဋ္ဌာန်း တရားကို ပွားများ၍ အရူပ ကုသိုလ်ဈာန် လေးပါးကို ရအောင် အားထုတ်ကြ။ ။

ဤအာနေဥ္စာဘိသင်္ခါရအတွက်ကြောင့်၊ အထက်အရူပ ဗြဟ္မာ့ဘဝသို့ လားကြ သွားကြ ဆိုက်ရောက်ကြ။ တော် တော်ကြာ၊ အပုညာဘိသင်္ခါရက သူ့အလှည့် ကျတော့ ငရဲဘဝသို့ ဆွဲချလိုက်။

အဲဒါလို....တက်ချီ ဆင်းချီ အတည်မကျ၊ သင်္ခါရ ဓမ္မတွေ ဖြစ် ပေ ါ် ၍ နေရဒါ၊ အကြောင်းရင်း....ရှာ လိုက်တော့–ငါဆိုတဲ့ သက္ကာယဒိဋ္ဌိကို၊နာမရူပ ပရိစ္ဆေဒ ဉာဏ်နှင့် မပယ် မဖြတ် မသတ်ခဲ့မှိုလို့ မဟုတ်သား၊ တကာသန့်ရ၊ (မှန်ပါ၊ သူ့အတွက်ကြောင့် အကြောင်း မရှိ၊ အကျိုးမရှိ ဆိုသလို ဖြစ်နေရပါဘုရား)။

သို့ကလို–ဒိဋ္ဌာနုသယ အပါယ်ဗီဇနှင့်တကွ၊အဝိဇ္ဇာ နုသယပရိက္ခိတ္တ၊တဏှာနုသယ မူလကကြောင့်ဖြစ်ပေါ် လာသမျှသောသင်္ခါရဘာရား အသီးသီးတွေဟာ ''မှုံလုံး ကြီးနှယ် အစေးမပြယ်'' သကဲ့သို့ ဝင့်နွယ်, ဝင့်ကြွေး ဝင့်ဘေး,ဝင့်မီးတွေကို တလုံးတည်း၊ တစီးတည်း၊ လုံး စီး၍ ထားခြင်းကြောင့် (ကွဲလဲ နေပါအုံး မိုး တောင်က ချုန်း မှုံလုံး) ဆိုသလို–ထိုပုညာဘိသင်္ခါရ, အပုညာဘိ သင်္ခါရ, အာနေဥ္စာဘိ သင်္ခါရတရား သုံးပါး စလုံး၊ မှုံလုံးကြီး အလား၊ တသားတည်း တူမနေဘူးလား.... တကာသန့်ရ၊ (မှန်ပါ၊ ခွဲဖြေမရအောင် အလွန် စီးတဲ့ မှုံလုံးကြီးနှင့် တူပါဘုရား)။

## "မုံ့လုံးစကားကပ်လို့"

ထိုပြုပြင် စီရင်မှုဆိုတဲ့ တရားစုဟာ စေတနာ သင်္ခါရက္ခန္ဓာတရား၏ အမှုသွားသော အခွန် ဖြစ်ပါလျက်နှင့် မှားချက်တမှု၊ မှောက်လုံးကြီး ခုပြန်ဒါက ငါပြုတယ်.... ငါပြုတယ်၊ ငါခံစားရပေတော့မယ် - ငါခံစားရပေတော့မယ်လို့ အတ္တဒိဋ္ဌိက အတင်း တွယ်ပြန်ပါရော။

ဒီ-အတ္တဒိဋ္ဌိ အတွယ်ခံရရင်လဲ တယ်ဟန်မရတော့ဘူး၊ ပြုပြုသမျှ စေတနာ သင်္ခါရက္ခန္ဓာ နာမ်တရား ပါကလား လို့၊ ဝိပဿနာ ဉာဏ်သွားနှင့်မှ အမှန်အား မသိမမြင်၊ မဆင်ခြင်လိုက်မိရင်၊ အငိုက် မိတဲ့ အလုပ်၊ ဘာလုပ်လုပ် ငါဝင်လို့ရှုတ်တတ်သည်။

ဒါ့ကြောင့်-လှူချင်တယ်၊တန်းချင်တယ်၊ပေးချင်တယ် ကမ်းချင်တယ် ကြွေးချင်တယ်၊မွေးချင်တယ်၊ပြုချင်တယ် စုချင်တယ်၊ အားထုတ်ချင်တယ် ဆိုဒါတွေဟာ သူလဲ မပါ၊ငါလဲမဟုတ်။သြော်....စေတနာ နာမ်ဓာတ်, နာမ် ပရမတ်ကလေး တခုသာ အမှန် ဟုတ်တော့သကိုးလို့၊ သမ္မာဒိဋ္ဌိဉာဏ်နှင့် နိုင်နိုင်အုပ်ရမယ်၊ ဘာလုပ်လုပ် ငါ မရှုတ်စေနှင့် နော်၊ (မှန်ပါ၊ ဘာလုပ်လုပ် - ငါ အရှုတ် ခံလို့၊ မတော်တော့ပါဘုရား)။

ဘာလုပ်လုပ် ငါ-မရှုတ်စေနှင့်ဆိုဒါ....လိုရင်း မှာတော့ မိမိတို့သာဝကဉာဏ်နှင့် ထိုက်တန်သလောက် အဝိဇ္ဇာကို လှန်ပြီး၊ ဝိဇ္ဇာဉာဏ်ကို ဖေါ်ပေးရမယ်လို့

ဆိုလိုတယ်။ယခုလိုဝိဇ္ဇာဉာဏ် အလင်းရောင်ကလေးကို ရှေးရှေးဘဝက အနည်းငယ် ကလေးမျှ ဖေါ်မပေး ခဲ့ကြဘူးတဲ့ အတွက်ကြောင့် စေတနာ သင်္ခါရတည်း ဟူသော မှုံလုံးကြီးကို တဏှာတည်းဟူသော အစေးနှင့် အဝိဇ္ဇာ တည်းဟူသော စက္ကူ ကပ်ပေးနေလိုက်ကြဒါ။ အခါခါ အတန်တန်၊ အဖန်ဖန်၊ အထပ်ထပ်နှင့် ဘယ့် ကလောက် "မှုံလုံး စက္ကူကပ်လို့" ဆိုတဲ့ စကားနှင့် တူနေသလဲ-တကာသန္ဒရ၊ (မှန်ပါ၊ မှုံလုံး စက္ကူကပ်နေ ကြလို့ ယခုထက်ထိ အသက်ရှူကြပ်နေကြပါဘုရား)။

## "ကြာကလာပ်နှင့် ဆွမ်းတော်တင်"

အသက်ရှူ ကြပ်မှာပေါ့၊ ကိလေသဝဋ္ဋ, ကမ္မဝဋ္ဋ ဝိပါကဝဋ္ဋ ဆိုတဲ့ ဝဋ္ဋ သုံးပါးမှာ ပျော်ပါး နှစ်ခြိုက်၊ သိမ်းပိုက် တွယ်တာ၊ အလွန်အမင်း သာယာ နေကြ ဒါကိုး၊ ဝဋ္ဋဒုက္ခကျင်လည် အမြဲခံ၍၊ ထိုဤဘဝ ပြောင်းလဲ ပြေးသွား နေရဒါကိုပင် အကောင်း ထင်နေကြခြင်း ကြောင့်၊ သံသာရ ဝိမောက္ခ၊ ကျွတ်လွတ်ရန် မြတ်ဓမ္မနှင့် နဲနဲကလေးမှ လှုပ်မရ နှဲ့မရလို့မို့၊ သူတော်ကောင်း အပေါင်းတို့က မင်းတို့ တတွေဟာ သံသာရ ခါဏုက၊ သံသရာ့ သစ်ငုတ်ကြီးတွေလို့၊ ရင့်သီးစွာ အဆိုခံရ မဟုတ်လား-တကာသန္ဒရ၊ (မှန်ပါ၊ နဲနဲမှ မလှုပ်လို့ သံသရာ့ သစ်ငုတ်ကြီး အဆိုခံရပါဘုရား)။

သို့သာဖြင့် ပါဠိလို–သံသာရခါကာ၊ မြန်မာလို ဆိုရင် သံသရာ့သစ်ငုတ်။ ပါဠိ–အန္ဓပုထုဇဉ်၊ မြန်မာလို ဆိုရင် အကန်းရူး။ အဲဒီလို ဆိုလိုက်တော့–တကာသန့် နားထဲမျက်ခနဲ နာမသွားဘူးလား။ (မှန်ပါ၊ နဲနဲတော့ မျက်တက်တက်၊ နာတာတာဘဲ ဘုရား)။

ဒီစကား ကြားရသောအခါ နားထဲမှ အော်ကလီ ဆန်ပြီး၊ စိတ်ထဲက မခံချင်ဘူးပေါ့လေ။ (မှန်ပါ၊ သိတ် မခံချင်ဘူး ဘုရာ့)။

သို့ မခံချင်ခပေမဲ့–မှန်တော့, မမှန်ဘူးလား။ (အမှန် ကတော့ သွေးထွက်အောင် မှန်နေပါဘုရား)။

ကကာသန့်ရေ....မှန်ရင် မခံချင် မရှိနှင့်၊ အသာ ကြိတ်ခံလိုက်၊ မှိတ် ခံလိုက်။

ကြည့်ပါလား၊ ဝဋ်သုံးပါး ဒုက္ခအစုက ကျွတ်လွတ်မှု တရားကိုတော့ လားလားမှ အာရုံမပြု မပွားရှာဘဲ ဘဝဥ္ စံစားမှု စံစားမှုကိုသာ တောင့်တသမှု အာရုံပြုပြီး၊ သူ့ထက်ငါဟ၊ အသာရအောင်၊ ဒါနက အမျိုးမျိုး၊ သီလက အဖုံဖုံ၊ လောကီ ဘာဝနာ မျိုးတွေလဲ စုံရော၊ သို့ကလို–ဝဋ်မျိုးစေ့တွေကို စုပုံပြီး၊ ခေါင်းမြီးခြုံ ယူနေ လိုက်ကြဒါ ဘယ့်ကလောက် အအိုဘေး, အနာဘေး, အသေဘေးတွေကို ငွေပေး ဝယ်ယူ နေကြဒါနှင့် တူသလဲဟ၊ တကာသန့်ရ၊ (မှန်ပါ၊ ဝိဇ္ဇာဉာဏ် မပါရင် သေဘေးကို ငွေပေး ဝယ်ရဒါပါဘဲ ဘုရား)။

ဒါကြောင့်.... အဝိဇ္ဇာ ခြံရံတဲ့ ကုသိုလ်ကံကလေး တခုကို ပြုပြီးရင်ဘဲ၊ထိုအာရုံထဲ တရစ်ဝဲဝဲနှင့်၊စိတ်၌စွဲပြီး၊ ကြိတ်ခဲမြဲမြံ၊ နောင်ဘဝ အကျိုးပေး သန်အောင်ဟာ၊ အပြန်ပြန် အလှန်လှန်၊အာသိဿကံနှင့် အမွှန်းတင်ကြရ။ ယခုလို ဝန္တီနိဿိတ ကုသိုလ်မျိုး၊ ရှေ့တိုး၍ ဖြစ်ပေါ် လာရန်၊ စိတ်ဓာတ်ကို တဖန်၊ အာသိဿကံ နှင့် အမွှန်း တင်ကြရ။ အဲဒါလို-အဟောင်းကို ကျစ်လစ်၊ အသစ်ကို စုဆောင်း။ အာသိဿကံ မိတ်ကောင်းနှင့် မဖိတ်မစောင်း ရအောင် အမွှန်းတင် နေဒါထဲကတောင်၊ ခြားချောင် ခြားချောင်ပြီး ငရဲဘောင်ကို လက်ကြား ယိုယို ကျ သေးတယ်-တကာသန္တရ၊(မှန်ပါ၊ဒိဋ္ဌိရှိသမျှ၊လက်ကြား ယိုကျအုံးမှာပါဘုရား)။

သံသရာမှာ၊ အလွန်ကြာအောင် တုပ်နှောင် ဘွဲ့ချီ တတ်သော လောဘ ဆိုတဲ့ ကိလေသာ ကာမတည်း ဟူသော ကြာကလာပ်ကြီး နှင့် ဖြစ်ပေါ် လာသမျှ၊ ကာမာဝစရ တရားဆိုတဲ့ ဝဋ္ဋ ကာမတည်း ဟူသော ဆွမ်းတော်ကို သူတော်ကောင်း အဆုံး အမ၊ နိဗ္ဗာန် လမ်းစကလေးကို၊ ရေးရေးမှမမြင်ကြသေးသမျှ၊ကာလ ပတ်လုံး၊ သည်အတိုင်း ရမ်းချော်, သန်းချော်နှင့်ပင်၊ ဆက်ခါ ဆက်ခါ၊ တင်နေကြရဦးမှာဘဲနော်....။

သို့ကလို–ကြောင့်ကြမှု မဆုံး၊ တောင့်တမှု မဆုံး၊ ဘဝတွေး လုံးလုံးနှင့်၊ ပုထုဇဉ်တို့၏ ထုံးစံတံထွာ၊ ဓမ္မတာ အတိုင်း၊ တကမ္ဘာက ခိုင်းဘော့၊ ပြတ်ိုင်း ပြတ်ိုင်းသော ကိစ္စကြီးတွေဟာ တဘဝပြီး, တဘဝဆက်၊ တဘဝပြီး, တဘဝဆက်၊ ပျောက်ပျက်ခဲ့လို့၊ တခါထပ်၊ ချာလပတ်၊ ချာလပတ် ဖြစ်နေသောကြောင့်၊ တကာသန္ဓရေ၊ "ကြာကလာပ်နှင့် ဆွမ်းတော်တင်" ဆိုတဲ့ အတိုင်း၊ ဘကိုင်းထဲ ဖြစ်နေကြပါပေါ့လား။ (မှန်ပါ၊ တပည့်တော်တို့ ကြာကလာပ် ဂိုဏ်းသားတွေ ဖြစ်နေကြပါ သဘုရား)။

## "ပလ္လင်ပေါ်က မြောက်ကလေး ဆင်းထွက်လို့ပြေး"

စိတ်ကလေးတခုနေရာမကျလျှင် ဘဝတခုမှနေရာမကျ တော့ဘူး၊ စိတ်ကလေးတခု နေရာကျလျှင်လဲ အားလုံး အကုန် နေရာကျတော့ဒါဘဲ၊ ထို စိတ်ခေတ် ကလေး နေရာကျပုံ,မကျပုံကို သိသာရုံမျှ ပြောကြဦးစို့။

"ပဘဿရမိဒံ ဘိက္ခဝေ စိတ္တံ" ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒံ စိတ္တံ၊ လျင်မြန်ရှေပြေး၊ ဤစိတ်ခေတ် ကလေးသည်။ ပဘဿရံ၊ ညစ်ကြေး ကင်းလျက်၊ ပြိုးပြိုး ပြက်သည့်၊ ရောင်ထွက် ကြည်လင်၊ ကြေးမုံ ပြင်ကဲ့သို့၊ အလွန် ဖြူစင့် သော တရားပေတည်း။

ထို ပါဠိတော် လာသော — အဓိပ္ပါယ် သဘောကို အကျဉ်း ပြောရလျှင်၊ စိတ်ဟူသည်၊ မိမိ မူလ ဘူဇ သဘောရင်းက၊ အလွန် ဖြူစင် သန့်ရှင်းလှ၏။ ။ရာဂ, ဒေါသ, စသော အညစ်အကြေးတွေ ပူးဝင် ရှုပ်ထွေး လာလျှင်၊ထိုစိတ်ခေတ်ကလေးလည်း မှေးမှိန် သေးသိမ် ညစ်နွမ်းရလေ၏။ သဒ္ဓါ,ပညာစသော ဖြူစင် ဖြောင့်မတ် ကောင်းမြတ်သော တရားတွေ ယှဉ်လာလျှင်၊ လွန်စွာ ကြည်လင်သည်ထက် ကြည်လင်၊ဖြူစင်သည်ထက် ဖြူစင် ရလေ၏။

ပုထုဇဉ်တို့၏ စိတ်ခေတ်ကလေး ဖြစ်နေပုံတွေးကြည့် ရလျှင်၊ သဒ္ဓါ, ပညာတို့နှင့် ယှဉ်၍ ကြည်လင်သော အခါနှင့်၊ ရာဂ,ဒေါသတွေ ဖိ၍၊ နောက်ကျိသော အခါ ဘယ်ဟာက များမလဲ တကာသန့်ရ၊ (မှန်ပါ၊နောက်ကျိ သော အခါက များပါလိမ့်ဘုရား)။

တပေါင်းတံခူး၊အထူးပူလှ၊နွေကာလ၌၊ ရေကနည်း ပါး။ နွားသောက်က များနေသော ကန်ရေအသွင်လို၊ ကြည်လင်ခွင့် မရှိ၊ နောက် ကျိကျိနှင့်သာ ကုန်ခန်းရသ သကဲ့သို့၊ တကာသန့်တို့လဲ နောက်ကျိကျိနှင့်ဘဲ ခန္ဓာ ကိုယ်နှင့် အသက်၊ သေမင်းထံ အခွန် ဆက်လိုက်ရ ကြည်လင်ခွင့်ကဖြင့် သိတ် မရဘူး ဆိုပါတော့။ (မှန်ပါ ဒီ စိတ်ခေတ် ကလေးဟာ ကြည် လင် ခွင့် မရတဲ့ နွား သောက်ကန်ကြီးနှင့် အလွန် တူလှပါဘုရား)။

နွားသောက်ကန်နှင့် မတူဘဲ နေပမလား၊ စိတ်ခေါ် တည်းဟူသော ကန်ထဲမှာ၊ ရာဂ, ဒေါသ, မောဟ, ဒိဋ္ဌိ တည်းဟူသော နွားတွေ မဝင်လာအောင် ဝိပဿနာ တည်းဟူသော တပြာ နှင်တန်နှင့် နိုင်နိုင် နင်းနင်းကြီး တားဆီး မောင်းနှင် မပစ်ဘဲကိုး။

ထို-ရာဂ,ဒေါသ,မောဟ,ဒိဋ္ဌိ အစရှိသော နွားငတ် တွေကိုပင် အကောင်းထင်နေတော့၊ မောင်းနှင်လို့လဲ မရနိုင်ဘူးပေါ့။ ဒီ အညစ်တရားတွေကြောင့် ဒုက္ခတွေ ဖြစ်ပွားနေရတယ်ဆိုဒါ သံသရာ၏ အပြစ်ကိုလဲ မသိ။ ခန္ဓာ၏ အပြစ်ကိုလဲ မသိ။ အမြဲတန်း အဝိဇ္ဇာမှောင်မိ၍ နေရသော နောက်ကျိကျိ စိတ်ခေါ်တ် ကလေးနှင့်ဖြင့် ဘယ်အရေး,ဘယ်အမှု၊ ဘယ်ကိစ္စ ပြုပြု ဝင့်ထဲ ထိုးထိုး ကျမှုတွေနှင့် ချည်းသာ ပြီးရမှာပါဘဲ။

ကြည့်ပါလား—အရွယ်သုံးပါး အစားစား ဆိုဒါလို၊ ကိုယ့်ရှေ့တွင် မျက်မြင်ဒိဋ္ဌ အမျိုးမျိုး တုံးခနဲ တုံးခနဲ၊လဲလဲ သေသေ သွားကြလို့.... ကိုယ်တိုင်ဘဲ သုသာန်တစ သင်းချိုင်းဝသို့ လိုက်လိုက် ပို့ကြရ၊ ဩော်....အလွန် ကြောက်စရာ – လန့်စရာကောင်းတဲ့ မရဏ ဒုက္ခကြီးပါ ကလားဟ....လို့၊ တရားမရကြတဲ့ အပြင်၊ ထိုသေလမ်း ကြီးကို ဦးတန်းပြီး တောင်းကြပြန်၊ လူ့စည်းစိမ်, နတ် စည်းစိမ်,ပဒေသရာဇ် ဧကရာဇ်။

တော်တော်ကြာ ရှိတဲ့သူကလဲ ရှိတဲ့အလျောက်၊ မရှိတဲ့သူကလဲ မရှိတဲ့ အလျောက်၊ မိရိုးဘ.လာ – ထုံးစံထောက်ပြီး၊ ထိုက်သလောက် .... ထိုက်သလောက်၊ ကပေါက်ကချာ၊ ကပြစ်ကညစ်နှင့်၊ ဒါနကလေးတခု၊ အသင့်အသင့် ပြုကြသောအခါ၊ နိဗ္ဗာန်ဆိုဒါ ဖအသံကလေး မျှသာပါ၍၊ ဝဋ္ဋပတ္တနာ တဏှာနိကန္တိနှင့်၊ တောင်းမှိ တောင်းရာ တောင်းကြပြန်၊ လူ့စည်းစိမ်, နတ်စည်းစိမ်, ပဒေသရာဇ် ဧကရာဇ်။

အဲဒါလို....ငိုပွဲကိစ္စနှင့် ကြုံကြပြန်တော့လဲ ဘုံဘဝဆုတောင်းကြ။ ရီပွဲကိစ္စနှင့် ကြုံကြပြန်တော့လဲ ဘုံဘဝဆုတောင်းကြ။ ပေးတဲ့သူတွေကလဲ အတင်းပေးကြ။ နိဗ္ဗာန်အကြောင်း ကောင်းတယ်ဆိုသို့ သာသါရ တဏှာကဖြင့် ထ,သည်ထက် ထ၊ ကြွသည်ထက် ကြွ၊ ပွသည်ထက်ပွ၊ရွသည်ထက် ရွသမို့၊တကာသန္တတို့ "ငိုချင်ရက်လက်တို့" ဆိုသလို ဖြစ်နေပါလား၊ (မှန်ပါ၊ ငိုချင်ရက်လက်တို့ ဖြစ်နေကြပါဘုရား)။

ဤကဲ့သို့ " ငိုချင်ရက် လက်တို့ " ဖြစ်နေရတဲ့ အထဲ၊ တဏှာအမိုက်၊သူ့အကြိုက်ကိုတဖန်အားပေးလိုက်မယ်ဆိုရင်၊ " အဆင်းခဏ တွန်းချတော့ – အတင်းကျသွားရသလို" စိတ်ခေတ်ကလေးရဲ့အလို၊ ဘဝပတ္တနာ ကိလေသာ အစေးတွေ စိုသည်ထက် စိုသွားရောပေါ့လေ။

ထိုကဲ့သို့—စိတ်ခေတ်ကလေးကို တကျော့ အစေးနှင့် ကပ်တွယ်ပြီး၊ အဝိဇ္ဇာက ဘဝထဲတွင် ချုပ်ချယ်၍ ထားသည့် အတွက်ကြောင့်၊ သံသရာစက်မှ လွတ်ထွက်ဘို့ အရေး၊ နည်းပေး လမ်းပြ, မြတ်စွာဘုရားကြီးနှင့်တကွ၊ သာဝကအရှင်၊ သူတော်စင်တို့က၊ဘုံသုံးပါး၌ ဖြစ်ပေါ် လာသမျှ၊ ရုပ်နာမ်ဓမ္မ၊ သင်္ခါရ တရားတို့၏ အနိစ္စအစု၊ ဖြစ်ပျက်မှုကြီးကို၊ ဟောဒါလို ရှုကြ။ ဒုက္ခအစု၊ ဆင်းရဲမှုကြီးကို၊ ဟောဒါလို ရှုကြ။ အနတ္တ အစု၊ အစိုးမရမှုကြီးကို၊ ဟောဒါလို ရှုကြလို့ တဖွဖွ ဟောကြ ပြောကြသော်လဲ သဘောကမရ စိတ်ကမပါ၊ ယုံကြည်မှု သဒ္ဓါကနဲ၊ စိတ်ခေတ်ကလေးလဲ၊ ထို တရား အာရုံကောင်းကြီးထဲ ခိုင်မြဲတည်တံ့စွာ မနေနိုင်ရှာတော့ဘဲ၊ ပျော်မြဲအာရုံ၊ သုံးဆဲ့တဘုံ သေမျိုးစုံသည်၊ ပျာပုံအတွင်း၌၊ ခုန်ဆင်း ထွက်ပြေးရလေတော့ သတည်း။

ပို့ရာမသွား၊ ထားရာမနေ၊ ဆိုးချင်တိုင်းဆိုး၊ တေချင်တိုင်းတေ၊ လေချင်တိုင်းလေ၊ လွင့်ချင်တိုင်း လွင့်နေတတ်တဲ့ စိတ်ခေတ်ကလေးမို့၊လူ့စိတ်, မျောက်စိတ်နှင့် အတူတူလို့ – လောကမှာ ပြောကြ ရိုး ထုံးစံတောင် ရှိတယ်မဟုတ်လား၊ (မှန်ပါ၊လူ့စိတ်ဆိုဒါ မျောက်စိတ် လိုဘဲ ပြောကြပါဘုရား)။

တခါတလေ ဆရာတွေ ဆုံးမဒါကို အနည်းငယ်မျှ သတိရလာလို့ဖြစ်စေ၊ စိတ်ခတ်ကလေး မရှင်မလန်း မချမ်းမမြေ့ တခုခု အပူတွေ့လာလို့ဖြစ်စေ၊ တရား အာရုံနှင့် မွေ့ထုံပေးမှ သက်သာခွင့် ရတော့မယ်ထင်ပြီး ဖြောင့်မှန်စွာ မြင်ခြင်းဆိုတဲ့ "သမ္မာဒိဋ္ဌိ" မြတ်ဘုရင်ကို၊ ဖြောင့်မှန်စွာကြံခြင်းဆိုတဲ့ "သမ္မာသင်္ကပ္ပ" ထမ်းစင်နှင့်၊ တရားအာရုံ အေးမျိုးစုံဆိုတဲ့ ဘုံနန်း ပလ္လင်ပေါ်သို့ ထမ်းတင်ပါသော်လဲ၊ မရှင်ပျော်ပျင်းပြည်းသြီး၍၊ စိတ်ခတ် မိုက်ကလေးသည်၊ တဟုန်တည်း ထိုးဆင်း အတင်း ခုန်ချတတ်လေ၏။

ဒါကြောင့် "ပလ္လင်ပေါ်က မျောက်ကလေး ဆင်း ထွက်လို့ပြေး" ဆိုတဲ့ ကိန်းနှင့် တသဝေမတိမ်းကိုက်၊ အမိပ္ပါယ်ဒါလို ဆိုက်နေပြီ မဟုတ်လား-တကာသန့်ရ၊ (မှန်ပါ၊ပုထုဇဉ်စိတ်မိုက်ဟာ ဒီပုံနှင့်ကိုက်၊ ဒီအမိပ္ပါယ် ဆိုက်နေပါဘုရား)။

"၂၉"

အလိုလိုက်-အမိုက်စော်ကား ဆိုဒါလို၊ စိတ်ခတ် ကလေးရဲ့အကြိုက်၊အလို လိုက်နေပြန်ရင် အစဉ်တစိုက်၊ ဘဝတိုင်းသိုက်ပြီး၊အမိုက်စော်ကား ခံနေရမှာဘဲနော်၊ (မှန်ပါ၊ အလိုလိုက် အမိုက်စော်ကား ခံရမှာပါ ဘုရား)။

ရှေးရှေးကလဲ အလိုလိုက်ခဲ့လို့၊ အမိုက် စော်ကား ခံခဲ့ရလှပြီ....၊ ယခုလဲ....အလို လိုက်တုံး လိုက်ဆဲမို့ အမိုက် စော်ကား ခံရတုံး ခံရဆဲ၊ နောက် နောင်လဲ အလို လိုက်ရင် အမိုက်စော်ကား ခံရလတ္တံ့၊ ခံရလိမ့် အုံးမယ်။

ဘယ်လို အလိုလိုက်တော့-ဘယ်လို အမိုက်စော်ကား ခံရလိမ့်မလဲဆိုရင်၊ ယခုလို သာသနာတော် မြတ်ကြီးနှင့် အခွင့်သာလို့ အခါကောင်းကြီး ရရှိပါလျက်၊ ဆုံးမချက် တရားဓမ္မနှင့် စိတ်ဓာတ်ကလေး အသား ကျအောင်၊ တစ တစ ခဝါမချလိုက်ရင်၊ ပါပ ညစ်ကျူ၊ မကောင်း မှုတွေက၊ တခုပြီး တခု၊ တစုပြီး တစု၊ ပိုင်းထုမှာတွေ အသင်္ချေအနန္တ၊ ဖြစ်လေရာဘဝ၊ နဲနဲမှ ဟန်မရဘူးနော်၊ (မှန်ပါ၊ ဟန်မရအောင် နှံကြမှာပါဘုရား)။

ပိုင်းထုမှာပေါ့၊ အဟောင်း အသစ်၊ ဖြစ်ဖြစ်သမျှ၊ အပြစ်အမှုတွေကသူ့မှာအကုန် အုံစုနေဒါကိုး၊ ထိုအပြစ် အမှုဘေးတွေမှ ကင်းဝေးအောင်၊ ဒီ စိတ်ဓာတ်ကလေး ဟာ တရားနှင့်ကပ်ပြီး ခတ်ကြပ်ကြပ်ကို သူမနေလိုဘူး၊ တရားနှင့်ဝေး၊ ချောင်ချောင် ကလေးသာ နေလိုတယ်၊ သူ့ကို အချောင်ပေးလိုက်ရင်၊ သူ့အကြိုက် ဝဋ်စခန်း၊ သူတည်ထောင်တဲ့ ဝဋ်လမ်းမှာ ဦးတန်းပြီး သွားနေ မှာဘဲ။

ကျွတ်သင့် ကျွတ်ထိုက်တဲ့ မုဒ္ဒုပ္ပါဒ ဒုလ္လဘာ၊ ကျွတ်လမ်းစကလေး ရထိုက်တဲ့ ဘဝသိုက် ဖြစ်ပါလျက်နှင့်၊ သူ့အလိုလိုက် သူ့အကြိုက်ပါ၊ သူ့ခိုင်းဒါ လုပ်နေခဲ့ယ်ဆိုရင်၊ မသိုချင်မနေရ၊ မင်း့အဖန်ဖန် ဖြစ်လိုက်ကွ၊ မင်းအဖန်ဖန် အိုလိုက်ကွ၊ မင်း အဖန်ဖန် နာလိုက်ကွ၊ မင်းအဖန်ဖန် သေလိုက်ကွ၊ ဒီဘေးတွေရအောင် ပေးနေမှာဘဲ။

မဂ်ဉာဏ်, ဖိုလ်ဉာဏ်ကို ကျေးဇူးပြုနိုင်သော ရုပ်နာမ်ကို အဟုတ်အမှန်သိတဲ့ ဝိပဿနာ၊ သမ္မာဒိဋ္ဌိဉာဏ်အမြင် မပါလျှင်၊ ဘာကိုပင်ပြုပြု၊ ဘဝပတ္တနာ တခုကိုသာ ကြောင့်ကြမှုစိုက်ငြီး၊ စိတ်ဓာတ်က တောင့်တလိုက်မိသောကြောင့် သူဆုတောင်း ကြောင့်ကြနှင့်၊ ဒီဘဝက တောင့်တလိုက်သည့်အတိုင်း၊နောက်ဘဝမှာ ခန္ဓာငါးပါး ဆိုတဲ့ "ဂျဇ တဖန်" ဖြစ်ရပြန်ရော မဟုတ်လား–တကာသန္ဒ္ရ (မှန်ပါ၊အကျိုးတရား၊ ခန္ဓာငါးပါး ဆိုတဲ့ ဂျတေဖန် ဖြစ်ပေါ်လာပြန်ပါရော ဘုရား)။

ဒါဖြင့် "ဂျဇ တဖန်" ပြန်လှဲ့ လာပြန်ရင် သူ့အစဉ်အတိုင်း ဘယ်လို ဖြစ်ရအုံးမလဲ၊ ဘယ်စခန်း ပြန့်ဆိုက်ရအုံးမလဲ၊ (မှန်ပါ၊ ဒုက္ခကြီး လေးထွေ၊ သူ့အမေကရိုက်ပြန်ပါရော့ဘုရား၊ အရိုက်ခံရတဲ့စခန်း ဆိုက်ရောက်ရပြန်ပါရော့ ဘုရား)။

အဲဒါလို-ပုထုဇဉ်မှန်သမျှ သတ္တဝါအနန္တတွေဟာ၊ သံသရာဗွေမှာ ခန္ဓာတွေ ပတ်ချာ ပတ်ချာရစ်ပြီး၊ ထပ်ခါ ထပ်ခါ ဖြစ်နေကြရ၊ အစကလဲ ဝေး၊ အဆုံးကလဲ မမြင် သေးတော့၊ သံသရာ ထောင်ဝက၊ အဝိဇ္ဇာ မှောင်ချ ပေးနေသဖြင့်၊ တရား ဓမ္မ အလင်းရောင်နှင့်တောင် သွေးမရ, ဆောင်မရ၊ ယောင်တတနှင့် ပြေးနေလိုက် ကြဒါ၊ ဩော်....လက်စသတ်တော့၊ "မောင်ဂျဇ မယ်ဂျဇတွေ" ဖြစ်နေကြပါပေါ့လား — တကာ သန္ဒရ၊ (မှန်ပါ၊ မောင်ဂျဇ မယ်ဂျဇတွေပါဘုရား)။

သို့ကလို "မောင်ဂျဇ မယ်ဂျဇ" တို့ ဖြစ်နေကြသော ပဋိစ္စ သမုပ္ပါဒ် သံသရာစက်ရဟတ်၏ ဆက်စပ်၍ ဖြစ်နေ ပုံကို သရုပ်တရား ကိုယ်အရနှင့် အကျဉ်းချုပ် ထုတ်ဆို ဘော်ပြလိုက်ဦးမည်။

မှတ်ချက်။ ။ ကာလ သုံးဆစ်၊ ဆဲ့နှစ် အင်္ဂါ၊ ခြင်းရာ နှစ်ဆယ်၊ လေးသွယ်အလ္လာ၊ သုံးဖြာအစပ်၊ သုံးရပ်ဝဋ္ဋဖြစ်၊ အမြစ် နှစ်ပါး၊ သရုပ်အား၊ မှတ်သား ဤသို့တည်း။ ။

## "အကျဉ်းချုပ် သရုပ်အကောက်"

အတိတ်ကာလ, ပစ္စုပ္ပန်ကာလ, အနာဂတ် ကာလ၊ ဤကား—ကာလ သုံးပါးတည်း။

အဝိဇ္ဇာ, သင်္ခါရ, ဝိညာဉ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်, ဘဝ, ဇာတိ ဇရာ, မရဏ၊ ဤကား-အင်္ဂါ ဆဲ့နှစ်ပါးတည်း။

ဤ အင်္ဂါ ဆဲ့ နှစ်ပါး တို့တွင်၊ အဝိဇ္ဇာ, သင်္ခါရ, ဤ နှစ်ပါးကား – အတိတ် တရားစုတည်း။ "ဝိညာဉ်, နာမ်ရုပ်,သဠာယတန,ဖဿ,ဝေဒနာ၊ တဏှာ,ဥပါဒါန် ဘဝ"၊ဤ ရှစ်ပါးကား-ပစ္စုပ္ပန်တရားစုတည်း။ "ဇာတိ ဇရာ မရဏ"၊ဤ နှစ်ပါးကား – အနာဂတ် တရားစု တည်း။

" အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်, ဘဝ " ဤငါးပါးကား-အတိတ်အကြောင်းတရားစုတည်း။

"ဝိညာဉ်, နာမ်ရုပ်, သဠာယတန,ဖဿ, ဝေဒနာ" ဤ ငါးပါးကား-ပစ္စုပ္ပန် အကျိုး တရားစုတည်း။

"တဏှာ, ဥပါဒါန်, ဘဝ, အဝိဇ္ဇာ, သင်္ခါရ"၊ ဤငါးပါးကား-ပစ္စုပ္ပန် အကြောင်းတရားစုတည်း။

"ဝိညာဉ်, နာမ်ရုပ်, သဠာယတန, ဖဿ,ဝေဒနာ" ဤ ငါးပါးကား-အနာဂတ် အကျိုးတရားစုတည်း။ ။ ဤသို့အားဖြင့် ခြင်းရာ နှစ်ဆယ် ဖြစ်သတည်း။

"အဝိဇ္ဇာ,သင်္ခါရ"ဤနှစ်ပါး အတိတ်အကြောင်းတလှာ။

"ဝိညာဉ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ" ဤငါးပါး၊ ပစ္စုပ္ပန်အကျိုး တလ္လာ။

"တဏှာ, ဥပါဒါန်, ဘဝ"၊ ဤ သုံးပါး၊ ပစ္စုပ္ပန် အကြောင်း တလ္လာ။

"ဇာတိ, ဇရာ မရဏ"၊ ဤနှစ်ပါး၊ အနာဂတ်အကျိုး တလ္လာ၊ ဤကား-အလ္လာ လေးပါးတည်း။

သင်္ခါရနှင့်—ဝိညာဉ်အကြား၊ အကြောင်း အကျိုး တစပ်။

ဝေဒနာနှင့်—တဏှာအကြား၊ အကျိုး အကြောင်း တစပ်။

ဘဝနှင့်-ဇာတိအကြား၊ အကြောင်း အကျိုး တစပ်၊ ဤကား အစပ် သုံးပါးတည်း။

မှာထားချက်။ ။ဤ အစပ်သုံးပါးကို စပ်ရာ၌၊ အထက်က အလ္လာ လေးပါးကို သတိထား၍၊ ထိုအလ္လာ လေးပါးတို့တွင်ပထမ အလ္လာ၌ ပါရှိသော အဆုံးတရားနှင့်၊ ဒုတိယအလ္လာ၌ ပါရှိသော အစ တရားကို တစပ်။ ဒုတိယအလ္လာ အဆုံးပုဒ်နှင့်၊ တတိယအလ္လာ အစပုဒ်ကို တစပ်။ တတိယအလ္လာ အဆုံးပုဒ်နှင့် စတုတ္ထအလ္လာ အစပုဒ်ကို တစပ်။ ဤသို့ အလ္လာကိုမှတ်၍ စပ်ကြလေ။

"အဝိဇ္ဇာ, တဏှာ, ဥပါဒါန်၊" ဤ သုံးပါးကား ကိလေသဝဋ်။

"သင်္ခါရ, ကမ္မဘဝ၊" ဤနှစ်ပါးကား-ကမ္မဝဋ်။

"ဝိညာဉ်, နာမ်ရုပ်, သဠာယတန, ဖဿ ဝေဒနာ, ဥပပတ္တိဘဝ၊ ဇာတိ, ဇရာ မရဏ၊" ဤ ရှစ်ပါးကား ဝိပါကဝဋ်။

''အကျဉ်း မှတ်ရန်''

(၁) အဝိဇ္ဇာ,တဏှာ,ဥပါဒ်၊ သုံးဖြာကိလေဝဋ်။

(၂) သင်္ခါရနှင့် ကမ္မဘဝ,နှစ်ဌာန၊မှတ်ကြကမ္မဝဋ်။

(၃) ဝိဉာ-နာမ်-သဠ-ဖဿ၊ဝေ-ဥပတ္တိ၊ ဇာတိ တဖြာ၊ ဇရာမရဏာ၊ ဤ ရှစ်ဝ၊ ဝိပါက ဝဋ်တည်း။ ။ဤကား ဝဋ်သုံးပါးတည်း။

''အဝိဇ္ဇာ''မူလတပါး။ ။''တဏှာ''မူလတပါး။

အဝိဇ္ဇာအစ, ဝေဒနာ အဆုံးရှိသော ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်၏၊ရှေ့အဘို့ ရှေ့အစုမှာ အဝိဇ္ဇာသည် အမြစ် မူလ အရင်းကျ၏။တဏှာအစ ဇရာမရဏာအဆုံးရှိသော ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်၏ နောက်အဘို့ နောက်အစု မှာ တဏှာသည် အမြစ် မူလ အရင်းကျ၏။

''အကျဉ်း မှတ်ရန်''

(၁) အဝိဇ္ဇာတဏှာ၊ ဝဋ်စက်မှာ၊ နှစ်ဖြာအမြစ်ကျ။

(၂) ရှေ့အဘို့မှာ၊အဝိဇ္ဇာ၊တဏှာ နောက် မူလ။

(ဤကား-မူလ တရား နှစ်ပါးတည်း။)

ထိုပဋိစ္စသမုပ္ပါဒ် တရားတော် မြတ်ကြီးကို ယခု ပြဆိုခဲ့ပြီးသော နည်းအတိုင်း ဉာဏ်အားဖြင့် ပိုင်းကြည့် ပါလျှင်၊ကာလအားဖြင့် ၃ ပါး၊ အင်္ဂါအားဖြင့် ၁၂ ပါး၊

အခြင်းအရာ အားဖြင့် ၂၀။ အလွှာ အားဖြင့် ၄-ပါး။ အစပ် အားဖြင့် ၃-ပါး၊ ဝဋ်အားဖြင့် ၃-ပါး၊ မူလ အားဖြင့် ၂-ပါး။ ။ဒီတရားစုထဲမှာ ပုဂ္ဂိုလ်လဲ မပါ၊ သတ္တဝါလဲ မဘက်၊ အသက်လဲ မဟုတ်၊ စုစုချုပ်ပြော လိုက်တော့ နာမ်သဘော, ရုပ်သဘောတွေ - အဆက် မပြတ် အထပ်ထပ် ဖြစ်နေကြဒါမဟုတ်လား....တကာ သန္ဓရ၊ (မှန်ပါ၊ စုစုချုပ်လိုက်တော့ နာမ်ရုပ်ပါဘဲ ဘုရား)။

ကဲကဲ—ပုဂ္ဂိုလ် သတ္တဝါ အသက် ဇီဝ မဟုတ်ပုံကို အတိုချုပ် သရုပ်ကောက်ပြီး ပါဠိလျှောက် အဓိပ္ပါယ် သဘော မြင်သာရုံ ပြောကြဦးစို့။

## (၁) အဝိဇ္ဇာ အရ။

ဒုက္ခသစ္စာကို ဒုက္ခသစ္စာမှန်းမသိ။ သမုဒယသစ္စာကို သမုဒယ သစ္စာမှန်း မသိ။ ။နိရောဓ သစ္စာကို နိရောဓ သစ္စာမှန်းမသိ။ မဂ္ဂသစ္စာကို မဂ္ဂသစ္စာမှန်းမသိ။ အဲဒါလို အမှန်ရှိတဲ့ တရားကိုယ် အမှန်အတိုင်း မသိဒါ အဝိဇ္ဇာ လို့ခေါ်တယ်။ တရားကိုယ် မောဟ စေတသိက်ပေါ့။ အမှန်ကို မသိမမြင်အောင်၊ အမိုက်မှောင် ထုကြီး ပမာ၊ ဖုံးလွှမ်း ကာကွယ်၍ နေဒါဟာ — လက်သယ်ကို ရှာ လိုက်တော့၊ အဝိဇ္ဇာ နာင်တရား တွေ့နေပေါ့ကိုး။

ဒါဖြင့်-အမှန်ကို မသိဒါဟာ ပုဂ္ဂိုလ် သတ္တဝါလား, အဝိဇ္ဇာလား၊ (ပုဂ္ဂိုလ် သဝတ္တဝါ မဟုတ်တဲ့ အဝိဇ္ဇာ နာမ်တရားပါဘုရား)။

## (၂) သင်္ခါရ အရ။

အကုသိုလ် ၁၂-ပါး၊ ကာမ ကုသိုလ် ၈-ပါး၊ မဟဂ္ဂုတ်ကုသိုလ် ၉-ပါး၊ ဤကံ ၂၉-ပါး၊ နာမ်တရား များက၊အသီး အသီး၊အသက အသက၊ထိုထိုဘုံဘဝသို့ ရောက်အောင် ပို့ဆောင် ပြုပြင် စီရင်ကြ၍၊ အကောင်း ပြုမိက-အကောင်းဘဝ၊ မကောင်း ပြုမိက - မကောင်း ဘဝ၊ သို့ကလို ဖြစ်နေကြ ဒါ၊ အကြောင်းရင်းမှာ လက်သယ်ကို ရှာလိုက်တော့ ကံ ၂၉-ပါး။ သင်္ခါရ, နာမ်တရားတွေ တွေ့နေပေါ့ကိုး။

ဒါဖြင့်-ကောင်းသော ပြုပြင်စီရင်မှုတွေ၊ မကောင်း သော ပြုပြင်စီရင်မှုတွေဟာ ပုဂ္ဂိုလ်သတ္တဝါလား၊သင်္ခါရ နာမ်တရားလား၊ (ပုဂ္ဂိုလ် သတ္တဝါ မဟုတ်တဲ့ သင်္ခါရ နာမ်တရားပါဘုရား)။

## (၃) ဝိညာဉ် အရ။

ပဋိသန္ဓေ အခါ ပဋိသန္ဓေဝိညာဉ် ၁၉-ခု။ ပဋိသန္ဓေ နောင် ပဝတ္တိအခါ ပဝတ္တိဝိညာဉ် ၃၂-ခု၊ ဤလောကီ ဝိပါက်စိတ်စုကို ဝိညာဉ်ဟု ဆိုသည်၊ ဤပဋိစ္စ သမုပ္ပါဒ် အရာမှာ ဤစိတ်စုကိုသာ ဝိညာဉ်အရ ကောက်ယူရ၏။

ဒါဖြင့် ပဋိသန္ဓေအခိုက်အတန့်မှာဖြစ်စေ၊ယခုပဝတ္တိ အခိုက် အတံ့မှာ ဖြစ်စေ၊ မရပ်မနား မတန့်စားဘဲ၊ တဖွားဖွားဖြစ်ပေါ်နေဒါတွေဟာ ပုဂ္ဂိုလ် သတ္တဝါတွေ ဖြစ်ပေါ်နေဒါလား၊ ဝိညာဉ်ခေါ်သော နာမ်တရားတွေ ဖြစ်ပေါ်နေဒါလား။(ပုဂ္ဂိုလ်သတ္တဝါမဟုတ်တဲ့ဝိညာဉ် နာမ်တရားတွေ တဖွားဖွားဖြစ်ပေါ် နေဒါပါဘုရား)။

(၄) နာမ်ရုပ် အရ။

ပဋိသန္ဓေအခါ ပဋိသန္ဓေစိတ်နှင့် ယှဉ်သော စေတသိက်စုနှင့် ပဝတ္တိအခါ လောကီ ဝိပါက်စိတ်တို့နှင့် ယှဉ်သော စေတသိက်စုကို နာမ်အရ ကောက်ယူ၍ ထိုပဋိသန္ဓေအခါ,ပဝတ္တိအခါ နှစ်ပါးလုံး၌ ဖြစ်သော ကမ္မဇရုပ်စုကို ရုပ်အရ ကောက်ယူရ၏။

ဒါဖြင့်—ပဋိသန္ဓေ အခိုက်အတန့်မှာ ဖြစ်စေ၊ ယခု ပဝတ္တိအခိုက်အတန့်မှာဖြစ်စေ၊မရပ်မနားမတန့်စားဘဲ တဖွားဖွား ဖြစ်ပေါ်နေဒါတွေဟာ-ပုဂ္ဂိုလ်သတ္တဝါတွေ ဖြစ်ပေါ်နေဒါလား၊စေတသိက် နာမ်နှင့် ကမ္မဇရုပ်တွေ ဖြစ်ပေါ်နေဒါလား၊(ပုဂ္ဂိုလ်သတ္တဝါမဟုတ်တဲ့နာမ်ရုပ် တရားတွေ တဖွားဖွား ဖြစ်ပေါ်နေဒါပါဘုရား)။

(၅) သဠာယတနအရ။

စက္ခုပသာဒ ဟူသော စက္ခာယတန၊ သောတပသာဒ ဟူသော သောတာယတန၊ ဃာန ပသာဒ ဟူသော ဃာနာယတန၊ ဇိဝှါပသာဒ ဟူသော ဇိဝှါ

ယတန ကာယပသာဒ ဟူသော ကာယာယတန၊ လောကီဝိပါက်စိတ် ၃၂-ပါး ဟူသော မနာယတန၊ ဤအဇ္ဈတ္တိကာယတန ၆-ပါးကို သဠာယတနအရ ကောက်ယူရ၏။

ဒါဖြင့်-ယခုမရင်မနား မတန့်စားဘဲ တဖွားဖွား ဖြစ်ပေါ်နေဒါတွေဟာ ပုဂ္ဂိုလ် သတ္တဝါတွေ ဖြစ်ပေါ်နေဒါလား၊ အာယတနတွေ ဖြစ်ပေါ် နေဒါလား။ ။ (ပုဂ္ဂိုလ်သတ္တဝါ မဟုတ်တဲ့ ရုပ်နာမ်နှစ်ပါး အာယတန တရားတွေ တဖွားဖွား ဖြစ်ပေါ် နေဒါပါဘုရား)။

## (၆) ဖဿ အရ။

မျက်စိ အတွေ့ဟူသော စက္ခုသမ္ဖဿ၊ နား အတွေ့ ဟူသော သောတသမ္ဖဿ၊ နှာခေါင်း အတွေ့ ဟူသော ဃာန သမ္ဖဿ၊ လျှာ အတွေ့ဟူသော ဇိဝှါ သမ္ဖဿ၊ ကိုယ်အတွေ့ ဟူသော ကာယ သမ္ဖဿ၊ စိတ်အတွေ့ ဟူသော မနော သမ္ဖဿ၊ ဤဖဿ ခြောက်ပါးကို၊ ဖဿ အရ ကောက်ယူရ၏။

ဒါဖြင့်—ဒွါရ ခြောက်ပါး, အာရုံ ခြောက်ပါး တို့၌ မရပ်မနား မတန့် စားဘဲ တဖွားဖွား ဖြစ်ပေါ် နေဒါ တွေဟာ ပုဂ္ဂိုလ် သတ္တဝါတွေ ဖြစ်ပေါ် နေဒါလား၊ တွေ့ထိ ကြိတ်နယ်မှုဆိုတဲ့ ဖဿ တရားတွေ ဖြစ်ပေါ် နေဒါလား၊ (ပုဂ္ဂိုလ် သတ္တဝါ မဟုတ်တဲ့ ဖဿ နာမ် တရားတွေ တဖွားဖွား ဖြစ်ပေါ် နေဒါပါဘုရား)။

## (၇) ဝေဒနာအရ။

မျက်စိ အတွေ့ကြောင့် ဖြစ်သော ခံစားမှု ဟူသော စက္ခုသမ္ဖဿဇာဝေဒနာ၊နားအတွေ့ကြောင့် ဖြစ်သော ခံစားမှု ဟူသော သောတသမ္ဖဿဇာဝေဒနာ၊ နှာခေါင်း အတွေ့ကြောင့် ဖြစ်သော ခံစားမှု ဟူသော ဃာန သမ္ဖဿဇာဝေဒနာ၊ လျှာ အတွေ့ကြောင့် ဖြစ်သော ခံစားမှုဟူသော ဇိဝှါသမ္ဖဿဇာ ဝေဒနာ၊ ကိုယ်အတွေ့ကြောင့် ဖြစ်သော ခံစားမှု ဟူသော ကာယ သမ္ဖဿဇာ ဝေဒနာ၊ စိတ် အတွေ့ကြောင့် ဖြစ်သော ခံစားမှုဟူသော မနောသမ္ဖဿဇာ ဝေဒနာ ဤဝေဒနာ ခြောက်ပါးကို ဝေဒနာအရ ကောက်ယူရ၏။

ဒါဖြင့်—ဒွါရ ခြောက်ပါး, အာရုံ ခြောက်ပါး တို့၌ မရပ်မနား မတန့်စားဘဲ တဖွားဖွား ဖြစ်ပေါ် နေကြ ဒါတွေဟာ-ပုဂ္ဂိုလ် သတ္တဝါတွေ ဖြစ်ပေါ် နေဒါလား၊ အကောင်း ခံစားမှု, မကောင်း ခံစားမှုဆိုတဲ့ ဝေဒနာ တွေ ဖြစ်ပေါ်နေဒါလား။ (ပုဂ္ဂိုလ် သတ္တဝါ မဟုတ်တဲ့ ဝေဒနာ နာမ်တရားတွေ တဖွားဖွား ဖြစ်ပေါ်နေဒါပါ ဘုရား)။

## (၈) တဏှာအရ။

ရူပါရုံ၌ သာယာသောရူပတဏှာ၊သဒ္ဒါရုံ၌ သာယာ သော သဒ္ဒတဏှာ၊ဂန္ဓာရုံ၌ သာယာသော ဂန္ဓတဏှာ၊

ရသာရုံ၌ သာယာသော ရသ တဏှာ၊ ဖောဋ္ဌဗ္ဗာရုံ၌ သာယာသော ဖောဋ္ဌဗ္ဗတဏှာ၊ဓမ္မာရုံ၌ သာယာသော ဓမ္မတဏှာ၊ ဤတဏှာ ခြောက်ပါးကို တဏှာ အရ ကောက်ယူရ၏။

ဒါဖြင့်-- အာရုံ ခြောက်ပါးတို့၌ မရပ်မနား မဟာန့်စားဘဲ တဖွားဖွား ဖြစ်ပေါ်နေဒါတွေဟာ - ပုဂ္ဂိုလ်သတ္တဝါ ဖြစ်ပေါ်နေဒါလား၊ သာယာမှုဆိုတဲ့ တဏှာတွေ ဖြစ်ပေါ်နေဒါလား။ (ပုဂ္ဂိုလ် သတ္တဝါ မဟုတ်တဲ့ တဏှာ နာမ်တရားတွေ တဖွားဖွား ဖြစ်ပေါ် နေဒါပါဘုရား)။

## (၉) ဥပါဒါန်အရ။

ဝတ္ထုအာရုံ ကာမဂုဏ်တို့၌ ပြင်းထန်စွာ စွဲလမ်းတတ်သော ကာမုပါဒါန်။ ။အလှူ၏ အကျိုး မရှိ-အစ ရှိသည်ဖြင့် ယူမှားခြင်းတို့၌ ပြင်းထန်စွာ စွဲလမ်း တတ်သော ဒိဋ္ဌုပါဒါန်။ နွားတို့၏ အလေ့အကျင့် ခွေးတို့၏ အလေ့အကျင့် ကောင်း၏၊ သံသရာမှ စင်ကြယ်၏-အစ ရှိသည်ဖြင့် ယူမှားခြင်းတို့၌ ပြင်းထန်စွာ စွဲလမ်း တတ်သောသီလဗ္ဗတုပါဒါန်။ ငါ၏ကိုယ်ကောင် စသည် ထင်ရှားကောန် အမှန်ရှိ၏ဟု နှစ်ဆယ်သော သက္ကာယ ဒိဋ္ဌိ ယူမှားခြင်းတို့၌ ပြင်းထန်စွာ စွဲလမ်း တတ်သော အတ္တဝါဒုပါဒါန်။ ဤဥပါဒါန် တရား လေးပါးကို ဥပါဒါန်အရ ကောက်ယူရ၏။

ဒါဖြင့်—ထိုထို အာရုံတို့၌ တလှမ်းလှမ်း, တတန်းတန်းနှင့်း တစွဲလမ်းလမ်း, တငန်းငန်း ဖြစ်ပေါ်နေဒါတွေဟာ-ပုဂ္ဂိုလ် သတ္တဝါတွေ ဖြစ်ပေါ် နေဒါလား၊ စွဲလမ်းမှု ဆိုတဲ့ ဉပါဒါန်တွေ ဖြစ်ပေါ် နေဒါလား။ (ပုဂ္ဂိုလ် သတ္တဝါမဟုတ်တဲ့ ဉပါဒါန် နာမ်တရားတွေ ဖြစ်ပေါ်နေဒါပါဘုရား)။

## (၁၀) ဘဝ, အရ။

ဘဝသည် ကမ္မဘဝ,ဉပပတ္တိဘဝဟု နှစ်မျိုးရှိခဲ့ရာ၊ လောကီကုသိုလ်-အကုသိုလ် စေတနာကံနှစ်ဆဲ့ကိုးပါးကို ကမ္မဘဝ ကောက်ယူ၍ လောကီဝိပါက် နာမက္ခန္ဓာများနှင့် ကမ္မဇရုပ်ဟု ဆိုအပ်သော ကဋတ္တာရုပ်များကို ဉပပတ္တိဘာဝအရ ကောက်ယူရ၏။

အထူးကား။ ။အတိတ်စေတနာကံစုသည် သခ့်ါရမည်၏။
ပစ္စုပ္ပန်စေတနာ ကံစုသည် ကမ္မဘဝ မည်၏။

ဒါဖြင့်-ယခု ကောင်းသော အကြောင်း, မကောင်းသော အကြောင်း၊ ကောင်းသော အကျိုး, မကောင်းသောအကျိုး၊ အမျိုးမျိုး ဖြစ်ပေါ်နေဒါတွေဟာ-ပုဂ္ဂိုလ် သတ္တဝါတွေ ဖြစ်ပေါ် နေဒါလား၊ အကြောင်းကမ္မဘဝတရား, အကျိုး ဉပပတ္တိ ဘဝတရားတွေ ဖြစ်ပေါ် နေဒါလား။ (ပုဂ္ဂိုလ် သတ္တဝါမဟုတ်တဲ့ ကမ္မဘဝ, ဉပပတ္တိ ဘဝနှစ်ပါး ရုပ်နာမ် တရားတွေ ဖြစ်ပေါ် နေဒါပါဘုရား)။

## (၁၁) ဇာတိ,အရ။

ထိုထို—ဘဝ ဘုံဌာနတို့၌ အကျိုး ဥပပတ္တိဘဝဟု ဆိုအပ်သော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ ဖြစ်ပေါ် ပေါက်ပွားမှုကို ဇာတိအစု ကောက်ယူရ၏။

ဒါဖြင့်–အကြောင်းအားလျော်စွာ ယခု တလှုပ်လှုပ် တရွရွ ဖြစ်ပေါ် နေဒါတွေဟာ – ပုဂ္ဂိုလ် သတ္တဝါတွေ ဖြစ်ပေါ်နေဒါလား၊ ရုပ်နာမ် ခန္ဓာတွေ ဖြစ်ပေါ်နေဒါ လား။(ပုဂ္ဂိုလ်သတ္တဝါမဟုတ်တဲ့ ရုပ်နာမ်နှစ်ပါး-ဇာတိ တရားတွေ ဖြစ်ပေါ်နေဒါပါဘုရား)။

## (၁၂) ဇရာမရဏ,အရ။

ထိုဖြစ်ပေါ် လာသမျှ ရုပ်နာမ် ဓမ္မတို့၏ ဋ္ဌီခဏ အခိုက်အတန့် ဖြစ်သော အိုမင်း, ယိုယွင်း, ရင့်ရော်, ဆွေးမြေ့ခြင်းကို ဇရာခေါ်၍၊ ထိုရုပ်နာမ် ဓမ္မတို့၏ ရွေ့လျောစုတေ,ပျက်ဆုံးကြွေကျသေပျောက်ရသည်ကို မရဏဟုဆို၏။

ဒါဖြင့်....ယခု မျက်မြင်တင်းလင်း, အိုမင်း ယိုယွင်း လျက် သေပျောက် ပျက်စီးခြင်းဆိုတဲ့ သဘောတွေ၊ တသောသော ဖြစ်နေကြဒါဟာ၊ ပုဂ္ဂိုလ် သတ္တဝါ တွေလား၊ဇရာမရဏ တရားတွေလား။(ပုဂ္ဂိုလ်သတ္တဝါ မဟုတ်တဲ့ ရုပ်နာမ်ဓမ္မ, ဇရာမရဏ တရားတွေပါ ဘုရား)။

အဲဒါလို....ပဋိစ္စသမုပ္ပါဒ် တရားတော် မြတ်ကြီးနှင့် အသီး အသီး ဝေဘန်ပြီး ကြည့်လိုက်တော့၊ ငါ, သူတပါး, ယောကျ်ား, မိန်းမ, ပုဂ္ဂိုလ် သတ္တဝါ ဆိုဒါ အဟုတ်အမှန် ကောင်း မရှိကြောင်းကို ဤအချက်တွေက သက်သေ ခံနေကြပါလား — တကာသန္တ၊ (၊ မှန်ပါ၊ သက်သေခံနေကြပါဘုရား)။

သို့ကသို—ရုပ်နာမ်ဓမ္မ သဘာဝ၏ နိသတ္တ, နိဇီဝ အချက် သဘောနက်ကို ဉာဏ်သက်အောင် သိကြမှ တဆထက် တဆ၊ ဂုဏ် သူ့မေရိက်ဘဝက ကျွတ်လွတ် ကြမှာနော်။

တကာသန္တရေ....ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ဆဲ့နှစ်ရပ်ကို အတိုချုပ်၍ကဗျာပုဒ်ဖြင့် မှတ်မိလွယ်အောင်ထုတ်လိုက် အုံးမယ် ကဲ ကဲ....ကုသိုလ်ဖြစ်ရုံ တခေါက်လောက်လိုက် ကြစမ်း။ ။

**" ဆောင်ပုဒ်များ၊ "**

(၁) အဝိဇ္ဇာအရ—သဘာဝ လက္ခဏာ၊
မောဟ အမိုက်—မှောင်တိုက် ဓမ္မတာ၊
ငါအစွဲ—ဒါဘဲ ငြိတတ်ထာ၊
နိသတ္တာ—သိကြ နိဇီဝါ။ ။

(၂) သင်္ခါရ အရ—သဘာဝ လက္ခဏာ၊
ကံ နှစ်ဆဲ့ ကိုး—ဖြစ်ရိုး ဓမ္မတာ၊
ငါ အစွဲ—ဒါဘဲ ငြိဘတ်ထာ၊
နိသတ္တာ—သိကြ နိဗ္ဗာ ဝါ။ ။

(၃) ဝိညာဉ် အရ—သဘာဝ လက္ခဏာ၊
လောကီ ဝိပါက်—ပေါ်ထွက် ဓမ္မတာ၊
ငါ အစွဲ—ဒါဘဲ ငြိတတ်ထာ၊
နိသတ္တာ—သိကြ နိဗ္ဗာ ဝါ။ ။

(၄) နာမ်ရုပ် အရ—သဘာဝ လက္ခဏာ၊
စေ့ ကမ္မဇ—ဖြစ်ကြ ဓမ္မတာ၊
ငါ အစွဲ—ဒါဘဲ ငြိဘတ်ထာ၊
နိသတ္တာ—သိကြ နိဗ္ဗာ ဝါ။ ။

(၅) သဠာယတန အရ—သဘာဝ လက္ခဏာ၊
အရှည် ခြောက်ခု—ပေါ်မှု ဓမ္မတာ၊
ငါ အစွဲ—ဒါဘဲ ငြိတတ်ထာ၊
နိသတ္တာ—သိကြ နိဗ္ဗာ ဝါ။ ။

(၆) ဖဿ အရ—သဘာဝ လက္ခဏာ၊
အတွေ့ ခြောက်ခု—ပေါ်မှု ဓမ္မတာ၊
ငါ အစွဲ—ဒါဘဲ ငြိဘတ်ထာ၊
နိသတ္တာ—သိကြ နိဗ္ဗာ ဝါ။ ။

(၇) ဝေဒနာ အရ—သဘာဝ လက္ခဏာ၊
ခံစားခြောက်ခု—ပေါ်မှု ဓမ္မတာ၊
ငါ အစွဲ—ဒါတဲ့ ဗြိတတ်ထာ၊
နိဿတ္တာ—သိကြ နိဗ္ဗာပါ။ ။

(၈) တဏှာ အရ—သဘာဝ လက္ခဏာ၊
အစေး ခြောက်ခု—ပေါ်မှု ဓမ္မတာ၊
ငါ အစွဲ—ဒါတဲ့ ဗြိတတ်ထာ၊
နိဿတ္တာ—သိကြ နိဗ္ဗာပါ။ ။

(၉) ဥပါဒါန် အရ—သဘာဝ လက္ခဏာ၊
အစွဲ လေးခု—ပေါ်မှု ဓမ္မတာ၊
ငါ အစွဲ—ဒါတဲ့ ဗြိတတ်ထာ၊
နိဿတ္တာ—သိကြ နိဗ္ဗာပါ။ ။

(၁၀) ဘဝ အရ—သဘာဝ လက္ခဏာ၊
ကံ, ဥပပတ်—ပေါ်တတ် ဓမ္မတာ၊
ငါ အစွဲ—ဒါတဲ့ ဗြိတတ်ထာ၊
နိဿတ္တာ—သိကြ နိဗ္ဗာပါ။ ။

(၁၁) ဇာတိ အရ—သဘာဝ လက္ခဏာ၊
ရုပ်နာမ် နှစ်ခု—ပေါ်မှု ဓမ္မတာ၊
ငါ အစွဲ—ဒါတဲ့ ဗြိတတ်ထာ၊
နိဿတ္တာ—သိကြ နိဗ္ဗာပါ။ ။

(၁၂) ဇရာမရဏ အရ-သဘာဝ လက္ခဏာ၊
ရင့်ရော်ရောက်-သေပျောက် ဓမ္မတာ၊
ငါ့အစွဲ-ဒါ့ဘဲ ငြိတတ်ထာ၊
နိဿဋ္ဌာ-သိကြ နိဗ္ဗာဝ ါ။ ။

## " တရား ချရန် "

ဋ္ဌမိနာ ဓမ္မသဝနပုညေန ၊ဤ ရပ်ခေတ်,နာမ်ခေတ်၊ ပဋိစ္စသမုပ္ပါဒ်၊ တရားတော်မြတ်ကို၊ ကြားနာ ရသော ကုသိုလ်ကြောင့်၊ သုခကာမာ၊ နိရောဓအနှစ်၊ ချမ်းသာ စစ်ကို၊ အားသစ်လိုလား၊ အမျိုးကောင်းသား, အမျိုး ကောင်း သမီးတို့သည်။ သံသာရဝဋ္ဋ ဒုက္ခတော၊ ဖြစ်ရာ, သေရာ၊ဘုံသုံးရွာဌ်၊ အခါခါ အထပ်ထပ်၊ မရပ် မတည်၊ ချာလပတ်လည်၍ နေသော၊ ဆဲ့နှစ်ထွေ စက်ဝဲ၊ ဂျူ သူ့မရိက် ဆိုတဲ့ - သံသရာ ဝဋ်ဆင်းရဲကြီးမှ။ ပမုစ္စန္တု၊ မမွန်းမနစ်၊ အရှင်း ကျွတ်၍၊ ကင်းလွတ် နိုင်ကြပါစေ ကုန်သတည်း။ ။

သာဓု - သာဓု - သာဓု၊

ဤတွင် ဂျူ သူ့မရိက် တရားခွန်း ပြီး၏။

" ရတနတ္တယံ အဟံ ဝန္ဒာမိ "

**ရနိုးနှင့်သေ – မျှားလူတွေ**

**မှတ်စေဘော်ညွှန်း – တရားခွန်း။**

(၃)

သန္တိဋ္ဌာ ပုညဝေဂေန၊ ပီယဓမ္မေန ထိပုမာ၊
ဠမေတံ အလဘိတွာန၊ တု ဋ္ဌာဘာဝေန နိဋ္ဌိတာ။

**ဘောဇ္ဈော၊** မင်ကျိုး, ဖိုလ်ကျိုး, နိဗ္ဗာန်မျိုးကို၊ ရနိုး ရနိုး ဘဝမျိုးဖြင့်၊ရရိုးထုံးစံ၊ရလိမ့်ဟာန်နှင့်၊ ရရန်ထင်ရှိုး၊ ရအားကိုး၍ နေကြဘဲ့ အို....မောင်ရနိုး – မယ်ရနိုးတို့။ ထိပုမာ၊ရရိုးဓမ္မတာ၊ ချခဲ့ပါလည်း၊ ရရာမရောက်၊ ရတိုင်း ပျောက်၍၊ ရသလောက် ပျက်စီး၊ ရမလိုလိုနှင့် ညီး၍ နေကြတဲ့ – သင် ရနိုး ကောင်ထိး၊ ရနိုး ကောင်မကြီး တို့သည်။ ပုညဝေဂေန၊ ဒုက္ခခပ်သိမ်း၊ ချုပ်ပြတ်ငြိမ်း၍၊ ဇာတ်သိမ်းရာမှန်၊ မြတ်နိဗ္ဗာန်ကို၊ ရလိုပါကြောင်း၊ ရလိုကြောင်းနှင့်၊ ပန်ဆုဆို တောင်းခဲ့ကြတဲ့ အတိုင်း၊ အကြောင်း ဟိတ်ပြေး၊ ရစေနိုင်တဲ့ ကံဟုန်ကလေး ကြောင့်၊ ပီယဓမ္မေန၊ အချစ်ဆုံး, အခင်ဆုံး၊ အမြတ် နိုးဆုံးကြီး ဖြစ်ပေသော၊အရိယာတို့၏ လက်သုံး၊လက်စွဲ

သာသနာဓမ္မဆိုတဲ့ ပိယတုံး,ပိယခဲကြီးနှင့်၊သန္တိဌာ၊ ရှေး ကုသိုလ် ဆက်နှင်း သို့ကြသဖြင့်၊ ချက်ခြင်း လက်ငင်း၊ ပက်ပင်းရင်ဆိုင်၊ ဟော....ယခု ကိုယ်တိုင်ဘဲ တွေ့ကြုံ၍ နေကြပါကုန်ပြီ တကား။ ထိပုမာ၊ တွေ့ခိုက်, ကြုံခိုက်၊ မယုံလိုက်လို့၊ကြုံမကြုံက်ဟန်ကြီးဘာလိုလိုညာလိုလိုနှင့် ပြီး၍ နေကြတဲ့—မောင်ရနိုး ကောင်ထိး၊ မယ်ရနိုး ကောင်မကြီးတို့သည်။ ရှာ၊ ရပေါက်ရလမ်း ရစခန်းနှင့် ရလမ်းတွေ့ဆုံ၊ ရဘို့ကြုံပေါ့၊ ရပုံထိပ်သီး ရစေနိုင်တဲ့ ဒီအချိန်,ဒီအခါကြီး၌။ ဧတံ၊ ကြည့်လို့၊ မမုန်းနိုင်၊ ရှုလို့ မမုန်းနိုင်၊ မြင်လို့ မမုန်းနိုင်၊ အရိယာစိတ်နှလုံး၊ ရွှင်ပြုံး စေနိုင်၊ တသက်လုံး ပျက်မမုန်း၊ လက်သုံး လက်ကိုင် ကိစ္စကြီး အပြီးကိုယ်မှာပိုင်၊ မြှင်မြှင် ဆိုင်ဆိုင်၊ နိုင်နိုင် သုံးစွဲ၊ ထိုသာသနာဓမ္မ ဆိုတဲ့-ပိယတုံး, ပိယခဲကြီးကို။ အလဘိတွာန၊အနံ့အစုပ်၊တဂုဏ်လုပ်လို့၊မတုံမလှုပ်နှင့် ကုန်ပုတ်ကြီးကို၊ ဈေးကိုင်နေသလို၊ တွေးမှိုင်ဝေ-ခဏ ခဏအပူဆိုက်ရအောင်၊အ,တတ န,တတနှင့်၊အရမယူ လိုက်မိကြလေဘဲ။တုစ္ဆ ဘာဝေန၊စိတ်သွားတိုင်း ကိုယ် မပါ၊လိုရာကိုမပြီးအချည်းနှီးသောဘာဝမျိုးဖြင့်သာလျှင် နိဋ္ဌိတာ၊ နှီးခါ နှောခါ၊ပြောဒါမရလို့မို့၊ဟောဒီဘာဝ ကလေးမှာ၊ အလကားသာ ကောရှာကြလေကုန်၏။ ဝါ၊ရှေးဘုရားလက်ထက်တော်ကလဲ--ရနိုးနိုး၊ဒီဘုရား, လက်ထက်တော်မှာလဲ - ရနိုးနိုး၊ ဟို....နောင်ဘုရား

လက်ထက်တော် ကျပြန်တော့လဲ - ရနိုးနိုး၊ ရှေးဘ၀ ကလဲ-ရနိုးနိုး။ ဒီဘ၀မှာလဲ-ရနိုးနိုး၊ ဟို....နောင်ဘ၀ ကျပြန်တော့လဲ - ရနိုးနိုး၊ ပထမ အရွယ်ကလဲ-ရနိုးနိုး၊ ဒုတိယအရွယ်မှာလဲ-ရနိုးနိုး၊ ဟို တတိယအရွယ် ကျပြန် တော့လဲ-ရနိုးနိုး။ အ,ရိုး၊ န,ရိုး၊ ၃ အရိုးမို့၊ "ဟော.... ရနိုး-ရနိုး" ရနိုးနိုး နှင့်သာ ပြီးရရှာလေကုန် သတည်း။

တကာစံရေ – (ဘုရား) ယနေ့ည ဟောပြောမဲ့ တရားကဘာတရားတဲ့လဲ။ (ရနိုးတရားပါတဲ့ ဘုရား)။

အောင်မယ် ရနိုးဆိုတော့ အချိုပရိသတ်ကအတွေးရ ကပ်လို့ ရင်ကြပ်ပြီး ခေါင်းများ ကြီးသွားမလား မသိ ဘူးနော်။

ဘယ် အမိပ္ပါယ်ကို ဘယ်လိုဆို၍ ဘာကို ရည်စူး၊ ဘာ အကျုး ပြောလိုသော ရနိုး တဲ့လဲဟ .... တကာစံရ၊ (နိဗ္ဗာန်ကို အလိုလို ရလိမ့်မယ်လဲ ထင်နေကြလို့-ရနိုး ပါတဲ့ဘုရား)။

ဩော်....နိဗ္ဗာန် မဂ်ဖိုလ်ကို မိရိုး-ဘ,လာ၊ ဓမ္မတာ ထုံးစံအတိုင်း တောင်းဆို ရုံမျှနှင့် သူ့ အလိုလို ရလာ လိမ့်မယ်လို့ မြော်လင့် ငံ့စား၊ အထင်မှား နေကြပုံကို ပညာ ၁ရှိ ချား၊သတိထားပြီး၊ဆင့်ခြင် စဉ်းစားတတ်ကြဘို့ ရနိုး တရားတဲ့လား။ (မှန်ပါဘုရား)။

နိဗ္ဗာန် ရရ ပါလို၏၊ နိဗ္ဗာန် ရရ ပါလို၏၊ ဆိုဆိုပြီး၊ ပါးစပ်ကဘဖွဖွ တောင်းလိုက်ကြဒါ အာပေါက်မတတ်၊ ဒါလဲ မရကြသေးဘူး၊ ဘယ်တော့မှ ရကြမယ်လဲမသိဘူး၊ ဒီ နိဗ္ဗာန်ကြီးက ဘယ်ဆီ နေမှန်းလဲ မသိဘူး၊ ဘယ်ပုံ ဘယ်ဟန် ဘယ် သဏ္ဍာန် လို့လဲ မ သိ ဘူး၊ ဟကာ စံ သိရဲ့လား။ (မသိပါဘုရား)။

တောင်း တော့ကော-မတောင်း ဘူးလား၊ ( အမြဲ မပြတ် တောင်းပါတယ်ဘုရား)။

ဒါဖြင့် ဘယ်ဆီ နေမှန်းလဲ မသိ၊ ဘယ်ပုံ ဘယ်ဟန်, ဘယ် သဏ္ဍာန်လို့လဲ မသိဘဲနှင့်၊ ဘယ်ဆီ မြှော်မှန်း၊ ဘယ်ဆီ ရောင်ရမ်းပြီး၊ ဘယ်ပုံဖမ်း တောင်းနေ ဒါလဲ ခက်သကိုး။ (မပြောတတ်ပါဘူး ဘုရား)။

ဟင်....ဒါဖြင့် "အမယ်မင်း ဘယ်ဆီ မှန်း ပါလို့ လွမ်းရပါ့ မကွယ် မဟာ၀ါရယ်" ဆိုတဲ့ မ င်း သ ား ရှုး သီချင်းလို ဖြစ်နေ ပါပေါ့လားဟ-တကာစံရ။ (မှန်ပါ၊ သည့်အတိုင်း ဖြစ်နေထင်ပါဘုရား)။

ကဲ....ဒီမင်းသားရှုးသီချင်းသွားကို စဉ်းစား ကြည့် စမ်းပါ့ သူ့ဟာ ခက်လိုက်ထာ လွမ်းလဲ လွမ်းချင်ရဲ့တဲ့၊ ဘယ်ဆီ မှန်းလဲ မသိဘူးတဲ့၊ ဘယ်သူ ဘယ်၀ါရယ်လို့ နာမည်ကိုလဲ မသိဘူးတဲ့၊ ဒါ့ထက်ခက်တာဖြင့် မရှိဘူး၊ ပုထုဇဉ် အ ရှု း တွေ တောင်းကြတဲ့ နိဗ္ဗာန်ဟာ သည့် အတိုင်း နေမှာဘဲနော်။

ကြည့်ပါလား၊ တချို့ကလဲ နိဗ္ဗာန်ဆိုဒါ ဩကာသ လောကကြီး၏ပြင်ဘက်မှာလို့ထင်ချက်ရှိကြ၊တချို့ကသဲ လူ့ဘုံအထက်က နတ်ဘုံ၊ နတ်ဘုံအထက်က ဗြဟ္မာ့ဘုံ၊ ဗြဟ္မာ့ဘုံ အထက်ကမှ နိဗ္ဗာန်ကြီး တည်နေတယ်လို့ အထင်ရှိကြ၊ သို့ကလို ကိုယ့်အထင်နှင့်ကို၊ မှန်းရမ်း ဖြန်းသန်းပြီး ဘောင်းနေကြ၊ ဌာနကိုလဲမမိ သဘာဝ ကိုလဲမသိ၊ရောက်ကြောင်း ဉာဏ်ကလဲ လုံးလုံးမရှိတော့၊ ပေါ့တိ့ ပေါ့ဟဲ-- တောင်းမြဲ တောင်းရိုး ကလေးနဲ့ဘဲ ပြီးနေကြ၊ဘယ်တော့မှ ဒီနိဗ္ဗာန်ရမယ်မထင်ဘူး၊တကာ စံဝေ-ထင်ရှဲလား။ (မလျှောက်တတ်ပါဘုရား)။

အရင်က-ရွာတရွာမှာ လင်မယားနှစ်ယောက် ရှိကြ သတဲ့၊ လင်ဖြစ်သူက ညညကျတော့ဘုရားကိုပေါက်ဆိန် ပေါက် ဝတ်ချနည်းဖြင့် ခတ်သုတ်သုတ် ဝတ်ချဝတ်ချပြီး နိဗ္ဗာန် အမြန် ရပါလို၏ဘုရား, နိဗ္ဗာန် အမြန် ရပါလို၏ ဘုရားလို့ ခုနစ်အိမ်ကြား ဆုတောင်းနေခိုက်၊ မယား ဖြစ်သူက နားကြားပြင်း ကပ်တော့ (မထင်-မဆင်၊ ရောမထင်-ဘသားမထင်) လို့ ဆိုလိုက်သတဲ့။

ယခုကာလ၊ သူငါကစ၊မိရိုး ဘ,လာ၊ဓမ္မတာ ထုံးစံ အတိုင်း နိဗ္ဗာန်ကို အမြန် ရပါလို၏ဟု တောင်းဆိုသံကို ကြားရရင် ခံချင်လဲခံ မခံချင်လဲခံ၊ (မထင့် မထင်၊ ရော မထင်-ဘသားမထင်) လို့သာ ဆိုလိုက်ချင်တော့သည်

အကြောင်းကို ဆိုသော်၊ သုံးဆဲ့တဘုံ ဝဋ်တရားတွေကို အကောင်း ထင်နေကြ၍၊ ထိုဝဋ် ရကြောင်းကံတွေကို ဉာဏ်မယှဉ် တဖန် ပြုမိပြုရာ ပြုကြပြန်သဖြင့်၊ တောင်းတော့ နိဗ္ဗာန်-ရတော့ ဝဋ်ကံ၊ ဖြစ်နေသောကြောင့်တည်း။

တကာစံတို့ ငါတို့တကွေ ရရ လာခဲ့ကြတဲ့ လူ့ဘုံ လူ့ဘဝ,လူ့ခန္ဓာတွေ၊ နတ်ဘုံနတ်ဘဝ,နတ်ခန္ဓာတွေ၊ ဗြဟ္မာ့ဘုံ ဗြဟ္မာ့ဘဝ, ဗြဟ္မာ့ခန္ဓာတွေ၊ အပါယ်ဘုံ အပါယ်ဘဝ, အပါယ်ခန္ဓာတွေ၊ အဲဒါလို....အမျိုးမျိုး အစားစား တွေဟာ၊ ထိုဘုံ ထိုဘဝ၊ ထိုခဏ ဌပင် အဘာဝအဖြစ်သို့ရောက်ခဲ့ကြလေပြီ၊ယခုနေ အိပ်မက်ထဲ ထည့်မက်ချင်လို့မှ အရိပ် အရောင်မျှ ရှာကြံလို့ ရသေးရဲ့လား တကာစံရ၊ (မှန်ပါ၊ တတို တစမှ စမ်းတမ်း ရှာဖွေလို့ မရတော့ပါဘုရား)။

သို့ကလို ရရိုးခမ္မတာ ရခဲ့ကြတဲ့ ခန္ဓာတရားတွေဟာ ပျက်စီး ပျောက်ကွယ် အရာမထင်သော အဘာဝ နယ်ကြီးသို့ အချည်းနှီး ဆိုက်ရောက် ကုန်ခဲ့ကြလို့သာ ဘာ့တခုမျှ စင်းမရ ဖြစ်ရတော့တယ်။ အကယ်၍များ အစုအပုံနှင့် ထားဖြစ်ခဲ့လျှင် ထိုခန္ဓာ အစု အပုံကြီးဟာ ဤစကြဝဠာကြီးတောင် ဆန့်တော့မှာ မဟုတ်ဘူး နော်....။

ထိုခန္ဓာတွေ၊ တပေပေနှင့်၊ အသေမစဲ၊ တသဲသဲ ဖြစ်ရမှာကြောက်လှ၍ နောက်ဘဝက ဘုရားပွင့်တော်မူသော အခါကာလနှင့် တွေ့ကြုံပါရစေ။ သူတော်ကောင်းတရားကို နာကြား ပါရစေလို့ ဆုတောင်း ပတ္ထနာ ချွေခဲ့ကြတဲ့ အတိုင်း၊ အသေ လွတ်ကြောင်း၊ ဆုတောင်းပြည့်စုံ၊ ဒီကံဟုန်ကြောင့်၊ အရိယာဘုံ၊ ခိုလှုံနိုင်ခွင့်၊ မြတ်ဓမ္မနှင့်ဖြင့်၊ အသင့်တွေ့ဆုံ၊ ကိုယ်တိုင်ပင် ကြုံနေကြပြီ....။

ယခုအခါ၊ သာသနာမှာ၊ ဘဝါဘဝက, ရရှိး ဓမ္မတာ တွေထက် လွန်မြောက်ပြီး၊ အရ ဆန်းကြီးကို ရနိုင်တဲ့အခါ၊ ဘာဘာ ညာညာနှင့်၊ ယောင်ချာချာ လုပ်မနေကြနှင့်၊ ရတဲ့အခါယူလိုက်ကြ။ အဲ-ရတဲ့အခါမှ မယူလိုက်ရင် လူမိုက်လို့၊ အဆိုခံရလိမ့်မယ်။ ၊၊

ရတဲ့ အခါမှ မယူဒါဟာ — ဘယ့်လောက် အသဲနာစရာ ကောင်းလဲ-တကာစံရ၊ (မှန်ပါ၊ အလွန် အသဲနာစရာ ကောင်းပါဘုရား)။

အရ ဆန်းကြီးဆိုဒါ-တခြား မဟုတ်ဘူး ဘဝကမ္ဘာ အသင်္ချေ ကြာသော်လဲ၊ တခါတရံမျှ တွေ့ကြုံ ကြားနာ ရခဲလှတဲ့ ရပ်နာမ်သဘာဝ မြတ်ဓမ္မကြီးကို ဆိုလိုတယ်။ ထို တရားတော်ကြီးကို နာနိုင်, ကြားနိုင်, ပွားများ နိုင်အောင် အချိန် ကာလ ကလေးကိုဖြင့် ကုသိုလ်က်

အခွင့် ပေးလို့မို့ အရေးနှင့် ကြုံနေကြပြီ ယုံကြည်ပါက ဉာဏ်မှီသမျှ၊ မိမိ အဇ္ဈတ္တမှာ အရယူဘို့သာ လိုတော့သည်။

အရိယာပေါင်း သူတော် ကောင်းများမှာတော့၊ အခွင့်အရေး အားလျော်စွာ ရထိုက်သော တရားအရယူသွားကြပြီ၊ သူတို့မှာ-လူ, နတ်, ဗြဟ္မာ၊ ဘုံသုံးရွာတွင်၊ ဖြစ်လေရာရာ၊ ဘယ်အခါမှ၊ သာသနာလဲ မဆိတ်၊ အသိဉာဏ် ကိစ္စကြီးလဲ တစ်ဥတည်း အပြီးတိုင်၊ ပိုင်နိုင်ချောမောကြရရော ဆိုပါလား-တကာစံရ။ (မှန်ပါ၊ သာသနာ မဆိတ်က၊ မဂ်ကိစ္စလဲ ချောမောမြဲ ဖြစ်ရပါလိမ့်ဘုရား)။

တရားအမှန် အသိဉာဏ်စကလေး ဒီဘဝက ရသွားရင်၊ နောင်ဘယ်တော့မှ တိမ်ကော ပပျောက်သွားတယ်လို့ မရှိတော့ဘူးပေါ့လေ၊ (မှန်ပါ၊ တဆင့်ထက် တဆင့်၊ အသိဉာဏ်ပွင့်၍ အမြင် ရင့်သန်ဘို့သာ ရှိပါတော့ဘုရား)။

အဘယ်မှာလျှင်-တိမ်ကော ပပျောက် မေ့လျော့ခြင်းသို့ ရောက်နိုင် ပါတော့မလဲ၊ ထိုရပ်နာမ် နှစ်ပါး၊ ဒုက္ခသစ္စာ တရားကြီးကို ပိုင်းခြားမှုဆိုတဲ့ ပရိညာကိစ္စ၊ ဒိဋ္ဌိ အစရှိသော ကိလေသာ-သမုဒယ သစ္စာကြီးကို ပယ်သတ်မှု ဆိုတဲ့ ပဟာနကိစ္စ၊ နိရောဓ သစ္စာကြီးသို့

ဆိုက်ရောက်မှုဆိုဘဲ့ သစ္စာကရဏကိစ္စ၊ မဂ္ဂသစ္စာကြီးကို ပွားများမှုဆိုတဲ့ ဘာဝနာ ကိစ္စ၊ ဤ ခလေးပါးသော ကိစ္စ ကြီးကို အပြီးတိုင်ဖမ်းမိ၍ ကိုယ်ပိုင် ရရှိထားပေါ့ကိုး။

ဤကိစ္စကြီး လေးပါး - မပြည့် စုံသေး ငြားတောင်၊ အလကား မပျောက်ပျက်ဘဲ၊ နောက် အဆက် အလွယ် ကကူနှင့် ထိုအသိဉာဏ်စကလေးက၊ နိဗ္ဗာန်ကိုအရယူနိုင် သေးဒါဘဲ၊ ကိစ္စကြီး လေးပါးနှင့် ပြည့်စုံသော ပုဂ္ဂိုလ် များမှာ အဘယ် ဆိုဘွယ်ရာ ရှိတော့မလဲ။

ဒါကြောင့် – အရိယာ အရှင် သူတော်စင် တို့၏ ပြုံးရွှင်ဟာဒယ စိတ်ဆန္ဒမှာ၊ ထိုကိစ္စကြီး လေးပါးနှင့် ပြည့်စုံနိုင်ခသော ရပ်နာမ် နှစ်ပါး, မြတ်တရားကို နာခံ မှတ်သား, ပွားများသမှု, အာရုံ ပြုရဒါဘာ - ဝ,လှပါပြီ မုန်းလှပါပြီ....ရိုးလှပါပြီလို့၊ ဘယ်တော့မှ မရှိဘူးတဲ့။ ပျင်းရိ ဆုတ်နစ်, သတ်လစ် ဆိုဒါတော့, ဝေးရော ပေါ့လေ။

(တကာစံတို့)တွေမှာတော့၊ဝ,လွယ် မုန်းလွယ်, ရိုးလွယ် လိုက်ကြဒါ, လွန်ပါရော။ တရား အရသာ, ဘယ်လိုဟာမှန်းမှ မသိရသေးဘူး၊ ဝ,နှင့်ဒါက အရင်၊ ဝ,မှ မဝသေးဘူး,မုန်းနှင့်ဒါက အရင်၊ ရမှ မရသေးဘူး ရိုးနှင့်ဒါက အရင်၊ အဲဒါလို....ဖြစ်နေကြ ထင်ပါလား တကာစံရ၊ (မှန်ပါ၊ တရားဆိုတော့-အလွန် ဝ,လွယ်၊ ရိုးလွယ်ကြပါဘုရား)။

ဝ,လွယ် ရိုးလွယ်မှာပေါ့၊တရားအရသာထူးကြီးကို မခံစားရ ဘူးသေးဘဲကိုး။ မတွေ့စဘူး, မကြုံ စဘူး, အလွန် ထူးကဲမွန်မြတ်တဲ့ ဓမ္မရသာထူးကြီးကို စိတ်တွေ့, ကိုယ်တွေ့ ခံစားဘူး ကြတဲ့ ပုဂ္ဂိုလ်များမှာတော့၊ဝ,တယ် မုန်းတယ်, ရိုးဘယ် မရှိ၊ ဘယ်တော့မှ မေ့တယ်လို့လဲ မရှိဘူး၊မေ့လို့လဲ မဖြစ်တော့ဘူး။

ဥပမာ– တကာ့စံတို့ ဝက်သားဟင်း, ကြက်သား ဟင်းကလေးများနှင့် ထမင်းတနပ် မြိန်မြိန် ရှက်ရှက် စားသိုက်ရတဲ့အခါ၊ နောင်မကြာ မကြာ, ခဏ ခဏ သတိရပြီး၊ ထိုအာရုံထဲ၊ တရစ်ဝဲဝဲ၊ တစွဲ လန်းသန်း၊ တတန်းတန်း ဖြစ်မနေဘူးလား။ (မှန်ပါ၊ မကြာခဏ သတိရနိုင်ပါဘုရား)။

အဲ....ဘာ မဟုတ်တဲ့ အဇုပ် အပွဲ ရသာရုံ ကလေး တောင်, မမေ့နိုင် စွဲလန်းပြီး, အာသာဓာတ် အငင်း ဖမ်းနေ သေးဒါဘဲ၊ ဟိုမှာ–ချမ်းသာမွန်, ချမ်းသာမြတ် ဖြစ်သော ဓာတ်ဖြူ၊ ဓာတ်စင်, ဓာတ်ကြည်လင် ဆိုတဲ့ ဓမ္မ ရသာထူးကြီးကို ဘယ်မှာလျှင် မေ့နိုင်ပါတော့မလဲ။

ဤကဲ့သို့–အရိယာပေါင်း၊ သူတော်ကောင်းတွေ ဂေါစရ သေဝန,ဘာဝနာ သေဝနအားဖြင့် လက်သုံး လက်စွဲ၊ အမြဲမပြတ် မှီဝဲ ထုံအပ်သော တရား ဖြစ်ခြင်း ကြောင့်၊ ထိုပရမတ္ထသဘာဝ တရားတော်ကြီးကို

အရိယာချစ် တရားကြီးလို့....တထစ်ချ မှတ်ရမယ်နော်၊ (မှန်ပါ၊ အရိယာချစ်တရားတော်ကြီးအစစ်ဖြစ်ကြောင်း ပါဘုရား)။

ထိုကဲ့သို့ – အရိယာချစ် တရားခေတ်နှင့် လူဖြစ်၍ ကြုံကြ ပါသော်လဲ၊ မကြိုက်ရဒါတွေက အပုံကြီး ရှိကြ သေးတယ်။ ။ကြုံ ကြိုက် ဆိုတဲ့ စကားဟာ – အတူတူ တသားထဲ မမှတ်နှင့် ကြုံဒါက တမျိုး, ကြိုက်ထာက တပါး, တခြားစီ မဟုတ်လား၊ တကာစံရ။ (မှန်ပါ၊ 'ကြုံ'က အဓိပ္ပါယ် တခု၊ 'ကြိုက်'က အဓိပ္ပါယ် တနုပါ ဘုရား)။

လူ့ဘုံမှာ–အခုကြုံလာကြတဲ့သူတွေဟာ၊ဘုရားဟော အမြိုက်ဓမ္မကို အကုန် ကြိုက်ကြ တယ်လို့ ဆိုနိုင်ပါ့ မလား။ (မဆိုနိုင် ပါ ဘုရား)။

ဒါဖြင့်–အကြုံနှင့် အကြိုက်,အဓိပ္ပါယ်နှစ်မျိုး ခွဲလိုက် ကြအုံးစို့။ဘုရားက ဘုံသုံးဆဲ့တစ်၊ဖြစ်ဖြစ်သမျှ၊ရုပ်နာမ် ဓမ္မ သင်္ခါရ တရားတွေဟာ – မခိုင်မာတဲ့ အနိစ္စလို့ ဟောတယ်။ အန္ဓပုထုဇဉ်တွေက–အခိုင်အမာ အမြဲ နိစ္စ လို့ စွဲဆိုတယ်။ ဘုရားက ထိုတရားတွေဟာ မကောင်း ဆင်းရဲ၊ ဒုက္ခဘဲလို့ ဟောတယ်။ သူတို့က–အကောင်း သုခလို့ စွဲဆိုတယ်။ ဘုရားက ထိုတရားတွေဟာ, ငါ မဟုတ်,ကိုယ်မဟုတ်တဲ့ အနတ္တလို့ဟောတယ်။ သူတို့က

ငါဟုတ်တယ်,ကိုယ်ဟုတ်တယ်လို့ စွဲဆိုဘယ်။ဘုရားက ထိုတရားတွေဟာ သတ္တဝါကောင် မဟုတ်, အသက် ကောင် မဟုတ်, နိသတ္တ နိဇီဝ သဘောမျိုးလို့ ဟော တယ်။ သူတို့က သတ္တဝါကောင် ဟုတ်တယ်. အသက် ကောင်ဟုတ်တယ်လို့ စွဲဆိုတယ်။ ဤကဲ့သို့ ဘုရားကို မသုံးကြည့် ခြင်းကြောင့် အတိုက်အခံ လုပ်ပြီး ငြင်းဆို နေကြတဲ့ အန္ဓပုထုဇဉ် ပုဂ္ဂိုလ်တွေက တမျိုး။

ထို ရုပ်နာမ်ဓမ္မ နိသတ္တ နိဇီဝ တရားကိုလားလားမှ မသိ၊ မရိပ်မိဘဲ၊နေမြဲတိုင်းထွာ၊ဓမ္မတာလက်ရိုး၊ အသိမျိုး, အယူမျိုး, အကျင့်မျိုးနှင့် အားကိုး တင်းတိမ် အချိန် ကုန်ခါဖာသာလဝါအမှုမဲ့ အမှတ်မဲ့ နမူး နထူး ဖြစ်နေ ကြရှာသော ပုဂ္ဂိုလ်တွေက တမျိုး။

## " သည် ပုဂ္ဂိုလ် နှစ်ဦးကို ရည်ရွယ်၍ "

"ဘုရားစကား၊ မြတ်တရားကို၊ နားမဝင်ဘဲ၊ မသိလျှင်သူပုန်၊မသုံးလျှင်ရန်သူ အဘူသိုခနေ၊မင်္ဂဖိုလ် မွေကို၊ မရလေငြားး၊ ဆင်းရဲပွားသည်၊အချားလူတို့ မှတ်စေသော်..."ဟု၊ငါ့ဘိ ကျေးဇူးရှင် ဆရာတော် ဘုရားကြီး စပ်ဆိုဆုံးမခတော် မူခဲ့လေသည်။

အဲ-ယခုပြောပြခဲ့တဲ့သူတွေဟာ၊ကြံရုံ သာကြံလို့၊မကြိုက် လိုက်ရတဲ့ သူတွေဘဲ မဟုတ်သား-တကာစံရ။ (မှန်ပါ၊ ကြံရုံသာကြံရ၊မကြိုက် လိုက်ရတဲ့သူတွေပါဘုရား)။

ဘုရား သာသနာနှင့် တွေ့ကြုံရတဲ့ အခါ၊ နာမ်ရုပ်နှစ်ပါးကို ကွဲကွဲ ပြားပြား၊ ပိုင်းခြား နိုင်ရန်၊ နာမရူပ၊ ဝဝတ္ထာန ဉာဏ်စခန်းကြီး ထူထောင်လိုက်မှတို့၊ အင်မတန် အရေးကြီးပါကလားလို့ သိသည်အားလျော်စွာ၊ ဤကား–ဘောက်ပြန် သဘောမျှ ရုပ်ဓမ္မ၊ နိသတ္တ နိဇ္ဇီဝ သဘာဝ ဤကား–ညွတ်သိသဘောမျှ၊ နာမ်ဓမ္မ၊ နိသတ္တ နိဇ္ဇီဝ သဘာဝ၊ သို့ကလို ဆင်ခြင်တွေးတော သဘောနှစ်ခိုက်၊ နှစ်လုံး ပိုက်မိကြတဲ့ သူတွေကတော့၊ ကြိုလဲကြို၊ ကြိုက်လဲကြိုက်လိုက်ရတဲ့ သူတွေ မဟုတ်လား။ (မှန်ပါ၊ ကြုံလဲ ကြုံ ကြိုက်လဲ ကြိုက်လိုက်ရတဲ့ သူတွေပါဘုရား)။

အေး....ဒါကြောင့် မောင့်ကြုံကြိုက်, မယ်ကြုံကြိုက် ဖြစ်ကြပစေ။ မောင်ကြုံ မကြိုက် – မယ်ကြုံမကြိုက် မဖြစ်ကြစေနှင့်၊ ကြုံတဲ့အခါ ကြိုက်လိုက်ကြနော်။

ကြုံလျက်သားနှင့် မကြိုက်လိုက်ရဒါများဟာ၊အလွန်အသဲနာစရာ ကောင်းတယ်–တကာစံရ။ (မှန်ပါ၊ အသဲတွင်မက နှလုံးရော, ကျောက်ကပ်ရော နာစရာ ကောင်းပါဘုရား)။

ရှေးရှေးသော သူတော် ကောင်းများ မှာတော့၊ ကြုံလဲ ကြုံသွားကြပြီ၊ ကြိုက်လဲ ကြိုက်သွားကြပြီ၊ မကြုံဘဲ မကြိုက်ဘဲ နေပါ့မလား ဘုရားအစရှိသောဆရာသမား

များက တရားနှင့် ဆုံ ပေး လိုက် တော့၊ အသိဉာဏ် စိတ်ခဝတ် ကလေးဟာ တုန်လာဒါကိုး၊ တရားနှင့် ပုတ်ထုတ်လိုက်တော့ အသိဉာဏ်စိတ်ခဝတ်ကလေးဟာ လှုပ်လာဒါကိုး။

သူတို့လို–တုန်ချိန်လဲ တုန်လာမှ၊ လှုပ်ချိန်လဲ လှုပ် လာမှ၊ နေရာကျကြမှာ၊တုန်ချိန် ကျလို့မှ မတုန် လာရင် လှုပ်ချိန်ကျလို့မှ မလှုပ်လာရင် လူ့ဘဝ, လူ့ခန္ဓာ, လူ့စည်းစိမ် အနံ့အစုပ်ကလေးကို အဟုတ်ကြီးထင်ပြီး၊ ဂုဏ်လုပ်နေကြပလား ဆိုမှဖြင့် တော်တော်ကြာလှင့်ပစ် လိုက်ရတော့မဲ့ ကုန်ပုပ် ကုန်သိုးကြီးကို၊ အမျိုးမျိုး ဈေးကိုင်နေသလို–ဖြစ်နေကြမယ်နော်။

အဲဒါလို–ဘယ်တော့မှ၊ဘယ်ခါမှနှင့်ကာလကိုတွေး အချိန်ကို ရွေးပြီး, ဈေးကိုင် နေကြရင်၊ အရင်းကမရ, အမြတ်က ရှုံးတော့၊ ယူကြုံးမရ, ဘုံးဘုံးကျ ဖြစ်၍ အပုညစ် အမျိုးမျိုး ဆိုက်ရောက်ရတတ်တယ် တကာစံရ၊ (မှန်ပါ၊ ရဒါမယူလိုက်ရင် အပုဆိုက်ဘို့ပါဘဲ ဘုရား)။

ဘာ့ကြောင့်လဲ....ဆိုတော့၊ ဘယ်နှစ်, ဘယ်လ၊ ဘယ်နေ့ ဘယ်ရက်ကျ သေရမယ်လို့၊ သေမင်းနှင့် ချိန်းချက် ထားကြဒါမဟုတ်ဘူး၊ကိုယ့်ကိစ္စ ကိုယ်အရေး အမြန်ပိုင်တဲ့အောင် သေမင်းကို ဈေးကိုင် မနေကြနှင့်၊ ဈေးကိုင်နေကြလျှင် အရေးမပိုင် တစစလျှောပြီး၊ဒီဘဝ ကလေး, အချည်းနှီး အလကား ကောသွားကြမယ်၊

အဇေ ကား ကောသွားကြရင်လဲ သံသရာ တကြောမှာ အဇေ တော့မသေတ် မျောလေအုံးရော့။

ကိုယ့်ကိစ္စကြီး မပြီးစီး သိုက်ရဘဲ၊ အချိန်တွေ ဆွဲပြီး အချည်းနှီး သဘောနှင့် ဒီ ဘ၀ကလေး ကောသွားမှာ ဘယ့်လောက် နှမြောစရာ ကောင်းလဲ့ - တကာစံရ၊ (မှန်ပါ၊အလွန် နှမြောစရာပါဘုရား)။

အကြောင်းသင့်တဲ့အခါ,အကျိုးထူးပွင့်လာအောင်, ခွင့်သာတဲ့အခိုက်၊ အမြိုက်ဓမ္မ ကိုယ်ပိုင်ရကြဘို့၊ ဘယ် ခါမှ ညာခါမှ ဟု၊ ဘာက ဘယ်လို ပရိယာယ် မပိုဘဲ၊ ကိုယ့်ကုိ ကိုယ် တရားပြ, နားချခါ တိုက်တွန်း နှိုးဆော်မှု မလစ်ဟင်းစေနှင့်၊ သတိက တင်းမာ၊ ဝိရိယ ထက်သန် ပါမှ၊ ပညာဉာဏ်ဦးစီး၊ မဂ်ကိစ္စ အလုပ်ကြီး ပြီးစီးမည် မုချ၊ ကေန္တ ဤအချက်ကို လေးနက်စွာ ဆင်ခြင်၍၊ တွင်တွင်ကြီးအားထုတ်ရန်အရေး ကောင်းကောင်းကြီး သတိပေးလိုက်သည်။

သို့ကလို လောကုတ္တရာ အကျိုးထူးကြီးကို မြှော်ကိုး ထောက်ဆ၍ ဒါလောက် အကြောင်းပြလိုက်ရင်၊ သတိ ရထိုက်သူဖြင့် ရလောက်ပါပြီ - တကာစံရ၊ (မှန်ပါ၊ ရလောက်ပါပြီ ဘုရား)။

ကြပ်ကြပ်ကြီးသတိထားပြီး၊စဉ်းစားကြည့်ကြနော်၊ ဟိုဘုရား လက်ထက်ကလဲ ရနိုး ရနိုးနှင့် မြှော်ကိုးပြီး

တောင်းခဲ့ရ၊ ဒီဘုရား လက်ထက် ကျပြန်တော့လဲ ရငင်းနည်း။ ဟိုဘဝကလဲ ရနိုးရနိုး နှင့် မြှော်ကိုးပြီး တောင်းခဲ့ရ။ ဒီဘဝကျပြန်တော့လဲ ရငင်းနည်း။ဟိုအရွယ်တုံးကလဲ ရနိုးရနိုးနှင့် မြှော်ကိုးပြီးတောင်းခဲ့ရ၊ ဒီအရွယ် ကျပြန်တော့လဲရငင်းနည်း။ တောင်းပြီးရင်း တောင်းရင်း တောင်းပြီးရင်း တောင်းပြန်ရင်း အလျှဉ်းရတယ်မရှိ ဆုတောင်းစားဘဝမျိုးနှင့်သာ ပြီးခဲ့ရတဲ့ဘဝတွေများခဲ့လှလေပြီ။

လောကမှာ ဆုတောင်းစား ဆိုဒါ၊ ဘာမှ မပြောပလောက်တဲ့၊ ထမင်းကလေး တလုပ်, ဆန်ကလေး တဆုပ်,အဝတ်ကလေးတစုပ် ရလာရင်အလွန်ကျေနပ်သွားတော့ ဒါဘဲ။ ပစ္စည်းနှင့် ပြည့်စုံ၍ ဂုဏ်ရှိသူများ မှာတော့၊ လက်ဆောင်ပဏ္ဏာ ပြုကြသောအခါ၊ တရာတန်, တထောင်တန် ရမှ ကျေနပ်ကြရိုး မဟုတ်လား။ (မှန်ပါ၊ဘုရား)။

ယခုအခါသာသနာဘုံနှင့် တွေ့ကြုံကြတဲ့သူတွေဟာ ပစ္စည်းနှင့် ပြည့်စုံ၍ ဂုဏ်ရှိသော အမျိုးကောင်း သူဌေးသား,သူဌေးသမီးတွေနှင့် တူတယ်၊ရာထောင်မက အဘိုးထိုက်တန် လှစွာသော လောကုတ္တရာ - လက်ဆောင်ပဏ္ဏာကောင်းကြီးရမှ ကျေနပ် ကြရမယ်၊ ဒါမှကျေနပ်သင့်, ကျေနပ်ထိုက်တယ်။ဘယ်အခါမဆို ဘယ်လိုလူက

တောင်းတောင်း, မတောင်းတောင်း ရနိုင်တဲ့၊ လှူ့စည်းစိမ် တည်းဟူသော ထမင်းကလေး တလုပ်၊ နတ်စည်းစိမ်တည်းဟူသော ဆန်ကခလေးတဆုပ်၊ မြဟ္မာ့ စည်းစိမ် တည်းဟူသော အဝတ်ကလေးတစုပ်။ အဲဒါလို....အနုပ်စုပ်, ဂုတ်စုပ်၊ စည်းစိမ်နုပ် စည်းစိမ်ပွဲ ကလေး ရရုံနှင့်ဖြင့် ခကျေနပ်သင့် မကျေနပ်ထိုက်။

ဒါကြောင့်—သတိမထား ပေါ့စားစား ရီးတီး ရားတား၊ ဆုတောင်းစား ဘာမျိုးနှင့်သာ ရောင့်ရဲ တင်းတိမ် နေသို့ကဖြင့်၊ အခွင့်မလျော်၊ မသင့်တော် ကြဘူး ထင်တယ် - တကာစံရ။ ။( မှန်ပါ၊ ဒီအခါ ဆုတောင်းစား ဘဝနှင့် တင်းတိမ်နေကြလို့ မတော်ပါ ဘုရား)။

နိဗ္ဗာန် ရပါလို၏, နိဗ္ဗာန် ရပါလို၏ နှင့် - ငယ်စဉ် တောင်ကျေး ကလေးအဖြစ်ကပင် သိ၍ရရှိခဲ့သော မိရိုး ဘ,လာ ဓမ္မတာဆုတောင်းမျိုးတွေနှင့် နေရိုးနေ သေရိုး သေသွားကြရင်ဖြင့် ဒီဘဝတွင်လဲ အ,တတ။နောင်ဘဝ ကျလဲ န,တတ။တသံသရာလုံး ဥကျလို့ မဆုံးတော့ချေ။

အောင်မယ်....ဒါ့ထက်လောကမှာလူရိုးကြီးဆိုဒါ သုံးမျိုး သုံးစား ရှိတယ်၊ တကာစံ - နားလယ်ရဲ့လား။ (အမိန့်ရှိ၂ါအုံးဘုရား)။

အ,ရိုး၊န,ရိုး၊ဥရိုးတဲ့။ဟောဒါလို....သုံးမျိုးရှိတယ်၊ မှန်ပါ၊ ဘုရား)။

'အ' ရိုး ဆိုဒါ - သူများ တကာမှာ အခါကောင်း အချိန်ကောင်း သိ၍ ထိုအခါကောင်း အချိန်ကောင်း အားလျော်စွာ ကြည့်ပြီး ရရှိသင့် ရရှိထိုက်သော အရာဝတ္ထုကို အရအမိ ပြုလုပ်ကြ၊ အားထုတ်ကြ၊ ကျိုးစားကြ။ သူတပါးကိုလဲ နည်းပေး လမ်းပြ ပြောကြ ဟောကြ၊ ဆန္ဒကောင်း စိတ်ဓာတ်နှင့် အိမ်မျှောင် အမြည်းပြတ် ဆိုသလို၊ အရေးတကြီး အားကျ ပါးကျ ရှိကြတယ်။ သူ့မှာတော့ စားချိန်ကျ စားရဘို့၊ အိပ်ချိန်ကျ အိပ်ရဘို့၊ လုပ်ချိန်ကျ လုပ်ရဘို့၊ ဒီလို သုံးဘို့ လောကသာ သိ၍ အမှားမမ္ဘတာအဘိုင်း စိတ်အရှိနှင့် ဘယ်အချက်ကို အရေးကြီးလိုက်ရမှန်းမသိ၊ သိသူကပြောပြန့်၊ ဟောပြန် တော့လဲသဘောညက်ငုံစိစိနှင့် သူ့မှာဖြုံဖြုံကလေးမှ မရှိဘူး။ ဩော်....လောကမှာ ရိုးရှာတယ် လို့သာ ပြောရ အ၊ဒါက အမှန်။

ထိုမမ္ဘဘာသမားမျိုးကို အ၊ရိုးလို့မှတ်ရမယ် တကာ စံရ။ (မှန်ပါ၊ အ၊ရိုးကြီးပါဘုရား)။

'န' ရိုး ဆိုဒါ-ကိုယ့်မှာ ဟုတ်သည်၊ မဟုတ်သည်ကို စီစစ် ဆင်ခြင် တတ်တဲ့ ဝိစာရဏာ ဉာဏ်က မရှိတော့၊ ဟိုသူကပြောပြန်လဲ ရှောရှိုးတိုက်၊ န၊ယောင် ပယောင် ပါသွားလိုက်။ ဒီသူက ပြောပြန်လဲ ရှောရှိုးတိုက်၊ န၊ယောင်ပယောင်ပါသွားလိုက်။ (ငါးရံ့ကို နှစ်ကောင် ဖမ်း၊စမ်းလို့မတွေ့)ဆိုသလို၊ မိမိမှာ ဘာတခုမှ အဖြာ

မတင်ချစ်တဲ့ အသကားကြားက လစ်ဟင်းပြီး, စိတ်ရင်းက မတည်ကြည်တော့၊ လောကီလဲ မဟုတ်, လောကုတ်ရဲမပါ ယောင်ချာချာ ပေါ့သွတ်သွတ်နှင့် မျောက် သစ်ကိုင်းသွဘ် ဖြစ်ရှာလေသတည်း။

အဲဒါလို-သဘောနှင့် ပြောရလဲ, ဆွဲရပါ, သာရာပေါင်း၊ ကပြောင်းကပြန်၊ မှောက်လှန်သော လက်လို၊ နှစ်ဘက်နှစ်စုံ ပြောတိုင်း ယုံပြန်ဘော့ရဲ၊ ဩော်.... လောကမှာ-ရိုးရှာတယ်လို့သာပြောရ န,ဒါက အမှန်။

ထို ယောင်သုံးဆယ်သမားမျိုးကိုန,ရိုးလို့မှတ်ရမယ် တကာစံရ။ (မှန်ပါ၊ န,ရိုးကြီးပါဘုရား)။

'ဌ'ရိုး ဆိုဒါ-မသိတဲ့နှင့် သိလေယောင်၊ မမြင်တဲ့နှင့် မြင်လေယောင်၊ မဘတ်တဲ့နှင့် တတ်လေယောင်၊ ဘယ်သူ့စကားကိုမှ နားမထောင်တဲ့၊ မျက်နှာပြောင်တိုက်ခဲ့၊ ကိုယ့်အသိဉာဏ်ကလေးတထွာလောက်နှင့် မညာ့မထောက်သူကသာမောက်ချင်တော့ဘယ်ပိုင်းမှာ ရောက်ရောက်၊ သူများက တောင်ဆို၊ သူက မြောက်။ သူများက အရှေ့ဆို၊ သူက အနောက်။ သူများက အထက်ဆို၊သူကအောက်၊ပြောလိုက်တိုင်းဘော့က်ကျ၊ ဌ,တိုက်ရမှ စိတ်ချမ်းသာ၊ ဖွဲ့ထွက်ရဒါ အကောင်းထင်၊ စောင်းချင်ဒါကဘမျိုး, ချိုးချင်ဒါကတံဖုံ၊ ကြာစောင်း ဆိုတဲ့နွားပုံသို ကပ်ဖွဲ့ချိုး စုံပါရော။

နိုင်လိုတဲ့ အရေးနှင့် အသာ မပေးချင်တော့၊ ဘာ အရေးနှင့် ပတ်သက် ပတ်သက်၊ ဆန့်ကျင်ဘက်သာ ဖြစ်တော့သည်။ မသိတဲ့ မောဟ၊ မခံချင်တဲ့ ဒေါသ၊ ထောင်လွှားတဲ့ မာနနှင့်၊ ငါ့ဟလို့ -ဝင့်လိုက်ရင်ဖြင့်၊ ဖွင့်လိုက်တိုင်း ကျူးဘ လိုက်တိုင်း မော။ ပြောလိုက်တိုင်း မှား။ သနားစရာ၊ ဩော်....လောကမှာ ရိုးရှာတယ် လို့သာပြောရ-ဠကျဒါက အမှန်။

ထို ဘောက် သမားမျိုးကို ဠ,ရိုးလို့ မှတ်ရမယ် တကာစံရ။ (မှန်ပါ၊ ဠ,ရိုးကြီးပါဘုရား)။

ဒီ-လူရိုးကြီး သုံးမျိုးတို့တွင်၊တကာစံကော....ဘယ် အရိုးထဲကလဲ၊ တရားမတွေ့-မူးမေ့မေ့နှင့် အန္ဓ ပုထုဇဉ် တို့၏ ဓလေ့ တံထွာ-ဓမ္မတာ အသိမျိုး ဆိုတဲ့ အ,ရိုး ထဲကလား။ (မှန်ပါ၊ ဆရာသမားများ၏ အဆုံး အမ ရသလောက်ရ၍၊ ဓမ္မတာ သမားမျိုး ဆိုတဲ့ အ,ရိုးအဖြစ် ကဖြင့် လွှတ်ရပေပြီလို့....ထင်မိပါဘုရား)။

ဒါဖြင့်-ဟိုသူကပြောလိုက်,ရှောရှိုးတိုက်၊န,ယောင် ပယောင်ပါသွားလိုက်။ဒီသူကပြောလိုက်,ရှောရှိုးတိုက် န,ယောင် ပယောင် ပါသွားလိုက်။ သို့ကလို-ယောင် တရမ်းရမ်း, စမ်းတ ဝါး ဝါး နှင့် ယောင် သုံးဆယ် သမားမျိုးဆိုတဲ့ န,ရိုးထဲကလား။ (မှန်ပါ၊ဒါမှ ယထာ ဘူတ အမှန်ဟလို့ ယုံကြည်မှုဦးစောက်ချထားပြီးဖြစ်၍ ယောင်သုံးဆယ် သမားမျိုး ဆိုတဲ့ န,ရိုး အဖြစ်ကလဲ လွှတ်ရပေပြီလို့....ထင်မိပါဘုရား)။ (14)

ဒါဖြင့်-အချိုလဲ မစား၊ အခါးလဲ မကြိုက်၊ နောက် လိုက်လဲ မဟုတ်၊ ရှေ့သွားလဲ မလုပ်နိုင်၊ ဟုတ်လဲ သူမခံ၊ မှန်လဲ သူမယူ၊ ဖြေနှင့် တွေ့ကွဲ၊ မြေနှင့် တွေ့လန်၊ ကွဲလန် မနား, ကိုးရှိ ကားယားနှင့် - ဘောက်သမားမျိုး ဆိုတဲ့ ဋ,ရိုး ထဲကလား၊ ( မှန်ပါ၊ ဟုတ်ထားဟော နာမယ်၊ မှန်ဒါဟော မှတ်မယ်ဆိုတဲ့ စိတ်ထား, သဘောထား အသင့် ရှိပြီးသားမို့၊ ဘောက်သမားမျိုး ဆိုတဲ့ ဋ,ရိုး အဖြစ်ကလဲ လွတ်ရပေပြီလို့....ထင်မိပါဘုရား)။

အေး အေး....သာဓု - သာဓု။ အမြိုမြို, အရွာရွာ, နယ်တကာမှာ၊ဟောဒီ လူရိုးကြီး သုံးမျိုး၊တမျိုးမျိုးနှင့် မလွဲမုချ ကေန္တ တွေ့ရဟတ်တယ်။ ကြပ်ကြပ်ကြီး သတိ ထားပြီး စဉ်းစားသော ဉာဏ်နှင့် သည်းခံ၍သာ ဟောလေ, ပြောလေ, ဆွေးနွေးလေ,တင်းတန် တင်း၊ ရှော့တန် ရှော့၊ရန်တော့ မဖြစ်လေနှင့်။ (ကောင်းလှပါ ဘုရား)။

**" လူရိုးကြီး သုံးမျိုး မှတ်ချက် "**

(၁) ဓမ္မတာအယူ၊နေမှိမှု၊ထိုသူအ, ရိုး-လူတမျိုး။
(၂) ယောင်သုံးဆယ်ဟူ၊ ဖြစ်နေမှု၊ ထိုသူ န,ရိုး လူတမျိုး။
(၃) ဘောက်စကားထူ၊ ပြောတတ်မှု၊ထိုသူ ဋ, ရိုး လူတမျိုး။

ဟောဒီ....မောင် အ,ရိုး-မယ်အ,ရိုး။ မောင် န,ရိုး မယ်နရိုး။မောင်ဠ,ရိုး မယ်ဠ,ရိုးအဖြစ်ကလွတ်ရအောင်၊ သာသနာအသိထူး-အသိဆန်း၊အမြင်ထူး အမြင်ဆန်း ဆိုတဲ့ ဉာဏ်စခန်း ဉာဏ်လမ်းတမျိုးနှင့်၊ ဆန်းရိုး ဖြစ်စေကြရမယ် - တကာစံ၍၊ ( မှန်ပါ၊ ဆန်းရိုး ဖြစ်မှ နေရာကျမှာပါဘုရား )။

လူ နတ် ဗြဟ္မာ ပုဂ္ဂိုလ် သတ္တ ဝါ၊ ငါ သူတပါး ယောကျ်ား မိန်းမစသော အသိမျိုးက၊ ကမ္ဘာ့ လက်ရိုး အသိမျိုး။ လူ နတ် ဗြဟ္မာ,ပုဂ္ဂိုလ် သတ္တဝါ,ငါ,သူတပါး ယောကျ်ား, မိန်းမဆိုဒါ အဟုတ် မရှိ၊ တကယ် မရှိ၊ ရုပ်နာမ်နှစ်ပါးသာ ရှိတယ်ဆိုဒါ သာသနာ အသိမျိုး၊ ထို နှစ်မျိုးတို့တွင် ကမ္ဘာသိကို အသာထား၊ သာသနာသိကို မြင်အောင် ပွားရမည်။

ဒါဖြင့်-ဆန်းရိုးကလေး ရိုးတတ်အောင် လေးပါး သောခတ်ကြီးနှင့် စီစစ်နည်းကို ပြောကြအုံးစို့ရဲ့။

(၁) ကြမ်းတမ်းခြင်း၊ ခက်မာခြင်း၊ တောင့်တင်းခြင်း၊ နူးညံ့ခြင်း၊ ပြော့ ပြောင်းခြင်း လက္ခဏာရှိသော ပထဝီဓာတ်။

(၂) ဘွဲ့စည်းခြင်း၊ယိုစီးခြင်း၊စိမ့်စိုခြင်း လက္ခဏာ ရှိသော အာပေါဓာတ်။

(၃) ပူခြင်း၊ချေခြင်း၊ရင့်ခြင်း၊ကျက်ခြင်း၊ လက္ခဏာ ရှိသော တေဇောဓာတ်။

(၄) လှုပ်ရှားခြင်း၊ထောက်ကန်ခြင်း၊ ပိန့်ခင်ခြင်း၊ ဖေါင်းကြွခြင်း လက္ခဏာ ရှိသော ဝါယော ဓာတ်။

**ထိုဓာတ်ကြီး လေးပါးတို့သည် အတ္တနောသဘာဝံ ဓာရေန္တီတိ ဓာတုယော။**

ယာဓမ္မဇာတိယော၊ ခက်မာ ဘွဲစေး၊ ပူဧ လှုပ်ရှား၊ အကြင် သဘောဘရား တို့သည်။ အတ္တနော၊ မိမိ၏၊ သဘာဝံ၊ သတ္တဇီဝ ကင်းစင်ပသော သူ့သဘောကို၊ ဓာရေန္တိ၊ ဥပါဒ် အစ, ဌီမှ အလယ်, ဘင်နယ် အဆုံး, သုံးချက်လုံးတွင်၊အစဉ် ရွက်ဆောင်တတ်ကုန်၏။ ဣတိ တသ္မာ၊ထိုကြောင့်။ သာဓမ္မဇာတိယောခက်မာ,ဘွဲစေး၊ ပူဧ,လှုပ်ရှား ထို သဘောတရားတို့သည်။ ဓာတုယော၊ မချွတ်မလွဲ,အမြဲမှတ်ဘို့ ဓာတ်တို့မည်ကုန်၏။

အသီး အသီး မိမိသဘောကိုသာ မိမိ ဆောင်တတ်ကုန်၏၊ ပုဂ္ဂိုလ်သတ္တဝါ စသော သဘောကို မဆောင်တတ်ကုန်၊ ဥပါဒ်ခဏမှာလဲ မိမိသဘော၊ ဌီခဏမှာလဲ မိမိသဘော၊ဘင် ခဏမှာလဲမိမိသဘော၊ထိုမိမိသဘောက ဘယ်အခါမှ လွတ်လွဲ၍ ဘောင်ပြန်၍ တခြားသဘောကို ဆောင်ခြင်းမရှိဘဲ၊အမြဲ သူ့သဘောကိုသာ သူဆောင်တတ်သောကြောင့် ဓာတ်မည်ကုန်၏။

ပထဝီဓာတ်ကလဲ မိမိခက်မာမှုသဘောကို ဆောင်နေတယ်။ ခက်မာမှုသဘောဖြင့် ပြီးနေတယ်။ အာပေါဓာတ်ကလဲ မိမိဖွဲ့စည်းမှု သဘောကို ဆောင်နေတယ်၊ ဖွဲ့စည်းမှုသဘောဖြင့်ပြီးနေတယ်။ တေဇောဓာတ်ကလဲ မိမိပူမှုသဘော, အေးမှုသဘောကို ဆောင်နေတယ်။ ပူမှုသဘော, အေးမှုသဘောဖြင့် ပြီးနေတယ်။ ဝါယောဓာတ်ကလဲ မိမိ ထောက်ကန်မှု သဘော, လှုပ်ရှားမှုသဘောကိုဆောင်နေတယ်။ ထောက်ကန်မှုသဘော, လှုပ်ရှားမှု သဘောဖြင့် ပြီးနေတယ်။ သတ္တသဘော, ဇီဝသဘောကိုဆောင်တတ်ပါ့မလား။ သတ္တသဘော, ဇီဝသဘောဖြင့် ပြီးတတ်ပါ့မလား - တကာစံရ၊ (မဆောင်တတ်,မပြီးတတ်ပါဘူး ဘုရား)။

ဘာကြောင့်လဲ-သတ္တ ဇီဝဆိုဒါ နကိုယ် မူရင်းကိုက မရှိလို့ မဟုတ်လား။ (မှန်ပါ နကိုယ်ကပင် မရှိလို့ပါဘုရား)။

ထို ဓာတ်ကြီး လေးပါးသာလျှင် အမှန် အားဖြင့် ဆောင်နေပုံပြီးနေပုံကို သိသာရုံမျှဥပမာနှင့် ပြဦးမယ်,

(၁) ပထဝီဓာတ်သည်-ကဌမုခ မြွေနှင့် တူ၏။
(၂) အာပေါဓာတ်သည်-ပုတိမုခ မြွေနှင့် တူ၏။
(၃) တေဇောဓာတ်သည်-အဂ္ဂိမုခ မြွေနှင့် တူ၏။
(၄) ဝါယောဓာတ်သည်-သတ္တမုခမြွေနှင့် တူ၏။

ပထဝီဓာတ် ဘောက်ပြန် သောင်းကြမ်းမှုကြောင့် ကိုယ်ဟု ခေါ်ဆိုရသော ခန္ဓာအိမ် တခုလုံးမှာ ထင်း ချောင်းခြောက် ပမာ၊ လွန်စွာ ခက်မာ တောင့်တင်း၊ ကြမ်းတမ်းခြင်းသို့ ရောက်ရ၏။ ညောင်းညာ ကိုက်ခဲ၊ အနဲနဲ အဖြာဖြာ ဖြစ်ပေါ်လာ၏။

ထိုအခါ ပထဝီဓာတ် တည်းဟူသော ကဠမုခမြွေ ကိုက်ခဲနေမှန်းမသိတော့ ငါ မာတယ်၊ ငါ တင်းတယ်၊ ငါ ညောင်းတယ်၊ ငါ ညာတယ်၊ ငါကိုက်တယ်၊ ငါ ခဲတယ်-စသည်ဖြင့် ပထဝီဓာတ်ရဲ့ အပေါ်မှာ ချော်လွဲ စွဲမှားနေကြ မဟုတ်လား-ဘကာစံရ၊ (မှန်ပါ၊ အထင် မှား၊ အမြင်မှား ဖြစ်နေကြပါဘုရား)။

ဩော်....ပထဝီဓာတ်သား၊ ပရမတ် တရား၏ သူ့ သဘာဝ အလား၊ သူ့ အမူသွားနှင့် သူ့ ကိစ္စ သူဆောင် နေဒါပါ ကလားလို့ သတိထားပြီး ဆင်ခြင် ပွားများ လိုက်ရမည်။

အာပေါဓာတ် ဘောက်ပြန်သောင်းကြမ်းမှုကြောင့် ကိုယ်ဟု ခေါ်ဆိုရသော ခန္ဓာအိမ် တခုလုံးမှာ ပုပ်လှ စွာသော ပိန္နဲသီးမှည့်ပမာ လွန်စွာ ယိုစီး ချွေး၊ သွေး၊ ပြည် စသည် အစီး အယှော်တွေ ဖြစ်ပေါ် လာတတ် လေ၏။

ထိုအခါ-အာပေါဓာတ်တည်းဟူသော ပုတိမုခမြွေ ကိုက်ခဲမှန်း မသိတော့၊ ငါ့မှာ စိုနေတယ်, ငါ့မှာ ရွှဲနေ တယ်၊ ဒါတွေကြောင့် ငါ့မှာ ညှိတယ်, ငါ့မှာ နံတယ်, ငါ့မှာ ပုပ်တယ် ငါ့ချွေး ငါ့သွေး, ငါ့ပြည်. ငါ့အစေး စသည်ဖြင့် အာပေါဓာတ်ရဲ့ အပေါ်မှာ ချော်လွဲ စွဲမှားနေကြ ခဟုတ်လား။ (မှန်ပါဘုရား)။

ဪ....အာပေါဓာတ်သား ပရမတ်တရား၏ သူ့သဘာဝအလား၊ သူ့အမှုသွားနှင့် သူ့ကိစ္စ သူဆောင် နေဒါပါကလားလို့၊ သတိထားပြီး ဆင်ခြင် ပွားများ လိုက်ရမည်။

တေဇောဓာတ် ဘောက်ပြန် သောင်းကြမ်းမှုကြောင့် ကိုယ်ဟု ခေါ်ဆိုရသော ခန္ဓာအိမ် တခုလုံးမှာ မီးတုံး မီးခဲပမာ လွန်စွာ ပူပြင်း လောင်ကျွမ်းခြင်း အတင်း ဖြစ်ပေါ် လာတတ်လေ၏။

ထိုအခါ တေဇောဓာတ်တည်းဟူသော အဂ္ဂိမုခမြွေ ကိုက်ခဲနေမှန်း မသိတော့ ငါ့ ပူလိုက်ထာ, ငါ့ လောင် လိုက်ထာ,ငါ့ အေးလိုက်ထာ,ငါ့ ချမ်းလိုက်ထာ စသည်ဖြင့် တေဇောဓာတ်ရဲ့ အပေါ်မှာ ချော်လွဲ စွဲမှားနေကြ မဟုတ်လား။ (မှန်ပါဘုရား)။

ဪ....တေဇောဓာတ်သား ပရမတ်တရား၏ သူ့သဘာဝ အလား၊သူ့အမှုသွားနှင့် သူ့ကိစ္စ သူဆောင်

နေဒါပါကလားလို့ သတိထားပြီး ဆင်ခြင် ပွားများ လိုက်ရမည်။

ဝါယောဓာတ် ဘောက်ပြန် သောင်းကြမ်းမှုကြောင့် ကိုယ်ဟု ခေါ်ဆိုရသော ခန္ဓာအိမ် တခုလုံးမှာ ဒါး သံလျက် ဆောက် လက်နက်တို့ဖြင့် ခုတ်ဖျက်သည့် ပမာ အပိုင်း အပိုင်း ပြတ်ခါ လွန်စွာ လှုပ်ရှား ဘုတ်တရား၏ ချောက်ချား ဓာတ်ရှိန် မငြိမ်မသက် ကလက်သောအနေ ဖြစ်ပေါ် လာဘတ် လေ၏။

ထိုအခါ ဝါယောဓာတ်တည်းဟူသော သတ္တမုခမြွေ ကိုက်နေမှန်း မသိတော့၊ငါ့မှာ လှုပ်လှုပ်ရှားရှား ရိုးတိုး ရွတ ဖြစ်လာပြန်ပါပြီ၊ ငါ့မှာ ယောင်ယောင် ရမ်းရမ်း ဖြစ်လာပြန်ပါပြီ၊ ငါ့မှာ ဖေါင်းဖေါင်း ကြွကြွ ဖြစ်လာ ပြန်ပါပြီ၊ ငါ့မှာ မရှုနိုင် မရှိုက်နိုင် ဖြစ်လာ ပြန်ပါပြီ၊ ငါမူးသည်၊ ငါဝေသည်၊ ငါရိုင်သည်၊ ငါလဲသည် စသည်ဖြင့် ဝါယောဓာတ်ရဲ့ အပေါ်မှာ ချော်လွဲ စွဲမှား နေကြ မဟုတ်လား-တကာစံရ။ (မှန်ပါ၊ အထင်မှား အမြင်မှား ဖြစ်နေကြပါဘုရား)။

ဩော်....ဝါယောဓာတ်သား ပရမတ်တရား၏ သူ့ သဘာဝ အလား သူ့အမှုသွားနှင့် သူ့ကိစ္စ သူဆောင် နေဒါပါကလားလို့ သတိထားပြီး ဆင်ခြင် ပွားများ လိုက်ရမည်။

တကိုယ်လုံး တကောင်လုံးမှာ ဝိပဿနာ ဉာဏ်နှင့် သိမ်းကြုံး၍ ကြည့်လိုက်သော အခါ၊ ထိုခေတ်ကြီး လေးပါး ရုပ်တရားတွေသာ မိမိသဘော မိမိဆောင်၍ သူ့အလှေ့အတိုင်းသူဖြစ်နေဒါကိုအမှန် တွေ့မြင်ရတော့ မဟုတ်လား။ (မှန်ပါ ဘုရား)။

ပထဝီ ဆိုတဲ့ မာ, သဘောတခု - မြေခေတ် စုဟာ၊ ဥပါဒ်ခဏမှာလဲမာမှု၊ ဋ္ဌီခဏမှာလဲမာမှု၊ ဘင်ခဏမှာလဲ မာမှု၊ အဲဒါလို သူ့မှာမှု မာသဘော သတ္တိကလေး၊ သူဆောင်ပြီး ပျက်စီး ပျောက်ကွယ် သွားရတယ်။

လူ နတ် ဗြဟ္မာ၊ သတ္တဝါ ပျက်စီး ပျောက်ကွယ် သွားဒါ မဟုတ်ဘူးနော်။အာပေါဆိုတဲ့ ဖွဲ့သဘောတခု ရေခေတ်စုဟာ ဥပါဒ်ခဏမှာလဲ ဖွဲ့မှု၊ဋ္ဌီခဏမှာလဲ ဖွဲ့မှု ဘင်ခဏမှာလဲ ဖွဲ့မှု၊ အဲဒါလို သူ့ဖွဲ့မှု ဖွဲ့သဘောသတ္တိ ကလေး သူဆောင်ပြီး ပျက်စီး ပျောက်ကွယ် သွားရ တယ်။

အဲဒါ-လူ နတ် ဗြဟ္မာ သတ္တဝါ ပျက်စီးပျောက်ကွယ် သွားဒါ မဟုတ်ဘူးနော်။

တေဇောဆိုတဲ့ ပူသဘောတခု မီးခေတ်စုဟာဥပါဒ် ခဏမှာလဲ ပူမှု၊ ဋ္ဌီခဏမှာလဲ ပူမှု၊ ဘင်ခဏမှာလဲ ပူမှု၊ အဲ....ဒါလို သူ့ပူမှု ပူသဘော သတ္တိကလေး သူဆောင် ပြီး ပျက်စီး ပျောက်ကွယ် သွားရတယ်။

ဒါလဲ-လူ နတ် ဗြဟ္မာ သတ္တဝါ ပျက်စီးပျောက်ကွယ် သွားဒါ မဟုတ်ဘူးနော်။

ဝါယော ဆိုတဲ့ လှုပ်သဘောတခု၊ လေဓာတ်စုဟာ ဥပါဒ် ခဏမှာလဲ လှုပ်မှု၊ ဌီခဏမှာလဲ လှုပ်မှု၊ ဘင် ခဏ မှာလဲ လှုပ်မှု၊ အဲ....ဒါလိုသူ့ လှုပ်မှု လှုပ်သဘော သတ္တိ ကလေး သူဆောင်ပြီး ပျက်စီး ပျောက်ကွယ် သွားရ တယ်။

ဒါလဲ-လူ နတ် ဗြဟ္မာ သတ္တဝါ ပျက်စီးပျောက်ကွယ် သွားဒါ မဟုတ်ဘူးနော်။

ထင်ရှားရှိသော ပရမတ်သဘော ဆိုဒါ၊ တသဘော နှင့် တသဘော၊ ဘယ်အခါမှ ရောနှောလုံးခဲ ပြောင်းလဲ ဖောက်ပြန် သွားခြင်း အလျဉ်း မရှိကောင်းဘူး။

**ဥပမာ**—ပထဝီဓာတ်ဟာ ဖြစ်ပေါ်ဆဲ ဥပါဒ် ခဏ မှာတော့ မာ,သဘော၊ တည်နေဆဲ ဌီခဏ ကျတော့ ပူသဘော၊ ပျက်စီးဆဲ ဘင် ခဏကျတော့ လှုပ်သဘော၊ ထိုကဲ့သို့ ခဏငယ် သုံးချက် အတွင်း ဖောက်ပြန်ခြင်း အလျဉ်း မရှိချေ။

အဲဒါလို....ထင်ရှားရှိသော ပရမတ် သဘောခြင်း တော့င်မှ ပြောင်းလဲ ဖောက်ပြန် သွားခြင်းမရှိဘဲ၊ လူ, နတ်,ဗြဟ္မာ သတ္တဝါဆိုတဲ့ထင်ရှားကေန်,အမှန်မရှိသော ပညတ် သဘောသို့ ပြောင်းလဲ ဖောက်ပြန် သွားရမယ်

ဆိုတော့၊ သာလို့ပင် ဝေးရောပေါ့ဟာ—တကာစံရ။ (မှန်ပါ၊ ပင်လယ် ဟိုဘက်ကမ်း ဒီဘက်ကမ်းမက ဝေးလှပါဘုရား)။

ရုပ္ပတီတိရုပ် အရ၊ ရုပ်တရား ဘောက်ပြန် ဆိုသည်ကား မိမိ၊မိမိတို့ အသီး အသီးသော သဘာဝ လက္ခဏာ ကလေးတွေက ဘောက်ပြန် သွားကြသည် မဟုတ်၊စဉ်စစ်မှာ ရှေးရုပ်အစဉ်တခု ချုပ်ပြီးမှ ထိုရှေးရုပ် အစဉ်နှင့် မတူ၊ တမူ တသွင် နောက်ရုပ် အစဉ် တခု ဖြစ်ပေါ်လာမှုကို ဘောက်ပြန် သည်ဟု ဆိုရလေတော့ ပေသတည်း။

ဒါလဲဘဲ လူ, နတ်, ဗြဟ္မာ၊ သတ္တဝါ ပျောက်ပျက်၍ လူ, နတ်, ဗြဟ္မာ၊ သတ္တဝါ ပေါ်ထွက်လာသည် မဟုတ်ဘူးနော်။

ဤရုပ်ခတ်ကြီး လေးပါးအပြင် လူ, နတ်, ဗြဟ္မာ၊ သတ္တဝါဆိုဒါ အသွင် သဏ္ဌာန်နှင့် တဘက်က ကျန်ပြီး တခြား တသီးများ ရှိသေးရဲ့လား-တကာစံရ။ (မှန်ပါ၊ မရှိတော့ပါဘုရား)။

ဒါဖြင့် လူ,နတ်,ဗြဟ္မာ၊သတ္တဝါ စသောပုံတွေဟန်တွေ သဏ္ဌာန်တွေဟူသမျှ၊ မနော ဝိညာဏ် နာမ်တရားက ယူဆခါမျှ, ကြံစည်ခါမျှ ဘန်ဆင်းခါမျှ, သတ္တုကျနေပါပေါ့လား တကာစံရ၊ (မှန်ပါ၊ မနောဝိညာဉ် စိတ်ထင်ခါမျှပါဘုရား)။

ထို ခက်မာဘွဲ့စေး၊ ပူဇ လှုပ်ရှား ရုပ်တရားကလေးတွေဟာ အတွင်းအဇ္ဈတ္တ သန္တာန်,အပြင်ဗဟိဒ္ဓ သန္တာန်ဟူသော အဇ္ဈတ္တ ဗဟိဒ္ဓ နှစ်ဌာန ထားလို့ ရကောင်းပါ့မလား-တကာစံရ၊ (မရကောင်းပါဘုရား)။

အတွင်းပြုစရာ ငါရယ်, ကိုယ်ရယ်သို့မှ အဇ္ဈတ္တ အနေနှင့် ရှာမရတော့၊အပြင်ထားစရာ သူတပါးတည်း ဟူသောဗဟိဒ္ဓရယ်လို့ အဘယ်မှာ ရနိုင်ပါတော့မလဲ။

ဤအရာ၌ "အဇ္ဈတ္တာ ဓမ္မာ၊ဗဟိဒ္ဓါ ဓမ္မာ" ဟု ဘုရား ဟောတော်မူသည် မဟုတ်ပါလားဟုစောဒနာပြောဒနာအံ့။

ဟောမူသည်ကား မှန်၏။ ထိုသို့ပင် ဟောတော်မူသော်လည်း ငါ,ကိုယ် ဟူသော အတွင်း အဇ္ဈတ္တ၊ သူ တပါး ဟူသော အပြင် ဗဟိဒ္ဓ နှစ်ဌာန အမှန် ကေန်ရှိသော သဘောအနေနှင့် သုံးသတ် ထောက်ထား၍ ဟောကြားတော် မူသည်မဟုတ်၊ လူတို့ သမုတ်အပ်သည်ကို ထောက်ထား၍သာ ဟောကြားတော်မူသည် ဟု၊ တထစ်ချမှတ်။

**စင်စစ်ကေန်၊ အမှန်သော်ကား။**

**သန်္ဒါရေ ပရတော ပဿ**

သန်္ဒါရေ၊ ဖြစ်ပေါ်လာသမျှ၊ရုပ်နာမ် သန်္ဒါရတို့ကို။ ပရတော၊ အတွင်းအဇ္ဈတ္တ အပြင်ဗဟိဒ္ဓ၊ နှစ်ဌာနဟု၊ မခွဲလေငြား၊ သူစိမ်း ပြင်ပအားဖြင့်။ ပဿ၊ ဝိပဿနာ ဉာဏ်ပညာဖြင့်၊ ထင်စွာစေ့ငု၊ မြင်အောင် ရှုလော။

ဤပါဠိကို ထောက်မြော်၍ကြည့်လိုက်တော့၊အဇ္ဈတ္တ ဟူ၍မရှိ၊ ခက်မာ ဘွဲ့စေး, ပူဧ လှုပ်ရှား၊ ထို ရုပ်တရား တွေဟာ-ပကတိ သူ့စိမ်းပြင်ပ၊ သဘာဝ မျိုးချည်းဘဲ မဟုတ်လား-တကာစံရ၊ (မှန်ပါ၊သူ့စိမ်းပြင်ပ,သဘော တရားမျိုးတွေပါဘုရား)။

ဒါကြောင့်-အတွင်းလဲမရ, အပြင်လဲ မရတဲ့ သခ်တ ဓာတ်, ရုပ်ပရမတ်ကလေးတွေကို ဟောဒီလို သိမှ အတ္တ နိမိတ်,အစဥ်ကင်းဆိတ်ပြီး၊ သုညတ အနတ္တ နယ်ကြီးသို့ အပြီးတိုင် ဆိုက်ရောက်ကြမည်။

ဓမ္မအမြိုက်၊ ကိုယ်နှင့် ထိုက်လို့၊ တွေ့နေခိုက် ရတဲ့ အခါယူလိုက်ကြ။ကြုံတဲ့အခါ ကြိုက်လိုက်ကြ။ အ,တတ န,တတနှင့် ဝွချ၍ မနေကြလေနှင့်။

တကာစံရေ.... (ဘုရား) ကဲကဲ....စကားတွေပေါ မြောချင်တိုင်းမြောပြီး အတောမသတ်ဖြစ်နေရေ့မယ်၊ အလွယ်တကူနှင့် မှတ်ယူ ပွားများနိုင်အောင်ဝိပဿနာ အလုပ် အတိုချုပ်ပြီး သုညတ အနတ္တဆောင်ပုဒ်ကလေး တွေ ချပေးအုံးမယ်၊ အကုန် လိုက်ကြစမ်း။

## "သုညတ အနတ္တ ဆောင်ပုဒ်များ"

(၁) ပထဝီဓာတု၊ နူးညံ့မှု၊ ခက်မာမှု၊ မြေဓာတ်စုံ ဆိုဒါ။ လူလဲမဟုတ်,နတ်လဲ မဟုတ်,ဗြဟ္မာလဲ မဟုတ်ပါ။ သဏ္ဌာန် ဟူသမျှ၊ ယူဆ မနေ

ဝိညာဉ်သာ။ ။အတွင်းလဲမရ၊ အပြင်လဲမရ၊ သခ်တ-မြင်ကြ သုညတာ။

(၂) အာပေါဓာတု၊ ဘွဲ့စည်းမှု၊ယိုစီးမှု၊ရေဓာတ်စု ဆိုဒါ။လူလဲမဟုတ်၊နတ်လဲမဟုတ်၊ ဗြဟ္မာလဲ မဟုတ်ပါ။ သညာခန် ဟူသမျှ၊ ယူဆ မနေ၁ ဝိညာဉ်သာ။ ။အတွင်းလဲမရ၊ အပြင်လဲမရ၊ သခ်တ၊ မြင်ကြ သုညတာ။

(၃) တေဇောဓာတု၊ ပူမှု မှု၊ မီးဓာတ်စု ဆိုဒါ။ လူလဲ မဟုတ်၊ နတ်လဲ မဟုတ်၊ ဗြဟ္မာလဲ မဟုတ်ပါ။ သညာခန် ဟူသမျှ၊ ယူဆ မနေ၁ ဝိညာဉ်သာ။ ။အတွင်းလဲမရ၊ အပြင်လဲမရ၊ သခ်တ၊ မြင်ကြ သုညတာ။

(၄) ဝါယောဓာတု၊ ထောက်ကန်မှု၊ လှုပ်ရှားမှု၊ လေဓာတ်ရ ဆိုဒါ။ လူလဲ မဟုတ်၊ နတ်လဲ မဟုတ်၊ ဗြဟ္မာလဲ မဟုတ်ပါ။သညာခန်ဟူသမျှ ယူဆ မနေ၁ ဝိညာဉ်သာ။ ။အတွင်းလဲ မရ၊ အပြင်လဲမရ၊ သခ်တ၊ မြင်ကြ သုညတာ။

## " တရား အဆုံးသတ် "

စဝံ၊ ဤသို့၊ အာဂန္တုက၊ ယခုတရားနာလာ၊များစွာစု ပေါင်း၊ သူတော်ကောင်းတို့သည်၊ တုစ္ဆဘာဝံ ၊မဂ်ဖိုလ် မနီး အချည်းနှီးနေရိုး၊အန္ဓပုထုဇဉ်တို့၏အလေ့မျိုးကို၊

အတိက္ကမိတ္တာ၊ခုန်ကျော်လွှန်မြောက်၊တံခွန်ဆောက်နိုင်ကြကုန်သည် ဖြစ်၍၊ ပိယဓမ္မ အရိယာချစ်၊ တရားစစ်ကြီးကို။ ပဋိဂ္ဂဏ္ဍာန္တ၊၊ လက်ဆုပ် လက်ကိုင် ကိုယ်တွေ့ပိုင်အောင်၊ ရနိုင် ယူနိုင် ကြပါစေကုန် သတည်း၊၊

သာဓု....သာဓု....သာဓု။

ရနိုး တရားခွန်း ပြီးပြီ။

## " ရတနတ္တယံ - အဟံ - ဝန္ဒာမိ "

## " တချုံ့ကွယ်၍ တမယ်မေ့ ဖြစ်လေ့ဘော်ညွှန်း တရားခွန်း "

အကိစ္စံကိစ္စ မညေန၊ အဘိကရောန္တိ၊ ဗာလကာ။
လဒ္ဓေါကာသံ ဇဟိတွာန၊ ပရာဇေန္တိ သဇီဝကာ။

ဗလကာ၊ လွဲမည် မှားမည့်, တအားချိ၍ နေကြကုန်သော များပြီး မှောက်မှား, အမိုက်မှောင် သမားတို့သည်။ အကိစ္စံ၊ မောင့်တာဝန်,မယ့်တာဝန်၊ တကယ့်ဟာထင်, ငွဲ့စရာတမင် ကလိမ်ချုံ့ တောမှာလ၊ ချွဲခါထွင်အချိန်ကုန်လို့ မောရှာကြ၊ အတော မသတ်, မရပ်မတည်၊ ပတ်ချီ နှောင်ကြိုး၊ အကိစ္စ, အသာရ, အဋ္ဌာနဆိုတဲ့ အမှုမျိုးတွေကို။ ကိစ္စမညေန၊ မောသမျှ,ပန်းသမျှဘန်း မလှအောင်၊ မှန်းဆခါ စိတ်ကစွဲစွဲပြီး၊ တကယ့်ကိုကိစ္စဘဲ ဟူသောအမှတ်ဖြင့်။ ဝါ၊ လွဲသမျှ,မှားသမျှ,တားမရအောင်၊အားကျခါ စိတ်ကစွဲစွဲပြီး၊ဟကယ့်ကို ကိစ္စဘဲဟူသော အမှတ်ကြောင့်၊ အဘိကရောန္တိ၊ နေ့မရှောင်ညမရှောင် မ,တထောင် တကောင်ဘွား ဟဲ့လို့၊ ခဏတောင် အချောင်မနားတော့ဘဲ၊ကြိမ်းဝါးပြုလုပ်၊ အမှု

ရှင်ခါ နေကြလေကုန်၏။ လဒ္ဓေါကာသံ၊ မြန်ကြောင်း တစ,တစ-ကံဟောင်းမ,လို့မို့၊အရတော်စွ သာသနာ အခါကောင်းကာလ၊အခွင့်ကောင်းချိန် သမယကြီးကို။ ဇဟိတွာန၊ စားခါ အိပ်ခါ လုပ်ကိုင်ခါဖြင့်၊ ဓမ္မတာ စိတ်ထား၊ တရားလက်လွှတ်၊ အတင်းစွန့်ပစ်ကြကုန် သည်ဖြစ်၍၊ သဇ္ဇဝကာ၊ သေမင်းလက်တွင်, မဆက် ခင်မှာ အသက်ရှင်ခါ နေကြရတဲ့ ဟောဒီ လက်မတင် ဘဝကလေးမှ။ ပရာဇေန္တိ၊ ပါးသလို နပ်သလို တတ် သလို နေ့ရှေ စိုင်းချင်လို့၊ ခတ်ချိချိ အတွေ့ပရမေကို လှိုင်းလှိုင်းပြီး၊ မေ့မှိုင်း,ရွေ့ဆိုင်း,တွေတိုင်းသာ ရှောင် လွှဲ၍ မအောင်ဘဲ နေကြလေကုန်၏။ပရာဇေန္တိ၊ အဖုံဖုံ အသွယ်သွယ်၊ ဘုံလယ် မယ့်ဝလေ့တွေနှင့်၊ ယုံစဘွယ် တကယ်မတွေ့ဒါကြောင့်၊ ဒီ ကိုယ်ရေ....(တချုံ့ကွယ်, တမယ်မေ့)ဖြစ်ရလေစွ တကား။

မောင်သောင်းရေ....(ဘုရား)တရားနာသူ၊ ရှင်,လူ အများ၊ အမြဲတန်း သတိထားကြဘို့၊ ငါတို့ ဆရာတော် ဘုရားကြီး ဥပမာ, စကားတခု ပုံပြုပြီး ဂရုစိုက်ခါ ကြားနာတတ်ရန်အရေး ဆုံးမချက်ကြီး ပေးတော်မူခဲ့ မဟုတ်လား။ (အမိန့်ရှိတော်မူပါဘုရား)။

တရားနာကြသော အခါ၊ ဥပမာမှာ၊ မျက်စိမမြင် သောသူကို မျက်စိ မြင်သောသူက၊ ဘောင်ဇေးကလေး

တခုနှင့် ဆွဲကိုင်ခေါ်ဆောင်၍သွား လေရာ။ ထို လိုက်ပါလာစဉ် မမြင်သောသူသည်၊ မိမိ ဆွဲကိုင်၍ ထားသော ထိုတောင်ဝှေး၏ လွှဲမှု, ကွေ့မှု, နိမ့်မှု, မြင့်မှု ဘသော တခုကိုသာ အာရုံပြု၍ ဂရုတစိုက်၊ အမှီ သိုက်ရလေ၏။ တောင်ဝှေးကလေး လွှဲသွား ပြန်ရင်လဲ ဒါ အဝင်ဘဲ၊ ဒါ အထွက်ဘဲ၊ ကွေ့သွားပြန်ရင်လဲ ဒါ လမ်းကွေ့ဘဲ၊ ဒါ လမ်းကောက်ဘဲ၊ နိမ့်သွားပြန်ရင် လဲ ဒါ ကြင်းဘဲ၊ မြင့်သွားပြန်ရင်လဲ ဒါ ကုန်းဘဲ စသည်ဖြင့်တောင်ဝှေး၏ အရိပ်အကဲကိုသာအသုံးချသွားတတ်လျှင် လိုရာဌာနသို့ ချောမောစွာ ရောက်ရဘိသကဲ့သို့၊ ထို့အတူ တောင်ဝှေးနှင့် တူသော ဟောပြော ရွတ်ဖတ်သော အသံတွင် အဖတ်မတင်စေဘဲ၊ ထို အသံထဲမှာပါသောတရားသား အရိပ် အကဲ ကိုသာ၊ စိတ်ထဲက အသုံးကျ အသုံးဝင်၊ အနေနှင့် ယူဆ တ တ် မှ သ ာ ယထာဘူတ-အမှန်ကျ ဆိုက်ရောက်နိုင်ကြမည်ဟု....ဆုံးမတော်မူတယ် မဟုတ်လား၊ (မှန်ပါ၊ သည်အတိုင်း ဆုံးမတော်မူပါဘုရား)။

ဒါ့ကြောင့်-တရားဟောပြောသောအခါမှာဖြစ်စေ တရား ဆွေးနွေးသော အခါမှာ ဖြစ်စေ၊ အရွတ်တွေ, အဖတ်တွေ-သိတ် လေးရှေ မနေစေနှင့်၊ အရွတ် ဆိုဒါ သိတ်ကောင်းဒါ မဟုတ်ဘူး။ အမဲသားမျှားတောင်မှ အနွတ်ကျ၊ ဝါး,မရလို့ လွှင့်ပစ်လိုက်ရရော။

ပုထုဇဥ်တို့ရဲ့ အလေ့ ဟုတ်သရွေ့ မှန်သရွေ့ တစေ့ မကျန်ရအောင် "တချုံ့ကွယ် တမယ်မွေ့" ဆိုတဲ့ စကား ကို ပြောတယ်ထားပြီး၊ ရေလယ် သွားအောင် ရှင်းလိုက် ကြအုံးစို့။

သူငါကစ-မောင်အန္တ, မယ်အန္တ၊ မှန်သမျှတို့၏ မူလ ဘူတ အရင်းကျသော အတွင်းစိတ်ထဲ၊ ခေတ်အကဲက အလွဲဘက်သွား၊ အမှားဘက်ငိုက်၊ အမြဲ စိုက်နေမှုကြီး ကလည်းတကြောင်း။

ဆိုချီပြောချီ့ လောကီအမှုသူ့ တာဝန်, ကိုယ့်တာဝန် အလွန်ရှုပ်၍ တကယ့်အလုပ် မဟုတ်သော အကိစ္စ၊ ချမ်းသာသုခ ရှာခရ၍၊ တကယ့်အနှစ်သာရမဟုတ်သော အသာရ အကြိတ်အခဲ၊ အစွဲ တင်လင်း, အပြင်းအထန်၊ အသန်အမာ ဘယ်နေရာမှ အားကျစရာ၊ မလုပ်သာ၍ တကယ့် အရာမဟုတ်သော အဋ္ဌာန၊ ထိုဗာဟိရ ကိစ္စ မျိုးတွေကို၊ တကယ့် ကိုယ့်အကျိုး, တကယ့် ကိုယ့်စီးပွား ထင်ပြီး၊ တွင်တွင်ကြီး ပြုလုပ်နေကြသည့်လည်း တဖုံ။

ကံကောင်းထောက်မလို့ လူ့ဘုံ လူ့ဘဝ၊ လူရယ်လို့ ဖြစ်လာရ၊ သာသနာ့ ရောင်ကြီးကလဲ တပြောင်ပြောင်၊ တရား ရောင် တွေကလဲ တလင်းလင်း၊ ထိန်လို့သာ ဝင်းရော့၊ သေမင်း၏လက်တွင်း မသက်ဆင်းခင်ခဏ၊ အင်မတန် ဟန်ရတဲ့၊ ဩော်....လက်မတင်ဘဝကလေး ပါကလားလို့၊ မစဉ်းစားမိကြသည့်လည်း တချက်။

သို့အတွက်ကြောင့်-အဆက်ဆက်သော ဘုရားတွေ တဆူနှင့်မတွေ့၊ တဆူနှင့် တွေ့နေသော်လဲ၊ မဝင်လေ ကျွတ်ပွဲ၊ မနွဲလေ ကျွတ်တန်း၊ သွားမြဲလမ်း ဘုံသုံးပါး၊ ခုထက်ထိ မရပ်နားဘဲ ဘုရားကို နောင်ထား၊တရားကို ရှောင်သွားကြလို့မို့၊ တွေ့တိုင်း ရှောင်သမားတွေ ဖြစ် နေကြ ဆိုပါလား-မောင်သောင်းရေ။ (မှန်ပါ၊တွေ့တိုင်း ရှောင်သမားမျိုးတွေ ဖြစ်နေကြပါဘုရား)။

နောက် နောက်သော ဘဝ,ဘဝါ။ကမ္ဘာ့ကမ္ဘာက ဂင်္ဂါဝါဠု၊ သဲစုနှင့်အမျှ၊ မက မက ပွင့်တော်မူကြ ကုန်သော မြတ်စွာဘုရားကြီးတွေ ပရိနိဗ္ဗာန် စံဝင်၍ ကွယ်လွန်တော် မူကြလေကုန်ပြီ....၊ ငါတို့ တတွေမှာ မေ့မြဲသာ မေ့ခဲ့ကြလေကုန်၏။

ယခုလဲ—ဂေါတမသခင်, ဘုရားရှင်သည်လည်း ပရိ နိဗ္ဗာန် စံဝင်၍ ကွယ်လွန်တော် မူပြန်လေပြီ....ငါတို့ တတွေမှာ မေ့မြဲသာ မေ့လျက်ပင် ရှိကြကုန်၏။

ဤ ယခု-ပစ္စုပ္ပန်တွင် ဘုရားရှင်ကို မေ့နေကြဒါ ထောက်စာ၍ ကြည့်လိုက်လျှင်၊ရှေးအတိတ် ဘုရားတွေ ကိုလဲ မေ့လာခဲ့ကြပြီ....နောင် အနာဂတ် ဘုရားတွေ ကိုလဲ အကယ်၍အရာ အထောင်မက, အဆူဆူ တွေ့ရ စေကာမူ၊သည်အတိုင်း မေ့ကြအုံးမှာဘဲ ဆိုဒါ မလွဲမုချ သိသင့် သိထိုက်လှပေ၏။

သို့ကလို တွေ့ပြီးကိုလဲမေ့၊ တွေ့ဆဲကိုလဲမေ့၊ တွေ့လတံ့ကိုလဲမေ့၊ ပုထုဇဉ်တို့၏ အခလေ့နှင့်ဖြင့် ဘယ်တော့မှ အလိုမပြေ့။ နိမ္မိန္ဒဉာဏ် သိသိကလေးမှ မတွေ့လာသောကြောင့်၊ ယခုတွေ့ပါသော်လဲ နောင်၊နောင်-တွေ့ပြန်တော့လဲ ဟိုနောင်....ဟိုနောင်၊ ဟိုနောင်ပဆုံးအောင် စကားများ၊ အပေါ်ယံ နှုတ်ဖျားကလေးနှင့် ဘုရားကိုလှည့်စား,တရားကိုသတိမထားဘဲတချုံ့ကွယ်တမယ်မေ့ သမားတွေ၊ ခက်လို့ပင် နေကြပြီ....; မောင်သောင်းရ။ (မှန်ပါ၊ တချုံးကွယ် - တမယ်မေ့၊ ဒီအလေ့ ဘယ်ခါမှ ပျောက်မယ် မသိပါဘူးဘုရား)။

မြတ်စွာဘုရား၏ သာသနာ ဘုံနှင့် ချိတ်မှီရုံ လက်မတင်ခဏ တွေ့ဆုံရတဲ့အခါ၊ တရားကို မလေ့လာဘဲ မေ့နေရိုး ဝါသနာကို စွန့်ပစ်ခါ ပယ်ဖျောက်ပြီး၊ သားတော်ကြီးအစစ်၊ သ္မီးတော်ကြီး ဖြစ်ရလေအောင် ဝိပဿနာ အသိဉာဏ် မြန်မြန်ကြီး ထူထောင် လိုက်ကြရမည်။

ဒီအခါမှာ ဝိပဿနာဉာဏ် ထူထောင် လိုက်မှိရင်၊ ထိုအသိဉာဏ်ကလေးဟာ,ဘဖြေးဖြေးထက်သန်လာ၍ မဂ်ဉာဏ်နှင့် မဝေး၊ ဖိုလ်ဉာဏ်နှင့် အနီး ကလေးမို့၊ နောက်သို့ ပြန်လည် ဆုတ်နစ်ခြင်း အလျဉ်းမရှိတော့ဘူးဆိုပါလား-မောင်သောင်းရ။(မှန်ပါ၊မဂ်ရပ် ဖိုလ်ရပ်သို့ တသမတ်ထည်း ချဉ်းကပ် နိုင်ကြောင်းပါဘုရား)။

ဝိပဿနာ အလုပ်ကို ထူထောင် အားထုတ်မှိသော ပုဂ္ဂိုလ်တို့အား အကျိုးတရား ငါးပါး ရှိသည်၏အဖြစ်ကို စိစစ်၍ သိကြရမည်။

## ငါးပါး ဟူသော်ကား

(၁) ယခုဘဝ, ပစ္စက္ခဝယ်, အရှယ်သုံးပါး တို့တွင် တပါး ပါး၌ပင်၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်သို့ သက်ဝင် ဆိုက်ရောက်ခါ, အောင်မြင်စွာ မျက်မှောက် ပြုရခြင်း။

(၂) အကယ်၍ကား-ထိုအခါများ မရသေးထား လွန်၍ သွားငြားအံ့၊ သေခါနီး အခါ၌ ဆိုက်ရောက် ရရှိခြင်း။

(၃) ထိုမှတဖန်, လွန်သွားပြန်သော်၊ လူ့ထံစုတေ နတ်ပြည်သို့ ကျ၊ ထိုကာလမှာ ချမ်းသာစွာ အရ ယူနိုင်ခြင်း။

(၄) သည်မှ တပါး၊ လွန်သွားခဲ့လျှင်၊ ဘုရားရှင် နောက်၊ပွင့်ပေါ်ပေါက်က၊ မုချမသွေ ရထိုက် လေ၏။

(၅) ဤမှတတန်၊ လွန်ပြန် လေက၊ သာသနာပ, မှာ ပစ္စေကဗုဒ္ဓါ ဖြစ်ရခါ၌၊ မျက်မှောက် ဆိုက်ရောက် ရလေ၏။

ဤသို့ ပြဆိုအပ်ခဲ့ပြီးသော ဌာနကြီး ငါးပါးတို့တွင် တပါး ပါး၌ မဂ်ဉာဏ်, ဖိုလ်ဉာဏ်သို့ ဆိုက်ရောက် ရနိုင်သည် ဟူသော ဘုရားဟောကို ယောက်ထား ကြပါလျှင် ဝိပဿနာတရားကို ဘယ့်ကလောက် ပွားများ အားထုတ် လိုက် စရာ ကောင်းလဲဟာ – မောင်သောင်းရ။ (မှန်ပါ၊ အလွန် ကြီးစားတို့ကောင်းပါဘုရား)။

ဝိပဿနာဉာဏ်စခန်းကို ထူထောင်မှိသောဝိပဿနာ ယောဂီ ပုဂ္ဂိုလ်များဟာ၊ မဂ်ဖိုလ်ကို ရရာအပြီး ဤဌာန ကြီး ငါးပါးမှ မရဘဲလွန်သွားတယ်လို့ ရှိပါအုံးမလား၊ (မရှိပါဘုရား)။

ဒါဖြင့် ဝိပဿနာ တရားကို လေ့လာ ပွားများ မှိသော ပုဂ္ဂိုလ်မှန်ရင် မဂ်ဉာဏ်, ဖိုလ်ဉာဏ်၊ မြတ်နိဗ္ဗာန် ကြီးကို ရတော့မှာအပြီး၊ ရလက်မှတ်ကြီးကို ရပြီးသော ပုဂ္ဂိုလ်ဆိုလျှင် လွဲပါ့မလား။ (မလွဲပါဘုရား)။

ကဲ....ဒါဖြင့်ရင်၊ ဝိပဿနာဆိုတဲ့ အသိထူး, အမြင် ထူးကြီးကို မပေါက် ပေါက်အောင်၊ မပိုင် ပိုင်အောင်၊ ဆည်းပူး ထူထောင် လိုက်ကြဘို့ဘဲ၊ သို့မှသာ ယခင် ပြောဆိုခဲ့ပြီးသော ငါးဌာနမှ မလွန်ကြမှာကိုး။

ဝိပဿနာ ဆိုဒါ ကမ္ဘာ့လက်ရိုး, အသိမျိုး, အမြင် မျိုးတွေထက် လွန်ကဲပြီး၊ထူးသော အသိမျိုး,ထူးသော

အမြင်မျိုးကို ဝိပဿနာလို့ ဆိုတယ်။ ထူးအောင် ရှုရလိမ့်မယ်၊ ထူးအောင် သိရလိမ့်မယ်၊ ထူးအောင်မြင်ရလိမ့်မယ်-မောင်သောင်းရ၊ (မှန်ပါ၊ ထူးအောင်သိရ, မြင်ရပါလိမ့် ဘုရား)။

ဤဝိပဿနာ ဉာဏ်ပညာသည် ဘယ်လိုထူးအောင် သိတတ်, မြင်တတ်, ဆင်ခြင် တတ်ပါသလဲ၊ 'ဝိ' သဒ္ဒါ၏ အရကို အဋ္ဌကထာ ဋီကာ ကျမ်းကြီးတို့အလို, စုစုချုပ် ဝိဂြိုဟ် ဆိုရလျှင်....။

ပုဂ္ဂလသတ္တ အတ္တဇီဝါဒိ နိမိတ္တံ၊ အတိက္ကမိတွာ
ဝိသေသေန ပဿန္တိ ဧတာယာတိ ဝိပဿနာ။

ပုဂ္ဂလသတ္တ အတ္တဇီဝါဒိနိမိတ္တံ၊ ပုဂ္ဂိုလ် သတ္တဝါ, ကိုယ်ငါ့ အသက်အစ ရှိသော ထင်ချက်ကြောင်တောင်၊ အရောင်အရိပ် အကောင် နိမိတ်တေ့ကို။ အတိက္ကမိတွာ၊ ကြိတ်ချေ မွှေနောက်၊ ကျော်လွန် မြောက်၍။ ဧတာယ၊ ဤအသိအလိမ္မာ၊ ဉာဏ်ပညာဖြင့်။ ဝိသေသေန၊ ကမ္မာခ လက်ရိုး၊ အသိမျိုးထက်၊ တံခိုးအမွန်၊ အလွန်ထင်ရှား၊ ထူးသောအားဖြင့်။ ပဿန္တိ၊ သိတတ်,မြင်တတ်,ဆင့်ခြင် တတ်ကုန်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ဝိပဿနာ အမိုက်မှောင်ခွင်း၊ အလင်းရောင်ဖြာ ဝိပဿနာမည်၏။

ကမ္မာသူ, ကမ္မာသား လူအများတို့ တသံသရာ လုံးက၊ ယူကြ, သိကြ၊ ထင်မြင်ခဲ့ကြပုံကား ပုဂ္ဂိုလ်အစစ် အမှန်၊ ကေန်ရှိတယ်၊ သတ္တဝါအစစ်အမှန် ကေန်ရှိတယ်၊

ငါကိုယ်, အစစ်အမှန် ကောန်ရှိတယ်၊ အသက် အစစ် အမှန် ကောန်ရှိတယ်၊ ခိုင်မြဲတယ်, ချမ်းသာတယ်, အစိုးရတယ် စသည်ဖြင့် အရောင်တွေအရိပ်တွေနှင့်အကောင်တွေ, နိမိတ်တွေ ထင်မြင် လေသမျှ၊ ကမ္ဘာ့ လက်ရိုး၊ အသိမျိုးတွေ မဟုတ်လား - မောင်သောင်းရ။ (မှန်ပါ၊ ကမ္ဘာ့လက်ရိုး၊ အသိမျိုးတွေပါဘုရား)။

ထို အသိမျိုးတွေကို လွှန်မြောက်၍ သဏ္ဍာန်နိမိတ်တွေ ကင်းပျောက်အောင် အထူးအားဖြင့် ပွားများ ဆင်ခြင် ထင်မြင်တတ်ထာကို ဝိပဿနာလို့ ဆိုတယ်။

ကဲ ကမ္ဘာ့သိထက် အလွှန်အကျူး ထူးလာအောင် သိပုံ,မြင်ပုံကို သဘာဝအာရုံနှင့် ကပ်ပြီး၊ ဆင်ခြင်နည်း အချက်၊ ရှုလုံး ရှုကွက် ပြောကြအုံးစို့။

မြင်မြင်သမျှ ဝဏ္ဏ၊အစုစုတို့၌၊ ပရမတ်တရား ခတ်သားသို့ ဆိုက်အောင် ကြည့်လိုက်မယ်ဆိုရင်၊ မျက်စိနှင့် ဆိုင်ရာမှာ ညိုသော အဆင်း, ဝါရွှေသော အဆင်း, နီသောအဆင်း,ဖြူသောအဆင်း,ကြောင်သောအဆင်း, ကျားသော အဆင်း-အစရှိသော ၎င်းအဆင်း ပရမတ် ဝဏ္ဏဓာတ် တပါး။

နှာခေါင်းနှင့် ဆိုင်ရာမှာ-မွှေးသောအနံ့၊ပုပ်သော အနံ့၊ ညှီသောအနံ့၊ စိမ်းသောအနံ့ အစရှိသော ၎င်း အနံ့ပရမတ် ဂန္ဓဓာတ်တပါး။

လျှာနှင့်ဆိုင်ရာ ချိုသောအရသာ,ချဉ်သောအရသာ, ဖန်သော အရသာ, ခါးသော အရသာ,စပ်သော အရသာ, ငန်သော အရသာ အစရှိသော ၎င်းအရသာ ပရမတ် ရသဓာတ် တပါး။

ရသဓာတ်၌ပါသော ရပ်ကို ထောက်ပံ့တတ်သော အဆီ, အစေး ပရမတ် ဩဇာဓာတ်တပါး၊ ဤလေးပါး နှင့် ဓာတ်ကြီးလေးပါးကို တွဲစပ်လိုက်သော် ရုပ်,ရှစ်ပါး အပေါင်းဖြစ်သော သုဒ္ဓဋ္ဌက ကလာပ်ဟု ခေါ်သည်။

နားနှင့်ဆိုင်ရာ ခေါ်သံ, ပြောသံ, မြည်သံ, တွန်သံ, တီးသံ,ခတ်သံ,မှုတ်သံ,လေသံ,ရေသံ အစရှိသောအသံ ပရမတ် သဒ္ဒဓာတ်တပါး။ ယခင် သုဒ္ဓဋ္ဌက ကလာပ်နှင့် တွဲစပ်လိုက်သော် အသံလျှင် (၉)ခု မြောက် ဖြစ်သော သဒ္ဒနဝက ကလာပ်ဟု ခေါ်သည်။

ထို ရုပ်သဘော ရုပ်ဓာတ်,ရုပ် ပရမတ်တရားကလေး တွေကိုသာ အ ထ င် အ ရှ ား တွေ့ရမယ် မဟုတ်လား မောင်သောင်းရ။ (မှန်ပါ၊ ဒီ တရားစုသာ တွေ့ရပါ ဘုရား)။

ယခင်က ပြဆိုခဲ့ပြီးသော ညိုညို, ဝါဝါ,နီနီ, ဖြူဖြူ, ကြောင်ကြောင်,ကျားကျားတပါးပါးကိုမြင်လိုက်သော အခါ၊ ဩော်....ပုဂ္ဂိုလ်လဲမပါ၊ သတ္တဝါလဲ မတွဲ၊ ငါလဲ

မဘက်၊ အသက်လဲ မဟုတ်။ အဆင်းရုပ် ပရမတ် ဝဏ္ဏ ဓာတ်သား အမှန် ဟုတ်ပါကလားသို့ သိလိုက်, မြင် လိုက်, ဆင်ခြင် လိုက်ရမယ်။

မွှေးမွှေး ပုပ်ပုပ်၊ညှီညှီ စို့စို့၊ပျို့ပျို့ အန်အန်၊တခုခုကို နံလိုက်သော အခါမှာလဲ၊ ဩော်....ပုဂ္ဂိုလ်လဲ မပါ၊ သတ္တဝါလဲမတွဲ၊ ငါလဲမဘက်၊ အသက်လဲမဟုတ်၊ အနံ့ ရုပ် ပရမတ်။ ဂန္ဓဓာတ်သာ အမှန် ဟုတ်ပါကလားလို့ သိလိုက်, မြင်လိုက်, ဆင်ခြင် လိုက်ရမယ်။

ချိုချို ချဉ်ချဉ်၊ စပ်စပ် ဖန်ဖန်၊ငန်ငန် ခါးခါး၊ တပါး ပါးကို စားလိုက်သော အခါမှာလဲ၊ ဩော်....ပုဂ္ဂိုလ်လဲ မပါ၊ သတ္တဝါလဲမတွဲ၊ ငါလဲမဘက်၊ အသက်လဲမဟုတ်၊ အရသာ ရုပ်ပရမတ် ရသ ဓာတ်သာ အမှန် ဟုတ်ပါ ကလားလို့ သိလိုက်,မြင်လိုက်,ဆင်ခြင်လိုက်ရမယ်။

ထမင်း, ရေ, မုန့်, အကျော်, ခဲဘွယ်, လျက်ဘွယ် အစ ရှိသည်တို့တွင်၊ တ ခု ခု ကို စားသောက်ကြ၍ ရုပ် အစဉ်သည် ကြည်လင် ရွှင်လန်း,သန်စွမ်း တောင့်တင်း၊ ခန့်ကျန်းခြင်း ဖြစ်လာသော အခါမှာလဲ၊ ဩော်.... ပုဂ္ဂိုလ်လဲမပါ၊ သတ္တဝါလဲမတွဲ၊ငါလဲမဘက်၊ အသက်လဲ မဟုတ်၊ အဆီ အစေး ရုပ် ပရမတ် ဩဇာဓာတ်၏ သတ္တိ ကလေးသာ အမှန် ဟုတ် ပါ က လား လို့ ၊သိလိုက် မြင်လိုက်,ဆင်ခြင် လိုက်ရမယ်။

ကောင်းသော အသံ, မကောင်းသော အသံ၊ နားခံသာမှု, နားမခံသာမှု၊အသံစုတို့တွင် တခုခုသောအသံကို ကြားရသော အခါမှာလဲ၊ ဩော်....ပုဂ္ဂိုလ်လဲ မပါ၊ သတ္တဝါလဲမဲ့၊ ငါလဲမဘက်၊ အသက်လဲမဟုတ်၊ အသံရုပ်ပရမတ်၊ သဒ္ဒဓာတ်သာ အမှန် ဟုတ်ပါကလားလို့၊ သိလိုက်, မြင်လိုက်, ဆင်ခြင်လိုက်ရမယ်။

ဟောဒါလို-အသီး အသီး၊အသက အသက၊ သဘာဝ သစ္စာဉာဏ်နှင့် ဝေဘန် ခွဲခြားပြီး၊ အစွဲမှားနေတဲ့ အရောင် အရိပ် အကောင် နိမိတ်တွေကို ကြိတ်ချေ မှုတ်လွှင့် ပစ်ရလိမ့် မဟုတ်လား - မောင်သောင်းရ။ (မှန်ပါ၊ ကြိတ်ချေ မှုတ်လွှင့် ပစ်ရပါလိမ့် ဘုရား)။

သဘာဝ သစ္စာဉာဏ်နှင့် မှုတ်လွှင့်၍ ပစ်ရမယ် ဆိုသော်လဲ၊ ထို သဏ္ဌာန် နိမိတ်တွေဟာ နဂိုရ် မူရင်းကိုက သဘာဝလက္ခဏာအခြေနှင့် အဟုတ်တကယ် ရှိနေလို့ မဟုတ်ဘူး။ အဟုတ် တကယ်ရှိတဲ့ သဘာဝ လက္ခဏာထူးကို စူးစိုက် တူးဖေါ် ဉာဏ်နှင့် ကော်၍၊ ကြောင်ကြောင် ပေါ်လာအောင်၊ မသိ မမြင်၊ မဆင်ခြင်တဲ့ အတွက်ကြောင့်၊ သက်သက် အပိုထင်မှု, အမှား အခါရုံစုတွေလို့ မှတ်ရမယ်။

အဟုတ်တကယ် မရှိလို့၊ သဘာဝ သစ္စာဉာဏ်နှင့် ကြည့်လိုက်တော့၊ သူတို့အလိုလို ကွယ်ပျောက် လွင့်စင်

သွားကြရတယ်။ အဟုတ်တကယ် ရှိခဲ့ပါလျှင်ဘယ်လိုပင် မှုတ်လွှင့်ပစ်သော်လဲ ဘယ်နည်းမှ ကွယ်ပျောက်လွှင့်စင် သွားကြမယ် မဟုတ်ဘူး။

ထိုသို့ပင်-အဟုတ်တကယ် မရှိသော်လဲ၊ ဒါပုဂ္ဂိုလ်ဘဲ ဒါသတ္တဝါဘဲ၊ ဒါငါဘဲ၊ ဒါကိုယ်ဘဲ၊ ဒါဘာကောင်ဘဲ၊ ဒါညာကောင်ဘဲ စသည်ဖြင့် သက္ကာယဒိဋ္ဌိ နယ်အတွင်း မှာတော့ အလွန် ကျယ်ဝန်း နေသပေါ့လေ။ (မှန်ပါ၊ အလွန် ကျယ်ဝန်းလှပါဘုရား)။

သူကျယ်ဝန်းလို့ကြိတ်ခဲတင်းလင်း၊ အပြင်းအထန်၊ ဥပါဒါန် စွဲလန်းမှုတွေ ရတ်တရက် မျက်စိလယ် မပြေ နိုင်ကြဒါပေါ့။

ဒါကြောင့်--ဝိပဿနာ အလုပ်ဆိုဒါ၊ သက္ကာယဒိဋ္ဌိ နယ်မှာ ဥပါဒါန် မျက်စိလယ်ပြေဘို့ အားထုတ်ကြရတဲ့ အလုပ်ကြီး မဟုတ်လား။ (မှန်ပါ၊ ဝိပဿနာ ဆိုဒါ မျက်စိလယ် တကယ်ပြေတဲ့ အလုပ်ကြီးပါ ဘုရား)။

အေး....မျက်စိလယ်ပြေတဲ့ အလုပ်ကြီးမှန်းသိရင်လဲ ကိုယ်ဖိရင်ဖိ ထိထိရောက်ရောက်တကယ်ပေါက်အောင် အားထုတ် ရလိမ့်မယ်၊ တသံသရာလုံးက လယ်လာတဲ့ မျက်စိ ဒီဘဝမှ အလယ်မပြေလျှင်၊ ဘယ်တော့မှ ပြေကြ တော့မယ် မဟုတ်ဘူးနော်။

ကဲ....ဒါဖြင့် ဝိညာဉ်သိ,ဝိညာဉ်မြင်တွေ မျက်စိလယ် ပြေသည့်ထက် ပြေသွားအောင်၊ ယခင်က ပြဆိုခဲ့သော

ဝဏ္ဏဓာတ်,ဂန္ဓဓာတ်,ရသဓာတ်,ဩဇာဓာတ်,သဒ္ဒဓာတ် ဆိုတဲ့ ရုပ်ဓာတ်တွေနှင့် ပြန်ပြီး ကြိတ်ချေ ကြည့်လိုက်ကြအုံးစို့။

## "ဘာ့ကြောင့် ဓာတ်လို့ ခေါ်သလဲ"

နိဿတ္တ နိဇ္ဇီဝဋ္ဌေန ဓာတုယော။

နိဿတ္တ နိဇ္ဇီဝဋ္ဌေန၊ ဤကား သတ္တဝါ,ဤဟာအသက် လက်ဆုပ် လက်ကိုင် မပြနိုင်သော အနက် သဘောကြောင့်။ ဓာတုယော၊ ဝိပဿနာဉာဏ် အမြင်မှန်သော ဓာတ်သဘော မည်ကုန်၏။

ဤပါဠိအရ အဓိပ္ပါယ် ဖြောင့်ရလျှင်၊ ဝဏ္ဏဓာတ် ဆိုတဲ့ အဖြူ,အနီ အစရှိသော အဆင်း သဘောကလေး ထဲမှာ ဟောဒါ ပုဂ္ဂိုလ်ဘဲ, ဟောဒါ သတ္တဝါဘဲလို့၊ ဆွဲကိုင်၍ ပြနိုင်ပါ့မလား-မောင်သောင်းရေ။ (မပြနိုင်ပါဘုရား)။

ထို အဆင်း ဓာတ်ကလေး ပေါ်လာခိုက် မြင်လိုက် ရုံမျှ မတ္တတ် တဒင်္ဂ တခဏ အာဂန္တုက သဘောမို့။ ချက်ခြင်းရွေ့လျောပြီး၊ လတ်တလော ပျက်စီးသွားရ၍၊ ဟိုဘဝက ဒီဘဝ၊ ဒီဘဝက ဟိုဘဝ၊ တဆက်ထည်း တစဉ်ထည်းတည်မနေနိုင်သည့်အတွက်ကြောင့်အသက် ဆိုဒါကော ဟုတ်ပါ့မလား။ (မဟုတ်ပါဘုရား)။

ကဲ....ဒါမှ သဘော မကျသေးလျှင်၊ ဂန္ဓခေတ်ဆိုတဲ့ အမွှေး အပုပ် အစရှိသော အနံ့ သဘောကလေးထဲမှာ၊ ဟောဒါ ပုဂ္ဂိုလ်ဘဲ, ဟောဒါ သတ္တဝါဘဲလို့ ဆွဲကိုင်၍ ပြနိုင်ပါ့မလား။ (မပြနိုင်ပါဘုရား)။

ထိုအနံ့ခေတ်ကလေး ပေါ်လာခိုက်၊ နံလိုက်ရုံမျှ မတွတ်၊တဒင်္ဂတခဏာ အာဂန္တုကသဘောမို့၊ချက်ခြင်း ရွှေ့လျောပြီး,လတ်တလော ပျက်စီးသွားရ၍၊ ဟိုနှစ်က ဒီနှစ်၊ ဒီနှစ်က ဟိုနှစ်၊ တဆက်ထည်း တစဉ်ထည်း တည် မနေနိုင်သည့် အတွက်ကြောင့် အသက် ဆိုဒါကော ဟုတ်ပါ့မလား။ (မဟုတ်ပါဘုရား)။

ကဲ-ဒါမှ မကျေနပ်သေးလျှင် ရသခေတ်ဆိုတဲ့ အချို, အချဉ် အစရှိသော အရသာ သဘော ကလေးထဲမှာ ဟောဒါ ပုဂ္ဂိုလ်ဘဲ၊ ဟောဒါ သတ္တဝါဘဲလို့ ဆွဲကိုင်၍ ပြနိုင်ဉ်ပါ့မလား။ (မပြနိုင်ပါဘုရား)။

ထိုအရသာ ခေတ်ကလေး ပေါ်လာခိုက်၊ လျက် လိုက်ရုံမျှ မတွတ်၊တဒင်္ဂ တခဏာအာဂန္တုကသဘောမို့ ချက်ခြင်းရွှေ့လျောပြီး လတ်တလော ပျက်စီးသွားရ၍၊ ဟိုလက ဒီလ၊ ဒီလက ဟိုလ တဆက်ထည်းတစဉ်ထည်း တည်မနေနိုင်သည့် အတွက်ကြောင့် အသက်ဆိုဒါကော ဟုတ်ပါ့ခလား။ (မဟုတ်ပါဘုရား)။

ကဲ ဒါမှ နေရာမကျသေးလျှင်၊ ဩဇာခေတ် ဆိုတဲ့ အဆိ,အစေး သဘောကလေးထဲမှာ ဟောဒါပုဂ္ဂိုလ်ဘဲ ဟောဒါ သတ္တဝါဘဲလို့ ခွဲကိုင်၍ ပြနိုင်ပါ့ မလား။ (မပြနိုင်ပါဘုရား)။

ထို ဩဇာခေတ်ကလေး ပေါ်လာခိုက်၊ ပြန့်နှံ့လိုက်ရုံမျှ မတွတ်၊ တဒင်္ဂ တခဏ အာဂန္တုကသဘောမို့၊ ချက်ခြင်း ရွေ့လျောပြီး၊ လတ်တလော ပျက်စီးသွားရ၍၊ ဟိုနေ့က ဒီနေ့၊ ဒီနေ့က ဟိုနေ့၊ တဆက်ထည်း တစဉ်ထည်း၊ တည် မနေနိုင်သည့် အတွက်ကြောင့်၊ အသက် ဆိုဒါကော ဟုတ်ပါ့မလား။ (မဟုတ်ပါဘုရား)။

ကဲ....ဒါမှ မရှင်းသေး မလင်းသေးလျှင် သဒ္ဒခေတ် ဆိုတဲ့ ခေါ်ခြင်း, ပြောခြင်း အစရှိသော အသံသဘော ကလေးထဲမှာ၊ ဟောဒါပုဂ္ဂိုလ်ဘဲ၊ ဟောဒါ-သတ္တဝါ ဘဲလို့ ခွဲကိုင်၍ပြနိုင်ပါ့မလား၊ (မပြနိုင်ပါဘုရား)။

ထို အသံခေတ်ကလေး ပေါ်လာခိုက်၊ ကြားလိုက် ရုံမျှ မတွတ်၊ တဒင်္ဂ တခဏ အာဂန္တုက သဘောမို့ ချက်ခြင်း ရွေ့လျောပြီး၊ လတ်တလော ပျက်စီးသွားရ၍ ဟိုခဏက ဒီခဏ၊ ဒီခဏက ဟိုခဏ တဆက်ထည်း တစဉ်ထည်း တည်မနေနိုင်တဲ့ အတွက်ကြောင့်၊ အသက် ဆိုဒါကော ဟုတ်ပါ့မလား၊ (မဟုတ်ပါဘုရား)။

အဲဒီလို သဘာဝနှင့် စစ်တန်းထုတ်ကြည့်လိုက်တော့ ပုဂ္ဂိုလ် သတ္တဝါ ဆိုဒါ လက်ဆုပ် လက်ကိုင် ပြောစရာ ပြစရာ အဘယ်မှာ ရှာလို့ရပါတော့မလဲ။

ထိုသဘာဝထဲမှ ရှာလို့မရရင်လဲ သဘာဝ ပြင်မှ အသီးအခြား ဟိုနား၊ ဒီနား အလွတ် သွားရှာဘို့က တော့- သာလို့ပင် ဝေးရောပေါ့။

ပုဂ္ဂိုလ်၊ သတ္တဝါ၊ ကိုယ်၊ ငါ အတ္တမှ ရှာမရတော့ဘဲ၊ ထိုပုဂ္ဂိုလ်ထဲ၊ ဟိုသတ္တဝါထဲ၊ ထိုကိုယ်ထဲ၊ ထိုငါထဲ၊ မပျက်ဘဲ တဆက်ထဲ တည်နေတဲ့ အသက်ကလေးဆိုဒါ လက်ဆုပ်လက်ကိုင် ပြနိုင်ဘို့ နေနေသာသာ အိပ်မက်ထဲ ထည့်မက် လောက်ရုံမျှ တောင် တွေ့ရသေးရဲ့လား မောင်သောင်းရ၊ (မှန်ပါ၊ အသက်ဆိုဒါ အိပ်မက် မက်စရာမျှတောင် ရှာမရပါဘုရား)။

နိမိတ်အရောင် အကောင် အထယ်တွေ၊ တကယ် လိုလို၊ အဟုတ် လိုလို၊ အဖို၊ အမ ထင်လေသမျှ စိတ်က ထင်ချင်တတ်တိုင်း အလှိုင်းများစွာ သူထင်ရုံခါမျှသာ ဖြစ်တော့သည်။

အဆင်းခတ်ကလေးတခုကို စူးစူးစိုက်စိုက်၊ ရှုလိုက် တဲ့အခါ ဘယ်ဟာနှင့်မှ မမှီးဘဲ၊ သူ့သဘော အသီး အဆင်း ခတ်ကလေး ထီးထီးမျှ၊ သဘာဝ ကျလာ အောင်။ အနံ့ခတ်ကလေး တခုကို စူးစူး စိုက်စိုက် ရှုလိုက်တဲ့ အခါ ဘယ်ဟာနှင့်မှ မမှီးဘဲ၊ သူ့သဘော

အသိး၊ အနံ့ခေတ်ကလေး ထိးထိးမျှ သဘာဝ ကျလာ အောင်။ အရသာခေတ်ကလေး တခုကို စူးစူး စိုက်စိုက် ရှုလိုက်တဲ့အခါ၊ ဘယ်ဟာနှင့်မှ မမှီးဘဲ၊ သူ့သဘော အသိး၊ အ ရ သ ာ ခေ တ် က လေ း ထိးထိးမျှ သဘာဝ ကျလာအောင်။ အဆိ့ အစေး ခေတ်ကလေး တခုကို စူးစူး စိုက်စိုက် ရှုလိုက်တဲ့အခါ ဘယ်ဟာနှင့်မှ မမှီးဘဲ၊ သူ့သဘောအသိး၊ အဆိ့ အစေး ခေတ်ကလေး ထိး ထိးမျှ သဘာဝ ကျလာအောင်။ အသံ ခေတ်ကလေး တခုကို စူးစူး စိုက်စိုက် ရှုလိုက်တဲ့အခါ၊ ဘယ်ဟာနှင့်မှ မမှီးဘဲ သူ့သဘော အသိး၊ အသံခေတ်ကလေး ထိး ထိးမျှ သဘာဝ ကျလာအောင်။ ဟောဒါလို-ဝိပဿနာ ရှုနည်းကို ကြပ်ကြပ်ကြီး သတိရှိကြလေ။

ဝိပဿနာ ရှုနည်း—နိသတ္တ,နိဇီဝအချက်ကြီး ဆိုဒါ၊ သဘာဝထိးထိးမျှ အာရုံရလာမှ ကမ္မာ့လက်ရိုး အသိ မျိုးထက် လွန်မြောက်၍ ထူးဆိုတဲ့ အသိဉာဏ် ဆိုက် ရောက်ပြီး၊ ဆိုတဲ့ အ လ င် း ရော င် ကြီး ပေါ်ပေါက် လာမှာကိုး-မောင်သောင်းရ။ (မှန်ပါ၊ ဒါမှ ထူးမှာပါ ဘုရား)။

မောင်သောင်းရေ ( ဘုရား ) ဒါဖြင့် ဝိပဿနာ လုပ်နည်း နိဿယျည်းအပြ၊အကျဉ်းချုပ် မှတ်ရအောင် သညတ ဆောင်ပုဒ်ချပေးအုံးမယ်။ကဲကဲအကုန်လိုက်ကြ လိုက်ကြ။

## " သုညတ ဆောင်ပုဒ်များ "

(၁) ဝဏ္ဏခေတ်၊ ဖြူမှု- နီမှု၊ အဆင်း ခေတ်စု ဆိုဒါ၊
လူလဲမဟုတ်၊နတ်လဲမဟုတ်၊ဗြဟ္မာလဲ မဟုတ်ပါ၊
သဏ္ဌာန် ဟူသမျှ၊ ယူဆ မနေ ဝိညာဉ်သာ၊
အတွင်းလဲ မရ၊ အပြင်လဲ မရ၊ သင်္ခတ–မြင်ကြ
သုညတာ။

(၂) ဂန္ဓခေတ်၊ မွှေးမှု - ပုပ်မှု အနံ့ခေတ်စု ဆိုဒါ၊
လူလဲမဟုတ် နတ်လဲမဟုတ်၊ဗြဟ္မာလဲ မဟုတ်ပါ၊
သဏ္ဌာန် ဟူသမျှ၊ ယူဆ မနေ ဝိညာဉ်သာ၊
အတွင်းလဲ မရ၊ အပြင်လဲ မရ၊ သင်္ခတ–မြင်ကြ
သုညတာ။

(၃) ရသခေတ်၊ ချိုမှု, ချဉ်မှု၊ အရသာခေတ်စုဆိုဒါ၊
လူလဲမဟုတ်၊နတ်လဲ့မဟုတ်၊ဗြဟ္မာလဲ မဟုတ်ပါ၊
သဏ္ဌာန် ဟူသမျှ၊ ယူဆ မနေ ဝိညာဉ်သာ၊
အတွင်းလဲ မရ၊ အပြင်လဲ မရ၊ သင်္ခတ–မြင်ကြ
သုညတာ။

(၄) ဩဇာခေတ်၊ ပြန့်မှု, နှံ့မှု၊ အဆီမခေတ်စု ဆိုဒါ၊
လူလဲ့မဟုတ်၊နတ်လဲမဟုတ်၊ဗြဟ္မာလဲမဟုတ်ပါ၊
သဏ္ဌာန် ဟူသမျှ၊ ယူဆ မနေ ဝိညာဉ်သာ၊
အတွင်းလဲ မရ၊ အပြင်လဲ မရ၊ သင်္ခတ–မြင်ကြ
သုညတာ။

(၅) သဒ္ဒခေတ္တ၊ ခေါ်မှု, ပြောမှု အသံခေတ်စုဆိုဒါ၊ လှုလဲမဟုတ်၊ နတ်လဲမဟုတ်၊ မြဟ္မာလဲမဟုတ်ပါ၊ သဏ္ဍာန်'ဟူသမျှ၊ ယူဆ မနေသာ ဝိညာဉ်သာ၊ အတွင်းလဲ မရ၊ အပြင်လဲ မရ၊ သခ်တ-မြင်ကြ သူညတာ။

## " တရား အဆုံးသတ် "

ဓမ္မပဋိဂ္ဂါဟကာ၊ တရားသံကို နာခံမှတ်ယူ များမိုလ် လူတို့သည်။ ဋတော၊ တရားတော်မြတ်၊ အဆုံးသတ်ချ၊ ဤကာလမှ။ ပဋ္ဌာယ၊ စ၍။ ။ယာဝဇီဝံ၊ မသေလွန်ခင်၊ ဝိညာဉ်ရှိတုန်း၊ တသက်လုံး၌ပင်လျှင်။ သကမ္မံ၊ မိမိလိုရာ မိမိသာပြု၊မိမိအမှု ဖြစ်သော။ သကိစ္စံ၊ကိုယ်ပိုင်ချမ်းသာ ကိုယ်မှာမြော်တွေး၊ ကိုယ်၌ ဧတို၊ ကိုယ့်အရေး မှန်လှ၊ ဝိပဿနာ ဆိုတဲ့၊ တကယ့် ကိုယ့်ကိစ္စကြီးကို။ မညန္တု၊ တနေ့တခါ၊ မမေ့သာအောင်၊ လေ့လာ အောက်မေ့ နိုင်ကြပါစေ ကုန်သတည်း။

သာဓု-သာဓု-သာဓု

တချုံ့ကွယ်, တမယ်မေ့ တရားခွန်း ပြီးပြီ။

" ရတနတ္တယံ-အဟံ-ဝန္ဒာမိ "

## " ကြက်ကန်း ဆန်အိုး တွေ့ရမျိုး ပုံထိုးဘော်ညွှန်း တရားခွန်း "

မာ ဝေါ ခဏံ ဝိရာဓေထ၊ခဏာတီတာ ဟိ သောစရေ။
သဒ္ဒတ္တေ ဝါယမေယျာထ၊ခဏော ဝေါ ပဋိပါဒိတော။

## (အပဒါန် ပါဠိတော်)

ဘောန္တော၊ တရားနာသူ-အိုလူအပေါင်း,သူတော်ကောင်းတို့။ဝေါ၊သင်တို့သည်။ခဏံ၊ သံသရာမှ လွတ်ရာလွတ်ကြောင်း၊ လမ်းကောင်း လမ်းသာ၊ နိယျာ နိကမြတ်ဓမ္မဖြင့် ဆုံးမတတ်စွာ သာသနာမှတ်၊ခဏမြတ်ကို။ မာဝိရာဓေထ၊ မမြော် မမြင်ဘဲ, အပျော်အရှင်နှင့်သာ, မချော် မလွန်ကြစေကုန်လင့်။ ဟိ၊ ဘာ့ကြောင့်တချက်၊ ဘယ်အတွက်ကြောင့်လဲ ဆိုမူကား။ခဏာတီတာ၊ထုံပေလုံပေ၊နွားသေ ဒတ်ထိုး၊ တေလေမျိုးဖြင့်၊ အကျိုး မပြီး၊ ရှုးတီးရှုးတာ၊ဘာဘာ့ ညာညာဆိုတဲ့အလုပ်မျိုးများနှင့် နေ့ ရက်တွေ အပုပ်အသိုး ထားပြီး၊ အလကား ချော် လွန်၍ သွားကြ ကုန်သော သူတို့သည်။ ။သောစရေ၊ လူမိုက်နောက်မှ အကြံရ ဆိုသကဲ့သို့၊ နောင်တ တဖန်၊

ပူပန် စိုးရိမ်ရတတ်ကုန်၏။ တသ္မာ၊ကြောင့် ကြမငေ၊ပူဆွေး တချက်၊ ထို အ တွ က် ကြော င့် ။ သဒတ္တေ၊ သေသည်၏ နောက်၊စိတ်ချလောက်ဘွယ်၊ တကယ်ယုံကြည်၊အတည် အားထားစရာ ဖြစ်သော လောကုတ္တရာ တရား၊ ကိုယ့် အကျိုး,ကိုယ့်စီးပွားဌ်။ ဝါယမေယျာထ၊ဘယ်လိုနေနေ၊ ဘာတွေဖြစ်ဖြစ်၊ မဆုတ်နစ်ဘဲ၊ အားကုန်နွဲ၍ အရအမိ ခဲလိုက်ကြကုန်ရာ၏။

ဝေါ၊ သင်တို့အား။ ခဏော၊ ဘဝကမ္ဘာ၊ သင်္ချေ ကြာလည်း၊ တခါတရံမျှ တွေ့ရနိုင်ဘဲ၊လွန်ကြုံခဲလှသော ဘဝ ထိပ်သီး ဤသာသနာ ခဏာထူးခဏာမြတ်ကြီးသည်။ ပဋိပါဒိကော ယခုမျက်မှောက်၊ ကံကောင်း ထောက်၍ ဆိုက်ရောက်ခါ လာကြလေပြီ။ ပဋိပါဒိကော၊ မဂ်ဖိုလ် စခန်း ရက်တိုတို မှန်းရင်ဖြင့်၊ မပျက်တန်းသာ ဉာဏ် တမျိုး လေ့ကြပေတော့၊ အချက်စခန်းမှာ ကံတန်ခိုး ပြေ့လို့မို့၊ တို့တတွေမှာဟော.... (ကြက်ကန်း ဆန်အိုး တွေ့) ရရှိကြလေပြီ တကား။

တကာချစ်ရေ ( ဘုရား ) ယခု ရွတ်ဆိုလိုက်သော ဘုရားဟော ပါဠိတော်ကြီးကို ဆင် ခြင် စဉ်းစားပြီး ကြည့်လိုက်လျှင် တရားနှင့် လွတ်ကင်း နေရမှာများ, အလွန်ကြောက်စရာ ကောင်းပါလား။ (မှန်ပါ၊ သိတ် ကြောက်စရာပါဘုရား)

အဓိပ္ပါယ်ကတော့-ငါ၏ ချစ်သား, ချစ်သမီးများတို့။ ငါဘုရား သာသနာ နိယျာနိက ဒေသနာနှင့်၊ အသေအချာ တွေ့ကြုံကြရတဲ့ အခါမှာ၊ပျော်ခါရွှင်ခါနှင့်မသင့်မတင့်သောအကြောင်းဇာတ်မသမာတွေကိုအကောင်းမှတ်ခါ အဟုတ်ထင်ပြီး လုပ်ချင်ဒါ လုပ်ကြရင်၊ မြတ်ချင်ရာ မြတ်ကြလိမ့်၊ အထက်တန်း ဘဝသို့၊ တက်လှမ်းနိုင်တဲ့ ဤခဏကို၊တွေးတွေးဆဆ မြော်မြင်ကြ၍၊သင်တို့မချော်လွန် ကြစေနှင့်လို့၊ လေးလေး နက်နက်ကြီးတိုက်တွန်းတော် မူသိုတယ်။

ဩော်....မဟာ ကရုဏာ တော်ကြီးဖြင့် သတ္တဝါအများကိုရာဟုလာ သားနှင့်မခြား,တသားတည်းထားအလွန် သနားတော် မူလှ၍၊ ဆုံးမ တိုက်တွန်းတော်မူသော စကားနှင့်၊ ဘုရား၏ ရွှေမျက်နှာတော်ကို ထောက်ထား ကြည့်လိုက်ရင်၊တရားများ အားနာ ပါးနာတောင် အားထုတ်စရာကောင်း ထင်ပါ့ - တကာချစ်ရယ်။ (မှန်ပါ၊အားနာ ပါးနာတောင်အားထုတ်ဘို့ကောင်းပါဘုရား)။

ဘာကြောင့်လဲ ဆိုတော့၊ဘုရားအဆုံးအမ, ဩဝါဒဓမ္မကို၊ အရမယူဘဲ၊ လွန်ကဲ ထူးမြတ်လှတဲ့ ထိုသာသနာမြတ်ကို၊ အမှတ်မထင် ချော်လွန်ရှောင်လွဲ သွားကြသော

သူတို့သည်။လူမိုက်နောက်မှ-အကြံရဆိုသလို၊နောင်တ တဖန်၊ ပူပန်မှု စိုးရိမ်မှု ကြောင့်ကြမှုတွေ ကောန်မုချ၊ ဖြစ်ရတတ်ကုန်၏ဟု အဓိပ္ပါယ်လာသည်။

သဘာသနာခဏမှ ချော်လွန်ကြ၍၊ ပူပန် စိုးရိမ်ရပုံကို သိသာရုံမျှ သာဓကေနှင့် ပြောကြဦးစို့။

ဘုရားရှင်ပွင့်တော်မူစ၊ အခါကာလက 'အာဠာရ' ဟု နာမကျော်ကြား, ရသေ့ တပါးသည်၊ တရားတော်ကို နာကြားရမည် ဆိုလျှင်၊ ထို ခဏာ၌ပင် မဂ်ဖိုလ် ဝင်နိုင် သော ပုဂ္ဂိုလ်ထူး အစစ် ကောန် ဖြစ်ပါလျက်သားနှင့်၊ ဘုရားနှင့် ခုနစ်ရက်ထဲ ချော်လွဲပြီး သေပွဲ ဝင်သွားရ ရှာသည့်အတွက်၊ အထက် အာကိဉ္စညာယတန ဘုံ၌ ဖြစ်ရလေသည်။

ဥဒက ရသေ့သည်လည်း၊တိဟိတ် သားကြီး အစစ်၊ ထက်မြက် လျင်မြန်၊ပညာဉာဏ်နှင့်ပြည့်စုံသော ပဏ္ဍိတ တဆူ တိက္ခပုဂ္ဂိုလ်ကြီး ဖြစ်တော်မူ၍၊ ပါရဂူဓမ္မ နာခံ ရလျှင်၊ ခဏာချက်ချင်း၊ ဘောက်ထွန်း နိုက်ချူ၊ အမြိုက် ယူပြီး၊ ကျွတ်ထိုက်သူ တဦး၊ ပုဂ္ဂိုလ်ထူးကြီး တပါး၊ ဖြစ်သော်ငြားလည်း၊ ဘုရားရှင်နှင့်၊ တည့်မျှပင် ချော် လွန်လေရ၊ရေတိကျချရှာသည့်အတွက်၊အထက် ဘဝဂ်ဟု ဆိုအပ်သော နေဝသညာ နာသညာယတန ဘုံ၌၊ ဆိုက်ရောက်ရလေသည်။

အရူပ ဗြဟ္မာဘုံ၌ ဆိုက်ရောက်ကြသော ပုထုဇ္ဇန် ပုဂ္ဂိုလ်တို့မှာ ဘယ်အခါမှ သောတာပတ္တိမဂ်ကို ရရိုး ဘုံးစံ မရှိသည်ဖြစ်၍ ထိုပုဂ္ဂိုလ်နှစ်ဦးကို ကြည့်ပြီး—။

**သော မဟာဇာနိယော။**

ဟူ၍၊မနောကထား သနားတော်မူသောအားဖြင့်၊ ဘုရား မိန့်တော်မူလိုက်၏။

အနက်ကား—သော၊ အာဠာရ ဥဒကော။ ပညာ အလုံ၊ တိဟိတ်ဂုဏ်နှင့် ပြည့်စုံဘိငြား၊ ထိုအာဠာရ ရသေ့ ဥဒက ရသေ့နှစ်ပါးသည်။ မဟာဇာနိယော၊ သာသနာခဏ ချော်လွှန်ကြ၍ မဂ်မရ ဖိုလ်မနိး၊အချည်း နှီး ဖြစ်ရလေသောကြောင့်၊ ရှုံးခြင်းကြီး ရှုံးရှာကြ လေပြီ။ ဝါ၊ ဆွဲမရ၊ နှုတ်မရ၊ အချုင်ကျသလို၊ ယုတ်ခြင်း ကြီးမလှ-ယုတ်ကြရရှာလေပြီ။

ဤအာဠာရနှင့် ဥဒကသည်၊သာသနာခဏ မဂ်ဖိုလ် ဓမ္မနှင့် သီသီကလေးမျှ ချော်လွဲ သွားကြသောကြောင့်၊ ရှုံးခြင်းကြီး ရှုံးလေစွ၊ ယုတ်ခြင်းမလှ ယုတ်လေစွဟု ရှုံ့ချကဲ့ရဲ့တော်မူလိုတယ်။

ဒါဖြင့် သူတို့နှစ်ဦးဟာ သာသနာခဏ၊ဘုရားအဆုံး အမတော်နှင့် တွေ့ခါ ကလေးမျှ လွဲချော် သွားကြ

ခြင်းကြောင့် တေ့လွဲ သမားကြီးများလို့ ခေါ်ထိုက်တယ် မဟုတ်လား - တကာချစ်ရ။ ( မှန်ပါ၊ တေ့လွဲ သမားကြီးများပါဘုရား )။

ဟာပ်တွေကမ္ဘာတွေ နှစ်တွေ,လတွေ ဝေးလွန်းမက ဝေးလှ၍ ချော်လွဲရဆိုရင် မသကာတော်ပါသေး။ အခုတော့ တယောက်က ခုနစ်ရက်ကလေးမျှ၊တယောက်က တည့်ကလေးမျှ မပြော ပလောက်သော အချိန်ကာလကလေးမျှနှင့် ချော်လွဲ သွားရဒါဟာ မခံသီး မခံသာကလေးနှင့် ဘယ့်ကလောက် အသဲနာစရာ ကောင်းလဲ တကာချစ်၊သေသေချာချာ လေးလေးနက်နက်စဉ်းစားကြည့်စမ်းပါ။ (မှန်ပါ၊ မခံသီး မခံသာ အသဲနာစရာကြီးပါဘုရား)။

ထိုမှတပါး အဇာတသတ် မင်းဟာ၊ မြတ်စွာဘုရားသည့် 'သာမညဖလ' သုတ်ကို ဟောကြားတော်မူသောအခါ ထိုဒေသနာတော်၏ အဆုံး၌ မဂ်ဖိုလ်သို့ ဆိုက်ရောက် နိုင်လောက်သော အခြင်းအရာ သတ္တိ ပြည့်စုံစွာရှိပါလျက်နှင့် အဘကို သတ်မိသော ပိတုဃာတက ကံကြီးက တားဆီးထားသည့်အတွက်ကြောင့်၊ဤသာသနာအချက်မှာ အရိယာမဂ်နှင့်ချော်လွဲပြီး လောဟကုမ္ဘီ ငရဲကြေးနီ အိုးကြီးထဲ၌ တန်းခနဲ ကျရောက်သွားချ ရှာလေသည်။

ဤကဲ့သို့ အလွန် ဝန်လေးလှသော ဗိတုဿ‌ာတက ကံကြီးကို ရက်ရက် စက်စက် ပြုရက်သသဟာ ဘယ်သူ့ အတွက်ကြောင့်လဲ ဆိုတော့ ဆရာ ဒေဝဒတ် အတွက် ကြောင့် မဟုတ်လား-တကာချစ်ရ၊ (မှန်ပါ၊ ဒေဝဒတ် ကြီး နည်းပေးပါဘုရား)။

ဆရာက-နားချလို့သာ ပြုရရှာ သူ့ခမြာမှာတော့ ဘခင်ဖြစ်နေလို့ မပြုချင်ပြုချင် မပြုဝန့် ပြုဝန့်နှင့်လေးတီ လေးဖင့်၊ စနောင့် စနင်း အရှုံ့ရှုံ့ အကြောက်ကြောက် ဆိုသလို ကမ္မပထ မြောက်သွားရရှာသနားစရာဘဲနော် (မှန်ပါဘုရား)။

ဆရာ ဒေဝဒတ်ကလဲ အဝိစိငရဲ၊ တကာ-အဇာ တသတ်ကလဲ လောဟကုမ္ဘီငရဲ၊ ဟောဒါ ဆရာ နေရာ မကျလို့—တကာ အခြေမလှ ဖြစ်ရဒါ မဟုတ်လား။ (မှန်ပါ၊ ဆရာ နေရာမကျလို့ တကာ-အခြေမလှ ဖြစ်ရ ဒါပါဘုရား)။

သည်မှတပါး-ဘုရားလက်ထက်တော်က အမှားကို အမှန်၊ အမှန်ကို အမှား၊ တရားမတူအယူခမှန် ဘောက် ပြန်ရင့်သီး၊ တိတ္ထိကြီးတွေလဲ မိမိတို့တပည့် တိတ္ထိ ဖြစ်ကြ သော သာဝကတွေနှင့်ဟကွ၊ ငရဲကျကြဒါတွေ အသင်္ချေ အနန္တ ရေတွက်၍ မပြနိုင်အောင်အများအပြားဘဲ ရှိကြ မဟုတ်လား။ (မှန်ပါဘုရား)။

ဒါဖြင့် လောကမှာ နည်းပေး လမ်းပြဆရာ နေရာကျဘို့ဟာ လွန်စွာ အရေးကြီး ပါလား–တကာ ချစ်ရဲ့။ (မှန်ပါ၊ ရှေ့ဆောင် ရှေ့သွား ဆရာနေရာကျဘို့ အလွန်လိုပါဘုရား)။

ဆရာကနေရာကျရင်ကျရေ့၊နေရာမကျခဲ့ရင်သံသရာတခွင် တက်တက်စင်အောင်မှားပြီး၊ဒုက္ခတွေ များတတ်တယ်ဆိုဒါ ဒီစကားရပ်စုနှင့်ဘဲ သတိပြု နိုင်လောက်ပါပြီ။

ယခုပြောခဲ့တဲ့ ပုဂ္ဂိုလ်တွေကတော့၊သာသနာ ခဏနှင့်ရင်ဆိုင်ကြီး တွေ့ကြပါလျက်နှင့် တဲ့နေသော အခါကြီး၊ တဲ့ပြီးမှ လွဲရလေသောကြောင့် တဲ့လွဲသမားတွေလို့ဆိုရလိမ့်–တကာ ချစ်ရေ၊ (မှန်ပါ၊ တဲ့ လွဲ သ မ ား တွေပါဘုရား)။

တကာချစ်တို့ တတွေ့၊ ငါတို့ တတွေလဲ ဘုရား အဆုံးအမ ဩဝါဒတရားကို သံသရာကတခါထဲ နလံ ထသွားလောက်အောင် အရမယူလိုက်နိုင်လျှင် ထိုသူ တို့ နှင့်မခြားဘဲ၊တသားထဲ တဲ့ထဲတဲ့ပြီး၊တဲ့လွဲဂိုဏ်းထဲရောက်သွားအုံးမှာ အမှန်ဘဲ၊ အမြဲ သတိထားနေ၊ (မှန်ပါ၊ ကြပ်ကြပ် သတိရှိရပါလိမ့်ဘုရား)။

ထိုကဲ့သို့ တော့လွဲ တဲ့လွဲ အနဲနဲ အဝဝ ဤသာသနာခဏနှင့် ချော်လွဲကြသောသူ မှန်သမျှမှာ မသေမီခဏ၊

ယခုပစ္စုပ္ပန်ဘဝမှာလဲ ပူပန်ရ,စိုးရိမ်ရ၊ နောင်တမလွန် ဘဝမှာလဲ ငရဲအစရှိသော ဒုက္ခတွေနှင့်အမျိုးမျိုးတွေ့ကြုံ ရသောအားဖြင့် ပူပန်ရ, စိုးရိမ်ရ၊ သို့ကလို ခုရော နောင်ခါသံသရာမှာ နှစ်ဖြာသလုံး ယူကြုံးမရ တေန္တ ဖြစ်ရလိမ့် ဆိုပါလား-တကာချစ်ရ။ (မှန်ပါ၊ မလွဲဖြစ်ရ မှာပါတဲ့ဘုရား)။

**ဒါ့ကြောင့်—**

ဣဓ သောစတိ၊ ပေစ္စ သောစတိ။

သော၊ ထိုတရားမတွေ့၊ မွေမွေ လျော့လျော့၊ ပေါ့ ပေါ့ တန်တန်၊ ပါပကံနှင့်၊ အချိန်ကုန်ခံ၍ နေသော သူသည်။ ဣဓ၊ မသေမီခဏ နုဘဝ၌ပင်။ သောစတိ၊ပြုမိ လေခြင်း ပြုလေခြင်း၊ နေမိလေခြင်း နေလေခြင်းဟု၊ ထန်ပြင်းပူရှိန် အလွန် စိုးရိမ်ရချေ၏။ ပေစ္စ၊ သေလွန် သည်မှ နောက်ဘဝ၌လည်း။ သောစတိ၊ အပါယ်ဒုက္ခ ခံရသောအားဖြင့် ဖြစ်ရလေခြင်း၊ တွေ့ရလေခြင်း၊ တွေ့ လေခြင်းဟု ထန်ပြင်းပူရှိန် အလွန် စိုးရိမ်ရချေ၏။

ဟောဒီလို....ဘုရားဟော ရှိခဲ့ဟုတ်လား - တကာ ချစ်ရ။ (မှန်ပါ၊ ရှိပါဘုရား)။

တရားကိုမွေလျော့ မကောင်းမှု အလေ့ အကျက် တွေနှင့် နေ့ရက်တွေ ကုန်နေသောသူ မှန်က နောင် ဘဝမှာ အပါယ်ဒုက္ခကို ခံရသောအားဖြင့် ပူပန်စိုးရိမ်

ရဒါကို အသာ ထားပါဦးတော့၊ ငါ့မှာ ဤသို့သော မကောင်းမှုကိုပြုမိ လေခြင်း၊ မှားမိ လေခြင်း၊ သူတော်ကောင်းတို့၏တရားကို မပွားမိလေခြင်း,မနာမိလေခြင်းဟု၊ ဤဘဝ မှာပင် တနေ့ ကျတော့ အပြင်း အထန်၊ ဘောက်ပြန်၍ ပူပန် စိုးရိမ် လာရ တတ်တယ် ဆိုပါလားဘာ-တကာချစ်ရ၊(မှန်ပါ၊ ဖြစ်ရတတ်ပါဘုရား)။

ထို့ထက်တဖန် သေခါနီး အချိန်ကာလသို့ ဆိုက်ရောက်လာပြန်လျှင်ထိုမကောင်းမှုကံတွေကဆော်ဖန်၍ပေးလိုက်သဖြင့်၊ သုံးတန်သော နိမိတ်တွေ ဆိုက်လာသောအခါကြောက်စရာ လန့်စရာအထိပ်ထိပ်အပြာပြာနှလုံး မသာယာစရာ အာရုံနှင့် တွေ့တော့ သာလွန်၍ပူပန်စိုးရိမ်ရဆိုဘဲ။ (မှန်ပါ၊သေခါနီးအရေးကြီးဆုံးပါဘုရား)။

သေခါနီးကာလ, ဒီဘဝကတောင်, ဒါလောက်ပူပန်ဒုက္ခ အားကြီးစွာ ဖြစ်ရရင်၊ ဟိုဘက် ဘဝကျတော့အထူးပြောဘို့ မလိုတော့ ဘူးပေါ့လေ။ ( မှန်ပါ၊ ကဲ သည်ထက် ကဲပြီး တစဉ်ထဲ ပူ သွ ား ရ တေ ာ့မှ ာ ပါဘုရား)။

သာသနာခဏ၊ဘုရား၏အဆုံးအမကို ရကြသောသူမှန်သမျှမှာတော့၊ မသေမှီခဏ၊ ယခု ပစ္စုပ္ပန် ဘဝမှာဘဲဝမ်းမြောက်ရ ဝမ်းသာရ၊ နောင် တမလွန် ဘဝမှာလဲ

စည်းစိမ် ချမ်းသာကို စိတ်ချ လက်ချ ခံစားရသော အားဖြင့် ဝမ်းမြောက်ရ ဝမ်းသာရ ထိုသူများကတော့ ခုဘဝ နောက်ဘဝ နှစ်ဌာနစလုံး တယ်နေရာကျသိုပါလားဟ–တကာချစ်ရ၊ (မှန်ပါ၊ နေရာကျပါဘုရား)။

ဒါ့ကြောင့်—

ဣဓ မောဒတိ၊ ပေစ္စ မောဒတိ။

သော၊ ထိုတရားကိုတွေ့၊ မမွေ မလျော့၊ မပေါ့ မတန် ကောင်းမှုကံနှင့် အချိန်ကုန်ခံ၍ နေသောသူသည်။ ဣဓ၊ မသေမီခဏ ခုဘဝ၌ပင်။ မောဒတိ၊ ပြုတော်လေခြင်း တော်လေခြင်း၊ ရတော်လေခြင်း တော်လေခြင်းဟု၊ သန့်ရှင်း ကြည်လင် ရွှင်ရွှင်ပျပျ အလွန် ဝမ်းမြောက်ရ ချေ၏။ ပေစ္စ၊ သေလွန်သည်မှ နောက် ဘဝ၌လည်း။ မောဒတိ၊ ချမ်းသာ သုခ ခံစားရသောအားဖြင့်၊ ဟန်ရ လေခြင်း ဟန်လေခြင်း၊ ကောင်းမြတ်လေခြင်း ကောင်း လေခြင်းဟု၊ သန့်ရှင်း ကြည်လင် ရွှင်ရွှင်ပျပျ အလွန်ပင် ဝမ်းမြောက်ရချေ၏။

ဟောဒီလို ဘုရားဟော ရှိပြန်မဟုတ်လား တကာ ချစ်ရ (မှန်ပါ၊ ရှိပြန်ပါဘုရား)။

ဘုရား၏ ဂုဏ်ကျေးဇူး, တရား၏ ဂုဏ်ကျေးဇူးကို အထူးခံစားကြရတဲ့ သူတွေမှာ၊ ခုဘဝမှာလဲ စိတ်ခဲတ် ကလေးဟာ ကြည်ကြည်လင်လင် ရွှင်ရွှင်ပျပျနှင့် ဝမ်း

မြောက် ဝမ်းသာ ချမ်းသာစွာ ဖြစ်ရဘယ်၊ နောင်ဘဝ မှာလဲ ခိုင်မြဲသောသုခ ခံစားရသော အားဖြင့်လဲ စိတ် ဓာတ်ကလေးဟာ ကြည်ကြည် လင်လင် ရွှင်ရွှင်ပျပျနှင့် ဝမ်းမြောက် ဝမ်းသာ ချမ်းသာစွာ ဖြစ်ရ တယ် လို့ အဓိပ္ပါယ်အတို ဒီလိုသာမှတ်ပေတော့။

ဒါ့ကြောင့်-ခုဘဝ, နောင်ဘဝ ပူပန် စိုးရိမ်မှု ဒုက္ခ တွေ မဖြစ်စေရဘဲ၊ ခုဘဝ နောင်ဘဝ နှစ်ဌာနလုံး၌ ကြည်လင်ဝမ်းသာ ချမ်းသာ သုခ ဖြစ်ကြရ လေအောင် ခုဘဝ ခုခဏမှာ၊ လောကုတ္တရာ တရား တည်းဟူသော တကယ့် ကိုယ့်အကျိုး,ကိုယ့်စီးပွားကို များများသိမ်းပိုက် တအားတိုက်ဖြင့် အရယူလိုက်ကြရမယ်။

ယခုလို-သာသနာရပ် ခဏ မြတ်ကြီးနှင့် တကာချစ် တို့ ကျုပ်တို့တတွေ ရင်ဆိုင်တွေ့နေကြရဒါဟာ၊ ကြက် ကန်းကြီ ဆန်အိုးတိုးမိနေဒါနှင့် မတူဘူးလား၊ (မှန်ပါ၊ ကြက်ကန်းကြီး ဆန်အိုးတိုးမိနေသလိုပါဘဲဘုရား)။

ကြက်ကန်းကြီး တကောင်ဟာ ကံအားလျော်စွာ ဆန်အိုးကြီး အသင့် လည်ပင်း နှင့် စွပ်လျက် နေသော အခါ၊ ကပျာကရာ ကုတ်ပြီး ဂေါင်းကို မနှုတ်တော့ဘဲ အတင်းသုတ်ရရှာလိမ့် မဟုတ်လား၊ (မှန်ပါ၊ စွပ်မိတဲ့ အခါ အတင်း မျိုရရှာပါလိမ့်ဘုရား)။

အဲ....ယခုအခါ သူငါကစ နဝမခေတ် လူဖြစ်၍ လာရသောအခါ၊ ကြက်ကန်းကြီး ပမာ သာသနာ တည်းဟူသော ဆန်အိုးကြီးနှင့် တန်းတိုး၍ နေကြပြီ၊ ပွေပွေလီလီ တီတီတာတာ ဘာဘာညာညာ၊ဘယ်ဘယ် ဟာတွေမှ မရှုပ်ကြတော့ဘဲ၊ဒိဋ္ဌိပြုတ်ဖြစ်သော ဝိပဿနာ အလုပ်ကိုသာ သေမင်းခံအုပ်ခင် အတင်းသုတ်ဘို့သာ လိုတော့သည်။

ကဲ-ဒါဖြင့် အမြဲမပြတ် တလစပ် ဖြစ်ပေါ်၍နေသော ဝိညာဉ်ခြောက်ရပ် နာမ်ခေတ်ခြောက်ပါးကို ဝိပဿနာ ဉာဏ်နှင့် ရှင်းသွားအောင် စဉ်းစားဆင်ခြင် စစ်တမ်း တင်ကြည့်ကြစို့။

စက္ခုဒွါရမှာ၊ ၊အဆင်းအမျိုးမျိုးကို မြင်ဒါ သိဒါ ဘာကသိသလဲ၊(စက္ခုဝိညာဉ်ခေါ်သောနာမ်တရားက သိဒါပါဘုရား)။

သောတဒွါရမှာ၊ ၊အသံ အမျိုးမျိုးကို ကြားဒါ သိဒါ, ဘာကသိသလဲ။ (သောတဝိညာဉ် ခေါ်သော နာမ်တရားက သိဒါပါဘုရား)။

ဃာနဒွါရမှာ၊ ၊အနံ့ အမျိုးမျိုးကို နံဒါ သိဒါ, ဘာကသိသလဲ။ (ဃာနဝိညာဉ်ခေါ်သော နာမ်တရား က သိဒါပါဘုရား။

ဇိဝှါဒွါရမှာ၊ ၊အရသာ အမျိုးမျိုးကို လျက်ဒါ သိဒါ,ဘာကသိသလဲ။ (ဇိဝှါဝိညာဉ်ခေါ်သော နာမ်တရားက သိဒါပါဘုရား)။

ကာယဒွါရမှာ၊ ၊အတွေ့ အမျိုးမျိုးကို တွေ့ဒါ သိဒါ,ဘာကသိသလဲ။(ကာယဝိညာဉ်ခေါ်သော နာမ်တရားက သိဒါပါဘုရား)။

မနောဒွါရမှာ၊ ၊အာရုံ အမျိုးမျိုးကို ကြံဒါသိဒါ, ဘာကသိသလဲ။ (မနောဝိညာဉ်ခေါ်သော နာမ်တရားက သိဒါပါဘုရား)။

အေး.... ကိုယ် ဖြေဆိုတဲ့ အတိုင်း , ကိုယ့် ဟာကို သေသေ ချာချာ မှတ်ခဲ့နော်။

ဒါဖြင့်၊ ၊ရူပါရုံ,အဆင်းဓာတ်၊ အဆင်း ပရမတ် တရားကိုစက္ခုဝိညာဉ်နာမ်ဓာတ်,နာမ်ပရမတ်တရားက မြင်ဒါ သိဒါ အမှန် ဖြစ်ပါလျက်နှင့်၊ ငါက မြင်တယ်, ငါက သိတယ်ဆိုဒါ မှားသလား မှန်သလား။ (မှား ပါသည်ဘုရား)။

သဒ္ဒါရုံ၊ ၊အသံဓာတ်, အသံ ပရမတ် တရားကို သောတဝိညာဉ် နာမ်ဓာတ်, နာမ်ပရမတ် တရားက ကြားဒါ သိဒါ အမှန်ဖြစ်ပါလျက်နှင့်၊ ငါကကြားတယ်, ငါက သိတယ်ဆိုဒါ မှားသလား မှန်သလား။ ( မှား ပါသည်ဘုရား)။

ဂန္ဓာရုံ၊ ၊အနံ့ခံတတ်, အနံ့ ပရမတ် တရားကို ဃာနဝိညာဉ် နာမ်ခံတတ်, နာမ်ပရမတ် တရားက နံ့ဒါ သိဒါအမှန်ဖြစ်ပါလျက်နှင့်၊ငါကနံ့တယ်, ငါကသိတယ် ဆိုဒါ မှားသလား-မှန်သလား။ (မှားပါသည် ဘုရား)။

ရသာရုံ၊ ၊အရသာခံတတ်,အရသာပရမတ်တရား ကို ဇိဝှါဝိညာဉ် နာမ်ခံတတ်, နာမ်ပရမတ် တရားက လျက်ထာ သိဒါအမှန်ဖြစ်ပါလျက်နှင့်၊ငါကလျက်တယ် ငါက သိတယ်ဆိုဒါ မှားသလား-မှန်သလား။ (မှား ပါသည်ဘုရား)။

ဖေါဋ္ဌဗ္ဗာရုံ၊ ၊အတွေ့ခံတတ်,အတွေ့ပရမတ်တရား ကို ကာယဝိညာဉ် နာမ်ခံတတ်, နာမ်ပရမတ် တရားက တွေ့ဒါ သိဒါအမှန် ဖြစ်ပါလျက်နှင့်၊ ငါက တွေ့တယ်, ငါက သိတယ်ဆိုဒါ မှားသလား-မှန်သလား။ (မှား ပါသည် ဘုရား)။

ဓမ္မာရုံ ၊အာရုံ အမျိုးမျိုးတွေကို မနောဝိညာဉ် နာမ်ခံတတ်, နာမ်ပရမတ်တရားက ကြံဒါ သိဒါ အမှန် ဖြစ်ပါလျက်နှင့်၊ ငါက ကြံတယ်, ငါက သိတယ် ဆိုဒါ မှားသလား-မှန်သလား။ (မှားပါသည်ဘုရား)။

ယခင်က—တကာချစ် ဖြေဆိုခဲ့တဲ့အတိုင်း၊သူ့အာရုံ နှင့် သူ့ဝိညာဉ် အသီး အသီး ပေါ်ဒါ သိဒါဆိုတော့၊ အမှန်ကျတဲ မဟုတ်လား။(အဲဒါမှ အမှန်ပါဘုရား)။

ဒီ အသိ နာမ်ခေတ်, နာမ်ပရမတ် အပြင်မှ တပါး သိတတ်တဲ့ ပုဂ္ဂိုလ်, သတ္တဝါ, ငါရယ်, သူရယ် ဆိုဒါ တကယ်ရှာတော့ ဘယ်မှာတွေ့မလဲ။

ကဲ.... သဘာဝ အနယ် ကျသွားအောင် တဆင့် တိုးပြီး၊ တမျိုး စစ်ကြည့်ကြအုံးစို့။

အဆင်းကို မြင်ရာ၊ မြင်သိစိတ်၊ နာမ်ခေတ်, နာမ် ပရမတ်ကလေး ဆိုဒါ ဖြူဖြူ ကလေးပါ၊ နီနီ ကလေးပါ၊ လုံးလုံး ကလေးပါ၊ ပြားပြား ကလေးပါလို့ ဝဏ္ဏ သဏ္ဌာန အားဖြင့် ပြောနိုင် ပြနိုင်ပါ့မလား - တကာ ချစ်ရ။ (မပြောနိုင် မပြနိုင်ပါဘုရား)။

ဒါဖြင့်-ထိုမြင်သိစိတ်၊နာမ်ခေတ်,နာမ်ပရမတ်ကလေး ဆိုဒါ ရှည်ရှည် ကြီးပါ၊ တိုတို ကလေးပါလို့....ဒီဃ, ရဿအားဖြင့်လဲ ပြောနိုင်ပြနိုင်ပါ့မလား၊ (မပြောနိုင် မပြနိုင်ပါဘုရား)။

ဒါဖြင့်-ထို မြင်သိစိတ်၊ နာမ်ခေတ်, နာမ် ပရမတ် ကလေးဆိုဒါအတွင်းမှာပါ၊အပြင်မှာပါလို့....အဇ္ဈတ္တ ဗဟိဒ္ဓအားဖြင့်လဲ ပြောနိုင်ပြနိုင်ပါ့မလား။(မပြောနိုင် မပြနိုင်ပါဘုရား)။

ဘာပြောနိုင်ပြနိုင်မလဲ၊ ကျောက်နှင့်မီးခတ်,ထိဆတ် လိုက်သောအခါ၊ ဖြစ်ပေါ်ရှလာသော မီးပွင့်ကလေး

ပမာလို၊ သူ့ဒွါရနှင့် သူ့အာရုံ တွေ့ဆုံမှုမှ ထိုခဏ၌ အခိုက်အတန့် ကလေးဘဲ ဘွားကနဲ ပေါ်ပေါ်ပြီး၊ ဖြတ်ခနဲ ကွယ်ပျောက်သွားရတဲ့ တရားမျိုးကိုး။

ထိုနည်းတူစွာ အသံကိုကြားရာ၊ ကြားသိစိတ်၊ နာမ်ခေတ်, နာမ်ပရမတ် တရားကလေး ဆိုဒါလဲ ကြားသိခါမျှ မတ္တတ်သာ ဖြစ်ခြင်းကြောင့်၊ ဝဏ္ဏ သဏ္ဍာန အားဖြင့်ရင်း။ ဒီဃ,ရဿ အားဖြင့်ရင်း။အဏ္ဍုတ္တ, ဗဟိဒ္ဓ အားဖြင့်ရင်း။မရစကောင်း, မရှိစကောင်း။

အနံ့ကို နံရာ နံသိစိတ်၊ နာမ်ခေတ်, နာမ်ပရမတ် တရားကလေး ဆိုဒါလဲ၊ နံသိခါမျှ မတ္တတ်သာဖြစ်ခြင်းကြောင့် ဝဏ္ဏ သဏ္ဍာန အားဖြင့်ရင်း။ ဒီဃ, ရဿ အားဖြင့်ရင်း၊အဏ္ဍုတ္တ ဗဟိဒ္ဓ အားဖြင့်ရင်း၊မရစကောင်း မရှိစကောင်း။

အရသာကို လျက်ရာ၊လျက်သိစိတ်၊နာမ်ခေတ်,နာမ်ပရမတ်တရားကလေးဆိုဒါလဲ၊လျက်သိခါမျှမတ္တတ်သာ ဖြစ်ခြင်းကြောင့်၊ ဝဏ္ဏ သဏ္ဍာန အားဖြင့်ရင်း၊ ဒီဃ, ရဿ အားဖြင့်ရင်း၊ အဏ္ဍုတ္တ, ဗဟိဒ္ဓအားဖြင့်ရင်း၊ မရစကောင်း မရှိစကောင်း။

အတွေ့ကို တွေ့ရာ၊ တွေ့သိစိတ်၊ နာမ်ခေတ်, နာမ်ပရမတ်တရားကလေးဆိုဒါလဲ၊ တွေ့သိခါမျှမတ္တတ်သာ ဖြစ်ခြင်းကြောင့်၊ ဝဏ္ဏ သဏ္ဍာန အားဖြင့်ရင်း၊ ဒီဃ,

ရသ အားဖြင့်ၛင်း၊ အဇ္ဈတ္တ, ဗဟိဒ္ဓ အားဖြင့်ၛင်း၊ မရစကောင်း မရှိစကောင်း။

အာရုံကို ကြံရာ ကြံသိစိတ်၊နာမ်ဓာတ်,နာမ်ပရမတ်တရားကလေးဆိုဒါလဲ၊ ကြံသိခါမျှ မတ္တတ်သာ ဖြစ်ခြင်းကြောင့် အဖြူ, အနီ, အလုံး, အပြား ဟူသော ဝဏ္ဏသဏ္ဍာန အားဖြင့်ၛင်း၊ အရှည်, အတို ဟူသော ဒီဃ, ရဿအားဖြင့်ၛင်း၊ အတွင်း အပြင် ဟူသော အဇ္ဈတ္တ, ဗဟိဒ္ဓ အားဖြင့်ၛင်း၊ မရစကောင်း မရှိစကောင်း။

အဲ....ဒါလို မြင်သိ, ကြားသိ, နံသိ, လျက်သိ, တွေ့သိသိ,ကြံသိဆိုတဲ့ အသိ နာမ်ဓာတ်,နာမ်ပရမတ် တရားကလေးတွေ အပေါ်မှာ၊ သုံး ဌာနနှင့် စစ်ကြည့်လိုက်တော့၊ သနိမိတ္တ အဖြစ်မှ ကင်းလွတ်၍ အနိမိတ္တ သဘာဝ သုညတ အချက်ကြီးဟာ ကွက်ကွက် ကွင်းကွင်း၊ ရှင်းရှင်း လင်းလင်း၊ပေါ်မလာဘူးလား တကာချစ်ရ၊ (မှန်ပါ၊ သုညတ အချက်ကြီး ထင်ရှားလာပါဘုရား)။

ထိုမူလ ဘူတ သဘာဝအရှိ အရင်းကျအောင် အသိဉာဏ် မငုံမိတော့၊အတ္တဒိဋ္ဌိက ဘယ်လို ကပ်ငြိလာဘဲ ပြန်သလဲဆိုလျှင် အဆင်း သဏ္ဍာန် ကလေးနှင့် လိုမိ၊ အရှည် အတိုကလေးယောင်ယောင်၊အကောင်အထည်

အသွင် အတွင်းပြင် ရိပ်ရိပ် ဟောဒီလို နိမိတ်မျိုးတွေနှင့် ဇွတ်တိုးပြီး ပြတတ်သည်၊ ကြွပ်ကြွပ်ကြီး သတိထား၊ များများကြီး စဉ်းစားလေ။

ယခင်က ပြဆိုခဲ့ပြီးသော နည်းအတိုင်း အပြီးကုန်စဉ် သဘာဝ ဖြစ်အင်ကို နိမိတ်တွေလွှင့်စင်အောင် တဲ့တဲ့ကြီး ထင်မြင်၍၊တွင် တွင်ကြီး အားခဲ အသိဉာဏ် ထူထောင်မှု မြဲသွားပါလျှင် ခုရော နောင်ပါ ဘယ်ခါမှ သာသနာဝမ္မ မြတ်ခဏနှင့် တွေ့လွဲ တဲ့လွဲ၊ဒီနှစ်လွဲ ဘယ်အလွဲမှ မလွဲ ရတော့ပါဘူးဟ–တကာချစ်ရ။ (မှန်ပါ၊ တဖြောင့်ထဲ တတန်းထဲ အတဲ့ကြီး တဲ့သွားတော့မှာပါဘုရား)။

တကာ–ချစ်ရေ ( ဘုရား ) ဝိပဿနာ ဉာဏ်စခန်း ဉာဏ် လမ်း ကလေး ဦးတန်းမှီအောင်၊ အကျဉ်းချုပ် ဆောင်ပုဒ်ကလေးတွေ မှတ်ချင်သူမှတ် မမှတ်ချင်သူနေ အပြင်းပြေ လိုက်ကြစမ်း။

## "မှတ်ချက် ဆောင်ပုဒ်များ"

(၁) စက္ခုဝိညာဏဓာတု၊ မြင်မှု–သိမှု၊ နာမ်ဓာတ်စုံ ဆိုဒါ။ လူလဲမဟုတ်၊ နတ်လဲမဟုတ်၊ ဗြဟ္မာလဲ မဟုတ်ပါ။ သတ္တာနှ ဟူသမျှ၊ ယူဆ မနေ ဝိညာဉ်သာ။ ။အတွင်းလဲ မရ၊ အပြင်လဲ မရ၊ သန္တတ၊ မြင်ကြ သူညတာ။

(၂) သောတဝိညာဏဓာတ်၊ ကြားမှု-သိမှု၊ နာမ်ဓာတ်စု ဆိုဒါ။ လူလဲမဟုတ်၊ နတ်လဲမဟုတ်၊ ဗြဟ္မာလဲ မဟုတ်ပါ။ သဏ္ဍာန် ဟူသမျှ၊ ယူဆမနေ ဝိညာဉ်သာ။ ။အတွင်းလဲမရ၊အပြင်လဲမရ၊ သခ်တ၊ မြင်ကြ သူညတာ။

(၃) ဃာနဝိညာဏဓာတ်၊ နံမှု-သိမှု၊ နာမ်ဓာတ်စု ဆိုဒါ။ လူလဲမဟုတ် နတ်လဲမဟုတ်၊ဗြဟ္မာလဲမဟုတ်ပါ။ သဏ္ဍာန် ဟူသမျှ၊ ယူဆ မနေ ဝိညာဉ်သာ။ ။အတွင်းလဲမရ၊ အပြင်လဲမရ၊ သခ်တ၊ မြင်ကြ သူညတာ။

(၄) ဇိဝှါဝိညာဏဓာတ်၊ လျက်မှု့သိမှု၊နာမ်ဓာတ်စု ဆိုဒါ။ လူလဲမဟုတ်၊ နတ်လဲမဟုတ်၊ ဗြဟ္မာလဲ မဟုတ်ပါ။ သဏ္ဍာန် ဟူသမျှ၊ ယူဆ မနေ ဝိညာဉ်သာ။ ။အတွင်းလဲမရ၊ အပြင်လဲမရ၊ သခ်တ၊ မြင်ကြ သူညတာ။

(၅) ကာယဝိညာဏဓာတ်၊တွေ့မှု့သိမှု၊နာမ်ဓာတ်စု ဆိုဒါ။ လူလဲမဟုတ်၊ နတ်လဲမဟုတ်၊ ဗြဟ္မာလဲ မဟုတ်ပါ။ သဏ္ဍာန် ဟူသမျှ၊ ယူဆ မနေ ဝိညာဉ်သာ။ ။အတွင်းလဲမရ၊ အပြင်လဲမရ၊ သခ်တ မြင်ကြ သူညတာ။

(၆) မနောဝိညာဏဓာတု၊ ကြံမှု-သိမှု၊ နာမ်ဓာတ်စုဆိုဒါ။ လူလဲမဟုတ် နတ်လဲမဟုတ်၊ ဗြဟ္မာလဲမဟုတ်ပါ။ သဏ္ဍာန် ဟူသမျှ၊ ယူဆ မနောဝိညာဉ်သာ။ ။အတွင်းလဲမရ၊ အပြင်လဲမရ၊ သခ်ိတ၊ မြင်ကြ သုညတာ။

## " တရား အဆုံးသတ်ရန် "

တုမှေ၊ သံသရာညွှတ်၊ ခန္ဓာဝဋ်မှ၊ ကင်းလွတ်လိုကြောင်း၊ သင်သူတော်ကောင်း အပေါင်းတို့သည်။ တခ်ဏေယေဝ၊ ဂေါတမ မြတ်စွာ သာသနာ့ခမ္မ၊ ခုခဏာ၌ပင်လျှင်။သကတ္တံ၊လောဟုတ္တရာချမ်းသာအစစ်အထွတ်ခေါင်ဖျား၊ တကယ့် ကိုယ့်အကျိုး, ကိုယ့်စီးပွားကြီးကို။ သာဓုကံ၊ သန့်ရှင်းကြည်သာ၊ ကောင်းမွန်စွာ၊ အဘိဟာရထ၊ နိဗ္ဗာန်အရောက်၊ စိတ်ချလောက်အောင်။ အမြဲ ယူဆောင် နိုင်ကြပါစေကုန် သတည်း။

သာဓု-သာဓု-သာဓု။

ကြက်ကန်း, ဆန်အိုးတွေ့ တရားခွန်း ပြီးပြီ။

" ရတနတ္တယံ-အဟံ-ဝန္ဒာမိ "

" ပေါက်ပွင့် ခွေးမြှော် ထင်လွဲချော်
ထုတ်ဘော်ပုံညွှန်း တရားခွန်း "

ပတိတံ ပတိတံ ပုပ္ဖံ။ ခုံသိတွာ အဘိလောလုပေါ။
နယိဒံ မံသံ အဒုံ မံသံ။ ယံ ရက္ခသ္မိံ ဂိဇ္ဈတိ။ ။

ဘော၊ မြှော်ပြီး, မြှော်တုံး, မြှော်လိမ့်အုံးမို့၊ မြှော်မဆုံးဖြစ်ခြင်း၊မြှော်မှုတွေမကင်းနိုင်ကြတဲ့၊အို....အမြှော်ကောင် တသင်းတို့။ ယထာပိနာမ၊ အာရုံငါးခု အမှားဇုဠ်၊ အားပြုချော်လွဲ, အပျော်ရဲကြသဖြင့်၊ မြှော်မြဲသာမြှော်၍နေကြပုံကို။သိသာရုံမျှဥပမာပြလိုက်သော်ကား၊ သိင်္ဂါလော၊ တောစိတ် တောမာန်, တောအကြံနှင့်, တောဟန်ပြောင်ပြောင်၊တောခွေးကြီးတကောင်သည်။ ဂန္ဓာန အစာရှာစဉ် ပေါက်ပင်ရှိရာ ချဉ်းကပ်လာ၍။ ပတိတံ-ပတိတံ၊ တစ တစ ယွင်းရော်လှ၍ ခဏမဆိုင်း၊ ကြွေကျတိုင်း ကြွေကျတိုင်းသော။ ပုပ္ဖံ၊ အသွေးနီမြန်းပေါက်ပွင့်ပန်းကို။ အဘိလောလုပေါ၊ သားတစ်ထင်ခါပြင်းစွာတပ်မက် မလွှတ်ရက်အောင်၊အလွန့်အလွန်ကြီးနှစ်သက် ပြီးရကား။ ခုံသိတွာ၊ အတွေးစရိုက် မတတ်၊ ခွေးအမိုက် အငတ်၊ အပြေး ကိုက်ဟပ်လိုက်သည်ဖြစ်၍။

ဍုဒ်၊ ငါယခုခဲဒါ၊ ဤဥစ္စာသည်။ နမ်သံ၊ ငါ့အကြိုက် ငါ့အစာ, ငါ့ဟာ အစစ်၊ သားဘစ်အနေ၊ မဟုတ် သေးချေ။ ရက္ခသ္မိံ၊ အမြင့် တမြော်၊ မော်၍ တလှည့်၊ ကြည့်၍မဆုံး၊ တရှန်းရှန်းနှင့်၊ အုန်းအုန်း ကျက်ကျက်၊ ပေါက်ပင်ထက်၌။ ယံ၊ အကြင် နီနီရဲရဲ တွဲရရွဲနှင့် အဆီ အသဲ၊ အသားခဲသည်။ အတ္တိ၊ ကျန်ရစ်သော စိုစို ဟော ဟိုဟာမှ မုချမလွဲ အမဲသားတွေ ရှိသေးလေ၏။ အဒုံ၊ ဝဲဝဲ-ဝဲဝဲ၊ တသဲသဲနှင့်၊ ရဲရဲအစု၊ ထို ကျန်ရစ်သော ဝတ္ထု၊ သည်။ မံသံ၊ နောက်တခါ ကြွေကျ၊ စားရတော့မှာ၊ သေချာအပြီး၊ သားတစ်ကြီး ပေတည်း။ ဍုတိ၊ ဤသို့။ ဂဏှတိ၊ ချစ်လား ခင်လား၊ အမြင်အားဖြင့်၊ ထင်မှား ရှာလေသတည်း။ ဂဏှတိ၊ စားချင်ရက် သောက်ချင် ရက်နှင့်၊ပေါက်ပင်အောက်တွင်၊သေပွဲသဲာဝင်ရရှာလေ သတည်း။ ဂဏှတိ ကြည့်တုန်း မြင်တုန်း၊ တရှုင်ရှုင် တပြုံးပြုံးနှင့်၊ သူ့ဘက်ကို အတွင်ရှန်းရှန်းပြီး၊ ထင် တလုံးနှင့်သာ၊ သေရ ရှာလေသတည်း။ ဂဏှတိ၊ ထင်သာထင်၊ မဝင်ဘူး ကျောင်းအမ,ပမာဏာသို့၊ ဘယ် ခါမ ညာခါနှင့်၊ခါထိးမရ၊ခါမနှင့်သာ၊သေရ ရှာလေ သတည်း။ ဂဏှတိ၊မြင်ရုံသာမြင်ရ၊မကြင်ရမောင့်ကိုယ်၊ ဒိ စကား ဥပမာလို။ အမှုသာပို – ခရီးမလှဘဲ ဟာမို့၊ .သူ့ဟာ နဂိုရ်၊ နည်းမကျလို့ လွဲတဲ့ပြင်။ တညီးညီး တ တတနှင့်၊ အပြီးကျ ဟီးချခါသေရရှာလေသတည်း။

ဂဏှာတိ၊ ငှက်မသိတော့ – ဇရက်ကို ချိုးထင်၊ အချက် မသိတော့ – သမက်ကို သူခိုးထင်၊ ဆိုးချင်, တေချင်၊ အစိမ်းပက်တဲ့ ကလေးလိုပ။ မိုဃ်းမမြင်, လေမမြင်၊ ဂလိန်း ဂလက် အရေးတွေကြောင့်၊ ဘိန်း တဘက် ပြေးကြီးလယ်၍သာ သေရရှာလေသတည်း။ ဂဏှာတိ၊ မမှိတဲ့ပန်း တုံးခုလို့ လှမ်းသကဲ့သို့။ မနှိမကန်း,အဲသည် လှမ်းလှမ်းပြီး၊သရိ တတန်းတန်းနှင့်သာ သေရရှာလေ သတည်း။ ဂဏှာတိ၊ ဇောကလေး သဘောကလေး၊ တမောမော ပြေးရပုံက၊ တောခွေးနှင့်သာ ပမာဏ အလား၊ ဘာမှ မခြားပြီဘူး၊ ဗျာများတဲ့ စိတ်အာရုံကို။ ပိတ်ကာမလုံ အ ရူ အ ရာ အကျော့တွေနှင့်၊ အဆိပ် ကာမဂုဏ် မြူလာချော့ရင်ဖြင့်၊ ထိတ်စရာ အဖုံဖုံ သူပါ ပြော့လို့မို့။ မရှော့ ပြောင်ပြောင်၊ တမော့မော့၊ တယောင်ယောင်နှင့်သာ ပြီးရဒါကြောင့်။ ( တကာ ရင်ရေ....ခံချင်လဲခံ မခံချင်လဲခံ) (အမြော့ အမြော် ကောင်ထီး,အမြော့အမြော် ကောင်မကြီးတွေ)လို့သာ ဆိုထိုက် လှပါပေတော့သတည်း။

တကာရင်ရေ ( ဘုရား) အာရုံငါးပါး, ကာမဂုဏ် တရားတွေအပေါ်မှာ၊ သတ္တဝါအများ ထင်မှားလွဲချော် ပြီး၊ အမြော်ကြီး မြော်နေကြပုံကို သိသာရုံမျှ ဥပမာပြ စကားအရနှင့်ရှင်းချက်ကလေးရသွားအောင်ဟောကြ အုံးစို့လား။ (မှန်ပါဘုရား)

ဤပါဠိသဘော ဟောလိုသော အချက်က၊ အနက် ယောဇနာလိုက်ရုံနှင့်ပင် တော်တော်ထင်ရှားလှပါပြီ။ အဓိပ္ပါယ်ကို သိတ်အကျယ် ပြောဘို့တောင် မလိုတော့ ပါဘူး။ သို့ရာတွင် ထင်ရှား သည့်ထက် ထင်ရှားပါ စေတော့လို့ ပါဠိလျောက်သဘော ထင်မံ၍ အဓိပ္ပါယ် ပြန်ရတော့မှာဘဲ၊ စေတနာ သန့်သန့်နှင့်သာ မှတ်ပေ တော့။

တကာရင်တို့ ကျင်တို့ ဘဝကမ္ဘာ၊သံသရာက၊ရုံခါ မပြတ်၊ပူးကပ်၍ ပါလာသော အထင်မှား အမြင်မှား ခေတ်ကလေးနှင့် လတ်တလောအာရုံ အသစ် အသစ် ကလေးတွေ တ ွေ့ လုံးလုံး တရုန်းရုန်း ဖြစ်နေကြ ဒါဟာ၊ ဘုရားဟော ဥပမာနှင့် သေချာစွာ မှတ်သား စေချင်လွန်းလို့၊ ကွင်းကွင်း စ ့ စက်၊ ဟောညွှန်းချက် ကြီးကို၊ လေး လေး နက် နက် ဉာဏ်အမြင် ဘက် သွားအောင် သတိထားပြီး စဉ်းစား လိုက်စမ်းနော်။ (မှန်ပါဘုရား)။

ဤ ခန္ဓာကိုယ်ယုတ်၊ အဘောင်ပုပ်၌၊ အဟုတ်ကြီး သဘွယ်၊ တကယ်ကြီး ယောင်ယောင်ထင်ပြီး၊ ကြောင် ကြောင်ကြီး လွဲနေကြသည်မှာ၊ ‘ဥပမာ’သည် သိုတဲ့-

ကျား,ဆင် ရှတ်ထွေး၊မြွေဗွေး,မြွေငန်း၊ဘေးဘရမ်း တို့၊ ရောပြွမ်း ခိုမှီးကြရာ၊ ကြီးစွာသော တောအုပ်၌၊ မိုလ်လုပ်၍နေသော တောခွေးအိုကြီး တကောင်သည်

အမြီးကြီး တထောင်ထောင်၊ အစွယ်ကြီး တပြောင်ပြောင်နှင့်၊ စားရအောင်အတွက်၊ အစာရှာထွက်လာစဉ် ခတ်လှမ်းလှမ်းအကွာလောက်တွင်၊ တလှုပ်လှုပ် တလှုပ်လှုပ်နှင့်၊ အဆုပ်အဆုပ် အခိုင်ခိုင်တွေ၊ အပြိုင် အဆိုင်ပွင့်၍နေသော ပေါက်ပင်ကြီး တပင်ကို ဘွားခနဲ မြင်လိုက်သောအခါ၊ ငါ့အား စားစရာအပြီး သားတစ်ပင်ကြီးကို ရလေပြီတကား။ စားလိုက်မဟ, ဝါးလိုက်မဟ နှင့်၊ စိတ်မာန်တွေ ထ, အာသာကြောကြီး အုံပါကြွပြီး၊ သရိတွေ တတန်းတန်း ကျလာရောပေါ့-တကာရင်ရဲ့။ (မှန်ပါ၊ မြင်လိုက် မြင်လိုက်ခြင်းဘဲ အထင်မှားရှာပါဘုရား)။

အင်း....ဘွားခနဲမြင်, မှားခနဲထင်လိုက်တော့၊ စားချင်တဲ့ စိတ်ဇောကြောင့်၊ မောမှန်းမသိ၊ ပန်းမှန်းမသိ၊ အားရှိအားကုန် ဟိုဘက်ကို လုံးလုံးပုံပြီး၊ ပေါက်ပင် အောက်သို့ တဟုန်တည်း ပြေးဝင်လိုက်သတဲ့။

ပေါက်ပင်ကြီး အောက်သို့ ဆိုက်ရောက် ပြန်တော့၊ အထက်သို့မော့ကြည့်နေခိုက်,လေတိုက်လို့ ညှင်းသော် ယွင်းရော်သို့ အခြေမလှ၊ ဖြုတ်ခနဲ ကြွေကျတော့၊ အမဲသား ဟလို့ တွေးမှတ်ပြီး၊ ခွေးငတ်ကြီး အပြေးဟပ်လိုက်ရောဆိုကိုး-တကာရင်ရ (မှန်ပါ၊သူ့အမှတ်နှင့်သူ ဘယ်သူမှ မပြောရပါဘုရား)။

သို့ကလို- ကိုက်ဟပ်လိုက်သော်လဲ၊ သူထင်တဲ့ အမဲသားရဲ့ အရသာ နဲနဲကလေးမှ မပါလာတဲ့ပြင်၊ ညှီနံ့ကလေးမှ နှာခေါင်းမှာ မဝင်လာတော့၊ ဟယ်-ဒါကတော့ အမဲသားမဟုတ်သေးဘူးဟု-လွှတ်ချပြီး၊ ဟိုမှာကျန်ရစ်တဲ့ဟာကွေ့မှ အမဲသားကေန် အမှန်ဟုတ်တယ်၊ နောက်တခါ ကြွေကျရင် စားရတော့မှာ, စားရတော့မှာနှင့်၊စွင့်စွင့်ကြီးပေါက်ပင်သို့ မော်မော်ကြည့်ကြည့်ပြီး မြော်ပြီးရင်း မြော်ရင်း ဖြစ်နေရရှာသတဲ့၊ တကာရင်ရဲ။ (မှန်ပါ၊ အာသာက မပြေရှာဘဲကိုး ဘုရား)။

ဘယ်မှာ အာသာပြေမလဲ သူထင်တဲ့အတိုင်း အမဲသားတုံးက လုံးဝမှ မဟုတ်ဘဲကိုး၊ဒါပေမယ့် အထင်ကသန်တုံးမို့၊ တဖန်ကြွေကျလာ တခါပြေးကိုက်၊ မဟုတ်တော့ ချထားလိုက်၊တဖန်ကြွေကျလာ တခါပြေးကိုက်၊ မဟုတ်တော့ ချထားလိုက်၊ အဲဒါလို—ကိုက်ဟပ်လိုက်ချထားလိုက်၊နမ်းရှုံ့လိုက် လုပ်နေတုံးမှာ မျက်မှောက်တွင် ကိုယ်တွေ့များ မြင်ရလျှင် တကာရင့်ဟာ ဒီ တောခွေးအိုကြီးကို ကြည့်ပြီး ဘယ့်ကလောက် တခိခိရီလိုက်မယ်နော်။ (မှန်ပါ၊ မြင်ရရင် ရီရဒါနှင့်ဘဲ အူတက်သေခမန်း ဖြစ်မှာပါဘုရား)။

ထိုကဲ့သို့ နီနီရဲရဲ၊ တဝဲဝဲနှင့် ဇာသဲသဲ ကြွေကျသောပေါက်ပွင့်တွေကို အဆီအသဲ အမဲသားထင်၍ စားချင်အားကြီးနှင့် တဟုန်တည်း ပြေးကိုက် ချထားလိုက်၊

နှမ်းရှ့်လိုက်။ အကြိုက်အရသာ မပါလာလျှင် ဒါကတော့ မဟုတ်သေး ငါစားဘို့အရေး အမဲသား စိုစိုဟာ၊ ဟိုမှာ ကျန်ရစ်သေး, ဟိုမှာ ရှိရစ်သေးနှင့် တမြှော်မြှော်, တငေးငေး, တတွေးတွေး,တငံ့ငံ့, တဆန့် ဆန့် အာသာ ထားလျက် မျှာမျှားတဲ့ တောစခန်းမှာ မောပန်းလို့ ရေငတ်၊အစာပြတ်လို့ တမှိုင်မှိုင် တရိုင်ရိုင် သွားရေ တရွဲရွဲနှင့် ပေါက်ပင်အောက်မှာ၊ သေပွဲသာ ဝင်ရရှာ၊ဘယ်အစာ ဘယ်အာဟာရမှ စိုးစဉ်းမျှမတွေ့ရ ဖြစ်လေသကဲ့သို့။ ထို့အတူ တကာရင်တို့ တတွေလဲ တနေ့ကျ သေပွဲသာ ဝင်ရတော့ စိတ်ဆော့တိုင်း ကြိမ်မှား၍ ဝင်္ဂသား, ဝင်္ဂခဲ, ဝင်္ဂမီးထဲမှာ ဘယ်သိုဘဲ အကောင်းအရသာ ရှာသော်လဲ နဲနဲမှ တွေ့ရမှာတော့ မဟုတ်ဘူးနော်။ (မှန်ပါ၊ မတွေ့ပါဘူး ဘုရား)။

ဤခန္ဓာကိုယ်ကို သေသေချာချာ စဉ်းစားကြည့်စမ်း ပါလား....မျက်စိ နှစ်ဘက်ကလဲ မျက်ဝတ်တွေ၊ မျက် ချေးတွေက နေ့ညဉ့်မစဲ၊ တသဲသဲ ယိုကျ နေပါလျက်၊ ဒါကတော့ မုန်းဘွယ်, ရွံဘွယ် စက်ဆုပ်ဘွယ်ဘဲ၊ ကျန်ရစ်ထာကမှ ခင်ဘွယ်, မင်ဘွယ်, သာယာဘွယ် ဘဲလို့၊ ထင်မြဲ ထင်တုန်း မှတ်မြဲ မှတ်တုန်း။

နားတွင်း နှစ်ဘက်ကလဲ - နဖါချေးတွေ၊ နားပြည် တွေက နေ့ညဉ့်မစဲ, တသဲသဲ ယိုကျ နေပါလျက်၊

ဒါကတော့မုန်းဘွယ်၊ရွံဘွယ် စက်ဆုပ်ဘွယ်ဘဲ၊ကျန်ရစ် ထာကမှ ခင်ဘွယ်, မင်ဘွယ်, သာယာဘွယ် ဘဲသို့၊ ထင်မြဲ ထင်တုန်း-မှတ်မြဲ မှတ်တုန်း။

နှာခေါင်းနှစ်ဘက်ကလဲ-နှပ်ချေးတွေ၊နှာရေတွေက နေ့ညဉ့်မစဲ, တသဲသဲ ယိုကျနေပါလျက်၊ ဒါကတော့ မုန်းဘွယ်, ရွံဘွယ်, စက်ဆုပ်ဘွယ်ဘဲ၊ ကျန်ရစ်ထာကမှ ခင်ဘွယ်, မင်ဘွယ်, သာယာဘွယ် ဘဲလို့၊ ထင်မြဲ ထင်တုန်း-မှတ်မြဲ မှတ်တုန်း။

ခံတွင်း ပေါက်ကလဲ - ချွဲကန်းတွေ၊ သလိပ်တွေက နေ့ညဉ့်မစဲ တသဲသဲ ယိုကျနေပါလျက်၊ ဒါကတော့ မုန်းဘွယ်, ရွံဘွယ်, စက်ဆုပ်ဘွယ်ဘဲ၊ ကျန်ရစ်ထာကမှ ခင်ဘွယ်, မင်ဘွယ်, သာယာဘွယ် ဘဲလို့၊ ထင်မြဲ ထင်တုန်း-မှတ်မြဲ မှတ်တုန်း။

အောက် နှစ်ပေါက်ကလဲ - ကျင်ကြီးတွေ ကျင်ငယ် တွေက နေ့ညဉ့်မစဲ တသဲသဲ ယိုကျနေပါလျက်၊ ဒါက တော့ မုန်းဘွယ်, ရွံဘွယ်, စက်ဆုပ်ဘွယ်ဘဲ၊ ကျန်ရစ် ထာကမှ ခင်ဘွယ်, မင်ဘွယ်, သာယာဘွယ် ဘဲသို့၊ ထင်မြဲ ထင်တုန်း-မှတ်မြဲ မှတ်တုန်း။

ကိုးသောင်း ကိုးထောင် မျှသော မွေးညှင်းတွင်း, မွေးညှင်း ပေါက်ကလေးတွေကလဲ၊ ချွေးတွေ,အဆီရေ အစေးတွေက၊ နေ့ညဉ့်မစဲ တသဲသဲ ယိုကျနေပါလျက်၊

ဒါကတော့ မုန်းဘွယ်၊ ရွံဘွယ်၊ စက်ဆုပ်ဘွယ်ဘဲ၊ ကျန်ရစ်ထောင်မှ ခင်ဘွယ်, မင်ဘွယ်, သာယာဘွယ်ဘဲလို့၊ထင်မြဲ ထင်တုန်း-မှတ်မြဲ မှတ်တုန်း။

အဲဒါလို....ခန္ဓာကိုယ် တခုလုံး အသုဘ ဉာဏ်နှင့် သိမ်းကြုံးပြီး ကြည့်လိုက်တော့ အကောင်းမရှိ၊ ပကတိ အသုဘမျိုးကြီး အစစ်ကေန်ပင် ဖြစ်ပါလျက်နှင့် အမြဲစီးယိုတစိုစို ကျနေဒါတွေကတော့ မကောင်းဘူး၊ ကျန်ရစ်တဲ့ ဝတ္ထုတွေကတော့ ကောင်းတယ်လို့ ထင်တယ် မှတ်မှား နေလိုက်ကြဒါ၊ တောခွေး အိုကြီးနှင့် မခြားတသားထဲ တထပ်ထဲ တူမနေကြဘူးလား - တကာရင်ရ၊ (မှန်ပါ၊ အလွန်တူပါဘုရား)။

အင်း....ငါတို့ကို ခွေးအိုကြီးနှင့် အတူတူဘဲတဲ့လို့ "ဦးတိဿ ကိုယ်တော်က" ဆိုတယ် ထင်ပြီး၊ မခံချင်မရှိနှင့်နော်၊ ကျုပ်က ဆိုဒါမဟုတ်ဘူး၊ ဘုရားအရိယာပေါင်း သူတော် ကောင်းတွေက ဆိုကြတဲ့ ဥပမာ တော်ကြီးပါဟ - တကာရင်ရ။ (မှန်ပါ၊ မခံချင်စရာလဲ မရှိပါဘူး ဘုရား)။

ညှိနံ ပုပ်ဟောင်၊ ဤကိုယ်ကောင်ကြီးမှာ၊ အရည်မိုးမိုး၊ ယိုစီး ထွက်ကျနေသည့် တို့ကို ရေနှင့်လည်း မသုတ်သင်၊ ပန်းနံ့သာတို့နှင့်လည်း မပြုပြင်၊ အဝတ်တန်းဆာတို့နှင့်လည်း မဆင်ဘဲ၊အတွင်းသားကို အပြင်

ဘက်သို့ ပြောင်းပြန် လှန်ထားလိုက်ရရင်၊ ကျီး, ခွေး ငှင်းတတွေကို ဒုတ်ကိုင်မိုးပြီး၊ တဟိုးဟိုး မောင်းနှင်နေရမှာဘဲနော်။ (မှန်ပါ၊ ခြောက်လို့တောင် နိုင်မယ်မထင်ပါဘုရား)။

သို့ကလေသက် ဟန်မရဒါ အမှန်ကျဖြစ်နေပါလျက်နှင့် အချစ်ချမက်တွေ ထင်ပြီး၊ မလွှတ်ရက်အောင် နှစ်သက်နေကြတဲ့ အကြောင်း တွေးလိုက်တော့ အကောင်းကလေးရှိနိုးနိုး၊အဘိုးတန်ကလေး ရှိရိပ်ရိပ်နှင့်မသိစိတ်အမြင်ဖုံးတဲ့ ယင်တလုံးရဲ့ အတွက်၊ သူ့လက်ချက်ကြောင့်ဘဲ မဟုတ်လား–တကာရင်ရ။ (မှန်ပါ၊ထင်လုံးကလေး အတွက်ကြောင့်ပါ ဘုရား)။

အလွန် ဆိုးဝါးတဲ့ ထင်လုံး ကလေးဘဲနော်။ ဒီထင်လုံးကလေး နှောက်ရှက်လို့ တကာရင်တို့ ကျုပ်တို့တတွေမှာ၊ သံသရာတခုလုံး ကတောက် ကတက်နှင့်၊ မှောက်ရက်တမျိုး ပက်လက်တဖုံ၊ အစုန်တဖန် အဆန်တချက်၊ အတက်က နည်းပါး၊ အဆင်းသာ များနေကြမဟုတ်လား။ (မှန်ပါ၊ အတက်ပြင်း အဆင်းပျော် ဆိုသလို ဖြစ်နေကြပါဘုရား)။

ညစ်ကြေး ပြည့်လှောင်၊ ဤအပုပ် ကောင်ကြီး အပေါ်မှာ တနေ့သော်လဲ ဟုတ်နိုးနိုး၊ တရက်သော်လဲ ဟုတ်နိုးနိုးနှင့် တမျိုးပြီး တမျိုး ပြုမူ, ပြင်မူ, ကြောင့်ကြ

စိုက်မှုတွေ တိုးတိုးပြီး အားကိုးအားကိုးနေလိုက်ကြဒါ ဘယ့်ကလောက် မစင်အိုကြီးထဲ ပုလဲ, စိန်, ကျောက် ပတ္တမြား, ရွှေ, ငွေတွေ ရှိတယ် အထင်ရောက်ပြီး၊ မွှေနှောက်ခါ ရှာဖွေနေတဲ့ အရူးငတေနှင့် တူနေသလဲ။

မစင် အိုးကြီးထဲမှာ အဘိုးထိုက် အဘိုးတန် ရတနာမှန်တွေ ရှိလိမ့်မည် အနေနှင့် ချွေးဘလုံးလုံး တကုန်းကုန်းမွှေ အတင်းရှာဖွေ၍ နေသော အရူး ငတေကို မြင်ရလျှင်၊ ရင်မ,ပြီး၊ အရူးကြီးဟ, အရူးကြီးဟ.... ဆို၍၊ အလွန်ရွံကြ စက်ဆုပ်ကြနှင့် ဘယ်သူမှ အနား ကပ်ချင်ကြမှာ မဟုတ်ဘူးနော်။

ကဲ....တကာရင်တို့ တတွေလဲ၊ အသုဘ ပြင်ပြင်ကို သုဘကြီးထင်၍ တရှင်ရှင် တပြုံးပြုံးနှင့် ထင်တလုံး လက်ကိုင်ပြီး၊ မြှင်မြှင်ကြီး ပျော်မြူး နေကြဒါတွေဟာ၊ ငတေဆိုတဲ့ အရူးနှင့် ဘာတခုမျှ မထူးတော့ ပါဘူး။ ထူးတယ်များ ထင်သေးသလား-တကာရင်ရဲ့။ (မှန်ပါ၊ လုံးလုံး မထူးတော့ပါဘူး ဘုရား)။

ယခင်က ပြဆိုခဲ့သော တောခွေးကြီး ဥပမာမှာ၊ ပေါက်ပွင့်ကိုပင် အမဲသားထင်ပြီး၊ ကိုက်လား,ခဲလား၊ နမ်းလား, ရှုံ့လား လုပ်နေရပေမဲ့၊ စိတ်ချ လက်ချ ပြုလုပ်၍ နေရသည်မဟုတ်၊ မိမိကိုအသစ်သုတ်ပြီး အစာပြုလုပ်ကြမည့်ကျားတွေသစ်တွေလဲ အမြဲတန်းချောင်းနေ

စောင်းနေ၊ မြောင်းနေ ကြသဖြင့် တခဏကလေးမှ မလစ်သာရသကဲ့သို၊ ထို့အတူ တကာရင်တို့ ကျုပ်တို့ တတွေမှာလဲ၊ အသုဘ အစစ်ကို သုဘ အနှစ် ထင်ပြီး၊ ချစ်လား,ခင်လား, သိမ်းပိုက်လား ပြုလုပ် မှားနေ ကြရ ပေမဲ့ သေမင်းက အချက်ကောင်း ညိုးညိုးပြီး၊ အမြဲ တန်းပင် မျက်စောင်းကြီးထိုးနေသည်ဖြစ်၍ တရံတဆစ် ကလေးမှ ဧ မြမြနှင့် စိတ်ချရတဲ့ အချက် တကွက်မျှ ရှာကြံလို့ မရပါကလားဟာ — တကာရင်ရ။ (မှန်ပါ၊ တဆိတ်ကလေးမှ စိတ်မဧရပါဘုရား)။

ဒါ့ကြောင့် ဘေးတွေထူပြော၊ ရန်သူပေါတဲ့ တော အုပ်ကြီးနှင့်ကား ဤလူ့ဘုံ လူ့ရွာ လူ့ဌာနကြီးနှင့် မခြား၊ အလားတူစေ။ ။ မြိုင်မြိုင် ဆိုင်ဆိုင် အခိုင်ခိုင် ပွင့်၍နေသော ပေါက်ပင်ကြီးနှင့်ကား ဤ ခန္ဓာကိုယ် ယုတ် အကောင် ပုပ်ကြီးနှင့်မခြား အလား တူစေ။ နေ့ညမစဲ၊ တသဲသဲ ယိုထွက် စီးကျ၍နေသော အသုဘ အညစ် အကြေးတွေနှင့်ကား ပေါက်ပွင့်တွေနှင့် မခြား အလားတူစေ။ သုဘအသွင်,အကောင်းထင်၍ မလွှတ် ချင်ဘဲ တစွဲလန်းလန်း တငန်းငန်း ခင်မင် နေကြသော တကာရင်တို့ တတွေနှင့်ကား၊ မတောမတွေး သဘော ဝေးတဲ့ တောခွေးကြီးနှင့်မခြားဘဲ-တသားထဲတူစေ။ ။

ဤကား - အသုဘ သညာ ထင်လာ စေခြင်းငှါ သသမ္ဘာရအနေနှင့်ခွဲဝေ၍ပြပုံ၊တဖန်သဘာဝအနေနှင့် ကြိတ်ချေ၍ ပြကြဦးစို့။

ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖေါဋ္ဌဗ္ဗာရုံ ဆိုတဲ့ အာရုံကြီး ငါးပါးဟာ၊ အလွန်ပြဋ္ဌာန်းသော အားဖြင့် ထင်ထင် ရှားရှားကြီး ရှိ နေ ဒါကို တကာရင် သိရဲ့ မဟုတ်လား။ (မှန်ပါ၊ သိသာ ထင်ရှားပါဘုရား)။

ထို အာရုံကြီး ငါးပါးနှင့် ရပ်နားခွင့်မရှိ၊အလှည့်ကျ အလှည့်ကျ၊ ခဏမဆိုင်း နေ့တိုင်း နေ့စဉ် ဆိုသလို၊ ကိုယ်တိုင်ဒိဋ္ဌ အမြဲ တွေ့နေကြရသဖြင့်၊ အထင် ကြီးကြ အမြင်ကြီးကြနှင့် အလွန်ဖြေရှင်းလို့ရခဲတဲ့အာရုံမျိုးကြီး တွေဘဲနော်။

သို့သော် — သဘာဝ ကျအောင် နှလုံး သွင်းမိရင် ဖြေရှင်းဘို့အချက် သိ တ် မ ခ က် ပ ါ ဘူ း ။ သဘာဝ ကျအောင် မဆင်ခြင်လို့ ပကတိသဘောရင်းကို မထင် မြင်ရင်သာ ပုဂ္ဂိုလ် ပေါ်မှာ အဖတ် တင်နေတတ် ပါတယ်။ ပုဂ္ဂိုလ်ပေါ်တွင် အဖတ်တင်နေရင်လဲ၊ချော်လွဲ စွဲလန်း အလွန် မိုက်မဲ သောင်းကြမ်းနေတဲ့ ဒိဋ္ဌိသူပုန်က ဖြုံဖြုံကလေးမှ ရှိမှာ မဟုတ်ဘူး ပေါ့လေ။

ရှုံ့ဘန်ရုံ့ခါ-အဆင်းအာရုံ ကာမဂုဏ်ကို အကြောင်းပြုပြီး အထင်ကြီးမှုကြီးတချက်ပေါ်ထွက်လာတတ်သည် ရှုံ့ဘန်ရုံ့ခါ အသံအာရုံ ကာမဂုဏ်ကို အကြောင်းပြုပြီး အထင်ကြီးမှုကြီး တချက် ပေါ်ထွက် လာတတ်သည်။ ရှုံ့ဘန်ရုံ့ခါ၊ အနံ့အာရုံ ကာမဂုဏ်ကို အကြောင်းပြုပြီး အထင်ကြီးမှုကြီး တချက် ပေါ်ထွက် လာတတ်သည်။ ရှုံ့ဘန်ရုံ့ခါ၊ အရသာအာရုံ ကာမဂုဏ်ကို အကြောင်းပြုပြီး၊ အထင်ကြီးမှုကြီးတချက် ပေါ်ထွက် လာတတ်သည်၊ရှုံ့ဘန်ရုံ့ခါ၊အတွေ့အာရုံကာမဂုဏ်ကိုအကြောင်းပြုပြီး အထင်ကြီးမှုကြီး တချက် ပေါ်ထွက် လာတတ်သည်။ တကာရင် .... ကြပ်ကြပ်ကြီး သတိထားနော်။ (မှန်ပါ၊ အလွန် သတိထားရပါလိမ့်ဘုရား)။

**သတိထားပြီး စဉ်းစားလိုက်စမ်း။**

(၁) ဘွားခနဲမြင်-မှားခနဲ နှင်ထင်။
သဘောသေးတဲ့-တောခွေး ပုထုဇဉ်။ ။

နောက်နောက်က ထွေထွေထူးထူး၊ မြင်ဘူးသမျှ၊ ခံစားခဲ့ဘူးသမျှ အလွန် များပြားလှစွာသော အဆင်း အာရုံ ကာမဂုဏ် စုတွေကိုတော့၊ ယခုနေအခါ ဘာ တခုမှ စမ်းသပ်ရှာဖွေလို့မရ၊ အိုမင်း ယိုယွင်း ပျက်စီး ခြင်းသို့ အတင်း ရောက်ခဲ့ကြလေပြီ ဖြစ်သောကြောင့်၊

ထိုအာရုံ၌ နှစ်နှစ် ခြိုက်ခြိုက် ဂရုစိုက်ပြီး၊ မည်သူမှ သိမ်းပိုက်ခြင်းလဲ မရှိ အကောင်းထင်မှု ကလေးကလဲ မငြိလာတော့ဘူး။

ယခု မြင်တုန်း မြင်ဆဲ အဆင်းဓာတ် မီးခဲကလေးကိုတော့၊ ကောင်းတယ် - ကောင်းတယ်၊ လိုချင်တယ် ရချင်တယ်၊ ခင်ဘွယ်, မင်ဘွယ်, သာယာဘွယ် ဘဲလို့ ဟောဒါလို....ဘွားခနဲ မြင်လိုက်တော့၊ မှားခနဲ မထင်လိုက်ဘူးလား - တကာရင်ရဲ့။ ( မှန်ပါ၊ မြင်လိုက်သည့် တပြိုင်နက် အမှား ဓာတ်ကလေးက ပွဲဦးထွက်လာပါဘုရား )။

( ၂ ) ဘွားခနဲ ကြားရင်-မှားခနဲ သွားထင်။
သဘောသေးတဲ့-တောခွေး ပုထုဇဉ်။ ။

နောက်နောက်က ထွေထွေ ထူးထူး၊ ကြားဘူးခဲ့သမျှ,ခံစားခဲ့ဘူးသမျှအလွန်များပြားလှစွာသောအသံ အာရုံ ကာမဂုဏ်စုတွေကိုတော့။ ယခုနေ အခါ ဘာတခုမှ စမ်းသပ် ရှာဖွေလို့ မရ၊ အိုမင်း ယိုယွင်း ပျက်စီးခြင်းသို့ အတင်း ရောက်ခဲ့ကြလေပြီ ဖြစ်သောကြောင့်။ ထိုအာရုံ၌ နှစ် နှစ် ခြိုက် ခြိုက် ဂရုစိုက်ပြီး၊ မည်သူမှ သိမ်းပိုက်ခြင်းလဲ မရှိ။ အကောင်း ထင်မှုကလေးလဲ မငြိလာတော့ဘူး။

ယခု ကြားတုန်း ကြားဆဲ အသံခေတ် မီးခဲကလေး ကိုတော့၊ ကောင်းတယ် - ကောင်းတယ်၊ လိုချင်တယ် ရချင်တယ်၊ ခင်ဘွယ်, မင်ဘွယ်, သာယာဘွယ်ဘဲလို့၊ ဟောဒါလို-ဘွားခနဲ ကြားလိုက်တော့၊ မှားခနဲ မသွား လိုက်ဘူးလား။(မှန်ပါ၊ကြားလိုက်သည်နှင့် တပြိုင်နက် အမှားခေတ်ကလေးက ပွဲဦးထွက် လာပါဘုရား)။

(၄) ဘွားခနဲ နံ့ရင်-မှားခနဲ ကြိုထင်။
သဘောသေးတဲ့-တောခွေးပုထုဇဉ်။ ။

နောက်နောက်က ထွေထွေ ထူးထူး နံ့ခဲ့ဘူးသမျှ၊ ခံစားခဲ့ဘူးသမျှ အလွန် များပြား လှစွာသော အနံ့ အာရုံကာမဂုဏ်စုတွေကိုတော့၊ယခုနေအခါဘာတခုမှ စမ်းသပ်ရှာဖွေလို့ မရ၊ အိုမင်း ယိုယွင်း ပျက်စီးခြင်းသို့ အတင်း ရောက်ခဲ့ကြလေပြီဖြစ်သောကြောင့်။ထိုအာရုံ၌ နှစ်နှစ်ခြိုက်ခြိုက် ဂရုစိုက်ပြီး၊ မည်သူမှ သိမ်းပိုက်ခြင်းလဲ မရှိ၊ အကောင်းထင်မှုကလေးလဲ မငြိလာတော့ဘူး။

ယခု နံ့တုန်းနံ့ဆဲ အနံ့ခေတ် မီးခဲကလေးကိုတော့၊ ကောင်းတယ်-ကောင်းတယ်၊ လိုချင်တယ်,ရချင်တယ်၊ ခင်ဘွယ်, မင်ဘွယ်, သာယာဘွယ် ဘဲလို့၊ ဟောဒါလို ဘွားခနဲ နံ့လိုက်တော့၊ မှားခနဲ မကြိုလိုက်ဘူးလား။ (မှန်ပါ၊ နံ့လိုက်သည်နှင့် တပြိုင်နက်၊ အမှား ခေတ် ကလေးက ပွဲဦးထွက်လာပါဘုရား)။

(၄) ဘွားခနဲ လျက်ရင်–မှားခနဲ ထွက်ထင်။
သဘောသေးတဲ့–တောခွေးပုထုဇဉ်။ ။

နောက်နောက်က ထွေထွေထူးထူး၊လျက်ခဲ့ဘူးသမျှ ခံစားခဲ့ဘူးသမျှ၊ အလွန် များပြားလှစွာသော အရသာ အာရုံ ကာမဂုဏ်စုကိုတော့၊ ယခုနေအခါ၊ ဘာတခုမှ စမ်းသပ်ရှာဖွေလို့ မရ၊ အိုမင်းယိုယွင်း ပျက်စီးခြင်းသို့ အတင်းရောက်ခဲ့ကြလေပြီ ဖြစ်သောကြောင့်။ထိုအာရုံ၌ နှစ်နှစ်ခြိုက်ခြိုက်၊ ဂရုစိုက်ပြီး မည်သူမှ သိမ်းပိုက်ခြင်းလဲ မရှိ၊ အကောင်းထင်မှုကလေးလဲ မငြိလာတော့ဘူး။

ယခု စားတုန်း စားဆဲ၊ ရသာခတ် မီးခဲကလေး ကိုတော့၊ ကောင်းတယ်–ကောင်းတယ်၊ လိုချင်တယ်, ရချင်တယ်၊ ခင်ဘွယ်, မင်ဘွယ်, သာယာဘွယ်ဘဲလို့၊ ဟောဒါလို–ဘွားခနဲ လျက်လိုက်တော့၊ မှားခနဲ ထွက် မလာဘူးလား။ (မှန်ပါ၊ စားလိုက်သည့် တပြိုင်နက်၊ အမှားခတ်ကလေးက ပွဲဦးထွက်လာပါ ဘုရား)။

(၅) ဘွားခနဲ တွေ့ရင်–မှားခနဲ မေ့ထင်။
သဘောသေးတဲ့–တောခွေးပုထုဇဉ်။ ။

နောက်နောက်က ထွေထွေ ထူးထူး၊ တွေ့ထိခဲ့ဘူး သမျှ ခံစားခဲ့ဘူးသမျှ အလွန် များပြား လှစွာသော အတွေ့အာရုံ ကာမဂုဏ် စုတွေကိုတော့၊ ယခုနေအခါ ဘာတခုမှ စမ်းသပ် ရှာဖွေလို့ မရ၊ အိုမင်း ယိုယွင်း

ပျက်စီးခြင်းသို့ အတင်း ရောက်ခဲ့ကြလေပြီ ဖြစ်သော ကြောင့်။ထိုအာရုံ၌ နှစ်နှစ်ခြိုက်ခြိုက် ဂရုစိုက်ပြီးမည်သူမှ သိမ်းပိုက်ခြင်းလဲမရှိ၊ အကောင်း ထင်မှုကလေးလဲ မငြိ လာတော့ဘူး။

ယခု တွေ့ထိတုန်း တွေ့ထိဆဲ၊ အတွေ့ခေတ် မီးခဲ ကလေးကိုတော့၊ ကောင်းတယ် - ကောင်းတယ်၊ လိုချင်တယ်, ရချင်တယ်၊ ခင်ဘွယ်,မင်ဘွယ်, သာယာ ဘွယ်ဘဲလို့ ဘွားခနဲ တွေ့လို့၊ ဟောဒါလို - ဘွားခနဲ တွေ့လိုက်တော့၊ မှားခနဲ မမေ့လိုက်ဘူးလား။ (မှန်ပါ၊ တွေ့ထိလိုက်သည့် တပြိုင်နက် အမှား ခေတ်ကလေးက ပွဲဦးထွက်လာပါဘုရား)။

(၆) ဘွားခနဲ ကြံရင်–မှားခနဲ ဟန်ထင်။
သဘောသေးတဲ့–တောခွေးပုထုဇဉ်။ ။

နောက်နောက်က တွေ့တွေ့ထူးထူး၊ကြံစည်ခဲ့ဘူးသမျှ ခံစားခဲ့ဘူးသမျှ အလွန် များပြားလှစွာသော အာရုံ ငါးခု ကာမဂုဏ်စုတွေကိုတော့၊ယခုနေအခါဘာတခုမှ စမ်းသပ်ရှာဖွေလို့ မရ၊ အိုမင်း ယိုယွင်း ပျက်စီးခြင်းသို့ အတင်းရောက်ခဲ့ကြလေပြီဖြစ်သောကြောင့်။ ထိုအာရုံ၌ နှစ်နှစ်ခြိုက်ခြိုက် ဂရုစိုက်ပြီး မည်သူမှ သိမ်းပိုက်ခြင်းလဲ မရှိ၊ အကောင်း ထင်မှုကလေးလဲ မငြိလာတော့ဘူး။

ယခု ကြံစည်တုန်း, ကြံစည်ဆဲ အာရုံခေတ် မီးခဲကလေးကိုတော့၊ ကောင်းတယ် - ကောင်းတယ်၊ လိုချင်တယ်, ရချင်တယ်၊ ခင်ဘွယ်, မင်ဘွယ်, သာယာဘွယ်ဘဲလို့၊ ဟောဒါလို-ဘွားခနဲ ကြံလိုက်တော့၊မှားခနဲ မမြန်လိုက်ဘူးလား။ (မှန်ပါ၊ ကြံစည်လိုက်သည့် တပြိုင်နက်၊ အမှား ခေတ်ကလေးက ပွဲဦးထွက်လာပါဘုရား)။

အဲဒါလို အဆင်းအာရုံ, အသံအာရုံ, အနံ့အာရုံ, အရသာအာရုံ, အတွေ့အာရုံ ကာမဂုဏ် အလှေရှိင်းတွေနှင့် တွေ့တိုင်း-တွေ့တိုင်း၊ အမှား ခေတ်ကလေးက စောင့်ဆိုင်း ငန့်လင့်နေသလို၊အရုံသင့်ရှိနေပြီးဖြစ်သည့် အတွက်၊သူကသာ ပွဲဦးထွက် ထွက်လာတော့သည်။

ဤခန္ဓာကိုယ်တခုလုံး သိမ်းကြုံး၍ ကြည့်လိုက်တော့ မျက်စိနှင့် ဆိုင်ရာ ဘာကို မြင်ရသလဲ တကာ ရင်ရ၊ (အဆင်းခေတ်ကလေး တခုကိုသာ မြင်ရပါဘုရား)။

ထို အဆင်းခေတ် ကလေးထဲမှာ သူလဲမပါ၊ ငါလဲ မဟုတ် ရွှေမြုပ် ပမာဏကဲ့သို့၊ 'အတ္တသာရ' ရှာမရပါဘဲနှင့်၊ ဒါ ငါဘဲ, ဒါသူဘဲလို့၊ အယူလွဲ အထင်မှားနေကြဒါဟာ၊ ဘယ့်ကလောက် တောခွေးအိုကြီးနှင့် တူနေကြသလဲ။ (မှန်ပါ၊ အလွန်တူပါဘုရား)။

ဤ အဆင်းခဓာတ်သဘောကလေးဟာ၊ လတ်တလော ဖြစ်ပေါ် လာဆဲတွင် ဖြတ်ခနဲ ပျက်စီး၍ အချည်းနှီး အဖြစ်သို့ စင်စစ် ဆိုက်ရောက်ရရှိး အမှန် ကေန် ဖြစ်ပါ လျက် အကောင်းကလေး ထင်ချက်၊ အနှစ်ကလေး ထင်ချက်နှင့်ပင် တသက်လုံး အဆုံးအရှုံး ခံကြရသော သူများမှာ၊ ဘယ့်ကလောက် စားချင်ရက်, သောက်ချင် ရက်နှင့်၊ပေါက်ပင် အောက်မှာပင် သေပွဲဝင်ရရှာသော တောခွေး အိုကြီးနှင့် - တူမနေဘူးလား။ (တထပ်ထဲ တူနေပါဘုရား)။

ၐင်းအဆင်းဓာတ်ကလေးဟာ တပိဿာ,နှစ်ပိဿာ စသည်ဖြင့် တင်းချင့်, တောင်းချင့်နှင့် ရကောင်းသော တရားမျိုး မဟုတ်ပါလျက်၊ အထုပ် အထယ်နှင့် အတင့် အတယ် အဖွယ်အရာ တွယ်တာ သိမ်းပိုက်ပြီး အထင် ကြီးနေသူများမှာ တောခွေးကြီး ထင် တလုံး နှင့် သာ သေဆုံးရရှာသည်နှင့် မတူဘူးလား)။ တသားထဲပါဘဲ ဘုရား။

အစိတ်အစိတ် အပိုင်းအပိုင်း အပြတ်အပြတ်ဖြစ်နေ ရသော အဆင်း ဓာတ် ကလေးတွေဟာ ဘယ်နေရာ ဘာတခုမျှ အသုံးချလို့ လဲမရ၊ လိုကဲ့သို့ အသုံးကျ အသုံး ဝင်မျိုး မဟုတ်ပါဘဲလျက် ဘယ်အချက်ကျ ဟုတ်နိုးနိုး ဘယ်အချိန်မျိုးကျ ဟုတ် ယောင် ယောင်၊ ဘယ်နေ့ခင် ညာနေ့ခင်ကျ ဟန်ရလိမ့်, ဟန့်ရလိမ့်နှင့် သူ့စိတ်ကူး

တစိမ့်စိမ့်, တအိမ့်အိမ့်, တဖိမ့်ဖိမ့်, တမိန့်မိန့်နှင့် ဘယ်လိုပင် နှစ်သိမ့်မင်္ဂမောပြီး ထင်စားဇောကြီး စောနေပေမယ့်၊ သူ့သဘော သူသာပိုင်၊ ကိုယ်နှင့် ဖြင့်လုံးလုံးမှ မဆိုင်ခဲ့သော့ကြောင့် ဆိုင်သလိုလို ပိုင်သလိုလို ထင်လေသမျှ၊ သူ့သဘာဝ သူ့ကိစ္စ နှင့် ချကြည့်လိုက်တော့ " ထင် သာ ထင်....မဝင်ဘူး ကျောင်းအမ" ဆိုသလို ကျမနေဘူးလား - တကာရင်ရဲ။ ( မှန်ပါ၊ ဒီစကားပုံ အတိုင်းပါဘဲဘုရား)။

မြင်တုန်း မြင်ဆဲ ကာလ တဒင်္ဂမျှ တခဏသာဖြစ်ပေါ်လာသော အဆင်းသဘောကလေးသည်၊ တနာရီဘဲ, နှစ်နာရီဘဲ၊ တမိနစ် ဘဲ, နှစ်မနစ်ဘဲ စသည်ဖြင့် တည်တန့် ခိုင်ခန့်၍ နေနိုင်သော တရား သဘောမျိုး မဟုတ် သောကြောင့် မိမိလဲမြဲခွင့် ချမ်းသာခွင့်မရ၊ သူတပ ါးကိုလဲ မြဲခွင့် ချမ်းသာခွင့် မပေးနိုင်၊ သုခအစစ် ချမ်းသာသောအဖြစ်နှင့် ကောင်းဆိုတဲ့ အနှစ်ကလေးကို ပေးနိုင်ဘို့နေနေသာသာ၊ သုခများမှာ မကြာမကြာ အခါခါပျက်ရဒါ မောလို့၊ ဖျာခနဲ ဖွေးခနဲ ဆိုသလို ဖြစ်ဆဲခဏ၌ မြင် ရုံ က လေး မျှ သ ာ မြင်လိုက်ရ၊ နိစ္စ အနေနှင့် စိတ်ချလက်ချ အစဉ်ထာဝရ ဘယ်မှာလျှင် အကျင်းခံနေခွင့် ရပါ့မလဲ၊ ဒါ့ကြောင့် "မြင်ရုံသာမြင်ရ မကြင်ရမောင့်ကို" ဒီစကားဥပမာဆိုလိုက်တယ် တကာရင်ရဲ။ (မှန်ပါ၊ အလားတူ ဥပမာ ဖြစ်ပါဘုရား)။

အဆင်းရုပ်ခေါက် ရုပ်ရုပမတ်၏ မမြဲသောအနိစ္စအချက်, ဆင်းရဲသောဒုက္ခအချက်၊ အစိုးမရသောအနတ္တအချက်ကို မသိမမြင်ကြလျှင် ငှက်မသိတော့ ဇရက်ကိုချိုးထင်၊ အချက်မသိတော့ သမက်ကိုသူခိုးထင် ဆိုသလိုဖြစ်တတ်ကြတယ်။ ဖြစ်ပုံက ဇရက်ကို ချိုးထင်ပြီးအသားကို စားချင်၍ သစ်ပင်မှာ ထောင်ချောက်နှင့်တယ်ဆောက်သော ချိုးသမားသည် ဇရက် ဖြစ်ငြား၊ မသိမှားသောကြောင့် လိုက်အားမရှော့၊ တမော့မော့တမားမား၊ ဟိုခုံ ဒီလွှားနှင့် တောခြားမှာပင် သေရချိုးမရသကဲ့သို့ရင်း။ ။

သူ့ဘို၏ အချက်ကို မသိ၍ သမက်ကိုပင် သူခိုးထင်သော မိခင်,ဘခင်သည်၊ အအော် အဟစ် ဒုတ်ပစ်ခဲပေါက် တညလုံးခြောက် တရှောက်လုံး ကြည့်နေပါလျှင် မိမိလဲ နေရာမကျ၊ သွေးလဲ အရှက်ရ၊ ဟောဒါ႗.အကျဆုံးဘဲ၊ မနက် ထ,မှာတောင် မျက်နှာပြ ခက်သကဲ့သို့ရင်း။ ။

အဲဒါလိုဘဲ တကာရင်တို့ ကျုပ်တို့ တဘေ့မှာလဲ တသံသရာလုံးက အဆင်းခေါက်ကလေးအပေါ်မှာ နိစ္စသုခ,အတ္တ. သုဘအနေနှင့် သိမ်းပိုက်ချော်လွဲလာလိုက်ထာ အရှက်ကွဲပြီး သေပွဲသာ ဝင်ခဲ့ကြရ အကောင်းဘာတခုမှ မရခဲ့ကြပါလား - တကာရင်ရ။ (မှန်ပါ၊ မရခဲ့ကြပါဘုရား)။

တနည်း ဥပမာအားဖြင့်လဲ တကာရင်တို့ ကျုပ်တို့ ပကတိ စိတ်ဓာတ်ကလေးဟာ၊ မိုက်မဲတွေဝေ, အလွန် ဆိုးတေချင်တဲ့ ကလေးနှင့် တူကယ်။ ထို မူလရင်းကိုက အလွန် ဆိုးချင် တေချင်တဲ့ ကလေးမိုက်ကိုထပ်၍တဖန် အစိမ်းပက်မိပြန်ရင်၊ ပြောမခံ, ဆိုမခံ, ချော့မခံနှင့် အငို မာန် တိုးတိုးပြီး၊ သဒ္ဒါလံအောင် ပိုမဆိုးပေဘူးလား။ (မှန်ပါ၊ အငို တမျိုးနှင့် ပိုဆိုးပါဘုရား)။

ထိုနည်းတူစွာ၊ ရူပါရုံ အစိမ်းပက်မိလို့၊ မျက်စိက ဂလိန်းဂလက်ဖြစ်လိုက်၊သဒ္ဒါရုံအစိမ်းပက်မိလို့၊နားက ဂလိန်း ဂလက် ဖြစ်လိုက်၊ ဂန္ဓာရုံ အစိမ်းပက်မိလို့၊ နှာခေါင်းက ဂလိန်းဂလက်ဖြစ်လိုက်၊ ရသာရုံ အစိမ်း ပက်မိလို့၊လျှာက ဂလိန်းဂလက် ဖြစ်လိုက်၊ ဖေါဋ္ဌဗ္ဗာရုံ အစိမ်းပက်မိလို့၊ ကိုယ်က ဂလိန်း ဂလက် ဖြစ်လိုက်၊ စဉ်းစား ကြည့်လိုက်တော့၊နေ့စဉ် နေ့တိုင်း အစိမ်းပက် ခံနေရလို့၊ တကိုယ်လုံး, တကောင်လုံး ဂလိန်းဂလက် ဖြစ်နေရဒါ၊ ရှက်စရာ ကောင်းလှပြီဟာ....တကာ ရင်ရ။ (မှန်ပါ၊ကလေးထက်ဆိုး၍၊အမျိုးမျိုးရှက်စရာကောင်း လှပါဘုရား)။

တနည်းဥပမာအားဖြင့်လဲ၊လောကမှာရထားဘိန်း လှည်းဘိန်းများဟာ၊ တညီတညာတည်း နှစ်ဘက်ဘိန်း ပြိုင်ပြီးလယ်ကြရရင်၊ လိုရာခရီး အပြီးတိုင် ရောက်ရလို့

တော်ပါသေးရဲ့။ တဘက် ကသာ လယ်ပါလာ၍၊ တဘက်က လယ်မပါလာဘဲ၊ ရှောရှီးတိုက် ဒရွတ်ဆွဲ နေခဲ့ပါလျှင်၊ ခရီးစဉ်လဲမပေါက်၊ လိုရာလဲ မရောက်ရုံမျှ မက၊ အကုန် ကျိုးပွဲ ပျက်စီးပြီး၊ အချည်းနှီးသာ ဖြစ်ရ သကဲ့သို့၊ ထိုနည်းတူစွာ ရုပ်ရုံအစရှိသောအာရုံငါးပါး ကာမဂုဏ် တရားတွေက မိမိ သဘော ကျ အတိုင်း ဆိုသလို ကိုယ်သိုရာမလိုက် ကိုယ်ကြိုက်ရာမပါ၊ ကိုယ် စီမံရာမရ၊ဘာကလေးတခုက ဘယ်နေရာမှအရေးမပါ၊ အရာ မရောက်ဘဲနှင့် ငါအမောက်, ငါအကဲ, ငါ တအားခဲပြီးရူပတဏှာကတဘက်ဘိန်းကြီးလယ်လိုက်၊ သဒ္ဒါတဏှာက တဘက်ဘိန်းကြီး လယ်လိုက်၊ ဂန္ဓ တဏှာက တဘက်ဘိန်းကြီးလယ်လိုက်၊ရသ တဏှာက တဘက် ဘိန်းကြီး လယ်လိုက်၊ ဖေါဋ္ဌဗ္ဗ တဏှာက တဘက် ဘိန်းကြီး လယ်လိုက်၊ စဉ်းစား ကြည့်လိုက် တော့၊ နေ့စဉ်နေ့တိုင်း ကာမဂုဏ်စက်ဘိန်း တဘက်ထဲ လယ်နေရဒါ၊ ဘယ့်ကလောက် ရှက်စရာ ကောင်းလဲ တကာရင်ရ။ (မှန်ပါ၊ ဘိန်းတဘက်သတ်ကြီး လယ်နေ ရဒါဟာ အခက်ဆုံးပါဘုရား)။

တနည်း ဥပမာ အားဖြင့်လဲ၊ ဘွားခနဲ, ဘွားခနဲ ခဏမစဲ တသဲသဲ ဖြစ်ပေါ်၍ နေသော၊ အဆင်း အစ ရှိသော သဘောစု သဘောမှုကလေးတွေက ဘယ်သူ့ ကိုမှ အရေးမပြု ဂရုမစိုက်၊ အပျက်နယ်ကြီးသို့ အပြီး

တိုက်ဆိုင်၊ အပြေး ဦးတိုက်နေရသည် ဖြစ်၍၊ ဘယ်သူ လိုက်လို့မှမမှီ၊ ခိုင်မြဲသည့်,ချမ်းသာသည် အစိုးရသည် တင့်တယ်သည့် ဟူသော သူ့ထင်ချက်လမ်း သူ့အလို စခန်းနှင့်ဖြင့် ပင်လယ် ဟိုဘက်ကမ်း သည်ဘက်ကမ်း မကာ၊ ဝေးချင်တိုင်း ဝေးလှလေ၏။

ထိုကဲ့သို့ ဖြစ်လမ်းနှင့် ပျက်လမ်း မရည်မှန်း နိုင်အောင် ဖြစ်၍နေသော ရူပါရုံမမှီတဲ့ ပန်းကလေးကို ရူပတဏှာက တုံးခုလို့ လှမ်းလိုက်။ သဒ္ဒါရုံမမှီတဲ့ ပန်း ကလေးကို၊ သဒ္ဒတဏှာက တုံးခုလို့ လှမ်းလိုက်။ ဂန္ဓာရုံ မမှီတဲ့ပန်းကလေးကို၊ ဂန္ဓတဏှာက တုံးခုလို့လှမ်းလိုက် ရသာရုံ မမှီတဲ့ပန်းကလေးကို၊ ရသတဏှာက တုံးခုလို့ လှမ်းလိုက်။ ဖေါဋ္ဌဗ္ဗာရုံ မမှီတဲ့ပန်းကလေးကို၊ ဖေါဋ္ဌဗ္ဗ တဏှာက တုံးခုလို့ လှမ်းလိုက်။ စဉ်းစား ကြည့်လိုက် တော့၊နေ့စဉ် နေ့တိုင်း မမှီတဲ့ အာရုံပန်းကလေးတွေကို၊ တဏှာအငတ် အာသာခေတ်က တုံးခု တုံးခုပြီး လှမ်း နေရဒါ၊ သိတ်ရှက်စရာ ကောင်းပါလား-တကာရင်ရ၊ (မှန်ပါ၊ရှက်စရာအရေး မတွေးဝံ့ခအောင်ပါဘုရား)။

အေး....အဲဒါလို မြင်လိုက်ခါမျှ, ကြားလိုက်ခါမျှ နံလိုက်ခါမျှ,လျက်လိုက်ခါမျှ, တွေ့ထိ လိုက်ခါမျှ တဒင် အာရုံဆိုး,အာရုံကြမ်းကလေးတွေအပေါ်မှာ အထင်လွဲ အစွဲချော်ခါ၊ အဝိဇ္ဇာက ဖမ်း, စိတ်တဏှာက သရမ်း သောကြောင့်၊ ဒီလမ်း ဒီစခန်း ကောင်းလိမ့်မယ် ရည်

မှန်းပြီး၊ ကာမဂုဏ် သရိတတန်းတန်းကျလျက်၊ သေခဲ့ရတဲ့ ဘဝတွေ မရေနိုင် မတွက်နိုင်တော့ဘူးဟ-တကာရင်ရဲ။ (မှန်ပါ၊သချ်ာပမာဏ ရေတွက်လို့မရတော့ပါဘုရား)။

ရူပါရုံ ခေါ်သော အဆင်းခေတ်ကလေး ဖြစ်ဆဲခဏမှာ၊ဇာတိမီးက အပြီးပါ။ပျက်ဆဲခဏမှာလဲ မရဏမီးက အပြီးပါ၊ သဒ္ဒါရုံခေါ်သော အသံခေတ်ကလေး ဖြစ်ဆဲခဏမှာ ဇာတိမီးကအပြီးပါ။ ပျက်ဆဲခဏမှာလဲ မရဏမီးက အပြီးပါ။ ဂန္ဓာရုံ ခေါ်သော အနံ့ခေတ်ကလေးဖြစ်ဆဲခဏမှာ ဇာတိမီးကအပြီးပါ။ပျက်ဆဲခဏမှာလဲ မရဏမီးက အပြီးပါ။ရသာရုံခေါ်သောအရသာခေတ်ကလေး ဖြစ်ဆဲ ခဏမှာ ဇာတိမီးက အပြီးပါ။ ပျက်ဆဲ ခဏမှာလဲ မရဏမီးက အပြီးပါ။ ဖေါဋ္ဌဗ္ဗာရုံ ခေါ်သော အတွေ့အထိ ခေတ်ကလေး ဖြစ်ဆဲခဏမှာ ဇာတိမီးက အပြီးပါ။ ပျက်ဆဲ ခဏမှာလဲ မရဏမီးက အပြီးပါ။ လက်စသတ်တော့ မီးစာမျိုးတွေသာ အမှန်အစစ် ကေန်ဖြစ်ချေသည်။

သို့ကသို-မီးနှစ်ပါးတို့ အပြီး စားဝါး လောင်မြိုက်တိုက်ဖျက် ချေချ၍၊ ရူပါရုံ အစရှိသော အာရုံကလေးတွေဟာ ကြေကျ, ကြွေကျ အချေမလှ ဖြစ်နေရရိုး မှန်ပါလျက်၊ သန္တတိ မပျက် အစဉ် ဆက်ပြီး၊ ထင်ချက်ကလေးက ပေါင်းစပ်ပေး၍ အကောင်း မှတ်တွေး

တထွေးထွေးနှင့် အရေးကြီး နေလိုက်ကြဒါ၊ ပုထုဇဉ် ငါတို့ဘတွေဟာ တောခွေးကြီးပေါက်ပွင့်တွေကြွေကြွေ ကျကျလာဒါကိုပင် အမဲသားထင်မှတ်ပြီး အပြေးလိုက် လိုက် ဟပ်နေဒါနှင့် တထေ ဝထဲကိုးဟ-တကာရင်ရဲ။ ( မှန်ပါ၊ ပုထုဇဉ်ဆိုဒါ တောခွေးနှင့် တခထေဝထဲပါ ဘုရား)။

လူ့ပြေကကြွေကျတဲ့ သခ်တပေါက်ပွင့်တွေကို၊အား မရ ထင်းမတိမ်လို့၊နတ်ပြေကကြွေကျတဲ့သခ်တပေါက် ပွင့်တွေကို တဆင့်လိုက်ဟပ်လိုက်။နတ်ပြေကကြွေကျတဲ့ သခ်တပေါက်ပွင့်တွေကို အားမရ တင်းမတိမ်ပြန်တော့ တဖန် ဗြဟ္မာ့ပြေက ကြွေကျတဲ့ သခ်တပေါက်ပွင့်တွေကို တဆင့်သိုက်ဟပ်လိုက်။သေသေချာချာ ဆင်ခြင်စဉ်းစား လိုက်တော့ သုံးပါးသော ဘုံတပိုက်မှာ၊အောင်မယ်.... အငတ်စရိုက်ကြီး လွှမ်းမိုး တောခွေး သဘောမျိုးကြီး အုပ်စိုး,မိုးမွှန်နေပါလား ကရို့။(မှန်ပါ၊တောခွေးကြီး သဘောမျိုးက အုပ်စိုး မိုးမွှန်နေပါဘုရား)။

ရှိရှိသမျှ သခ်တအဖုံဖုံ၊အလုံးစုံကို အကုန်ရောစပ်၍ ဥပမာ ဥပမေယျ စကားနှစ်ရပ် ဂဟေ စပ်လိုက်သော် ဤသုံးဆဲ့တဘုံကြီးကား-မမေချမ်း၊ ဘေးဘရမ်းတွေ၊ ရောပြွမ်း ရှုပ်ထွေ၍နေသော တောအုပ်ကြီး နှင့် မခြား အလားတူစေ၊ လူ့ခန္ဓာ,နတ်ခန္ဓာ,ဗြဟ္မာ့ခန္ဓာတွေကား

အပြိုင်အဆိုင် အခိုင်အခိုင် အဆင့်အဆင့် တလွှင့်လွှင့် ပွင့်၍နေသော ပေါက်ပင်ကြီးတွေ နှင့် မခြား အလားတူစေ။ ထိုထိုဘုံဘဝတို့၌ ရအပ် ခံစားအပ်သော အနိဋ္ဌ ဓမ္မ သခ်တ သဘောတရားတွေကား-ပေါက်ပွင့်တွေနှင့် မခြား အလားတူစေ။ မြဲတယ် ချမ်းသာတယ် ကောင်းတယ်,ဟူသော ထင်လုံးနှင့် ရှင်ပြုံးပျော်ပါးလျက်၊ မေ့ကြွား၍ နေကြသော ပုထုဇဉ်တွေနှင့်ကား- တောခွေး ကြီးနှင့်မခြား အလားတူစေ။

ဒီ - ဥပမာတော်ကြီးကို မှတ်ထားပြီး၊ ခတ်သား ထိုးထိုး ထင်လာအောင်၊ ဝိပဿနာ ပညာနှင့် မြင်ပါမှ နေရာကျကြမယ်၊ သဘာဝကလေးတွေ ဖြစ်ပုံ,ပျက်ပုံကို ဉာဏ်ကုန်နှင်၍ တွင်တွင်ကြီး ဆင်ခြင်ရလိမ့် မဟုတ် လား....တကာရင်ရ....။ (မှန်ပါ၊ ဆင်ခြင် ရပါလိမ့် ဘုရား)။

ရူပ, သဒ္ဒ, ဂန္ဓ, ရသ, ဖေါဋ္ဌဗ္ဗ,ဟု ဆိုအပ်သော ဤ တရား ငါးပါးဟာ အာရုံ အနေအားဖြင့် ယထာဘူတ ဉာဏ်မရှိသော ပုထုဇဉ် သတ္တဝါများအား လိမ်လည် လှည့်ဖြား ညာဝါးသွေးဆောင် နေသကဲ့သို့မှားအောင် ပြုလုပ်တတ်သောကြောင့် သူတို့ကိုဘဲ အပြစ်တင်၊ သူတို့ ကိုဘဲဆင်ခြင်၊ သူတို့ကိုဘဲ အသီး အသီး ထင်မြင်ပါမှ သူတို့အညာ မခံရမှာကိုး။

ခိုးထုပ် ခိုးထယ် နှင့် တကွ၊ လက်သယ်ကို အရ ရှာရလျှင် မျက်စိပေါက်ကနေ၍ အထွေထွေ, အစား စား, အမှားမှား, အလွဲလွဲ ဖြစ်အောင် ငါမဟုတ်ဘဲနှင့် ငါယောင်ယောင်၊ သူမဟုတ်ဘဲနှင့် သူယောင်ယောင်၊ ဟန်ဆောင်ပြုလုပ် အမှုရှုပ်စရာ ခဏခဏ လာလာပြီး၊ ညာညာနေဒါဟာ ဘယ်သူလဲဟ-တကာရင်ရ။(မှန်ပါ၊ အဆင်းခေတ်သား အညာသမားကလေးပါဘုရား)။

ဒါဖြင့် - မြင်မှု တခုကို အစွဲ ပြုပြုပြီး တကာရင်တို့ ကျုပ်တို့ တတွေမှာ ဆင်းရဲမှုကြီး ကြာနေရဒါကတော့ ကော-ဘယ်သူ့ကြောင့်လဲ၊(သူ့ကြောင့်ပါဘုရား)။

ရင်းပြင် တဌာန - နားပေါက်ကနေ၍ အထွေထွေ, အစားစား, အမှားမှား, အလွဲလွဲ ဖြစ်အောင် သား မဟုတ်ဘဲနှင့် သား,ယောင်ယောင်၊ သမီး မဟုတ်ဘဲနှင့် သမီး,ယောင်ယောင်၊ ဟန်ဆောင်ပြုလုပ် အမှုရှုပ်စရာ ခဏခဏ လာလာပြီး၊ ညာညာနေဒါဟာ-ဘယ်သူလဲ၊ (အသံခေတ်သား အညာသမားကလေးပါဘုရား)။

ဒါဖြင့် ကြားမှုတခုကို အစွဲပြုပြီး၊တကာရင်တို့ ကျုပ်တို့ တတွေမှာ ဆင်းရဲစက်ကြီး လယ်နေရဒါကတော့ကော ဘယ်သူ့ကြောင့်လဲ။ (သူ့ကြောင့်ပါဘုရား)။

ငရင်းပြင် တဌာန—နှာခေါင်းပေါက်ကနေ၍ အထွေထွေ, အစားစား, အမှားမှား, အလွဲလွဲ ဖြစ်အောင် အတင့် အတယ် မဟုတ်ဘဲနှင့် တင့်တယ် သယောင်ယောင်၊ အဘွယ်အရာမဟုတ်ဘဲနှင့် ဘွယ်ရာသယောင်ယောင်၊ ဟန်ဆောင်ပြုလုပ် အမှုရှုပ်စရာ ခဏ ခဏ လာလာပြီး၊ ညာညာ နေဒါဟာ-ဘယ်သူလဲ။ (အနံ့ ခတ်သား အညာသမားကလေးပါဘုရား)။

ဒါဖြင့်—နံမှုတခုကို အစွဲပြုပြီး၊တကာရင်တို့ ကျုပ်တို့ တတွေမှာ၊ ဆင်းရဲတွင်းကြီး နက်နေရဒါကတော့ကော ဘယ်သူ့ကြောင့်လဲ။ (သူ့ကြောင့်ပါဘုရား)။

ငရင်းပြင် တဌာန—လျှာပေါက်ကနေ၍ အထွေထွေ အစားစား, အမှားမှား, အလွဲလွဲ ဖြစ်အောင် ချမ်းသာ မဟုတ်ဘဲနှင့် ချမ်းသာ သယောင်ယောင်၊ အကောင်း မဟုတ်ဘဲနှင့် ကောင်းသယောင်ယောင်၊ ဟန်ဆောင် ပြုလုပ် အမှုရှုပ်စရာ ခဏခဏ လာလာပြီး၊ ညာညာ နေဒါဟာ - ဘယ်သူလဲ။ ( ရသာခတ်သား အညာ သမားကလေးပါဘုရား)။

ဒါဖြင့် လျက်မှု တခုကို အစွဲပြုပြီး၊ တကာရင်တို့ ကျုပ်တို့ တတွေမှာ၊ ဆင်းရဲခရီးကြီး တာရှေ နေရဒါ

ကခတော့ကော - ဘယ်သူ့ကြောင့်လဲ။ (သူ့ကြောင့်ပါဘုရား)။

ငရင်းပြင် တဌာန-ကိုယ်ခပါက်ကနေ၍ အထွေထွေ, အစားစား,အမှားမှား,အလွဲလွဲဖြစ်အောင် ယောက်ျား မဟုတ်ပါဘဲနှင့် ယောက်ျား ယောင်ယောင်၊ မိန်းမ မဟုတ်ပါဘဲနှင့် မိန်းမ ယောင်ယောင်၊ ဟန်ဆောင် ပြုလုပ် အမူရှုပ်စရာ ခဏခဏ လာလာပြီး၊ ညာညာ နေဒါဟာ - ဘယ်သူလဲ။ (အတွေ့ခတ်သား အညာ သမားကလေးပါဘုရား)။

ဒါဖြင့် - တွေ့ထိမှု တခုကို အစွဲပြုပြီး၊ တကာရင်တို့ ကျုပ်တို့ တတွေမှာ၊ ဆင်းရဲတောကြီးထဲ မောနေရဒါ ကတော့ - ဘယ်သူ့ကြောင့်လဲ။ (သူ့ကြောင့်ပါ ဘုရား)။

အေး....အေး....ဒါကြောင့်အဆင်းခတ်,အသံခတ် အနံ့ခတ်,ရသာခတ်,အတွေ့ခတ် ကလေးတွေဟာ အရေးပါပါ အမူအရာဆင်ပြီး၊ သူညာရင်မပါလေနှင့်၊ သူမြှူရင် မပြုံးလေနှင့်၊ သူချော့ရင် မပြော့လေနှင့်။

ကဲကဲ-တကာရင်တို့၊ ချော့ညာရင် ပြော့ပါ မသွား အောင် ဆောင်ပုဒ်ကလေးတွေ ထုတ်ပေးအုံးမယ်။

## “ဆင်ခြင်ရန် ဆောင်ပုဒ်များ”

(၁) အဆင်းခေတ် ထင်လာပုံ-အာရုံသူ့သဘောမှာ။
တွေ့မဆိုင်း နေ့တိုင်း သူက ညာ၊
မူအရာ မြူလာ ချော့တဲ့ခါ၊
မပြော့နဲ့ ဆော့တဲ့ သံသရာ၊
မြင်ရာစွဲ ဆင်းရဲ သူ့ကြောင့် ကြာ။ ။

(၂) အသံခေတ် ထင်လာပုံ-အာရုံ သူ့သဘောမှာ ။
တွေ့မဆိုင်း နေ့တိုင်း သူက ညာ၊
မူအရာ မြူလာ ချော့တဲ့ခါ၊
မပြော့နဲ့ ဆော့တဲ့ သံသရာ၊
ကြားရာစွဲ ဆင်းရဲ သူ့ကြောင့် ကြာ။ ။

(၃) အနံ့ခေတ် ထင်လာပုံ-အာရုံ သူ့သဘောမှာ
တွေ့မဆိုင်း နေ့တိုင်း သူက ညာ၊
မူအရာ မြူလာ ချော့တဲ့ခါ၊
မပြော့နဲ့ ဆော့တဲ့ သံသရာ၊
နံ့ရာစွဲ ဆင်းရဲ သူ့ကြောင့် ကြာ။ ။

(၄) ရသာခေတ် ထင်လာပုံ-အာရုံ သူ့သဘောမှာ။
တွေ့မဆိုင်း နေ့တိုင်း သူက ညာ၊
မူအရာ မြူလာ ချော့တဲ့ခါ၊
မပြော့နဲ့ ဆော့တဲ့ သံသရာ၊
စားရာစွဲ ဆင်းရဲ သူ့ကြောင့် ကြာ။ ။

(၅) အတွေ့ခေတ် ထင်လာပုံ-အာရုံ သူ့သဘောမှာ။
တွေ့မဆိုင်း နေ့တိုင်း သူက ညာ၊
မူအရာ မြူလာ ချော့တဲ့ခါ၊
မပြော့နဲ့ ဆော့တဲ့ သံသရာ၊
ထိရာစွဲ ဆင်းရဲသူကြောင့် ကြာ။ ။

## ''တရား အဆုံးသတ်ရန်''

ရှုမေ၊ ဤတရားနာ ပရိသတ်အပေါင်း သူတော်ကောင်းတို့သည်။ ဒေသနာပရိယောသာနေ၊ ဥပမာနှင့် တကွ-ဟောပြသေချာ၊ ဒေသနာ နိဂုံး၊ တရားအဆုံး၌။ မိစ္ဆာဒဿနံ၊ ခိုင်မြဲချမ်းသာ၊ သူငါတင့်တယ်၊ အကယ်လုပ်ကြံ၊ မဟုတ်မမှန်၊ ဖောက်ပြန်ချွတ်ယွင်း၊ မှားသောမြင်ခြင်းကို။ ယထာဘူတဉာဏေန၊ မခိုင် မမြဲ၊ ဆင်းရဲပူလောင်၊သူငါကောင် မဟုတ်၊ စက်ဆုပ်ဘွယ် တတန်၊ အမှန်ကို သိသောဉာဏ်ဖြင့်။ဝိဒ္ဓံသေန္တ၊ နာမ်နှင့်ရုပ်နှင့် သရုပ်ပွင့်၍၊ မှတ်လွှင့် ပယ်ဖျောက် နိုင်ကြပါစေကုန်သတည်း။ ။

သာဓု - သာဓု - သာဓု

ပေါက်ပွင့် ခွေးမြှော် တရားခွန်း ပြီးပြီ။

## " ရတနတ္တယံ-အဟံ-ဝန္ဒာမိ "

## " နိဗ္ဗာန်ရောက်ကြောင်း အောင်သွယ်ကောင်း ထပ်လောင်း ဘော်ညွန်း တရားခွန်း "

အပ္ပမာဒေန သမ္ပန္နံ၊သုဇာနာ အဘိဝဏ္ဏိတာ။
တသ္မာ တံ နိဗ္ဗာနသောဝ၊တေံ နိဓေန္တု[ကာရဏံ။ ။

ဘောဂန္တော၊ သိစရာ,ကျင့်စရာ၊ အခွင့်သာ၍ နေကြကုန်သော၊ သင့်လာ ခါကောင်း, တဆင့် တဖြာ ပြောင်းနိုင်ကြတဲ့ အို....လူထက် လူအပေါင်းတို့။တုမှေ၊ ဟခါတခေါက်၊ ကံကောင်း ထောက်၍၊ လာရောက် လူ့ရွာ၊ ခုခါ သိုက်ကောင်း၊ ရယူဘို့ ချောင်း၍ နေကြကုန်သော၊ သင အာရုံမြော်ညောင်း၊ လူ့ထက် လူအပေါင်းတို့သည်။ ဓမ္မံ၊ ယခု ဟောပြမည်ဖြစ်သော နိဗ္ဗာန် ရောက်ကြောင်း, အောင်သွယ်ကောင်း ခေါ် ထိုက်တဲ့၊အပ္ပမာဒ၊ မြတ်ဓမ္မကို။သုဏာထ၊တရားအစဉ်, မှား မဝင်အောင်, နားဆင် လိုက်ကြ ပါကုန်လော။ အပ္ပမာဒေန၊ တရား စေ့စေ့, ပွားအလေ့ကို၊ မမေ့ မလျော့၊မပေါ့မစား,၍ကောင်းမြတ်သော သတိတရား ကြီးနှင့်။ သမ္ပန္နာ၊ မပျက် မှန်းသလောက်၊ အထက်တန်း

ရောက်စေဘို၊ တဘက်ကမ်း ပေါက်အောင် ပြည့်စုံ လုံလောက် တံခွန်ဆောက်မိကြပေကုန်သော။ သုဇနာ၊ စာရှိ ပါဠိ, ဝါမဝိကြနှင့်၊ ငါသိဖြစ်အောင်၊ ကိုယ်၌ လှောင်၍၊ ရှုဆောင် ဉာဏ်မြင်, သမ္ပဇဉ် ခိုအောင်း, တကယ့် သူတော်ကောင်း အပေါင်းတို့ကို သာလျှင်။ သဏ္ဍုနာ၊အခွင့်တော်ရာ,သင့်လျော်စွာဖြင့်၊ ချင့်မြော်ခါ ဆုံးမတော် မှုတတ်တဲ့ ဝိသုဒ္ဓိနတ် ဘုရား မြတ်သည်။ အဘိဝဏ္ဏိတာ၊ မလွဲအမွန်,အမြဲညွန်ခါ၊ကဲလွန် ချီးမွမ်း တော်မူအပ်ပါပေကုန်၏။ ။တဿာ၊ ထိုသို့ ဝိသုဒ္ဓိနတ်၊ ဘုရားမြတ်သည်၊ အမြဲမပြတ်၊ ချီးမွမ်းတော် မူအပ် လေသောကြောင့်။တံ ထို ကိုယ့်ကိုယ်, ကိုယ်အား ကိုယ် သနားလျှင်၊ကိုယ့်တရားကိုသာ, ကိုယ်၌ရှာ၍၊ ကိုယ်မှာ ပေါက်ပွား, နောက် မမှား ရအောင်၊ ထောက်ထား မြော်ရှု၊ကောင်းမြတ်သောသတိတရားတခုကိုသာလျှင်။ ကာယေ၊မပြတ်အမြဲ၊ ကိုယ်စိတ်ထဲ၌။နိစ္စေန္တ၊ ယနေ့က စပြီး,မမေ့ကြပါနှင့်၊တွေ့စရာ့အမှားတွေမချိုနိုးလှချေရဲ့၊ မလေ့ အ မေ့ တ ရား တွေ မဖို့ မစီးရအောင်၊ သိမ္မိုး သိမ်းထား လိုက်ကြ ပါကုန်လော။ ဧတံ၊ ဘယ်တရား ဖြစ်ဖြစ်၊ တကယ်သား စစ်လိုက်တော့ အမြစ် အရင်း, နှလုံးသွင်းအသင့် အတင့်၊အသိဉာဏ်ပွင့်ပွင့်ပြီး၊ရင့်သန် စေငြား၊ ဤ ကောင်းမြတ်သော သတိတရားကြီးသည်။ နိဗ္ဗာနဿေဝ၊ ကိလေသာနှင့်။ ခန္ဓာငြိမ်းပြတ်၊ နှစ်ပါး

သော နိဗ္ဗာနဓာတ်၏သာလျှင်။ ကာရကော၊ အပြီးအဆုံး၊ ခရီးတုံး လောက်အောင်၊ အနီးဆုံး အကြောင်း တခု ပါပေတည်း။ ။ဝါ၊ သတိတရား တခုကိုဖြင့်၊ တနေ့ မပေါ့ဆောင်, မမေ့ မလျော့အောင်ပ၊ အချိန်တိုင်းပင်၊ ရှိင်းချင်တဲ့ဒိဋ္ဌိ၊ အမြစ် ကုန်အောင် ထိလိုက် ကြစို့ရှဲ၊ သတိဓမ္မ မွေးပစေ၊ ဆောင်နိုင် သွင်းကြရင့်ဖြင့်၊ ရှိသမျှ အရေးတွေ အခေါင်ပိုင် နင်းပြီး၊ အောင်နိုင်ခြင်း၏ အကြောင်းတခု ပါပေတည်း။ ။ဝါ၊ ဘုရားအရိယာ၊ သူတော်စွာတို့နှင့်၊ အတူ ပျော်စရာ, နောင် တကယ် ပေါင်းကြံရအောင်ပ၊မူချော်ခါ မောင်,မယ်တို့မနှောင်း ရစ်ကြစေနှင့်၊ ယူမြော်ပါ ဆောင့်ကယ်မယ့် အကြောင်း ဟာမို့၊ ဟော....ဟောဒါမှ (အောင်သွယ်ကောင်းကြီး အစစ်) ဖြစ်တော်မူပါပေ သတည်း။ ။

တကာ ရီရေ .... (ဘုရား) နိဗ္ဗာန် ရောက်ကြောင်း အောင်သွယ်ကောင်းဆိုဒါ၊တခြားဟာမမှတ်နှင့်။ သတိ တရားကြီးကို ဆိုလိုတယ်။ သတိတရားကြီးသည်၊ပဓာန အားဖြင့်၊ရွှေသွား ရွှေဆောင်ဖြစ်၍၊ ကုသိုလ်ကောင်းမှု၊ အစုစု အဖြာဖြာ၊ အရာရာမှာ လွှန်စွာ အချင်းကျတဲ့ တရားကြီးဘဲဆိုဒါ စွဲစွဲမြဲမြဲ မှတ်သား နာယူကြစေခြင်း အကျိုးငှာ၊ စကားတန်းဆာ ဆင်ပြီး၊ ထင်မြင်အောင် ပြလိုက်သော အချက်ကြီးနော်၊ (မှန်ပါဘုရား)။

လူ့ဘဝ, လူ့ချမ်းသာထူးကို ရအောင်၊ သတိတရားကြီးက ရှေ့ဆောင် ပေးတယ်။ နတ်ဘဝ, နတ်ချမ်းသာထူးကို ရအောင်၊ သတိတရားကြီးက ရှေ့ဆောင် ပေးတယ်။ ဗြဟ္မာ့ဘဝ,ဗြဟ္မာ့ချမ်းသာထူးကို ရအောင်၊ သတိတရားကြီးက ရှေ့ဆောင် ပေးတယ်။ ဤမျှ မကသေးဘူး၊မဂ်ဖိုလ် နိဗ္ဗာန်တည်း ဟူသော ချမ်းသာထူး, ချမ်းသာမြတ်ကြီးကိုရအောင်လဲ၊သတိတရားကြီးကဘဲ, ရှေ့ဆောင်၍ ပေးတယ်။ အဲဒါလို-လောကီချမ်းသာ၊ လောကုတ္တရာ ချမ်းသာ မျိုးတွေကို၊ မရ ရအောင်၊ ရှေ့ဆောင်ရှေ့သွား ပြုပေးတတ်သောကြောင့်၊ ထိုသတိတရားကြီးကို "နိဗ္ဗာန် ရောက်ကြောင်း, အောင်သွယ်ကောင်းကြီး" လို့ ဆိုထိုက် မဟုတ်လား....တကာရီရ။ (မှန်ပါ၊ ဆိုထိုက်ပါဘုရား)။

သတိတရားကြီး ရှေ့ဆောင်,အောင်သွယ် မပေးဘဲ လောကီ ချမ်းသာကို ရရိုးထုံးစံမရှိဘူး။ သတိတရားကြီး ရှေ့ဆောင် အောင်သွယ် မပေးဘဲ၊ လောကုတ္တရာ ချမ်းသာကိုလဲ,ရရိုးထုံးစံ မရှိဘူးဆိုဒါ အထူး တထစ်ချ မှတ်ရမည်။

လူ,နတ်,ဗြဟ္မာ၊ လောကီချမ်းသာကို ရရ သွားကြဒါဟာ၊ဘယ်တရားနှင့် အရင်းခံသွားကြရသလဲဆိုလျှင် ဘယ်လိုပြောမလဲ-တကာရီရ။(မှန်ပါ၊ သတိတရားနှင့် အရင်းခံ သွားရပါဘုရား)။

ဘုရား, ပစ္စေကဗုဒ္ဓါ၊ သာဝကပေါင်း, သူတော်ကောင်းတွေ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ကို ရပြီး၊ နိဗ္ဗာန်သို့ စံဝင်တော် မူကြရဒါကော၊ ဘယ်တရား အရင်းခံသွားကြရသလဲ။ (သတိတရားကြီး တခုကို လက်ကိုင်ပြုသွားကြရပါဘုရား)။

လောကီချမ်းသာကိုမျှ မရကြဘဲ၊ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ်, အပယ်လေးပါးသို့ ပြေးသွားနစ်မြုပ်, ကြီးစွာသော ဒုက္ခဝဲကြီး အစုတ်ခံနေကြရတဲ့ သတ္တဝါခပင်း၊ ဆင်းရဲကောင် တသင်းတွေမှာတော့၊ ဘယ်တရား လွတ်ကင်း၍ ထိုကဲ့သို့ မကောင်းသော နှိပ်စက်ခြင်း အပြင်းအထန် ခံနေကြရသလဲ။ (မှန်ပါ၊ သတိတရား လွတ်ကင်း၍ နှိပ်စက်ခြင်း ခံနေကြရပါဘုရား)။

သတိရှိမှု, သတိကင်းမှု, အကျိုး အပြစ်ကို စီစစ်၍ ကြည့်လိုက်တော့၊ သတိရှိ-နိဗ္ဗာန်ထိ၊ သတိရ-နိဗ္ဗာန်ကြွ။ သတိကင်း ထမင်းတောင်မှ မနှပ် တနပ်။ သတိ ကင်းပလားဆို-နင်းပြား ဖြစ်တတ်သကိုး....။ သတိဆောင်, လိုရာ အောင်နိုင်သည်။

သဒ္ဓါလွန်တော့-ရာဂ၊ ပညာလွန်တော့-မာန၊ ဝိရိယလွန်တော့-ဥဒ္ဓစ္စ၊ သတိမှာ မူကား-လွန်သည်, ပိုသည် ဟူ၍မရှိ၊ လိုသည် ဟူ၍သာ ရှိသည်။

ဒါဖြင့်—သတိတရားကြီး တခုကို အမြဲ လက်ကိုင်ထားဘို့ဟာ၊သိတ်လိုနေပါလား....တကာရီရ၊(မှန်ပါ၊ လွန်စွာ အရေးကြီးပါဘုရား)။

သတိကင်းလျှင်၊ အလုံးစုံသော လောကီ, လောကုတ္တရာ အကျိုးတွေ အမျိုးမျိုး လစ်ဟင်း၍ သတိနှင့် ပြည့်စုံလျှင်၊ အလုံးစုံသော လောကီ, လောကုတ္တရာ အကျိုးတွေ အမျိုးမျိုး ပွားတိုး ရရှိ၍၊ ခံစားရပုံ အချက်တွေဟာ မျက်မြင်မှာဘဲ အလွန် ထင်ရှားလှလေပြီ။

တစုံတရာ နေရာမကျ ဖြစ်ရတဲ့ အခါ၊ လောကမှာ ပြောကြတယ် မဟုတ်လား၊ ငါ့နှယ်-မေ့လို့ လုပ်မိ။ မေ့လို့ သွားမိ။ မေ့လို့ပြောမိ စသည်ဖြင့်ငင်း။ ငါ့နှယ် မေ့လို့ မလုပ်မိ၊ မေ့လို့ မသွားမိ၊ မေ့လို့ မပြောမိ စသည်ဖြင့်ငင်း။ အကြောင်းအားလျော်စွာ ပြောကြရိုး တံထွာ, ဓမ္မတာ ဆိုရိုး ရှိကြလေသည်။

အဲဒါလို....နောင်တ တဖန်၊ပူပန်မကင်း,ကြောင့်ကြခြင်းဖြစ်ရမှုတွေဟာ သတိတရားပါးရှားကင်းကွာသည့် စရိုက်နှင့် ဖြစ်ရပုံ အလိုက်ကို၊ တိုက်ရိုက် ဆိုပြော သုံးစွဲနေကြဒါ၊ အထင် အရှားဘဲ မဟုတ်လား။ (မှန်ပါ၊ အလွန် ထင်ရှားပါဘုရား)။

ဒါ့ကြောင့် သတိတရားကြီး တခုကို မြတ်စွာဘုရားကြီးက, ပုံပြုပြီး ဟောကြားတော်မူသည်မှာ။ မြေ၌ သွားလာ ကြကုန်သော သတ္တဝါ အများတို့၏ ခြေရာ

အပေါင်းတို့သည်၊ ဆင်ခြေရာ၌သာ တွင်းဝင်စုဆောင်း အကုန်ပေါင်းကြရကုန်၏။ ဆင်ခြေရာကသာ လွှမ်းမိုး အုပ်ချုပ်ငြိ အတွင်း ငုံနိုင်ဘိသကဲ့သို့ရင်း။ ။တနည်း ဥပမာ အားဖြင့် အလုံးစုံ ကုန်သော နက္ခတ်တာရာ ကြယ် တကာတို့၏ များစွာထောင်သောင်း အရောင်အပေါင်း တို့သည် လ,ရောင်၏ တဆဲ့ ခြောက်စိတ်ပြု၊ တစိတ် တခုမျှ မမှီကြကုန်။ ကွင်းမဲ့ဥဿုံ လုံးစုံများမြောင် ထို ကြယ်အရောင် တို့သည်၊ လမင်းကြီး၏ အရောင်၌သာ တွင်းဝင်စုဆောင်း အကုန်ပေါင်းကြရကုန်၏။ လ,မင်း ကြီး၏ အရောင်ကသာ လွှမ်းမိုးအုပ်ချုပ်ငြိ အတွင်း ငုံနိုင် ဘိသကဲ့သို့ရင်း၊ ထို့တူပမာ ယခု ပစ္စုပ္ပန်အကျိုး အမျိုး မျိုး၊ နောင် တမလွန် ဘဝအကျိုး အမျိုးမျိုး၊ ဤကဲ့သို့ လောကီ ချမ်းသာ, လောကုတ္တရာ ချမ်းသာ၊ အဖြာဖြာ သော အကျိုးတရား အစားစားတို့သည် ဆင်ခြေရာနှင့် တူသော သတိတရားကြီး တခု၌သာ အကုန် ဝင်လာ ကြရလေသည်။ လ,ရောင်နှင့်တူသော သတိတရားကြီး တခုကသာ မကျန်စုရုံး အကုန်လုံးကို သိမ်းကြုံး နိုင်လေ သည်။

ကဲ....သတိတရားကြီး တခုက အရင်းမူလ ပဓာန ဖြစ်ကြောင်းကို ဥပမာတော်ကြီး နှစ်ပါးနှင့် ထုတ်လောင်း ဟောပြလို့၊ တကာခင်တို့-သိရပြီ မဟုတ် လား။ (မှန်ပါ၊ သိရပါပြီဘုရား)။

သိကြရင်လဲ သတိရဘို့ အချိန်တော်ပြီနော်၊ ယခု အခါ သာသနာမှာ သိစရာ, ကျင့်စရာဟာ လွန်စွာ အခွင့်သာနေတဲ့အခါ၊ ဝဋ္ဋဆိုတဲ့အောက်တန်း, အောက် ဆင့်မှ ဝိဝဋ္ဋဆိုတဲ့ အထက်တန်း, အထက် ဆင့်သို့ စွန့်တက် လွှန့်တက် လိုက်ကြရမယ်။

ဘာ့ကြောင့်လဲ - ဆိုတော့၊ သာသနာတွင်း လူ, သာသနာပ လူရယ်လို့၊ လူနှစ်မျိုး နှစ်စား ခွဲခြားရလိမ့် မဟုတ်လား - တကာရိရ။ (မှန်ပါ၊ လူ နှစ်မျိုး နှစ်စား ခွဲခြားရပါလိမ့်ဘုရား)။

သာသနာတွင်း ဖြစ်ရသောလူသည် လောကီချမ်းသာ မျိုးနှင့် စံထိုးခရ နှိုင်းယှဉ်၍ မပြနိုင်လောက်သော မဂ် ချမ်းသာ, ဖိုလ်ချမ်းသာ, နိဗ္ဗာန်ချမ်းသာ တည်းဟူသော လောကုတ္တရာ ချမ်းသာထူး, ချမ်းသာမြတ်ကြီးကို အရ ယူနိုင်လေ၏။ သာသနာပ ဖြစ်ရသော လူသည်၊ ထို ချမ်းသာမျိုးကို အရမယူနိုင်ချေ၊ အဲ....ဒါလို သာသနာ တွင်း လူသည် သာသနာပ လူထက် အလွန် အကြူး အထူးမြတ်စွာ၊ ဂုဏ်အင်္ဂါ တံခွန်ကြီး ပိုလွန်၍ နေသည့် အတွက်၊ ထိုအချက်ကြောင့် လူ့ထက်လူ ဟု ခေါ်ဆိုက် ဆိုထိုက်တယ် မဟုတ်လား။ (မှန်ပါ၊ လူ့ထက်လူ ဆိုထိုက်ပါဘုရား)။

ထိုမှတပါး ဘုရားဟောရှိပြန်သည်မှာ၊တာဝတိံသာ နတ်များနှင့်တကွ၊ မြောက်ကျွန်းသူ,မြောက်ကျွန်းသား တို့ထက် ဤတောင်ကျွန်းသူ,တောင်ကျွန်းသားများက သုံးပါး ဂုဏ်အင်၊ ပိုလွန် ပြန်သတဲ့၊ ဂုဏ်သုံးပါး အရ ကား—

(၁) ကုသိုလ်အရာ၊ ရဲရင့်စွာ, မကွာ ပြုနိုင်ခြင်း။
(၂) ဆင်ခြင်ရှုကြည့်၊မြတ်သတိ၊ပြီးပြည့်စုံနိုင်ခြင်း။
(၃) အရိယာမဂ်၊ကျင့်သုံးလျက်၊ မပျက်နေနိုင်ခြင်း။

ဘုရား အစရှိသော ရတနာသုံးပါး၊ဒါနအစရှိသော ကုသိုလ် တရားများ၌ ရဲရင့်သည်လည်း တပါး။ မမေ့ မလျော့ မပေါ့မစား, ကောင်းမြတ်သော သတိ တရား ကြီးနှင့် ပြည့်စုံသည်လည်း တပါး။ နိဗ္ဗာန်တံခါး ပွင့်၍ အရိယာမဂ် တည်းဟူသော အကျင့်ဖြင့် ကျင့်သုံး နိုင်သည်လည်း တပါး၊ ဤသို့အားဖြင့် ဂုဏ်သုံးပါး ဖြစ်သတည်း။

အဓိပ္ပါယ်အကျဉ်း၊ လိုရင်းကို ပြောရလျှင်၊ တာ ဝတိံသာ နတ်ရွာကို အသာ ထားလိုက် ပါတော့၊ အရှေ့ကျွန်း, အနောက်ကျွန်း, မြောက်ကျွန်း များမှာ နတ်ရွာသုဂတိ တံခါးသာပွင့်၍ မဂ်ဖိုလ်, နိဗ္ဗာန် တံခါး ကတော့ အမြဲပိတ်နေ ဆိုပါလား-တကာရို့ရ၊ (မှန်ပါ ဘုရား)။

ထိုသုံးကျွန်းမှာ မဂ်ဖိုလ်, နိဗ္ဗာန်ကို ရဘို့ နေနေ သာသာ, ပြဟ္မာ့ဘုံသို့ သွားလာ နိုင်စရာ အကြောင်း တောင် မရှိဘူးလို့ စာအဆို ဒါလိုရှိပေတယ်။

မဂ်ဖိုလ်,နိဗ္ဗာန်တံခါးကြီးတခုအမြဲပိတ်နေရင်လဲ၊ထို ကျွန်းသူ,ကျွန်းသားများမှာ ဘယ်စည်းစိမ် ချမ်းသာက ဘယ်လိုပင်ပိုလွန်နေသော်လည်းပိုလွန်သည်ဟူ၍မပြော ပလောက် မချီးမွမ်းလောက် ပါဘူး၊ ဘာ့ကြောင့်လဲ ဆိုတော့၊ ဝဋ်တုံး ဝဋ်သား၊ ဝဋ်တရားမျှသာ ဖြစ်သော ကြောင့် အရိယာပေါင်း သူတော်ကောင်းတို့မှာ ခံစား နေဘို့ မဆိုထားဘိ၊ နားရှိလို့သာ ကြားသိရ၊ ပညာ နားကဖြင့် ကြားတောင် မကြားချင်ကြဘူးတဲ့ တကာ ရီရေ။(မှန်ပါ ဝဋ်စကား, ဝဋ်တရားနှင့် စပ်လျဉ်းရင် ကြားပြင်းတော် မူကြပါလိမ့်ဘုရား)။

ဟောဒီ....တောင်ကျွန်းမှာတော့၊ နတ်ရွာသုဂတိ တံခါးကြီးကလဲ အပြီးအသင့်-ဟင်းလင်းပွင့်၊ မဂ်,ဖိုလ် နိဗ္ဗာန် တံခါးကြီးကလဲ၊ အပြီးအသင့် -ဟင်းလင်း ပွင့်၊ ဘယ့်ကလောက်, ရတနာ မျိုးစုံတဲ့ ပဒေသာဘုံကြီး မှန်နေသလဲ့-စဉ်းစား လိုက်စမ်း။

ဤအချက်ကြီးနှင့် နှိုင်းစက် ချိန်ဆ ကြည့်ပြန်ရင်လဲ ယခင်က ပြဆိုခဲ့ပြီးသော သုံးကျွန်းသူ, သုံးကျွန်း သားများထက် ကျုပ်တို့ တောင်ကျွန်းသူ,တောင်ကျွန်း သားများက အရိယာမဂ်ဖြင့် နိဗ္ဗာန် တံခါးကြီး ဖွင့်၍

အပြီးတိုင်ပွင့်၊ အရန်သင့် ထင်ရှား ရှိနေသည့်အတွက်၊ လူ့ထက်က လူတွေသို့ ဆိုဒါ၊ အဓိပ္ပါယ် သေသေချာချာ ပေါ်မလာဘူးလား။ (မှန်ပါ၊လူ့ထက်လူဆိုတဲ့ အဓိပ္ပါယ်ဟာ ယခုမှ ရေရေ လယ်လယ် ပေါ်လာပါဘုရား)။

အေး....လူ့ထက်လူ ဆိုတဲ့ အခေါ်နှင့် ညီမျှ၍၊ လူ့ထက်လူ ပြီသအောင် သိဘို့မြင်ဘို့ ဆင်ခြင်ဘို့သာ လိုတော့တယ်၊ လူ့ထက်လူဆိုတဲ့ အခေါ်နှင့် မညီမျှ၍၊ လူ့ထက်လူ မပြီသ လျှင်တော့၊ တယ်နေရာ ကျမယ် မဟုတ်ဘူး။နာမည်ကတော့ မောင်ငွေး, မောင်ငွေးနှင့်၊ မွဲလိုက်ထာကဖြင့် ကုန်း ကောက်စရာတောင် မရှိဘူး။ နာမည်ကတော့ မောင်သက်ရှည်,မောင်သက်ရှည်နှင့်၊ နေရတော့ "ခွေးရူး ကောင်းစား, တမွန်းတဲ့ ကြာရှဲ" ဆိုတဲ့စကားလို၊အခေါ်နှင့် မညီဘဲလူ့အောက်ကလူလဲ ဖြစ်နေကြအုံးမယ်။

တရားကိုမမေ့,ဆင်ခြင်လေ့ရှိတဲ့၊ သတိဓမ္မ၊အပ္ပမာဒ တရားကြီး အမြဲထားမှ၊ နေရာကျကြမှာ။ ထိုသတိဓမ္မ အပ္ပမာဒတရားအချက်က၊ ပျက်ကွက် နေလျှင်၊ နတ်ရွာ သုဂတိ တံခါးကိုလဲ မဝင်၊ နိဗ္ဗာန်တံခါးကြီးကိုလဲမမြင်၊ အပါယ် တံခါးတွင် အစဉ် တင်နေ တတ်သကိုး.... တကာရီရ။ (မှန်ပါ၊ တံခါးသုံးပေါက်,တပေါက်မဝင်, တပေါက် ဝင်ရမှာပါဘုရား)။

ထိုတံခါးကြီး သုံးပေါက်တို့တွင်၊ နတ်ရွာ သုဂတိ တံခါးမှာလဲ ဝင်ဖန်များလှပါပြီ၊ အပါယ်တံခါး ဆိုဒါ မတော့ ထွက်ခလုပ် ဝင်ခလုပ်မို့၊ အထူး ပြောနေဘို့ မလိုပါဘူး။ ယခုအခါ နိဗ္ဗာန် တံခါးကြီး ဝင်မို့ဘို့ တခုသာ အရေးကြီး ပါတော့တယ်။ ထိုတံခါးကြီး ဝင်မို့ဘို့ကလဲ အခြားမဟုတ်ဘူး။ တရားနှင့် ယှဉ်သော သတိတရားကြီး တခုပါဘဲ။

ဤတရားနှင့် ယှဉ်သော မြတ်သော သတိတခုကို လက်ကိုင်ပြု၍ နေထိုင် ကျင်ကြံလေ့ ရှိကြသော တပည့် တကာ, တကာမ သာဝက များကိုသာ ဝိသုဒ္ဓိနတ် ခေါ်ဆိုအပ်သော ဘုရားမြတ်က၊ သတ်မှတ် ကြည့်ရှု အာရုံပြု၍၊ သာဓု-သာဓု ဟု ဝမ်းသာသမှု၊ ချီးမွမ်းခြင်း ပြုတော်မူတယ် မဟုတ်ပါလား....တကာရီရ။ (မှန်ပါ၊ ဒိလိုပုဂ္ဂိုလ်များကိုသာ ဘုရားရှင်က စင်စစ်ချီးမွမ်းတော် မူပါဘုရား)။

သို့ကလို-တရား၌ မမေ့သော သတိနှင့် ပြည့်စုံသူ များကိုသာ ဘုရားရှင်ကြီး စင်စစ် ချီးမွမ်းတော် မူတယ်၊ ဒါမှလဲ မိမိကိုယ်မိမိ စင်စစ် သနားလျက် နေတယ်၊ မိမိကိုယ် မိမိ အလွန် သနားတတ်ခဲကိုး....တကာရီရ။ (မှန်ပါ ဘုရား)။

မိမိကိုယ်မိမိ အသနား မတတ်ပုံ,တကာယ်မသနားပုံ ပြောအုံးမယ်၊ တကာရီ .... ကိုယ့်ကိုယ်ကို သနားရဲ့

လားလို့ မေးရင် သနားတယ်လို့ ဖြေမယ်မဟုတ်လား။ (မှန်ပါ၊ သည်အတိုင်း ဖြေမှာပါဘဲ ဘုရား)။

အင်း....ကိုယ့်ကိုယ်ကို သနားလို့ ယခုမျက်မြင်မှာဘဲ၊ အစားတွေ ကောင်းရာ့ ကောင်းကြောင်း၊ အဝတ်တွေ ကောင်းရာ့ကောင်းကြောင်း၊ ဒီခန္ဓာကိုယ် ချမ်းသာရာ ချမ်းသာကြောင်း၊ သက်သာရာ့သက်သာကြောင်းတွေ အမျိုးမျိုး ထပ်လောင်းစုဆောင်းပြီးကောင်းသည်ထက် ကောင်းအောင်, ရှက်ဆောင် နေဒါပေါ့လို့ ပြောမယ် မဟုတ်လား။ (မှန်ပါဘုရား)။

ဒီ ကိုယ်ကို သနားလို့ပေါ့၊ဘယ်တော့မှ ရန်သူမျိုး ငါးပါးနှင့် မတွေ့ချင်ဘူး။ မတော်တဆ တွေ့ရတောင်၊ အန္တ ုဗလပြုပြီး ခုခံနိုင်သမျှ ခုခံအုံးမှာဘဲ။ အဖျင်းဆုံး မှက်, ခြင်, သန်း, ကြမ်းပိုး ကိုတောင် ထိပါး နှိပ်စက် လာရင် မခံဘူးလို့ ပြောအုံးမှာပေါ့လေ။ (အမှန်ပါဘဲ ဘုရား)။

ကဲ....ယခုမျက်မြင် ခန္ဓာကိုယ်ကလေး သနားဒါကို၊ ထားပါဦးတော့။ ဒါဖြင့် မိမိကိုယ် မိမိ နေ့ခင် ဘယ် တော့မှ အပါယ် မလားရအောင် တားဆီး ပိတ်ပင် နိုင်ဘို့, ခုခံနိုင်ဘို့၊ တကယ့်အချက်, လက်နက်ကောင်း ကြီးတော့ ခိုင်ခိုင်မြဲမြဲ ထားရှိပလားလို့ ဆိုရင် ဘယ့် နှယ်လဲ၊ (ဒါတော့ မပြောတတ်ပါဘုရား)။

အဲဒီ....မပြောတတ်ထာ အခက်ဆုံးပေါ့။ ယခု ပစ္စုပ္ပန် ခန္ဓာကိုယ်ကလေးလောက်ကိုတော့ ငရဲသူ, ငရဲသားတွေ၊ ခွေး, ဝက်, ကျွဲ, နွား, အပါယ်ဘုံသားတွေ သနားတတ်ကြသားဘဲ၊ဘာ့ကြောင့်လဲဆိုတော့ ငရဲသူငရဲသားတွေဟာ မိမိနှိပ်စက်တတ်သော သူများက၊ ဒါးမ, ပဲကွပ်, ပေါက်ဆိန်ကြီးတွေနှင့်ခုတ်မယ်,ဖြတ်မယ်၊ သတ်မယ်, ထုမယ် လိုက်ကြတော့၊ လွတ်လိုလွတ်ငြား ကြောက်မှိ လန့်ကြားနှင့် အတင်းပြေးကြသေး ဆိုပါလား။ (မှန်ပါ၊ ပြေးကြပါလိမ့်ဘုရား)။

ကဲ....ယခု မျက်မြင်မဟုတ်တဲ့ ငရဲဆိုဒါ ရှိပါစေဦးတော့။ ကိုယ်တွေ့ မျက်မြင်ဖြစ်ကြတဲ့ ခွေး,ဝက်,ကြက်, ငှက် ဆိုတဲ့ သတ္တဝါတွေဟာ၊ သူတို့ကို ဒုတ်, ဒါး, ခဲများနှင့် လိုက်တဲ့အခါ၊ ပြေးကြတယ် မဟုတ်လား။ အကယ်၍ မပြေးတောင်,မိမိတို့အစွမ်းရှိသမျှ အင်အားကလေးနှင့် ခုခံကြသေး မဟုတ်လား။ (မှန်ပါ၊ ခုခံကြပါဘုရား)။

အဲဒါ....သူတို့ ကိုယ်ကလေးသူတို့၊ ချစ်လို့,ခင်လို့, သနားကြလို့ပေါ့၊ အယုတ်ဆုံး ပြောကြစို့၊ပရွက်ဆိတ်ကလေးတွေ,ကမြင်းမနီ ကလေးတွေကတောင်၊သူတို့ကို သွားထိလိုက်ရင် အစွယ်ကလေး တထောင်ထောင်နှင့် ကော့,ကော့ ထိုးသေးဒါဘဲ၊ အဲသည်တော့၊ ဒီဘဝ ဒီခန္ဓာကိုယ်ကလေး လောက်တွင်သနားတတ်,ချစ်တတ်

ထာဟာ၊ တကာရိတို့သာ သနားတတ်ထာ မဟုတ်ဘူး၊ ယခု ပြောခဲ့တဲ့ တိရစ္ဆာန် ကလေးတွေတောင် သနား တတ်ကြတယ်ဆိုဒါ - မထင်ရှား ဘူးလား။ (မှန်ပါ၊ အလွန် ထင်ရှားလှပါဘုရား)။

သူတို့မှာ။ အော်....တို့ ဒီအဖြစ်မျိုး, ဒီဘဝမျိုး, ဒီဒုက္ခကြီးမျိုးနှင့် နောင်ဘယ်တော့မှ ရင်ဆိုင် မတိုးမိ ရအောင်၊ မိမိကိုယ်မိမိ ထုတ်ဆောင်ကယ်တင်တော့မယ် ဆိုးစွမ်း လှတဲ့ ဝဋ်ဒုက္ခမှ တကယ် ယုံကြည် စိတ်ချ ရလောက်အောင်၊ လက်နက်ကောင်းကြီး တခုကို ငါ ထူထောင်လိုက်မယ်ဆိုတဲ့ သံသရာတခွင်,အစဉ်သနားမှု ကိုတော့ လုံးဝ မပြုတတ် ရှာကြဘူးပေါ့။

အဲ .... တကာရိတို့ ကျုပ်တို့ တတွေမှာ သံသရာ ယုံကြည်စိတ်ချရလောက်အောင် ဝိပဿနာဉာဏ် အသိ ထူးကြီး, အမြင်ထူးကြီး တခုကို ဆည်းပူး ထူထောင် မိကြမှ မိမိကိုယ်မိမိ အစဉ် သနားရာ ရောက်တယ်။ တကယ် သနားသည် မည်တယ်။ ဒီလိုမှ မဟုတ်ရင် အစဉ် သနားရာ မရောက်,တကယ် သနားသည် မမည်။ ဝိပဿနာဉာဏ် တည်းဟူသော လက်နက်ကောင်းကြီး တခုကို အမြဲ လက်ကိုင်ပြုထားနိုင်မှ ခွေး, ဝက်,ကျွဲ,နွား အပါယ် ဘုံသားတွေထက် တချက်ပို၍၊ မိမိကိုယ် မိမိ စင်စစ်ကေန် အမှန်သနားရာကျတော့သည်ဟု တထစ်ချ မှတ်လေ။

## "မိမိကိုယ် မိမိ စစ်တမ်း တင်ကြည့်ပုံ"

နင့်ကိုယ် နင်အား-နင့် သနားရဲ့လား။
နင့်အရေး နင် မေးကြည့်ပါလား။
တရားမသိတော့ မသနား,တရားသိမှ သနား၊
ပြောမရ, ဟောမရ၊ လောဘတွေက များ၊
နင့်အကဲ နင်လဲ အသိသား။ ။

လောဘတွေ, ဗလဗွေနှင့် သေလို့သာ သွားချင်၊ များသောအားဖြင့် လောဘ တရားက ပြိတ္တာ ဘုံဘ ဦသာ ရှောခနဲ ကျအောင် ဆွဲချတတ်လေ၏။

ထိုအခါကျမှ ပြိတ္တာ ဒုက္ခ ဘေးကြီးနှင့် မတွေ့ မကြုံ ရအောင် မည်သူ တဦးတယောက်မျှ အန္တုဗလ ပြန်နိုင် ကြသေးရဲ့လား။ မပြန်နိုင်တော့ဘူးပေါ့လေ။

ဒါဖြင့်-ဒီပြိတ္တာဘုံသို့ ရောက်ကြောင်းဖြစ်တဲ့၊လွန်ကဲ ယက်သန်၊လောဘရန်ကို လက်ခံထားရင်၊ မိမိကိုယ်မိမိ အစဉ် သနားရာ ရောက်သေးရဲ့လား – တကာ ရီရ။ (မှန်ပါ၊သနားရာ မရောက်တော့ပါဘုရား)။

နင့်ကိုယ် နင်အား-နင် သနားရဲ့လား။
နင့်အရေး နင် မေးကြည့်ပါလား။
တရားမသိတော့ မသနား,တရားသိမှ သနား၊
ပြောမရ, ဟောမရ၊ ဒေါသတွေက များ၊
နင့်အကဲ နင်လဲ အသိသား။ ။

ဒေါသတွေ့, ဗလဗွေနှင့် သေလို့သာ သွားရင်၊ ဒေါသတရားက များသောအားဖြင့် ငရဲဘုံဘဝ၌သာ ရှောခနဲကျအောင် ဆွဲချတတ်လေ၏။

ထိုအခါကျမှ ထို ငရဲဒုက္ခ ဘေးကြီးနှင့် မတွေ့ မကြုံရအောင် မည်သူ တဦးတယောက်မျှ အန္တ၊ဗလ ပြုနိုင်ကြသေးရဲ့လား။ မပြုနိုင်တော့ ဘူးပေါ့လေ။

ဒါဖြင့်-ဒီငရဲဘုံသို့ ရောက်ကြောင်း ဖြစ်တဲ့၊ လွန်ကဲထက်သန့်, ဒေါသရန်ကို လက်ခံထားရင်၊ မိမိကိုယ်မိမိ တကယ်သနားရာ ကျသေးရဲ့လား။ (သနားရာ မကျတော့ပါဘုရား)။

နင့်ကိုယ် နင်အား–နင် သနားရဲ့လား။
နင့်အရေး နင် မေးကြည့်ပါလား။
တရားမသိတော့ မသနား,တရာသိမှ သနား၊
ပြောမရ, ဟောမရ၊ မောဟတွေက များ၊
နင့်အကဲ နင်လဲ အသိသား။ ။

မောဟတွေ့, ဗလဗွေနှင့် သေလို့သာ သွားရင်၊ မောဟတရားက များသောအားဖြင့် တိရစ္ဆာန်ဘုံဘဝ၌သာ ရှောခနဲ ကျအောင်ဆွဲချတတ်လေ၏။

ထိုအခါကျမှ ထိုတိရစ္ဆာန် ဒုက္ခဘေးကြီးနှင့် မတွေ့ မကြုံရအောင် မည်သူ တဦးတယောက်မျှ အန္တ၊ဗလ ပြုနိုင်ကြသေးရဲ့လား၊ မပြုနိုင်တော့ဘူးပေါ့လေ။

ဒါဖြင့်-ဒီ တိရစ္ဆာန်ဘုံသို့ ရောက်ကြောင်း ဖြစ်တဲ့၊ လွန်ကဲ ထက်သန်၊ မောဟရန်ကို၊ လက်ခံ ထားရင်၊ မိမိကိုယ် မိမိ၊ အဟုတ် သနားသည် မည်သေးရဲ့လား။ (အဟုတ် သနားသည် မမည်တော့ပါဘုရား)။

ဒါ့ကြောင့် သတိမထားတဲ၊ အမှားဓလေ့နှင့် တရားတခုကို မေ့နေသည့်အတွက်၊ ဒီခန္ဓာကိုယ်၌ လောဘက ဝင်မွှေ့လိုက်၊ ဒေါသက ဝင်မွှေ့လိုက်၊ မောဟက ဝင်မွှေ့လိုက်နှင့် အပါယ်ဘုံ၄၂မ်းစိုက်၄၂မ်းစိုက်သွားရဒါတွေ များလွန်းမက များလှ၍ သနားစရာ ကောင်းလှပြီဟ-တကာရီရ။ (မှန်ပါ၊အလွန်သနားစရာကောင်းလှပါပြီဘုရား)။

တရားယှဉ်ဘိ၊ မြတ်သတိကို၊ သွင်းထည့် ပိတ်ကာ၊ လုံခြုံစွာဖြင့်၊ဤခန္ဓာထဲ၊ အမြဲဆိတ်၊ အာနာပိတ်သလို၊ သိုသိတ်၍ထားနိုင်မှ ကိုယ့်ကိုယ်ကို အသနား တတ်ကြတော့မည်။

ထိုသတိတရားကြီး တခုဟာ နိဗ္ဗာန်၏ မူလ ဘူတ၊ အလွန် အရင်းကျတဲ့ တရားကြီးဟု၊ ဘုရားလဲ ဟောတော်မူတယ် မဟုတ်လား။ (မှန်ပါ၊ ဟောတော်မူပါဘုရား)။

ကိလေသာမီး ငြိမ်းမှုကို၊ ကိလေသ,နိဗ္ဗာန်ဆိုသည်။ ခန္ဓာမီး ငြိမ်းမှုကို၊ ခန္ဓ,နိဗ္ဗာန်ဆိုသည်။ ထို ရော, ရေပ်၊ နိဗ္ဗာနဓာတ်ကြီး နှစ်ပါး၏ နီးကပ်သော တရားကား

အပ္ပမာဒ ခေါ်ပြား တခုသော သတိ တရားကြီးဘဲ ဆိုပါလား–ဘကာရီရ။ (မှန်ပါ၊ သတိတရား တပါးပါ ဘုရား)။

ထို သတိတရား တခုကိုပင် ပဋ္ဌာနဓမ္မ ပြဋ္ဌာန်းသော အားဖြင့်၊ အလွန် အရင်းကျသောကြောင့်၊ မြတ်စွာ ဘုရားသည် ''သတိပဋ္ဌာန် ဟူသော'' အမည်ဖြင့်လည်း ဟောတော်မူ၏၊ မိမိဝင်လာလျှင် စိတ်အစဉ်ကို ပိုင်နိုင် ခြင်းသဘော ရှိသောကြောင့် သတိန္ဒြေဟု ဧုန္ဒြေ ဟူသော အမည်ဖြင့်လည်း ဟောတော်မူ၏။ မိမိသည် တရား တပါးတို့ မလှုပ်ရှား နိုင်အောင် ခိုင်မြဲသော သဘော ရှိခြင်းကြောင့်၊ သတိ ဗိုလ်ဟု၊ ဗိုလ်, ဟူသော အမည်ဖြင့်လည်း ဟောတော်မူ၏။ သမ္ဗောဓိ၊ အမည် ရှိသောမဂ်ဉာဏ်လေးပါးသို့ လျှင်လျှင်မြန်မြန်အပြီးတိုင် ပေါက်ရောက် စေနိုင်သော အကြောင်း အင်္ဂါကြီး ဖြစ်သောကြောင့် သတိ သမ္ဗောဇ္ဈင်ဟု ဗောဇ္ဈင်ဟူသော အမည် ဖြင့်လည်း ဟောတော်မူ၏။ သံသရာဝဋ်မှ၊ ကျွတ်လွတ် ထွက်မြောက်ရာစခန်း နိဗ္ဗာန်သို့ ဦးတန်း၍ နေသော ဝိသုဒ္ဓိ လမ်းကြောင်းကြီး ဖြစ်သောကြောင့် သမ္မာသတိ မဂ္ဂင်ဟု၊ မဂ္ဂင် ဟူသော အမည်ဖြင့်လည်း ဟောတော်မူ၏။

အဲဒါလို....နာမဝိသေသ အမည်ထူး အမျိုးမျိုးရတဲ့ တရားကြီးနော်....ရီးတီး ရားတား မမှတ်ကြနှင့်၊ သတိ

တရားကြီးအရ၊လိုရင်းကိုသာ ပြလိုက်သည်။ အကျယ်ကို ပြောရလျှင် ဆုံးကြတော့မည် မဟုတ်ဘူး ဘကာရီရ။ (မှန်ပါ၊ အလွန်အရင်းကျတဲ့ တရားကြီးပါဘုရား)။

ဤသတိတရားကြီး တပါးက ကိုယ်၌ သွင်းထားမှိသောသူများမှာ-သမထ ဝိပဿနာဉာဏ် နိမ္မာန်အကျိုးထူးဟာ ဘယ်ဘဝ,ဘယ်အခါမှ မဆုတ်ယုတ်တော့ဘဲ ဥပနိဿယ အကြောင်းထူးရ၍၊ အသိဉာဏ်ကလေးပွင့်သည်ထက်ပွင့်၊ အလေ့ အကျင့်ကလည်း ရင့်သည်ထက်ရင့်၊ အကျိုး ထူး ဘဝကလည်း မြင့်သည်ထက် မြင့်ပြီး စွန့်စွန့်ကြီး တည်နိုင်လေတော့သည်။

ကဲ-ဒါဖြင့် သတိတရားကြီး ပွားစီးရာပွားစီးကြောင်း "ဝိပဿနာ" ဆိုတဲ့ အာရုံထူး အာရုံ ကောင်းကြီးကို တရားနာ ပရိသတ်အပေါင်း သူတော်ကောင်းတို့အား၊ တခုသောတရားဖြင့် သွန်းလောင်းထုတ်ဘော်ဘို့အချိန်တော်ပေါ့ ထင်ပါလား-ဘကာရီရ။ (မှန်ပါ၊ အချိန်တော်ပါပြီဘုရား)။

အေး....တခုသော တရားဆိုဒါ တခြားဟာ မဟုတ်ဘူး၊မြတ်စွာဘုရားကြီးသည် ဥပမာစကား၊ အစားစားတို့ဖြင့်၊ ထင်ရှားစွာ ဟောကြားတော် မူအပ်သော ရူပက္ခန္ဓာ, ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာ ဆိုတဲ့ ခန္ဓာငါးပါး တရားကြီး ငါးခုတို့တွင် တပါး အပါအဝင် ဖြစ်သော ပထဝီဓာတ်

ရှုသကဲ့သို့ တရားကြီး တခုကို အဓိကပြု၍ ဆိုလိုသည်။ ဤပထဝီဓာတ်တခုကို ပေါက်မှု, ပိုင်မှုဟာ, လွန်စွာ အရေးကြီးတယ်။

ပါဠိဘာသာလိုခေါ်တော့ ပထဝီ၊မြန်မာဘာသာလို ခေါ်တော့ ခက်မာတယ်၊ နူးညံ့တယ်, ပြေ့တယ်, ပြောင်းတယ်, တောင့်တယ်, တင်းတယ် စသည်ဖြင့် အလီလီ အလာလာ၊ အဖြာဖြာ အဝဝ၊ သိလဲ သိကြ၊ ပြောလဲ ပြောကြ မဟုတ်လား - တကာရိရ။ (မှန်ပါ၊ သိလဲ သိကြ, ပြောလဲ ပြောကြပါဘုရား)။

ထိုသို့ပင် ကမ္ဘာသူ, ကမ္ဘာသား လူအများတွေ သိနေကြ ပြောနေကြ ငြားသော်လဲ တရားသဘော၌ သက်ဝင်သော အသိမျိုး၊ အပြောမျိုး၊ မဟုတ်ပုံကို သိသာရုံမျှ၊ စစ်တန်း တင်ကြည့်ကြဦးစို့။

တရားအဓိပ္ပါယ်ကို မှတ်လွယ်, ယူလွယ် စေခြင်းငှာ အဇ္ဈတ္တ,ဗဟိဒ္ဓ, နှစ်ဌာနထားပြီး ပိုင်းခြားရမည်ဆိုလျှင် အဇ္ဈတ္တဟု ပြောဆိုရသော မိမိခန္ဓာအိမ် တခုလုံးမှာ ပထဝီဓာတ်တလုံးနှင့် သိမ်းကြုံး၍ ရှုလိုက်တော့၊ မာ, သဘောတခုသာ ဘယ်နေရာမကျန်၊ လက်ညှိုးထိုးခံ အမှန်တိတိ ဧကန် ရှိတယ် မဟုတ်လား - တကာရိရ။ (မှန်ပါ၊ မာ,သဘောတခု အမှန်ဧကန် လက်ညှိုးထိုးခံ တွေ့ရှိပါဘုရား)။

ကဲ-ဒါဖြင့် ဤခန္ဓာအိမ်ကြီးဟာ မာ,သဘောစု၊မာ, သဘောမှုတွေဖြင့် ပြီးနေဒါ သချောရဲ့နော်။ (မှန်ပါ၊ ကိုင်ကြည့်ရင်၊ တွေ့ရှိရဒါ သချောပါဘုရား)။

အင်း....တော်တော် ကြာတော့ ဒီ မာ,သဘောစု, မာ,သဘောမှုပြင်မှတပါး တခြားတသီးအကောင်ကြီး အနေ၊ အထည်ကြီး အနေနှင့် အပိုတွေ, အကြိုတွေ ထင်ယောင် ထင်မှား ဖြစ်လာဦးမယ် ကြပ်ကြပ် သတိထား။

**န တေသု ဒဗ္ဗဝါ၊ သဏ္ဌာနံဝါ၊**
**ဝိဂ္ဂဟောဝါ၊ ဥပလဗ္ဘတိ။ ။**

တေသု၊ ထိုမာ,မှု ဆတ်ဆတ်၊ ပရမတ်အစု၊ ခေတ် အနုတို့၌။ ဒဗ္ဗဝါ၊ အရေဘဲ,အဖတ်ဘဲနှင့် ဒြပ်အခဲမျိုးကို ၎င်း။ သဏ္ဌာနံဝါ၊ ပုံရိပ်ဟန်ရိပ်နှင့်, သဏ္ဌာန် နိမိတ် မျိုးကို၎င်း။ ဝိဂ္ဂဟောဝါ၊ အကောင်လိုလို, အထည် လိုလိုနှင့်၊အရှည်အတိုမျိုးကို၎င်း။န ဥပလဗ္ဘတိ၊ပရမတ် ဟူက၊ အမှုအရာ၊ ကြိယာမျှမို့၊ လုံးဝ ဘာမှရှာမရချေ။ န ဥပလဗ္ဘတိ၊ ပရမတ်စင်းစင်း၊ ခေတ်ဉာဏ် ရှင်းက၊ အလျှင်းမရအပ်ချေ။

သို့ကလို — သင်္ဂြိုဟ် မဟာဋီကာ၊ ကျမ်းအလာနှင့်၊ မှန်းစာ၍ ကြည့်လိုက်တော့၊ အခိုက်အတန့် ကလေးမျှ ပေါ်လာရတဲ့၊ မာသဘော ဆတ်ဆတ်၊ ပရမတ်

အမှုအရာထဲမှာ ဘယ်ဟာကိုဒြပ် ဆိုလို့၊ ဘယ်သင်းကို သဏ္ဍာန်ပြု၊ ဘယ်ဝတ္ထုကို အကောင်အထည် ရယ်လို့၊ တကယ် မပြောနိုင်, တကယ် မပြနိုင်တော့ပြီ။

အများလောကထင်နေကြ ဒါကတော့၊ ဒြပ်သဏ္ဍာန် ကိုယ်ထည် ဟန်တွေဟာ၊ အမှန် ရှိတဲ့ သဘောနှင့် တကယ် ပြောနိုင်တယ်, တကယ် ပြနိုင်တယ်လို့ ထင်နေကြ။ သြော်....လေ့က အထင်နှင့်၊ ခမ္မအစဉ်ကဖြင့် နှိုင်းယှဉ်၍ မရ၊ ကွာခြားချင်တိုင်း ကွာခြားနေကြပေါ့၊ ဗျာများတဲ့ ဒီအထင်, မိစ္ဆာမြင် ကင်းပျောက်အောင်, ပယ်ဖျောက်ဘို့ အချက်, ဉာဏ်သက်ဘို့ အကြောင်း ချက်ကောင်းကောင်း လိုတော့သည်။

တရားသဘော၌ မသက်ဝင်သော အသိမျိုး, အပြောမျိုး၊ တရားသဘော၌ သက်ဝင်သော အသိမျိုး, အပြောမျိုး ဆိုသည်ကား။

ယခုလောကမှာ၊ သူငါကစ, ငယ်ငယ် ကြီးကြီး၊ ထီးထီး, မမ၊ မာတယ် မာတယ်လို့တော့ သိကြရဲ့ ပြောကြရဲ့၊ဒါပေမယ့်-ဂေါ်င်းက မာတယ်။ မာဒါဟာ ဂေါ်င်း၊ ဟောဒါလို ဖြစ်မနေကြဘူးလား - တကာဒိုရ။ (မှန်ပါ၊ သည့်အတိုင်း ဖြစ်နေကြပါဘုရား)။

အဲဒီလို....ဂေါ်င်းဟာ မာဒါဖြစ်၊မာဒါဟာ-ဂေါ်င်း ဖြစ်နေ၍၊ ဂေါ်င်းနှင့် မာဒါ၊မာဒါနှင့် ဂေါ်င်း၊တပေါင်း

တည်းအလား၊ မပြား မကွဲ တသားထဲ ဖြစ်နေလျှင်၊ စင်စစ်တရားသဘော၌ သက်ဝင်သေးရဲ့လား၊ (မှန်ပါ၊ မသက်ဝင်တော့ပါဘုရား)။

မာဒါက ရုပ်ကိစ္စ ရုပ်သဘော ရုပ်အစု, ရုပ်အမှုသွား ရုပ်တရားကလေး သန့်သန့်၊ ဂေါင်းက စိတ်၏ကိစ္စ အရိပ်မျှဟု ပြောဆိုရသော နာမ်သဘော, နာမ်အစု, နာမ်အမှုသွား,နာမ်တရားကလေး သန့်သန့်ပါကလား လို့၊ အစွဲမမှား ကွဲပြားအောင်သိလျှင်၊တရားသဘော၌ မသက်ဝင်ခဲပဘူးလား။ (မှန်ပါ၊ဒီလိုသိရင် သက်ဝင်ပါ ဘုရား)။

ရင်းပြင် - လက်က မာတယ်၊ မာဒါဟာ လက်။ ဟောဒါလို - တချက်၊ ဖြစ်မနေကြဘူးလား။ (မှန်ပါ၊ သည်အတိုင်း တချက်၊ ဖြစ်နေကြပြန်ပါဘုရား)။

အဲဒီလို လက်ဟာ မာဒါဖြစ်၊ မာဒါဟာ လက်ဖြစ် နေ၍၊လက်နှင့် မာဒါ၊ မာဒါနှင့် လက်၊ ရောယှက်သည့် အလား, မပြား မကွဲ၊ တသားထဲ ဖြစ်နေလျှင်လဲ စင်စစ် တရား သဘော၌ သက်ဝင် သေးရဲ့လား။ (မှန်ပါ၊ မသက်ဝင်တော့ပါဘုရား)။

မာဒါက-ရုပ်ကိစ္စ၊ ရုပ်သဘော, ရုပ်အစု, ရုပ် အမှုသွား၊ ရုပ်တရားကလေး သန့်သန့်၊ လက်က စိတ်၏ကိစ္စ အရိပ်မျှဟု ပြောဆိုရသောနာမ်သဘော နာမ်အစု နာမ် အမှုသွား နာမ်တရားကလေး သန့်သန့်ပါကလားလို့။

အစွဲမမှား ကွဲပြားအောင် သိလျှင် တရားသဘော၌ မသက်ဝင်ပေဘူးလား။ (မှန်ပါ၊ သည်လိုသိရင်, သက်ဝင်ပါဘုရား)။

ငှင်းပြင်-ခြေက မာတယ်၊မာဒါဟာ ခြေ၊ ဟောဒါလို တထွေ ဖြစ်မနေကြဘူးလား။ (မှန်ပါ၊ သည်အတိုင်း တထွေ ဖြစ်နေကြပါဘုရား)။

အဲ ဒီလို.... ခြေဟာ မာဒါဖြစ်၊ မာဒါဟာ ခြေဖြစ် နေကြ၍ ခြေနှင့် မာဒါ၊မာဒါနှင့် ခြေ၊ထပ်တူနေအလား မပြားမကွဲ၊ တသားထဲ ဖြစ်နေပြန်ရင်လဲ စင်စစ် တရား သဘော၌ သက်ဝင်သေးရဲ့လား။ (မှန်ပါ၊ မသက်ဝင် တော့ပါဘုရား)။

မာဒါက-ရုပ်ကိစ္စ၊ ရုပ်သဘော, ရုပ်အစု, ရုပ် အမှု သွား၊ ရုပ်တရားကလေး သန့်သန့်၊ ခြေက စိတ်၏ကိစ္စ အရိပ်မျှဟု၊ ပြောဆိုရသော နာမ်သဘော နာမ်အစု နာမ် အမှုသွား,နာမ်တရားကလေး သန့်သန့်ပါကလား လို့၊ အစွဲမမှား ကွဲပြားအောင်သိလျှင်၊တရားသဘော၌ မသက်ဝင်ပေဘူးလား။ (မှန်ပါ၊ဒီလိုသိရင် သက်ဝင်ပါ ဘုရား)။

ငှင်းပြင် - ကိုယ်က မာတယ်၊ မာဒါဟာ ကိုယ်၊ ဟောဒါ လိုကော - ဖြစ်မနေ ကြဘူးလား။ (မှန်ပါ၊ သည်အတိုင်းလဲ ဖြစ်နေကြပါဘုရား)။

အဲဒီလို-ကိုယ်ဟာ မာဒါဖြစ် မာဒါဟာ ကိုယ်ဖြစ် နေကြ၍ ကိုယ်နှင့် မာဒါ၊ မာဒါနှင့် ကိုယ်၊ တလုံးတည်းလို၊ တစည်းတည်းလို ထားပြီး၊ မပြား မကွဲ၊ တသားထဲ ဖြစ်နေပြန်ရင်လဲ စင်စစ် တရားသဘော၌ သက်ဝင်ပါအုံးမလား၊ (မှန်ပါ၊ မသက်ဝင်တော့ပါဘုရား)။

မာဒါက-ရုပ်ကိစ္စ၊ ရုပ်သဘော, ရုပ်အစု, ရုပ်အမှုသွား၊ ရုပ်တရားကလေး သန့်သန့်၊ ကိုယ်က စိတ်၏ကိစ္စ အရိပ်မျှဟု ပြောဆိုရသော နာမ်သဘော, နာမ်အစု, နာမ်အမှုသွား,နာမ်တရားကလေး သန့်သန့် ပါကလားလို့၊ အစွဲမမှား၊ ကွဲပြားအောင်သိလျှင်၊ တရားသဘော၌ သက်ဝင်ရော မဟုတ်လား။ (မှန်ပါ၊ ဒီလိုသိရင် တရားသဘော၌ သက်ဝင်ပါရော ဘုရား)။

အေး....ဒါ့ကြောင့် မာဒါကို သိပါရဲ့ ဆိုသော်လဲ တရား သဘော၌ သက်ဝင်သော သိခြင်း, မသက်ဝင်သော သိခြင်း၊ နှစ်မျိုး နှစ်စားရှိပုံကို သေသေချာချာ မှတ်လေ။

ယခင်က ပြဆိုခဲ့ပြီးသော နည်းအတိုင်း တရားသဘော၌ သက်ဝင်အောင် သိမှသာ၊ သက္ကာယဒိဋ္ဌိ အငြိအစွဲ လွတ်ကင်း၍ သန့်ရှင်း စင်ကြယ်သော သမ္မာဒိဋ္ဌိနယ်သို့ တကယ်ဆိုက်ရောက်နိုင်ကြမယ်၊ ဤအရာဝယ်

အပြောမှာ လွယ်သလိုလို ရှိသော်လဲ၊ သဘော အချက်ကိုတော့ အသိခက်,အမြင်ခက်၊ အလွန်နက်သည်ဆိုဒါ ကိုယ်မှာ ကပ်ကြည့်လျှင်၊ အတတ်သိလိမ့်မည်။

သတ္တာယဒိဋ္ဌိ, အတ္တဒိဋ္ဌိ အပြင်း အထန် စွဲငြိရာ ဖြစ်သောအရပ်ဌာနကား၊ ခြေနှစ်ဘက် လက်နှစ်ချောင်း ဂေါင်းတလုံး၊ ဤခက်မကြီး ငါးဖြာပင် ဖြစ်လေ၏။

ခန္ဓာကိုယ် ဗဟို အချက်က အစိတ် အစိတ် ပေါ် ထွက်၍နေသော ထို ခက်မကြီး ငါးဖြာကို ဒိဋ္ဌိစွဲ ကင်း ကွာအောင် ပထဝီဓာတ် 'မာ' တခုနှင့် ထောင်းထုခါ ကြိတ်ချေမှ နိမိတ်တွေ ကင်းဆိတ်၍ အပါယ် တံခါး ပိတ်နိုင်တော့မည်။

ကိုင်စမ်း ဖမ်း၍ ကြည့်သော အခါ မာသဘော၊ မာ, သဘာဝကိုသာ တွေ့ရ၊ မာဒါက ခြေမဟုတ်၊ ခြေကလဲ မာဒါမဟုတ်၊ မာသဘော အမူအရာ မာကြိယာက သဘာဝ ဆတ်ဆတ်၊ ပရမတ်အမှန် လက်ညှိုးထိုးခံရှိ၊ ခြေပုံ ခြေဟန်, ခြေသဏ္ဌာန်က၊ စိတ်က ကြံဆ၊ နာမ်မှ တပါး တခြားတသီး၊ အထင်ကြီးရန်၊ လက်ညှိုးထိုးခံ မရှိ။ ဟောဒါလို သိမှ၊ ခြေဟူသော ခက်မကြီး၌ စွဲငြိ၍ နေသော သတ္တာယဒိဋ္ဌိကို အမြစ်ပါ ပယ်တိ နိုင်တော့ သည်၊ ပယ်သတ်နိုင်တော့မည်။

တခါရှု—တခု ကြည့်စမ်းအုံး၊မာဒါက လက်မဟုတ်၊ လက်ကလဲ မာဒါမဟုတ်၊ မာသဘော အမူအရာ

မာကြိယာက၊ သဘာဝ ဆတ်ဆတ်၊ ပရမတ်အမှန်၊ လက်ညှိုးထိုးခံရှိ၊ လက်ပုံ လက်ဟန်၊လက်သဏ္ဍာန်က၊ စိတ်က ကြံဆ၊ နာမ်မှတပါး တခြား တသီး၊ အထင်ကြီးရန်၊ လက်ညှိုးထိုးခံ မရှိ၊ ဟောဒါလို သိမှ၊ လက်ဟူသော ခက်မကြီး၌ စွဲငြိ၍နေသော သက္ကာယဒိဋ္ဌိကို အမြစ်ပါ ပယ်တိ နိုင်တော့သည်။ ပယ်သတ် နိုင်တော့မည်။

တခါဆက်–တချက်ကြည့်ဧမ်းအုံး၊မာဒါက ဝေါင်း မဟုတ်၊ ဝေါင်းကလဲ မာဒါမဟုတ်။ မာသဘော အမူအရာ၊ မာကြိယာက၊သဘာဝဆတ်ဆတ်၊ပရမတ်အမှန် လက်ညှိုး ထိုး ခံ ရှိ၊ ဝေါင်းပုံ ဝေါင်းဟန်၊ ဝေါင်းသဏ္ဍာန်က၊ စိတ်ကကြံဆ၊နာမ်မှတပါး၊တခြား တသီး၊ အထင်ကြီးရန်၊ လက်ညှိုးထိုးခံ မရှိ၊ ဟောဒါလို သိမှ၊ ဝေါင်းဟူသော ခက်မကြီး၌ စွဲငြိ၍နေသော သက္ကာယ ဒိဋ္ဌိကို အမြစ်ပါ ပယ်တိ နိုင်တော့သည်။ ပယ်သတ် နိုင်တော့မည်။

တခါတိုး တမျိုး ကြည့်စမ်းအုံး၊ မာဒါက ကိုယ် မဟုတ်၊ ကိုယ်ကလဲ မာဒါမဟုတ်၊ မာသဘော အမူအရာ၊မာကြိယာက သဘာဝဆတ်ဆတ်၊ ပရမတ်အမှန် လက်ညှိုးထိုးခံရှိ၊ ကိုယ်ပုံ,ကိုယ်ဟန်၊ကိုယ်သဏ္ဍာန်က၊ စိတ်က ကြံဆ၊ နာမ်မှတပါး၊ တခြားတသီး၊ အထင် ကြီးရန်၊ လက်ညှိုးထိုးခံ မရှိ၊ ဟောဒါလို သိမှ၊ ကိုယ်

ဟူသော အပေါင်း ပင်မကြီး၌ စွဲမြဲ၍နေသော သက္ကာယ ဒိဋ္ဌိကို အမြစ်ပါ ပယ်တိ နိုင်တော့သည်။ ပတ်သတ် နိုင်တော့မည်။

ယခု ပြဆိုခဲ့ပြီးသော ခြေနှစ်ဘက်,လက်နှစ်ချောင်း၊ ဂေါင်းတလုံး တည်းဟူသော ခက်မကြီး ငါးဖြာကို မာ-မာ-ဟူသော ပထဝီဓာတ်တခုနှင့် နာနာပါအောင် ထောင်းထုပြီး၊ ဘယ်နိမိတ် တခုမှ မခုခံစေဘဲ မဲမဲ သဲသဲကြီး, ပွားရှုကြလေ။

ဤခက်မကြီး ငါးဖြာနှင့်တကွ၊ပင်မ တည်းဟူသော အပေါင်း၊ ကိုယ်ကာယ၊ ၎င်းခြောက်ဌာန အပြင်မှ တပါး သက္ကာယဒိဋ္ဌိ စွဲဆိုစရာ ဌာနများ ရှိသေးသလား တကာရိရဲ့။ (မှန်ပါ၊ ဤဌာနကြီး ခြောက်ပါးပြင် မရှိ တော့ပါဘုရား)။

ဒါဖြင့်-ဒီဌာနကြီး ခြောက်ချက်ကို ထွားထွား ညက် ညက် ကြေအောင်၊ ပထဝီဓာတ် တခုနှင့်သာ နာနာ မွှေပြီး, အထွေထွေ ကြံဆ၊ သိသိလေသမျှ နာမ်ဓမ္မ တခု နှင့်သာ ချေပေတော့။ဘာတွေ ညာတွေ မရှုပ်ပွေစေနှင့်၊ ရှုပ်ပွေလာလျှင် မြုတ်တွေ ခုခံပါ၍၊သူ့တံထွာ ပင်ကိုယ် ရင်းကို စူးစိုက်ခါ နှလုံးသွင်းရမည် တကာရိ။

ဝိပဿနာ့ ဉာဏ်အရာမှာ နိမိတ် သဏ္ဌာန်တွေဟာ၊ လွန်စွာ ခုခံ နေတတ်သည်၊ ခုခံပုံကား-လက်ဆိုမှဖြင့်, ရှေရှေ၊ ခြေဆိုမှဖြင့်, ချောင်းချောင်း၊ ဂေါင်းဆိုမှဖြင့်,

လုံးလုံး၊ ကိုယ်ဆိုမှဖြင့် အတုံးအတစ်, အနှစ်အထည်၊ ဝိညာဉ်လိပ် မပြိုသေးလျှင်။ သို့ကလို မျက်လှည့်သည် အမှုဟန်တွေက၊ ခုခံ၍ နေတတ်သောကြောင့် သဘော ကြပ်ကြပ် စိုက်လေ။

မာ,သဘောကို ဖယ်ကြည့်၊ သိ,သဘောကို နှုတ်ထား၊ ဝေါင်း ဟူသော အရိပ်, နိမိတ်သဏ္ဍာန် ခုခံ လာနိုင် သေးရဲ့လား။ (မခုခံ နိုင်တော့ပါဘုရား)။

မာ သဘောကို တပုံပြု၊ သိမှုကို တပုံထား၊ လက် ဟူသော အရိပ်, နိမိတ်သဏ္ဍာန်၊ ခုခံ လာပါအုံးတော့ မလား။ (မခုခံ လာတော့ပါ ဘုရား)။

မာ သဘောကို တွေ့အောင်ရှာ၊ သိဒါကို လက်ကိုင် ထား။ ခြေဟူသော အရိပ်, နိမိတ်သဏ္ဍာန်၊ ခုခံစရာ ရှိသေးရဲ့လား။ (ခုခံစရာ မရှိတော့ပါ ဘုရား)။

မာ သဘောကို စိုက်ကြည့်၊ အသိနာမ်ကို စိုက်ထား။ ကိုယ်ထည်း ဟူသော အရိပ်, နိမိတ်သဏ္ဍာန်၊ ခုခံ နေနိုင် သေးရဲ့လား။ (ခုခံ မနေနိုင်တော့ပါ ဘုရား)။

ဘာ-ခုခံ နေနိုင်တော့မလဲ။ အမှန် ဧကန် ရှိသော ပရမတ် တည်းဟူသော အရပ်ကို ဖယ်ထားလိုက်လျှင်၊ အမှန် ဧကန် မရှိသော ပညတ်တည်း ဟူသော အရိပ် တရားဟာ၊ အသိုလို လွင့်ပါး တိမ်မြုပ် သွားတော့ ဒါကိုးဟ....တကာရီရ။ (မှန်ပါ ဘုရား)။

ပရမတ် အရုပ်ကို ဖယ်လိုက်လျှင်၊ ပညတ် အရိပ်ဟာ အလိုလို ကွယ်သွားရိုး၊ ပရမတ် အရုပ်ကို နှုတ်လိုက်လျှင်၊ ပညတ် အရိပ်ဟာ၊ အလိုလို ချုပ်သွားရိုး၊ ပရမတ် အရုပ်ကို ကောက်လိုက်လျှင်၊ ပညတ်အရိပ်ဟာ၊ အလိုလို ပျောက်သွားရိုး၊ တမျိုး တည်း ဖျောက်ဖျက်၍ မနေရ တော့ပြီ။

လောက မျက်မြင် ပုံတင်၍ ပြောရလျှင်၊ မြေပြင်, ရေပြင်မှာ ထင်လာသော အရိပ်သည်၊ ထို အရိပ်ကို ဖြစ်ပေါ် စေတတ်သော လူကောင် စသော အရုပ်ကို ဖယ်လိုက်လျှင်၊ ထို အရိပ် အလိုလို ကွယ်ပျောက် ရသကဲ့သို့၊ထိုနည်းတူစွာ မာသဘောတခု ရုပ်အစုနှင့်၊ သိမှုနာမ်ဓာတ်, ပရမတ်အရုပ်ကို ဖယ်လိုက်လျှင်၊အရိပ် သဏ္ဍာန်ဖြစ်သော ခြေ, လက်, ခေါင်း, ကိုယ်၊ ထို-ထို ပညတ်ဟူသမျှတို့သည်။အလိုလိုကွယ်ပျောက်ကြကုန်၍၊ ယထာဘူတ အမှန်ကျကိုသိသော ဝိပဿနာဉာဏ်အား ခုခံခြင်းငှာ မစွမ်းလာနိုင်တော့ချေ။

အဲဒါလို-သဘာဝ ဉာဏ်အလင်း၊ သန့်ရှင်းအောင် သိမြင်မှ သစ္စာယဒိဋ္ဌိ လွင့်စင်၍ နိဗ္ဗာန်လမ်းစကို မှန်း ဆခါ တွေ့မြင်နိုင်လေတော့သည်။

တကာရိရေ....(ဘုရား) ခက်မာရုပ်နှင့် ကြံသိ နာမ် ဟူသော သည်သဘောကို သည်လိုပိုင်း, သည်အတိုင်း

သိရအောင် သတိကို ဉာဏ်ယှဉ်ပြီး,တွင်တွင်ကြီး အလုပ်လုပ်ဘို့၊ အတိုချုပ် နှုတ်တိုက်, ဆောင်ပုဒ်ကလေးတွေ ချပေးလိုက်အုံးမယ်။ ကဲကဲ ကြိုက်ကြိုက်, မကြိုက်ကြိုက်၊ အကုန် လိုက်ကြစမ်း။

## ''မှတ်ချက် ဆောင်ပုဒ်များ''

(၁) မာဒါ-ပထဝီဓာတ်က မာဒါ၊
'မာ'ပေါက်အောင်ကြည့် သတိ ဉာဏ်ယှဉ်ခါ။
ဂေါင်းကို ရှာစမ်းပါ၊ ဂေါင်းကို ပြစမ်းပါ၊
ဂေါင်း ဆိုသည်မှာ,အရိပ်မျှ စိတ်က ကြံစည်ဒါ။
'မာ' ကြံကွဲ ဂေါင်းစွဲ ဒိဋ္ဌိကွာ။ ။

(၂) မာဒါ-ပထဝီဓာတ်က မာဒါ၊
'မာ'ပေါက်အောင်ကြည့် သတိ ဉာဏ်ယှဉ်ခါ။
လက်ကို ရှာစမ်းပါ၊ လက်ကို ပြစမ်းပါ၊
လက် ဆိုသည်မှာ, အရိပ်မျှ စိတ်က ကြံစည်ဒါ။
'မာ' ကြံကွဲ လက်စွဲ ဒိဋ္ဌိကွာ။ ။

(၃) မာဒါ-ပထဝီဓာတ်က မာဒါ၊
'မာ'ပေါက်အောင်ကြည့် သတိ ဉာဏ်ယှဉ်ခါ။
ခြေကို ရှာစမ်းပါ၊ ခြေကို ပြစမ်းပါ၊
ခြေ ဆိုသည်မှာ, အရိပ်မျှ စိတ်က ကြံစည်ဒါ။
'မာ' ကြံကွဲ ခြေစွဲ ဒိဋ္ဌိကွာ။ ။

(၄) မာဒါ-ပထဝီခေတ်က မာဒါ၊
'မာ'ပေါက်အောင်ကြည့် သတိ ဉာဏ် ယှဉ်ခါ၊
ကိုယ်ကို ရှာစမ်းပါ၊ ကိုယ်ကို ပြစမ်းပါ၊
ကိုယ် ဆိုသည်မှာ, အရိပ်မျှ စိတ်က ကြံစည်ဒါ။
'မာ' ကြံကွဲ ကိုယ်စွဲ ဒိဋ္ဌိကွာ။ ။

## "တရား အဆုံးသတ်ရန်"

အဋ္ဌာ၊ ဤအချိန်မှာ ဤခါမရွေ့ ဤယနေ့၌။သမ္ပတ္တာ၊ တရားအမြိုက် နားမှာစိုက်၍ နာလိုက်ယူမည့် စိတ်က ရည်လျက် ကြံစည် ထမြောက် သဒ္ဓါ ပေါက်သဖြင့် ကောင်းမွန်စွာ လာရောက် ကြကုန်သော ပရိသတ် အပေါင်း သူတော်ကောင်းတို့သည်။ ပမာဒံ၊ တရား လွတ်ကင်း မေ့လျော့ခြင်းကို။အဘဝိတ္ဂာ၊ တရံတဆစ်မျှ မဖြစ်ကြစေကုန်ဘဲ။ဧမိနာ အပ္ပမာဒ ဓမ္မေန၊ယခု ဟော အပ်ခဲ့ပြီးသော တရားအာရုံ အမြဲကြံ၍ စွဲတုံနိုင်ငြား ဤအပ္ပမာဒ တရားတော်မြတ်ကြီးနှင့်၊ သမိဋ္ဌျန္တု၊ အတ္တ ဒိဋ္ဌိ လာမငြိရအောင် အသိကိုခြံ သတိလုံ၍ ပြည့်စုံနိုင်ကြ ပါစေကုန်သတည်း။ ။

သာဓု - သာဓု - သာဓု

အောင်သွယ်ကောင်း တရားခွန်း ပြီးပြီ။

"ရတနတ္တယံ-အဟံ-ဝန္ဒာမိ"

**"နေကောင်း-သေကောင်း နှစ်ပါးကောင်း**
**ပွားကြောင်း ဘော်ညွှန်း တရားခွန်း"**

ကိန္နုပုဟာသော ကိမာနန္ဒော၊ နိစ္စံ ပဇ္ဇလိတေ သတိ။
အန္ဓကာရေန ဩနဒ္ဓါ၊ ပဒိပံ န ဂဝေသထ။ ။

ဘောန္တော၊ မသိလို့လဲ မကြောက်၊ မကြောက်လို့လဲ မသိ၊ ပြုံးစိစိနှင့် တုံးတိနေကြသော အို့ လူများတို့။ နိစ္စံ၊ရင်ထဲနှလုံးထဲ၊အူအသဲ၌၊အမြဲမပြတ်စွဲကပ်ငြိတွယ်၍ သာလျှင်။ပဇ္ဇလိတေ၊ ဒိပ္ပသတ္တာ၊ အစဖြာသော ကိလေသာမီးယမ်းပုံကြီးက၊ တညီးညီး တပြောင်ပြောင်နှင့်၊ အပြီး တောက်လောင်ခြင်း ရှိသည်။ သတိ၊အမှန်စင်စစ်၊ ဧကန်ပင် ဖြစ်လျက်။ ဟာသော၊ မစဉ်းမစား အတင်းမှားသဖြင့်၊ တရားလွတ်ကင်း၊သို့ကလို ရယ်မောပြုံးရွှင်ခြင်းသည်။ ကိန္နုဘဝတိ၊ အပြစ် ဗလဗွေ အညစ် တပေပေနှင့်၊ဘာ့ကြောင့် ဖြစ်၍နေဝံ့ ကြပါသလဲ။ အာနန္ဒော၊ မထိတ်မလန့် အဆိပ်ပြန့်သဖြင့်၊စိတ်မန့် မိုက်ရူး၊သို့ကလို နှစ်သက်ပျော်မြူးခြင်းသည်။ကိန္နုဘဝတိ၊ အရွက်တမျိုး တစွတ်ထိုးနှင့်၊ ဘာ့ကြောင့် အဖြစ်ဆိုးကြီးဖြစ်၍ နေဝံ့ကြပါသလဲ။ အန္ဓကာရေန၊ ရှေ့ထောက် နောက်ကျော်၊

မမြော်မကြည့် မသိမလိမ္မာသော အဝိဇ္ဇာတိုက် မှောင် အမိုက်သည်။ ဩနဒ္ဓါ၊ ကောင်းဒါကို မကြံ မှန်ဒါကို မလုပ် ဟုတ်ထာကို မတွေး၊ အရေးအခက်၊ အအေး မဘက်နိုင်အောင်၊ အလွန်ပင် မြေးရှက် ပိတ်ကာ အပ် ကုန်သော။ တုမှေ၊ စားမှု၊ အိပ်မှုခံစားမှုနှင့် ဤသုံးခုသာ သိကြရှာသော များစွာတွေဝေ သင်တို့ တတွေသည်။ ပဒိပံ၊ တကြိမ်ညှိထွန်း တခါလင်းက၊ ကွာကင်း မိုက် မှောင် အလင်းရောင်ကြီး ဉာဏ်ဆီမီးကို၊ ကိံ၊ အဘယ့် ကြောင့်။ န ဂဝေသထ၊ မရှာမကြည့်မထွန်းညှိဘဲမေ့အား တွေသဲပြီး၊ မေ့ကြောကြီးဆွဲ၍ နေဝံ့ကြကုန်ဘိ သနည်း။ န ဂဝေသထ၊ နေကောင်း သေကောင်း၊ သွေမစောင်း ရအောင်၊ အဆွေကောင်းမမွ၊ အထွေထွေ အကြောင်း လှဘို့၊ မရ ရနည်း၊ မရှာမှီးကြဘဲ၊ အချည်းနှီးကိစ္စတွေနှင့် ဘာ့ကြောင့် ပြီးစီးစိတ်ချ၍ နေဝံ့ကြကုန်ဘိသနည်း။

တကာ မှီရေ....(ဘုရား)ယခု ဟောရမည့် တရား တော်ကြီးကတော့ အားလုံးကုန် ရှိရှိသမျှတွေ၊ သတိ ရကြ၍၊ နေကောင်း၊သေကောင်း၊ ဖြစ်ရအောင်၊ စံနစ် တကျ ဟောပြောရမည့် တရားတော်ကြီး ပေါ့လေ။ (မှန်ပါဘုရား)။

ဘယ့်နှယ်လဲ – တကာ မှီကော၊ တော်တော်လေး နေကောင်း၊ သေကောင်းများ ရှိပလား။ (မှန်ပါ၊ မသိ ပါဘူးဘုရား)။

အဲ....မသိဒါကောင်း၊ သိရင် အနေ ကြပ်သကိုး။ (မှန်ပါ၊အနေကြပ်မှ အသေမြတ်လိမ့် ထင်ပါဘုရား)။

သက္ကာယဒိဋ္ဌိ အစရှိသော ကိလေသာ မိးတွေဟာ၊ တကာမှိတို့ ကျုပ်တို့ရဲ့ ရင်ထဲ နှလုံးထဲမှာ အမြဲမပြတ် စွဲကပ် တောက်လောင်လျက် ရှိသည်ကို လေးလေး နက်နက် တကယ်သိရဲ့လား။ (မှန်ပါ၊မသိပါဘုရား)။

ဒီ မီးတွေကိုမှ မသိလျှင် မချိအောင် ခံနေကြရတဲ့ သံသရာရေးဒုက္ခဘေးကြီးတွေ၊ဝန်လေးစွာဆိုက်ရောက် နေပုံကို ဘယ့်နှယ်လုပ်ပြီး ကြောက်နိုင် ပါတော့မလဲ၊ တကယ် မကြောက်ဘူးလို့ ဆိုရလိမ့် မဟုတ်လား။ (မှန်ပါ၊ မကြောက်ပါဘုရား)။

ဒါဖြင့်–မသိလို့လဲ မကြောက်၊မကြောက်လို့လဲမသိ၊ ဆိုသော ရှေးသူ တော် ကောင်းကြီးများ စကားဟာ အလွန် မှန်နေ ပါပေါ့လား – တကာမှိရ။ (အလွန် မှန်သော စကားကြီးတခု ဖြစ်ပါဘုရား)။

ယခု ဘဝမှာ ပြုမိဒါ,မပြုမိဒါကို အသာ ထားလိုက် ပါအုံးတော့၊ရှေးရှေးဘဝ,တံငါမုတ်ဆိုးကြီးဖြစ်စဥ်က သတ်ခဲ့ ဖြတ်ခဲ့မိသမျှသော ပါဏာတိပါတ ကံတွေကလဲ မိမိတို့ သဏ္ဍာန်မှာ အစဥ်ပါရှိအပြည့်တင်းကြမ်း၊ ရှေး ရှေးဘဝ သူခိုး ဓားမြကြီး ဖြစ်စဥ်က ခိုးခဲ့တိုက်ခဲ့ ဝှက် ယူခဲ့မိသမျှသော အဒိန္နကံတွေကလဲ မိမိတို့ သဏ္ဍာန်မှာ

အစဉ်ပါရှိ အပြည့် တင်းကြမ်း၊ ရှေးရှေးဘဝ အပျော် သမားကြီး ဖြစ်စဉ်က၊ သူ့ သားမယားကို လွန်ကြူး စော်ကား မှိခဲ့သမျှသော ကာမေသု မိစ္ဆာစာရ ကံတွေ ကလဲ မိမိတို့သဏ္ဍာန်မှာ အစဉ်ပါရှိ အပြည့်တင်းကြမ်း ရှေးရှေးဘဝ အလိမ်အကောက် သမားကြီး ဖြစ်စဉ်က လိမ်လိုက် ကောက်လိုက် မဟုတ် မမှန်ဒါတွေကို လုပ်ကြံ ပြောဆို မှိခဲ့သမျှသော မုသာဝါဒ ကံတွေကလဲ မိမိ သဏ္ဍာန်မှာ အစဉ်ပါရှိအပြည့်တင်းကြမ်း၊ရှေးရှေးဘဝ သေရည်သောက်သမားကြီးဖြစ်စဉ်က ထန်းရေ့အရက် တို့ကို သောက်မျို မှိခဲ့သမျှသော သုရာမေရယ ကံတွေ ကလဲ မိမိတို့သဏ္ဍာန်မှာ အစဉ်ပါရှိ အပြည့်တင်းကြမ်း။

ထိုထိုဘဝ ကမ္ဘာသံသရာက အစဉ်ပါရှိလာသော မသမာသောအမှု၊ အကုသလ ကမ္မပထတရားစုက အနန္တ သယခေတ်ကဲ့သို့ မိမိတို့သန္တာန်မှာ မကျွာ ထက်ကြပ်၊ အမြဲမပြတ်၊ စွဲကပ် ခိုအောင်းလျက် ရှိနေကြဒါတွေဟာ အပြည့် အနှက် တင်းကြမ်းတက်လို့ မဟုတ်လားဟ တကာမှီရ။ (မှန်ပါ၊ တင်းကြမ်း အပြည့် အမြဲ ပါရှိ နေကြပါဘုရား)။

သူတို့က အကြောင်းမသင့်၊အခွင့် မသာသေးခင်မို့၊ အသာကလေး အညှာပေးထားလို့၊တကာမှီတို့တတွေ ခဏခေတ္တ ငြိမ်း ချမ်းသာခွင့် ရသလိုလို နေကြရ၊

သူတို့က အခွင့်ရတဲ့ တနေ့ကျတော့၊ ဆီးမရ, တားမရ၊ သွားဟ, လာဟဆိုပြီး၊ ငရဲကျအောင် ဆွဲချ ပို့ဆောင်ကြမှာ မလွဲမုချ ကေန္တာဘဲ မဟုတ်လား။ (မှန်ပါ၊ဆွဲချမှာ ကေန္တာပါဘုရား)။

သူတို့ပြုမှု့အမှုပုကြီးတွေကို အပြီး သိရလျှင် အဘယ်မှာ ရယ်နိုင်စရာ, ပြုံးနိုင်စရာ, ရွှင်နိုင်စရာ၊ ရှိပါတော့မလဲ။

ပြုပြီး, ပြုဆဲ၊ မှားပြီး, မှားဆဲ၊ ငရဲရောက်ကြောင်း၊ မကောင်းသောဘေးရန်တွေမိမိသဏ္ဍာန်မှာ တရံမပြတ် အနုသယ ဓာတ်ကဲ့သို့ လိုက်ပါကပ်ငြိနေဒါကို အတတ် သိခဲ့ပါလျှင် အဘယ်မှာ ပျော်နိုင်စရာ,မြူးနိုင်စရာ၊ ရှိပါတော့မလဲ။

သို့ကလို နောင်သံသရာရေး၊မိမိ၏အပါယ်ဘေးကြီးတွေကို တကယ် တွေးမကြည့်တတ်ကြလို့၊တကယ် မသိကြတဲ့အတွက် ရယ်နိုင်ကြ, ပြုံးနိုင်ကြ, ပျော်နိုင်ကြ, မြူးနိုင်ကြ၊ စိတ်ချ,လက်ချ၊ နေလဲ,နေဝံ့ ကြပါပေရဲ့နော်။ (မှန်ပါ၊ မသိလို့ နေဝံ့ကြဒါပါဘုရား)။

ဤကဲ့သို့ မိမိတို့အမှုသွားကို စဉ်းစား၍မကြည့်၊နဲနဲမှ မသိကြဘဲ၊ပျော်ရဲ ရွှင်ရဲ၊ ပျော်တုံး, ရွှင်တုံး၊ တအုံးအုံး ဖြစ်နေကြဒါဟာ အကြောင်းရင်း ရှာလိုက်တော့၊ အဝိဇ္ဇာတိုက်၊ မှောင်အမိုက်ကြီးရဲ့ လက်ချက်ပါဘဲ။

စိတ်အစဉ်မှာ အဝိဇ္ဇာက ပိတ်ကာ မြှေးရှက် ထား သောကြောင့်၊ ဘယ်တရားသဘောတခုကိုမှ လေးလေး နက်နက်၊ ကွက်ကွက် ကွင်းကွင်း၊ ထင်ထင် လင်းလင်း၊ နှလုံးမသွင်းနိုင်တော့ဘူး၊ မေ့ချင်တိုင်းမေ့၊ မူးချင်တိုင်းမူး ရူးချင်တိုင်း၊ ရူးနေတော့ဒါပေါ့လေ။

ဒါ့ကြောင့်လဲ စားမှုကိစ္စ, အိပ်မှုကိစ္စ, ကာမဂုဏ် ခံစားမှုကိစ္စ၊ ဒီ-သုံး ကိစ္စ ဒီသုံးခု မျှလောက်ကိုသာ သိကြပြီး၊ အလွန်ရခဲသော လူ့ဘဝကြီး အဆုံးသတ် သွားကြတဲ့သူတွေ မရေနိုင် မတွက်နိုင် အများကြီးဘဲ မဟုတ်လား။ (မှန်ပါ၊ အများကြီးပါဘုရား)။

တရားတခု၊ မပွားရှုဘဲ၊ ပုထုဇဉ်ဂိုဏ်း၊ အလေ့ ရှိုင်းကြီးနှင့်၊ မေ့မှိုင်းတွေဝေလျက်၊ ဒါလိုနှင့် သေရ မှာများ, တယ်ကြောက်စရာ ကောင်းပါကလား။

ဒါ့ကြောင့်-ဝိပဿနာ ပညာဆိမီး အလင်းရောင် ကြီးကို ဘာ့ကြောင့် မရှာမှီးကြသလဲ၊ ဘာ့ကြောင့် မညှိ ထွန်းကြသလဲ။ ရှာမှီးကြ ညှိထွန်းကြဟုဘုရားဆုံးမတော် မူခြင်း အကြောင်းရင်းကို၊ တိုတို ပြောကြအုံးစို့။

သက်တော် ထင်ရှား၊ ဘုရားရှိတော်မူစဉ် ရှေး ယခင်က၊ သာဝတ္ထိနေပြည်မှ သေရည်ကို သောက်ကြတဲ့ "ငါးရာသော မိန်းမတို့သည်"၊ တရားသဘင် ဆင်ယင် ကျင်းပရာ ဖြစ်သော၊ ဌာနအမွန် ဇေတဝန် ကျောင်း

တော်၌၊ ဝိသာခါ ဒါယိကာမကြီး ခေါ်လာ၍၊ ပျော်ခါ ရွှင်ခါနှင့် အရှင်ဘုရား၏ မျက်မှောက်သို့ တပေါင်း ထည်း ဆိုက်ရောက် လာကြသတဲ့။

ရှေ့တော်သို့ရောက်၍ တအောင့်လောက်ကြာတော့ သောက်လာတဲ့ သေရည်တွေက, ဝေစီစီဖြစ်ပြီး၊ ဗိုက် ထဲက ယစ်ယစ် လာရော ဆိုကိုး....တကာမိုရ။ (မှန်ပါ၊ ယစ်ယစ် လာရောပေါ့ ဘုရား)။

မယစ်ဘဲ ရှိပါ့မလား၊ အဖျော်ရည်ကလေးကို သွတ်မှ ထားပေါ့ကိုး....။ (မှန်ပါ၊ အဖျော်ရည်ကလေးရဲ့ သတ္တိပါ ဘုရား)။

ဒီ အဖျော်ရည်ကလေးရဲ့သတ္တိ ဘယ့်ကလောက်တောင် တန်ခိုးရှိသလဲဆိုတော့။ဘုရား၏ရှေ့တော် ဘာတခုကိုမှ မမြော်နိုင်တော့ဘဲ၊ မတော် တရော်, ကရော် ကမယ်၊ ပြုမယ် လုပ်မယ်၊ အဟုတ် တွယ်မယ် ဆိုတဲ့ သဘောနှင့်၊ စိတ်ရော ကိုယ်ရော, ဓလဟော အံ့ပါကြပြီး၊ ရိုးတိုး ရွတ, ဖြစ်လာကြသတဲ့။ (ဩော်....အာက မိန်းမတွေပါလား ဘုရား)။

ထိုအခါ-မာရ်မင်း၏ အသင်းအပင်း ဖြစ်တဲ့၊ မိစ္ဆာ နတ်က၊သယ်-ငါ့အခွင့် ငါ့အရေးကျ ဟန်ရပေါ့ဆိုပြီး၊ မိန်းမတို့၏ ကိုယ်အတွင်း အတင်း ပူးဝင်လိုက်ပါရော။ (ဟင်....ဒီ နတ်ကလဲ ပူးဘို့ ဝင်ဘို့ဘဲ၊ အမြဲ ချောင်းနေ တော့ဒါကိုး ဘုရား)။

သည်မျှ မကသေးဘူး အရက်က မူး,နတ်ကပူးတော့၊ အမူးမူး အရူးရူးနှင့် အတူး သတိမရတော့ဘဲ၊ ထ,ကတဲ့သူက က၊တချို့ကလဲ ဂဘို ဂရို့,မခို့တရို့နှင့် အကို့.... အကို့၊ ချစ်ရဲ့လား, ကြိုက်ရဲ့လား၊ ဘုရားစူး, မိုးကြိုးပစ်၊ အဟုတ်ကို ချစ်ရဲ့လား....တကယ့်ကို ကြိုက်ရဲ့လား။ (အို....မောင်တော်ဘုရား၊ မောင်တော်ဘုရား၊ အလှကိုချစ် မပစ်နဲ့နော်) စသည်ဖြင့်၊ ရသမျှ သီချင်းတွေကို အတင်းဆိုတဲ့သူက ဆို၊အချို့ကတော့-ပါလာတဲ့ ပုဝါကို ချိုင်းညှပ်ပြီး၊ ထမိ ဒရွတ်ကြီးနှင့် တဖြောက်ဖြောက်, တဖြောင်းဖြောင်း နေအောင်၊ လက်ခုပ်တီးတဲ့သူက တီးပေး၊ တထွေး လုံးလုံး, တအုံးအုံး, တဝါးဝါးနှင့် ဘုရား၏ရှေ့တော်တွင်ဇေတဝန်ကျောင်းတော်ထဲမှာ မိန်းမ ကပွဲကြီး ဖြစ်နေတော့ဒါပေါ့-တကာမ္မိရ၊ (မှန်ပါ၊ တကယ့် မိန်းမတွေဘဲနော်)။

အရက်က မူး, နတ်ကပူးနှင့်၊ အရူးဖြင့် စခန်း ကုန်ပါရော၊ မိန်းမတွေကလဲ 'ငါးရာတောင်'ဆိုတော့ နဲဒါမဟုတ်ဘဲကိုး....။ (မှန်ပါ၊ ဘယ် နဲမလဲဘုရား)။

သို့ကလို-မိမိခေါ်လာသော အဘော်မိတ်ဟောင်း၊ အပေါင်း အသင်း သူငယ်ချင်း မတွေက တ လှုပ် လှုပ် တရွရွ, ကိုးရိုး ကားရား ဖြစ်နေကြတော့၊ ဘုရားကို အားနာလှတဲ့ဝိသာခါဒါယိကာမကြီးမှာ၊ဒုက္ခ-ဒုက္ခလို့

ငြီးလျက်၊ အသာကုပ်ပြီး အပါးတော်၌ ငုတ်တုပ်ကြီး အံ့အားသင့် နေရှာသတဲ့။

ကကြ,ဆိုကြ,တီးကြ လုပ်လို့ ဌာနကမဟုတ်တော့၊ စိတ်ရှုပ်လို့ မျက်စိနောက်၊ အံ့အားလဲ သင့်မယ်ဆို သင့်လောက်ထာဘဲ-တကာမှီရ။ (မှန်ပါ၊ အံ့အား သင့် လောက်ပါဘုရား)။

ထိုအခါ-လောကထိပ်တင်ဘုရားရှင်သည်၊အဘယ် ကဲ့သို ဆင်ခြင်တော်မူလိုက်သလဲ ဆိုတော့။ငါသည်ဘဝ များစွာ, ကမ္ဘာများစွာ, ရှေးရှေး ခါက၊ ခုဘဝအထိ၊ ဆည်းပူးခြင်း ရှိခဲ့သော၊ များစွာသော ပါရမီအဟုန်၊ စာဂီဂုဏ်တို့နှင့် အလုံးစုံ အကုန် ပြည့်စုံ လုံလောက်ပြီး ဖြစ်လျက်။ ဧစ်ဘက် စစ်ခင်း၊ဤစစ်တလင်း၌မာရ်မင်း၏ အခွင့်အရေး လက်လျော့ခါ အရှုံးပေးလို့ဖြင့်၊အရေး လှတော့မည် မဟုတ်ချေ။

ဒီ မိန်းမတွေနှင့် ဒီလို နေလို့ဖြင့် နေရာ မကျသေး။ သင်းတို့တတွေ လန့်သွားအောင် ငါလုပ်လေအုံးမှ ကိုးလို့.... သို့ကလို အကြံမျိုးကြီး ပေါ်ပေါက်တော် မူလာသတဲ့ - တကာမှီရ။ ( မှန်ပါ၊ တယ် - ဆိုးဝါးတဲ့ မိန်းမတွေ လန့်သွားအောင် လုပ်လိုက်မှ နေရာကျမှာပါ ဘုရား)။

ထိုကဲ့သို့ ရယ်လိုက်, ရှင်လိုက်၊ က လိုက်, ခုန်လိုက်၊ လက်နပ်တီးခါ သီချင်းတွေ တစာစာ သံကုန် ဟစ်လိုက်နှင့်၊ ရွှေတော်၌ ပတ်ကြမ်းတိုက် ဖြစ်နေကြစဉ်။ ''ဘုရားရှင်က အောက်မျက်မှောင်တော် အတွင်းမှ၊ ညိုသော အဆင်းရှိသော ရောင်ခြည်တော်ကြီးကို တဟုန်တည်း လွှတ်တော်မူလိုက်ရာ''ဘယ်ဟာ,ဘာဟာ၊ ဘာ တခုမျှ မမြင်ရအောင်၊ ထိုအရပ်ဌာန ထိုခဏ၌ပင် မှောင်ကြီးအတိ ကျသွားရော ဆိုကိုး....။(မှန်ပါ၊အံ့ဩစရာကြီးပါဘုရား)။

သည်တော့မှ–ငါးရာသော မိန်းမတွေ၊ သေရတော့မည်တမျှမှောင်ကြီးအကျ အလွန်ကြောက်ကြ,လန့်ကြ၍ အမယ်လေး.... ''ရှင်ကြီး ဂေါတမ ဘယ်လိုများ လုပ်လိုက် ပါလိမ့်မတုံး၊ ဘယ့်နှယ်များ ဖြစ်သွားသိုက် ပါလိမ့်မတုံး''ဟု။ယူကြုံးမရ ချုံးချုံးချပြီး၊ငိုတဲ့မိန်းမက ငို၊အလိုလေး ဘယ်ဆီပြေးရပမတုံး။အို....အိမ်ကဟာရဲ့ ကြည့်လှဲ့ပါအုံး၊မြင်လှဲ့ပါအုံး။အို....အိမ်ကလူရဲ့၊ကယ်လှဲ့ပါအုံး၊မ,လှဲ့ပါအုံး ဆိုဆိုပြီး။ ကဆုံး ကဘွားနှင့် လင်ယောကျ်ားတတဲ့မိန်းမက,တဆိုဘဲ တကာမှီရ၊(မှန်ပါ၊ ''ခလုပ်ထိမှ အမိတ''ဆိုသလို ဖြစ်ကြပါလိမ့် ဘုရား)။

မကြာမှီခင် ဘုရားရှင်သည်၊ ပလ္လင်ပေါ်မှ ဆင်းကြွတော်မူပြီးလျှင်၊ မြင်းမိုရ် တောင်ကြီး၏ ထိပ်ဝယ်၊ တင့်တယ်စွာ စမ္ပယ်တော်မူလျက်၊ ပူတဲ့သူ ရင်ဇ၊ ဆွေးတဲ့သူ

ရင်ချောင်၊ ကြည်လင်အောင် အရေးက၊ "ဥလ္လာလုံ မွေးခေါ် မြတ်ရင်မှ၊ ဖွူသော အဆင်းရှိသော ရောင် ခြည်တော် အလင်းကို။ တဝင်းဝင်း နေအောင် လွှတ်တော် မူလိုက်သော အခါကျတော့" တရာ မက၊ တထောင်မျှလောက် သောလမင်းကြီးတွေတပြိုင်တည်း ထွက်ပေါ် လာသကဲ့သို့၊ အံ့ဩဘွယ်ရာ ထူးဆန်းစွာ တွေ့မြင်ရ၍။ ထိုမိန်းမဘို့၏ စိတ်ဓာတ်၌၊ ဟိတ်ခတ်.... သွားအောင် ကြည်ညိုခွင့် ရကြပါရော။ (မှန်ပါ၊ ဒီလို ဆိုရင် တပည့်တော်လဲ ကြည်ညိုချင်ပါဘိ ဘုရား)။

အောင်မယ်-တကာမကြီးက၊ဒီ မိန်းမတွေထဲပါချင် လာပြီ ထင်တယ်။ (ဒီအတွေ့မျိုးနှင့် တွေ့ရမယ်ဆိုရင် ပါချင်ပါသော် ဘုရား)။

သည်အခါ ကျတော့မှ တရားနှင့် လွတ်ကင်း၊ မေ့လျော့ ပျော်ပါးခြင်း၏ ကြီးမားသော အပြစ်နှင့် တကွ၊အလွန်အကြူး အထူးမွတ်မြတ်သော ဓမ္မောဇကို ဟောပြတော် မူလိုလှ၍။ ယခင်က ပြဆို ခဲ့ပြီးသော အဓိပ္ပါယ်အလာ၊ယခင်က ရွတ်ဆိုခဲ့ပြီးသော ဂါထာကို၊ ဘဂဝါမုနိန္ဒ ဟောကြားတော်မူလိုက်သော ခဏ၌ပင်၊ ငါးရာသော မိန်းမတွေဟာ, ထန်းရေမူး အကုန်ပြေပြီး သောတာပန်တွေချည်း ဖြစ်ကုန်ကြသတဲ့ - တကာမရဲ့။ (မှန်ပါ၊အောင်မယ် ဟန်ရလိုက်ထာဘုရား၊တယောက် အပါအဝင် ဖြစ်လိုက်ချင်ပါဘိ)။

အင်း....တကာမှီက၊ ဒီမိန်းမတွေထဲ, တယောက် အဝင် တယ် ဖြစ်လိုက်ချင်သကိုး။ (မှန်ပါ၊ မဖြစ်ချင်ဘဲ နေပါ့မလား၊ သူတို့ဟာ အဆုံးကျ သိတ် ဟန်ရဒါကိုး ဘုရား)။

သို့ကလေက် သရမ်းလှတဲ့ ထန်းရေမူး မိန်းမကြမ်း တွေတောင်မှ ဘုရား၏အဆုံးအမ,တရားအမှန် ရတော့၊ သောတာပန် ဖြစ်ကြသေးဒါဘဲ၊ အခု တကာမှီတို့ဟာ မူးဘောင် မူးကြဒါလဲ မဟုတ်၊ အားထုတ်လျှင် အမှန် မဂ်ဉာဏ် အောင်ပွဲ၊သူတို့ထဲ ဘာ မဝင်နိုင့်ဘဲ ရှိပါ့မလဲ။ တရားသာအားခဲ၊ မလွဲမှုချ ကေနွာ ပါနိုင်ရမည်၊ဝင်နိုင် ရမည်။

အောင်မယ်....ဒီနေရာမျိုးကျ မောင်ပျင်း, မယ်ပျင်း တို့က၊ သူတို့တလို့ ဖြစ်ချင်မလား၊ သူတို့မှာတော့ မီးခဲ ပြာဖုံးတွေကိုးလို့၊ ပြောရိုး, ဆိုရိုး ရှိကြသည့် အတိုင်း၊ မီးခဲ ပြာဖုံး သဘောကို ပြောတတ် ဆိုတတ် ကြသေး မဟုတ်လား။ (မှန်ပါ၊ ပြောတတ်ကြပါဘုရား)။

မီးခဲ့ ပြာဖုံး,စကားသုံးကြီး မှန်သော်လဲ အသိဉာဏ် ဓာတ်ငုတ် ဝီရိယ နောက်ဆုတ်အောင်၊ မေးကုတ်တဲ့ နှလုံးသွင်းနှင့်၊ မောင်ပျင်း, မယ်ပျင်းတို့၏ ပြောဆိုခြင်း မျှသာ ဖြစ်တော့သည်။

ထိုမိုးခဲ ပြာဖုံး သဘောမျိုးဟာ၊ဘယ်သူ့ သဏ္ဍာန်မှာ- မပါ မရှိပါဘူးရယ်လို့ မည်သူ တဦးတယောက်မှ သိနိုင်၊ပြောနိုင်လိမ့်မလား။ (မှန်ပါ၊ သိနိုင်၊ပြောနိုင်တဲ့ အရာမျိုး မဟုတ်ပါဘုရား)၊

သာသနာ တော်ကြီးနှင့် တွေ့ကြုံကြ၍၊ ဘုရား၏ အဆုံးအမကိုရလျှင်၊မိမိ မိမိတို့နှင့်ထိုက်တန်သလောက် အသိဉာဏ်တည်း ဟူသော မိုးခဲ ပြာဖုံး သဘောမျိုးဟာ ပေါ်ပေါက်လာကြရိုး ထုံးစံမို့၊ ပျင်းရိသော စိတ်ဖြင့် ရှန်းကန်၍ မနေကြနှင့် နောက်နောက်က မိမိတို့ ဆုတောင်းပါရမီ၊ ပြည့်စုံညီ၍သာ ဤသာသနာ ဘုံနှင့် တွေ့ကြုံရသည်။ နောက်နောက်က မိမိတို့ ဆုတောင်း ပါရမီ၊ မစုံညီက၊ ဤသာသနာဘုံနှင့် တွေ့ကြုံ ရမည် မဟုတ်သည်၏ အဖြစ်ကို၊ ဤသို့ အကြမ်းစားအားဖြင့် စီစစ် ကြည့်ရုံနှင့် သိနိုင်လောက်ပေပြီ။

မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တည်း ဟူသော မိုးခဲကြီးကို အဝိဇ္ဇာတည်း ဟူသော ပြာက ဖုံးထားသည့် အတွက်၊ ဝင်းဝင်း လက်လက်၊ အရောင်မထွက်နိုင်ဘဲ၊ အထဲက မြှုပ်နေရသကဲ့သို့၊ဝိပဿနာဉာဏ်တည်းဟူသော လေနှင့် တိုက်ခတ်ပေးနိုင်လျှင်၊အမြိုက်ခတ်ကလေး ထွန်းလင်း ထွက်ပေါ် လာလိမ့်မည်။

အဝိဇ္ဇာဆိုတဲ့ ပြာကို, ဝိပဿနာဆိုတဲ့ လေနှင့်မမှုတ်နိုင်ကြလို့၊ သံသရာ ဝဋ်ဒုက္ခတွေကို ငုတ်တုပ်ထိုင်,လက်မှိုင်ချပြီး၊အသီးအသီး၊ခံနေကြရမဟုတ်လား တကာမှီရ (မှန်ပါ၊ ငုတ်တုပ်ထိုင် လက်မှိုင်ချ၊ ခံနေကြရပါဘုရား)။

အကယ်၍ ဒီဘဝမှာ လုံးလုံး လျားလျား ထင်ရှားပေါ်လာအောင် မမှုတ်လွှင့်နိုင် သေးတောင်၊ မှုတ်လွှင့်စကလေး ပြုပေးလျှင် နောင်ပေါ်လာရမည့်အခွင့်၊ မြော်လင့်စရာ အရေးမှာ မဝေးတော့ပါဘူး။ ဘုရားကို အထူး ယုံကြည်လျှင်၊ သည်အတိုင်း မှတ်ကြဘို့ဘဲ။

ဤယခု ပြဆိုခဲ့ပြီးသော စကားအချက်ကို လေးလေးနက်နက်ကြီး စဉ်းစားကြည့်၍ ဟုတ်မှန်စွာ နှလုံးသွင်းမိကြလျှင်၊ ခတ်ပေါ့ပေါ့, ခတ်ရှော့ရှော့, ခတ်ပြော့ပြော့နှင့် ခတ် လျော့ အောင် ပြောဆို သုံးစွဲနေကြသော မောင်ပျင်း, မယ်ပျင်း တို့၏ စကား အချောင်တွေကို၊ နားယောင် နေဝံ့စရာ ရှိသေးရဲ့လား။ (မှန်ပါ၊ နားယောင် နေဝံ့စရာ မရှိတော့ပါဘုရား)။

ကဲ....ဒါဖြင့် နေကောင်း, သေကောင်း ဖြစ်ကြရအောင်၊ ဒွါရခြောက်ပါး၊ တံခါး ခြောက်ပေါက်မှာ ဒိတ်ကာ မြှေးရက်၍နေသော အဝိဇ္ဇာတည်း ဟူသော ပြာကို ဝိပဿနာဉာဏ် တည်းဟူသော လေအေး နှင့် အလင်းရောင် အကြည်ခတ်ကလေး ပေါ်လာအောင် မှုတ်လွှင့် တိုက်ခတ်ပေးကြစို့။

## ၁။ စက္ခုဒွါရဒ္ဒ ရှင်းလင်းချက်

စက္ခုနာ သံဝရော သာဓု။

စက္ခုနာ၊ အဆင်းခံတတ်သား၊ ပရမတ် တရားကို၊ ထင်ရှားစေနိုး မြင်ရရိုး မှန်ပါလျက်နှင့်။ အသိမှား, အမှတ်မှား, အစွဲမှားတို့၏။ အမြဲ သွားကြ, လာကြ, ထွက်ဝင်ကြရာ၊ စက္ခုဒွါရ တံခါးဝဖြင့်။ သံဝရော၊ မြင်ရာ နာမ်ရုပ် ငါမဟုတ်ဟု၊ ခွာထုတ် ဖယ်ရှင်း၊ ပိုင်ပိုင် နိုင်နိုင်ကြီး သိမ်းဆည်း စောင့်ရှောက် လိုက်နိုင်ခြင်းသည်။ သာဓု၊ ဒီ သာသနာ အချက် စခန်းမှာလ၊ အမှီ ပါစရာ မပျက်မကွက် ဆက်ဆက်ပင် လှမ်းကြရပေလိမ့်၊ နန်း အမတစံအိမ် အခြေမြဲမဲ့အကြောင်းမို့။ ဟော....ဟောဒါ လိုသိ, ဒါလိုမြင်, ဒါလို-ဆင်ခြင် ကြရင်ဖြင့်၊ အနေလဲ ကောင်း၊ အသေလဲ ကောင်းလှပါပေသတည်း။

ဤပါဠိတော်ကြီး၏ အချက် လိုရင်းဆုံး ဖြစ်သော အနက် သဘောသွားကို၊ ကြပ်ကြပ်ကြီး စဉ်းစား လိုက်ကြစမ်း။

စက္ခု-ခေါ်သော၊ ပသာဒအကြည်ရုပ်ခံတတ် ကလေး နှင့်၊ အမဲ အဖြူ စသော အဆင်း ရုပ်ခံတတ် ကလေးတွေ၊ ပေါင်းဆုံ ထိခတ် မိကြသောအခါ၊ စက္ခု ဝိညာဉ် ခေါ်သော မြင်သိ, နာမ်ခံတတ် ကလေးလဲ ဘွားခနဲ ဖြစ်ပေါ်လာပါရော။

ထိုအခါ ထိုစက္ခုဒွါရ၌ ဆိုက်ရောက်၍ လာသော အဆင်းဓာတ်သား၊ ပရမတ် တရားကလေးကိုပင်၊ ငါရယ်လို့ ထင်၊ သူရယ်လို့ ထင်၊ မြင်သိမှု ဟူသော နာမ်ဓာတ်သား ပရမတ်တရားကလေးကိုပင်၊ ငါရယ်လို့ထင်၊ သူရယ်လို့ထင်၊ မြင်မြင်သမျှ၊အစစ အရာရာ၌ ငါအရှိ၊ သူအရှိ အနေနှင့်၊ အသိဘောက်ပြန်ဒါက စိတ္တဝိပလ္လာသ။နောင် မမေ့ရအောင် ယူဆောင် သတ်မှတ်၊ အာရုံ၌ကပ်၍၊ အမှတ် ဘောက်ပြန် ဒါက – သညာဝိပလ္လာသ၊ သတ္တာကာရ၊သတ္တသဏ္ဌာနတည်း ဟူသော သူသူ ငါငါ, သတ္တဝါအခြင်းအရာ၊ သတ္တဝါသဏ္ဌာန်သည်၊ အမှန်ဘဲ အဟုတ်ဘဲဟု အစွဲ ဘောက်ပြန်ဒါက ဒိဋ္ဌိဝိပလ္လာသ။ ၃၍ဝိပလ္လာသ တရား သုံးပါးက၊ စက္ခုတံခါးမှာထွက်လား ဝင်လားနှင့် အမြဲစကြီံသွားနေကြ မဟုတ်လား-တကာမှိုရ။ (မှန်ပါ၊ ထွက်လား ဝင်လား စကြီံ သွားနေကြပါဘုရား)။

စက္ခုဒွါရ၌ ဖြစ်ပေါ်လာသမျှ သဘာဝ နာမ်ရုပ်ကို အဟုတ်ဉာဏ်နှင့် မကြည့်၍၊ မဆင်ခြင်မိလျှင်၊ အသိကမတတ်၊ အမှတ်ကလွဲ၊ အစွဲကမမှန်၊ ဒီဝိပလ္လာသတရားဘောက်ပြန် သမားတွေ စကြီံ သွားနေရင်လဲ၊ ငရဲသွားလမ်းကြီးဟာ အပြီးတိုင် ဖုံနေတော့မှာဘဲ။

ကဲ....ဒါဖြင့် မြင်ရဒါက အမဲအဖြူစသော ငါမပါ, သူမရောတဲ့ အဆင်းသဘော, အဆင်းဓာတ်, အဆင်း

ပရမတ် ရုပ်တရား၊ မြင်သိလိုက်ထာကလဲ ငါမပါ, သူ မရောတဲ့ သိသဘော သိစိတ် သိပရတ် နာမ်တရား၊ ဩော်....ရုပ်နာမ်နှစ်ပါးပေါ်ဒါပါလားလို့၊ဝိပဿနာ ဆင်ခြင်ပွားများလိုက်မှ နေရာကျတော့မှာ မဟုတ်လား (မှန်ပါ၊ ဒါမှ နေရာကျပါဘုရား)။

သို့ကလို-စက္ခုဒွါရ တံခါးဝ၌၊ ဖြစ်ပေါ် လာသမျှ၊ သဘာဝ ရုပ်နာမ်ကို အဟုတ်ဉာဏ်နှင့်ကြည့်၍ ဆင်ခြင် မှီလျှင် အသိလဲတတ်၊ အမှတ်လဲ မသွဲ၊အစွဲလဲမှန်၊ ဝိဇ္ဇာ ဉာဏ် ဦးစီး မှီသောကြောင့်၊ နိဗ္ဗာန်သွား လမ်းမတော် ကြီးသည် တဖြောင့်တည်း ပေါက်ရောက် သာယာ လာလေတော့သတည်း။

ဒါ့ကြောင့် သူ့ဒွါရနှင့် သူ့အာရုံ သူ့ဝိညာဉ် ဖြစ်ပေါ်ပုံကို အစုံအစုံရုပ်နာမ်နှစ်ပါးနှင့်ခွဲခြား၍ကြည့်၊ ကွဲပြားအောင် သိလျှင် စက္ခုဆိုတဲ့ မျက်စိ၏ အတွက် စိုးရိမ်စရာ ဘာတချက်မှ မရှိတော့ဘဲ နေလဲ ကောင်း တော့သည်၊ သေလဲ ကောင်းတော့သည်၊ တကာမှီ။ ။ (မှန်ပါ့ဘုရား)။

## ၂။ သောတဒွါရ၌ ရှင်းလင်းချက်

သာဝ သောတေန သံဝရော။

သောတေန၊ အသံခံတတ်သား၊ ပရမတ် တရားကို ထင်ရှားစေကန် ကြားရရိုး မှန်ပါလျက်နှင့်၊ အသိမှား, အမှတ်မှား,အစွဲမှားတို့၏ အမြဲသွားကြလာကြ၊ထွက်ဝင်

ကြရာ၊ သောတဒွါရတံခါးဝဖြင့်။ သံဝရော၊ ကြားရာ နာမရုပ်၊ ငါမဟုတ်ဟု၊ ခွာထုတ်ဖယ်ရှင်း၊ ပိုင်ပိုင် နိုင် နိုင်ကြီး သိမ်းဆည်း စောင့်ရှောက် လိုက်နိုင်ခြင်းသည်။ သာဓု၊ ဒီ သာသနာအချက် စခန်းမှာလ၊ အမှိုပါစရာ မပျက်မကွက် ဆက်ဆက်ပင် လှမ်းကြရပေလိမ့်၊ နန်း အမတစံအိမ်၊ အခြေမြဲမဲ့ အကြောင်းဟာမို့၊ ဟော.... ဟောဒါလိုသိ၊ဒါလိုမြင်၊ဒါလို ဆင်ခြင်ကြရင်ဖြင့်၊အနေ လဲကောင်း၊ အသေလဲ ကောင်းလှ ပါပေသတည်း။

ဤပါဠိတော်ကြီး၏ အချက်၊ သိစေတော်မူလိုရင်း ဖြစ်သောအနက်သဘောသွားကိုကြပ်ကြပ်ကြီးစဥ်းစား လိုက်ကြဦးစို့။

သောတ–ခေါ်သော ပသာဒ အကြည် ရုပ်ခတ် ကလေးနှင့်၊ အဆို့,အပြော,အစရှိသော အသံရုပ်ခတ် ကလေးတွေ ပေါင်းဆုံထိခတ်မိကြသောအခါ၊သောတ ဝိညာဉ် ခေါ်သော ကြားသိ နာမ်ခတ် ကလေးလဲ ဘွားခနဲ ဖြစ်ပေါ်လာရော။

ထိုအခါထိုသောတဒွါရ၌ဆိုက်ရောက်၍လာသော အသံခတ်သား၊ ပရမတ် တရားကလေးကိုပင် ငါရယ် လို့ထင်, သူရယ်လို့ ထင်၊ ကြားသိမှု ဟူသော နာမ် ခတ်သား ပရမတ် တရားကလေးကိုပင်၊ ငါရယ်လို့ ထင်, သူရယ်လို့ထင်၊ကြားကြားသမျှ အစစ အရာရာ၌

ငါအရှိ, သူအရှိအနေနှင့် အသိဘောက်ပြန်ဒါက စိတ္တ ဝိပလ္လာသ၊ နောင်မမွေ့ရအောင် ယူဆောင်သတ်မှတ်၊ အာရုံ၌ကပ်၍၊ အမှတ် ဘောက်ပြန်ဒါက၊ သညာ ဝိပလ္လာသ၊ သတ္တာကာရသတ္တသညာန တည်းဟူသော သူသူ ငါငါ၊ သတ္တဝါအခြင်းအရာ၊သတ္တဝါ သညာန် သည် အမှန်ဘဲ, အဟုတ်ဘဲဟု အစွဲ ဘောက်ပြန်ဒါက ဒိဋ္ဌိဝိပလ္လာသ၊ ဤဝိပလ္လာသ တရားသုံးပါးက သောတ တံခါးမှာလဲ ထွက်လား ဝင်လားနှင့်၊ အမြဲစကြံ သွား နေကြ မဟုတ်လား။ (မှန်ပါဘုရား)။

သောတဒွါရ၌ ဖြစ်ပေါ် လာသမျှ သဘာဝ ရုပ် နာမ်ကို အဟုတ်ဉာဏ်နှင့် မကြည့်၍ မဆင်ခြင်မိလျှင် အသိက မတတ်, အမှတ်ကလွဲ၊အစွဲကမမှန်၊ဒိဝိပလ္လာသ တရား ဘောက်ပြန် သမားတွေ စကြံ သွားနေရင်လဲ၊ ငရဲသွား လမ်းကြီးဟာ အပြီးတိုင် ဖုံနေတော့မှာဘဲ။

ကဲ-ဒါဖြင့် ကြားရဒါက အဆို အပြော အစရှိသော ငါမပါ၊သူ မရောတဲ့အသံခေတ် အသံပရမတ် ရုပ်တရား ကြားသိလိုက်ထာကလဲ၊ငါမပါ,သူမရောတဲ့၊သိသဘော သိခေတ်, သိပရမတ် နာမ်တရား၊ ဩော်....ရုပ်နာမ် နှစ်ပါး ပေါ်ဒါပါလားလို့၊ဝိပဿနာ ဆင်ခြင်ပွားများ လိုက်မှ နေရာ ကျတော့မှာ မဟုတ်လား။ (မှန်ပါ ဘုရား)။

သို့ကလို သောတဒွါရ တံခါးဝ၌ဖြစ်ပေါ်လာသမျှ သဘာဝ ရုပ်နာမ်ကို၊ အဟုတ်ဉာဏ်နှင့် ကြည့်၍ဆင်ခြင်မိလျှင် အသိလဲတတ်၊ အမှတ်လဲ မလွဲ၊ အစွဲလဲမှန်၊ ဝိဇ္ဇာဉာဏ် ဦးစီးမိသောကြောင့်၊ နိဗ္ဗာန်သွား လမ်းမတော်ကြီးသည် တဖြောင့်တည်း ပေါက်ရောက် သာယာလာလေတော့သတည်း။

ဒါ့ကြောင့် သူ့ဒွါရနှင့် သူ့အာရုံ၊ သူ့ဝိညာဉ်ဖြစ်ပေါ်ပုံကို၊အစုံ အစုံရုပ်နာမ်နှစ်ပါးနှင့်ခွဲခြား၍ကြည့်ကွဲပြားအောင် သိလျှင်၊ သောတဆိုတဲ့ နား၏ အတွက်၊ စိုးရိမ်စရာ ဘာဟချက်မှ မရှိတော့ဘဲ၊ နေလဲကောင်းရဲ့၊ သေလဲ ကောင်းရဲ့။ (မှန်ပါဘုရား)။

## ၃။ ဃာနဒွါရ၌ ရှင်းလင်းချက်

ဃာနေန သံဝရော သာဓု။

ဃာနေန၊အနံ့ခတ်သား ပရမတ်တရားကို၊ ထင်ရှားစေန် နံ့ရရိုးမှန်ပါလျက်နှင့်၊အသိမှား,အမှတ်မှား, အစွဲမှားတို့၏၊ အမြဲ သွားကြ လာကြ, ထွက်ဝင်ကြရာ၊ ဃာနဒွါရ တံခါးဝဖြင့်။ သံဝရော၊ နံ့ရာ နာမ်ရုပ်၊ ငါမဟုတ်ဟု၊ ခွာထုတ် ဖယ်ရှင်း၊ ပိုင်ပိုင် နိုင်နိုင်ကြီး သိမ်းဆည်း စောင့်ရှောက် လိုက်နိုင်ခြင်းသည်။ သာဓု၊ ဒီသာသနာ အချက်စခန်းမှာလ၊ အမှီပါစရာ မပျက်

မကွာဘ် ဆက်ဆက်ပင် လှမ်းကြရပေလိမ့်၊ နန်းအမတ စံအိမ် အခြေမြဲမဲ့ အကြောင်းဟာမို့၊ ဟော....ဟောဒါ လိုသိ, ဒါလိုမြင်, ဒါလို ဆင်ခြင်ကြရင်ဖြင့် အနေလဲ ကောင်း၊ အသေလဲ ကောင်းလှပါပေသတည်း။

ဤပါဠိတော်ကြီး၏အချက်၊ ရည်ရွယ်တော်မူလိုရင်း ဖြစ်သော၊ အနက်သဘောသွားကို ကြပ်ကြပ်ကြီး စဉ်းစားကြရမယ်။

ဃာန-ခေါ်သော၊ ပသာဒ အကြည် ရုပ်ခေတ် ကလေးနှင့် မွှေးမွှေး, ပုပ်ပုပ် စသော အနံ့ ရုပ်ခေတ် ကလေးတွေ၊ ပေါင်းဆုံ ထိခတ်မိကြသောအခါ၊ ဃာန ဝိညာဉ်ခေါ်သော နံသိ နာမ်ခေတ်ကလေးလဲ၊ ဘွားခနဲ ဖြစ်ပေါ်လာပါရော။

ထိုအခါ ထို ဃာနဒွါရ၌ ဆိုက်ရောက်၍ လာသော အနံ့ခေတ်သား၊ ပရမတ် တရားကလေးကိုပင်၊ ငါရယ် လို့ထင်, သူရယ်လို့ထင်၊ နာမ်သိမှု ဟူသော နာမ် ခေတ်သားပရမတ်တရားကလေးကိုပင်၊ ငါရယ်လို့ထင် သူရယ်လို့ထင်၊ နံ့နံ့ သမျှ အစစ အရာရာ၌ ငါအရှိ, သူအရှိ အနေနှင့် အသိဘောက်ပြန်ဒါကစိတ္တဝိပလ္လာသ နောင် မမေ့ရအောင် ယူဆောင် သတ်မှတ် အာရုံ၌ ကပ်၍၊ အမှတ် ဘောက်ပြန်ဒါက သညာဝိပလ္လာသ၊ သတ္တာကာရ သတ္တသညာနတည်းဟူသော သူသူ ငါငါ သတ္တဝါအခြင်းအရာ၊ သတ္တဝါသညာနှင့်သည်၊ အမှန်တဲ

အဟုတ်ဘဲဟု အစွဲ ဘောက်ပြန်ဒါက ဒိဋ္ဌိဝိပလ္လာသ၊ ဤဝိပလ္လာသ တရား သုံးပါးက ဿာန တံခါးမှာလဲ၊ ထွက်လား ဝင်လားနှင့် အမြဲ စကြိုသွားနေကြ မဟုတ်လား။ (မှန်ပါဘုရား)။

ဿာနဒွါရ၌ ဖြစ်ပေါ်လာသမျှ၊သဘာဝ ရုပ်နာမ်ကို အဟုတ်ဉာဏ်နှင့် မကြည့်၍ မဆင်ခြင်မိလျှင် အသိကလဲ မတတ်၊ အမှတ်ကလဲ လွဲ၊ အစွဲကလဲ မမှန်၊ ဒီ ဝိပလ္လာသ တရား ဘောက်ပြန်သမားတွေ စကြိုသွားနေရင်လဲ ငရဲ သွား လမ်းကြီးဟာ အမြဲတိုင် ဖုံးနေတော့မှာဘဲ။

ကဲ-ဒါဖြင့် နံရဒါက မွှေးမွှေး ပုပ်ပုပ် စသော၊ ငါမပါ သူမရောတဲ့ အနံ့သဘော အနံ့ဓာတ်, အနံ့ပရမတ် ရုပ်တရား နံ သိ လိုက် ဆ ာ က လဲ ငါမပါ သူမရောတဲ့ သိသဘော သိဓာတ်,သိပရမတ် နာမ်တရား၊ ဩော်.... ရုပ်နာမ် နှစ်ပါး ပေါ်ဒါ ပါကလားလို့၊ ဝိပဿနာ ဆင်ခြင် ပွားများလိုက်မှ နေရာကျတော့မှာမဟုတ်လား။ (မှန်ပါဘုရား)။

သို့ကလို ဿာနဒွါရ တံခါးဝ၌ ဖြစ်ပေါ် လာသမျှ သဘာဝ ရုပ်နာမ်ကို အဟုတ်ဉာဏ်နှင့် ကြည့်၍ ဆင်ခြင် မိလျှင် အသိလဲတတ်၊ အမှတ်လဲ မလွဲ၊ အစွဲလဲမှန်၊ ဝိဇ္ဇာ ဉာဏ် ဦးစီး မိသောကြောင့် နိဗ္ဗာန်သွား လမ်းမတော် ကြီးသည် တဖြောင့်တည်း ပေါက်ရောက် သာယာ လာလေတော့သတည်း။

ဒါ့ကြောင့် သူ့ဒွါရနှင့် သူ့အာရုံ၊ သူ့ ဝိညာဉ် ဖြစ်ပေါ်ပုံကို အစုံ အစုံရုပ်နာမ်နှစ်ပါးနှင့် ခွဲခြား၍ကြည့် ကွဲပြားအောင်သိလျှင် ဿာနဆိုတဲ့ နာခေါင်း၏အတွက် စိုးရိမ်စရာ ဘာ တချက်မှ မရှိတော့ဘဲ နေလဲကောင်း၏၊ သေလဲ ကောင်း၏။ (မှန်ပါ ဘုရား)။

## ၄။ ဇိဝှါဒွါရဌ် ရှင်းလင်းချက်
သာဓု ဇိဝှါယ သံဝရော။

ဇိဝှါယ၊ရသာဓာတ်သား ပရမတ်တရားကို ထင်ရှား ဧကန် လျက်ရရိုးမှန်ပါလျက်နှင့်၊အသိများ, အမှတ်များ၊ အစွဲမှားတို့၏ အမြဲသွားကြ လာကြ၊ ထွက်ဝင် ကြရာ ဇိဝှါဒွါရ တံခါးဝဖြင့်။ သံဝရော၊ လျက်ရာ နာမ်ရုပ်၊ ငါမဟုတ်ဟု၊ ခွာထုတ် ဖယ်ရှင်း၊ပိုင်ပိုင်နိုင်နိုင်ကြီး သိမ်း ဆည်း စောင့်ရှောက် သိုက်နိုင်ခြင်းသည်။သာဓု၊ဒီ သာ သနာ အချက်စခန်းမှာလ၊ အမှီပါစရာ၊ မပျက်မကွက်၊ ဆက်ဆက်ပင် လှမ်းကြရပေလိမ့်၊ နန်းအမတ စံအိမ်၊ အခြေမြဲမဲ့ အကြောင်း ဟာမို့၊ ဟော....ဟောဒါလို သိ၊ ဒါလိုမြင်၊ ဒါလို ဆင်ခြင်ကြရင်ဖြင့်၊ အနေလဲကောင်း၊ အသေလဲကောင်းလှပါပေသတည်း။

ဤပါဠိတော်ကြီး၏အချက်၊ ဟောပြတော် မူလိုရင်း ဖြစ်သော အနက်သဘောသွားကို ကြပ်ကြပ်ကြီး စဉ်း စားကြရမည်။

ဇဝ္ဂါခေါ်သော ပသာဒ အကြည်ရုပ်ခေတ် ကလေးနှင့်၊ အချို အချဉ် စသော အရသာ ခေတ်ကလေးတွေ ပေါင်းဆုံ ထိခတ် မိကြသောအခါ၊ ဇဝ္ဂါ ဝိညာဉ်ခေါ်သော၊လျက်သိ နာမ်ခေတ်ကလေးလဲ ဘွားခနဲဖြစ်ပေါ်လာပါရော။

ထိုအခါ ထိုဇဝ္ဂါဒွါရ၌ဆိုက်ရောက်၍လာသော၊ရသာခေတ်သား ပရမတ်တရားကလေးကိုပင် ငါရယ်လို့ထင် သူရယ်လို့ထင်၊ လျက်သိမှု ဟူသော နာမ်ခေတ်သား ပရမတ် တရားကလေးကိုပင် ငါရယ်လို့ထင်, သူရယ် လို့ထင်၊လျက်လျက်သမျှ အစစအရာရာ၌ ငါအရှိ၊ သူအရှိ အနေနှင့်၊ အသိဘောက်ပြန်ဒါက စိတ္တဝိပလ္လာသ၊ နောင်မမေ့ရအောင်ယူဆောင်သတ်မှတ်၊အာရုံ၌ကပ်၍ အမှတ်ဘောက်ပြန်ဒါကသညာဝိပလ္လာသ၊သတ္တာကာရ သတ္တသဏ္ဍာန တည်းဟူသော သူသူ ငါငါ သတ္တဝါ အခြင်းအရာ၊သတ္တဝါသဏ္ဍာန်သည်၊အမှန်ဘဲ အဟုတ်ဘဲဟု အစွဲဘောက်ပြန်ဒါက ဒိဋ္ဌိဝိပလ္လာသ၊ဤဝိပလ္လာသ တရားသုံးပါးက၊ဇဝ္ဂါတံခါးမှာလဲ ထွက်လား ဝင်လား နှင့်၊ အမြဲ စကြိုသွားနေကြသည်။

ဇဝ္ဂါဒွါရ၌ ဖြစ်ပေါ်လာသမျှ သဘာဝ ရုပ်နာမ်ကို အဟုတ်ဉာဏ်နှင့်မကြည့်၍ မဆင်ခြင်မိလျှင် အသိကလဲ မတတ်၊ အမှတ်ကလဲလွဲ၊ အစွဲကလဲမမှန်၊ ဒိ ဝိပလ္လာသ

တရား ဘောက်ပြန် သမားတွေ စကြီ သွားနေရင်လဲ၊ ငရဲသွားလမ်းကြီးဟာ အပြီးတိုင် ဖုံနေတော့မှာဘဲ။

ကဲ-ဒါဖြင့်၊လျက်ရဒါက အချိအချဉ်စသော ငါမပါ သူမရောတဲ့၊ ရသာသဘော,ရသာဓာတ်,ရသာပရမတ်, ရုပ်တရား၊လျက် သိလိုက်ထာကလဲ၊ ငါမပါ,သူမရောတဲ့ သိ,သဘော၊သိ,ဓာတ်၊သိပရမတ် နာမ်တရား၊ ဩော်- ရုပ်နာမ် နှစ်ပါး ပေါ်ဒါ ပါကလားလို့ ဝိပဿနာ ဆင်ခြင်ပွားများလိုက်မှ၊နေရာကျတော့မှာမဟုတ်လား (မှန်ပါ ဘုရား)။

သို့ကလို ဇိဝှါဒွါရ တံခါးဝ၌၊ ဖြစ်ပေါ် လာသမျှ သဘာဝ ရုပ်နာမ်ကို၊အဟုတ်ဉာဏ်နှင့်ကြည့်၍ ဆင်ခြင် မှိလျှင်၊ အသိလဲတတ်,အမှတ်လဲမလွဲ,အစွဲလဲမှန်၊ ဝိဇ္ဇာ ဉာဏ် ဦးစီးမှိသောကြောင့်၊ နိဗ္ဗာန်သွား လမ်းမတော် ကြီးသည်၊တဖြောင့်တည်း ပေါက်ရောက် သာယာလာ လေတော့သတည်း။

ဒါ့ကြောင့်- သူ့ဒွါရနှင့် သူ့အာရုံ၊ သူ့ဝိညာဉ်ဖြစ် ပေါ်ပုံကို အစုံအစုံ ရုပ်နာမ်နှစ်ပါးနှင့် ခွဲခြား၍ကြည့်၊ ကွဲပြားအောင်သိလျှင်၊ဇိဝှါဆိုတဲ့ လျှာ၏အတွက် စိုးရိမ် စရာ ဘာတချက်မှ မရှိတောဘဲ၊ နေလဲ ကောင်းတယ်, သေလဲကောင်းတယ်၊ (မှန်ပါ ဘုရား)။

## ၅။ ကာယဒွါရ၌ ရှင်းလင်းချက်

ကာယေန သံဝရော သာဓု။

ကာယေန၊ အတွေ့ ခတ်သား ပရမတ် တရားကို၊ ထင်ရှား ကေန် တွေ့ရရိုး မှန်ပါလျက်နှင့်၊ အသိမှား၊ အမှတ်မှား၊ အစွဲမှားတို့၏အမြဲသွားကြလာကြ ထွက်ဝင်ကြရာ၊ ကာရဒွါရ တံခါးဝဖြင့်။ သံဝရော၊ တွေ့ရာနာမ်ရုပ်၊ ငါမဟုတ်ဟု၊ ခွာထုတ် ဖယ်ရှင်း၊ ပိုင်ပိုင် နိုင်နိုင်ကြီး သိမ်းဆည်း စောင့်ရှောက် လိုက်နိုင်ခြင်းသည်။ သာဓု၊ ဒီသာသနာ အချက် စခန်းမှာလ၊ အမှိုပါစရာ မပျက်မကွက် ဆက်ဆက်ပင် လှမ်းကြရပေလိမ့်၊ နန်း အမတ စံအိမ် အခြေမြဲ့အကြောင်းဟာမို့၊ ဟေ-ဟောဒါလို သိ၊ဒါလိုမြင်,ဒါလိုဆင်ခြင်ကြရင်ဖြင့်၊အနေလဲကောင်း, အသေလဲ ကောင်းလှပါပေသတည်း။

ဤပါဠိတော်ကြီး၏ အချက်၊ ညွှန်ကြားတော် မူလိုရင်းဖြစ်သော အနက် သဘောသွားကို ကြပ်ကြပ်ကြီး စဉ်းစားသိုက်ကြပါ။

'ကာယ' ခေါ်သော ပသာဒအကြည် ရုပ်ခတ်ကလေးနှင့်၊ပူပူ အေး နွေးနွေးမာမာစသော အတွေ့အထိ ရုပ်ခတ်ကလေးတွေ၊ပေါင်းဆုံ ထိခတ်မိကြသောအခါ ကာယဝိညာဉ်ခေါ်သော တွေ့သိ နာမ်ခတ် ကလေး ကလဲ၊ ဘွားခနဲ ဖြစ်ပေါ်လာပါရော။

ထိုအခါ ထိုကာယဒွါရ၌ ဆိုက်ရောက်၍လာသော ဖေါဋ္ဌဗ္ဗ ခတ်သား ပရမတ် တရားကလေးကိုပင်၊ ငါ ရယ်လို့ထင်၊သူရယ်လို့ထင်၊ တွေ့သိမှု ဟူသော၊ နာမ် ခတ်သား ပရမတ်တရားကလေးကိုပင်၊ငါရယ်လို့ထင် သူရယ်လို့ထင်၊ တွေ့ထိသမျှ အစစအရာရာ၌၊ ငါအရှိ သူအရှိအနေနှင့်၊အသိဘောက်ပြန်ဒါက၊စိတ္တဝိပလ္လာသ နောင်မမေ့ရအောင် ယူဆောင်သတ်မှတ်၊အခါရုံ၌ကပ်၍ အမှတ် ဘောက်ပြန်ဒါက သညာ ဝိပလ္လာသ၊ သတ္တာ ကာရ၊ သတ္တသညာန တည်းဟူသော သူသူ ငါငါ၊ သတ္တဝါ အခြင်းအရာ၊သတ္တဝါသညာန်သည်၊အမှန်ဘဲ အဟုတ်ဘဲဟု၊ အစွဲ ဘောက်ပြန်ဒါက၊ ဒိဋ္ဌိ ဝိပလ္လာသ၊ ဤ ဝိပလ္လာသတရား သုံးပါးက၊ ကာယ တံခါး မှာလဲ ထွက်လား ဝင်လားနှင့်၊အမြဲ စကြီသွားနေကြသည်။

ကာယဒွါရ၌ ဖြစ်ပေါ်လာသမျှ သဘာဝရုပ်နာမ်ကို အဟုတ်ဉာဏ်နှင့်မကြည့်၍ မဆင်ခြင်မိလျှင်၊ အသိကလဲ မတတ်၊ အမှတ်ကလဲလွဲ၊ အစွဲကလဲမမှန်၊ ဒီ ဝိပလ္လာသ တရား ဘောက်ပြန်သမားတွေ စကြီသွားနေရင်လဲ၊ ငရဲ သွားလမ်းကြီးဟာ အပြီးတိုင် ဖုံနေတော့မှာဘဲ။

ကဲ-ဒါဖြင့် တွေ့ထိရဒါက၊ ပူပူ ဧဧ, နွေးနွေး မာမာ စသော ငါမပါ, သူမရောတဲ့၊ အတွေ့သဘော, အတွေ့ ခတ်,အတွေ့ ပရမတ်ရုပ်တရား၊ တွေ့သိလိုက်ထာကလဲ၊

ငါမပါ,သူမရောတဲ့၊ သိသဘော, သိခဲ့တတ်, သိပရမတ်, နာမ် တရား။ ဩော်.... ရုပ်နာမ် နှစ်ပါး ပေါ်ဒါပါ ကလားလို့၊ ဝိပဿနာ ဆင်ခြင်ပွားများလိုက်မှ၊ နေရာ ကျတော့မှာ မဟုတ်လား။(မှန်ပါ ဘုရား)။

သို့ကလို ကာယဒွါရ တံခါးဝ၌ ဖြစ်ပေါ်လာသမျှ သဘာဝ ရုပ်နာမ်ကို အဟုတ်ဉာဏ်နှင့်ကြည့်၍ ဆင်ခြင်မှိလျှင်၊အသိလဲတတ်၊ အမှတ်လဲမသွဲ၊ အစွဲလဲမှန်၊ ဝိဇ္ဇာဉာဏ် ဦးစီးမှိသောကြောင့်၊ နိဗ္ဗာန်သွား လမ်းမတော်ကြီးသည်၊တဖြောင့်တည်း ပေါက်ရောက် သာယာလာလေတော့သတည်း။

ဒါကြောင့်-သူ့ဒွါရနှင့် သူ့အာရုံ၊ သူ့ဝိညာဉ်ဖြစ်ပေါ်ပုံကို အစုံအစုံ ရုပ်နာမ် နှစ်ပါးနှင့် ခွဲခြား၍ကြည့်၊ ကွဲပြားအောင် သိလျှင်၊'ကာယ'ဆိုတဲ့ ကိုယ်၏အတွက် စိုးရိမ်စရာ ဘာတချက်မှ မရှိတော့ဘဲ၊ နေလဲ ကောင်းသည်၊ သေလဲကောင်းသည်။(မှန်ပါ ဘုရား)။

## ၆။ မနောဒွါရ၌ ရှင်းလင်းချက်

မနသာ သံဝရော သာဓု။

မနသာ၊ထွေလာဆန်းပြား၊ အာရုံများကို၊ ထင်ရှားဇောကန်၊ ကြံသိရိုးမှန်ပါလျက်နှင့်၊ အသိမှား,အမှတ်မှား, အစွဲမှားတို့၏ အမြဲ သွားကြ လာကြ, ထွက်ဝင်ကြရာ၊

မနောဒွါရ တံခါးဝဖြင့်။ သံဝရော၊ ကြံရာ နာမ်ရုပ်၊ ငါ မဟုတ်ဟု၊ ခွာထုတ် ဖယ်ရှင်း၊ ပိုင်ပိုင်နိုင်နိုင်ကြီး သိမ်းဆည်း စောင့်ရှောက်လိုက်နိုင်ခြင်းသည်။သာဓု၊ ဒီ သာသနာ အချက်စခန်းမှာလ၊ အမှီပါစရာ မပျက်မကွက် ဆက်ဆက်ပင် လှမ်းကြရပေလိမ့်၊ နန်းအမတ စံအိမ်၊ အခြေမြဲမဲ့ အကြောင်းဟာမို့၊ ဟော....ဟောဒါလို သိ၊ ဒါလိုမြင်၊ ဒါလို ဆင်ခြင်ကြရင်ဖြင့်၊ အနေလဲ ကောင်း၊ အသေလဲ ကောင်းလှ ပါပေသတည်း။

ဤပါဠိတော်ကြီး ၏ အချက်၊ ဆုံးမတော်မူလိုရင်း ဖြစ်သောအနက်သဘောသွားကိုကြပ်ကြပ်ကြီး စဉ်းစား ကြည့်လိုက်ကြပေတော့။

မနောခေါ်သော ဘဝင်စိတ်အကြည်ဓါတ်ကလေးနှင့် တခုသော ခတ်,ဂေါင်းတပ်၍ ပြောရလျှင်။စိမ့်စို ယိုစီးမှုစသော အာပေါ ရုပ်ခတ် ကလေးတွေ၊ ပေါင်းဆုံ ထိ ခတ် မိကြသောအခါ၊ မနော ဝိညာဉ် ခေါ်သော ကြံသိ နံ့ခတ်ကလေးကလဲ ဘွားခနဲ ဖြစ်ပေါ်၍ လာပါရော။

ထိုအခါ၊ ထိုမနောဒွါရ၌ ဆိုက်ရောက်၍ လာသော အာပေါခတ်သား ပရမတ် တရားကလေး ကိုပင်၊ ငါ ရယ်လို့ထင်, သူရယ်လို့ထင်၊ ကြံသိမှု ဟူသော နာမ် ခတ်သား ပရမတ်တရားကလေးကိုပင်၊ ငါ ရယ်လို့ ထင်,သူရယ်လို့ထင်,ကြံကြံသမျှ အစစအရာ၌၊ ငါအရှိ

သူအရှိ အနေနှင့်၊ အသိ ဘောက်ပြန်ဒါက - စိတ္တဝိပလ္လာသ၊ နောင် မမေ့ရအောင်၊ ယူဆောင် သတ်မှတ် အာရုံ၌ ကပ်၍၊ အမှတ် ဘောက်ပြန်ဒါက - သညာဝိပလ္လာသ၊ သတ္တာကာရ သတ္တ သညာန တည်းဟူသော သူသူ ငါငါ သတ္တဝါအခြင်းအရာ သတ္တဝါ သညာန် သည်၊ အမှန်ဘဲ အဟုတ်ဘဲဟု၊ အစွဲ ဘောက်ပြန်ဒါက ဒိဋ္ဌိဝိပလ္လာသ၊ ဤဝိပလ္လာသ တရားသုံးပါးက၊ မနော တံခါးမှာလဲ ထွက်လား ဝင်လားနှင့် အမြဲ စကြိုသွား နေကြ မဟုတ်လား - တကာမှီရ၊ (မှန်ပါ၊ အမြဲ စကြို သွားနေကြပါဘုရား)။

မနောဒွါရ၌ ဖြစ်ပေါ်လာသမျှ သဘာဝ ရုပ်နာမ်ကို အဟုတ်ဉာဏ်နှင့် မကြည့်၍ မဆင်ခြင်မိလျှင် အသိကလဲ မတတ်, အမှတ်ကလဲလွဲ၊ အစွဲကလဲ မမှန်၊ ဒိဋ္ဌိဝိပလ္လာသ တရား ဘောက်ပြန် သမားတွေ စကြို သွားနေရင်လဲ၊ ငရဲသွားလမ်းမကြီးဟာ၊ အပြီးတိုင် ဖုံနေတော့မှာဘဲ။

ကဲ-ဒါဖြင့် ကြံရဒါက စိမ့်စို ယိုစီးမှု စသော၊ ငါမပါ သူမရောတဲ့ ယိုစီးသဘော ယိုစီးခတ်, ယိုစီးပရမတ် ရုပ်တရား၊ ကြံသိလိုက်ထာကလဲ ငါမပါ, သူမရောတဲ့ သိသဘော သိခတ်,သိပရမတ် နာမ်တရား၊ ဩော်.... ရုပ်နာမ် နှစ်ပါး ဖြစ်ပေါ် ဒါပါကလားလို့ ဝိပဿနာ ဆင်ခြင်ပွားများလိုက်မှ နေရာကျတော့မှာ မဟုတ်လား၊ (မှန်ပါဘုရား)။

သို့ကလို မနေဒွါရ တံခါးဝ၌ ဖြစ်ပေါ်လာသမျှ သဘာဝရုပ်နာမ်ကို အဟုတ်ဉာဏ်နှင့် ကြည့်၍ ဆင်ခြင်မိလျှင် အသိလဲတတ်, အမှတ်လဲ မလွဲ၊ အစွဲလဲမှန်၊ ဝိဇ္ဇာဉာဏ် ဦးစီးမိသောကြောင့်၊ နိဗ္ဗာန်သွား လမ်းမတော်ကြီးသည် တဖြောင့်တည်း ပေါက်ရောက်သာယာလာလေတော့သတည်း။

ဒါ့ကြောင့် သူ့ ဒွါရ နှင့် သူ့အာရုံ၊ သူ့ဝိညာဉ်ဖြစ်ပေါ်ပုံကို အစုံအစုံ ရုပ်နာမ်နှစ်ပါးနှင့် ခွဲခြား၍ကြည့်ကွဲပြားအောင်သိလျှင် မနောဆိုတဲ့စိတ်၏အတွက် စိုးရိမ်စရာဘာတချက်မှ မရှိတော့ဘဲ၊ နေလဲကောင်းပြီ, သေလဲကောင်းပြီ၊ တကာမို့ရ။ (မှန်ပါ၊ ဒါမှ နေကောင်း၊ သေကောင်း ဖြစ်ရမှာပါဘုရား)။

**(၁)မရှိတရား အရှိထား၊အမှားဒိဋ္ဌိ မြင်တိုင်းငြိ။**

ဤကဲ့သို့ မြင်သိမှုက နာမ်၊ အဆင်းဟူသော အမြင်ခံက ရုပ်၊ အဲဒါ ငါဟုတ်ပါ့မလား၊ သူဟုတ်ပါ့မလား။ (မဟုတ်ပါဘုရား)။

ထိုကဲ့သို့ မြင်တိုင်းမြင်တိုင်း၊အပိုင်းအပိုင်း၊ တသုတ်တသုတ်၊ ဖြစ်ချုပ်အစဉ် နာမ်ရုပ်ပြင်မှ တပါး၊ ငါရယ်သူရယ်လို့ တကယ်ရှာတော့၊ အဘယ်မှာ ရှိလိမ့်မလဲ၊ (မရှိပါဘုရား)။

ဒါဖြင့် မြင်သိတရားက ရုပ်နာမ် နှစ်ပါး, အဟုတ်အမှန်ရှိတရား၊ငါငါသူသူဆိုဒါက သမုတ်ကြီသိအမှား

အဟုတ်အမှန် မရှိတရား, မရှိတရားထားလိုက်၊ရှိတရားပွားလိုက်၊သို့မှသာလျှင်စက္ခုဒွါရ၌ဒိဋ္ဌိမဝင်လာနိုင်မယ် သူမဝင်လာမှ စက္ခုခြေကလေး ငြိမ်သက်ခွင့်ကို ရမယ်၊ ဒီစက္ခုခြေကလေး ငြိမ်သက်မှ သံသရာစက် အရှိန်ပျက်မယ်၊ ဒီစက္ခုခြေကလေး ငြိမ်ငြိမ်နေမှ ဝဋ်ဒုက္ခတွေ အရှိန်သေမယ်။

**(၂)မရှိတရား အရှိထား၊အမှားဒိဋ္ဌိကြားတိုင်းငြိ။**

ကြားသိမှုက နာမ်၊ အသံဟူသော အကြားခံက ရုပ်၊ အဲဒါ ငါဟုတ်ပါ့မလား, သူဟုတ်ပါ့မလား။ (မဟုတ်ပါဘုရား)။

ကြားတိုင်း ကြားတိုင်း၊ အပိုင်း အပိုင်း၊ တသုတ်တသုတ်၊ ဖြစ်ချုပ်အစဉ် နာမ်ရုပ်ပြင်မှတပါး၊ ငါရယ် သူရယ်ဆိုဒါ တကယ်ရှာတော့ အဘယ်မှာ ရှိသိမ့်မလဲ၊ (မရှိပါဘုရား)။

ဒါဖြင့် ကြားသိတရားက ရုပ်နာမ်နှစ်ပါး အဟုတ်အမှန်ရှိတရား၊ငါငါ သူသူဆိုဒါက သမုတ်ကြီအသိမှား အဟုတ်အမှန် မရှိတရား, မရှိတရား ဖုတ်ထား၊ရှိတရား ထုတ်ပွား၊ သို့မှသာလျှင် သောတဒွါရ၌ ဒိဋ္ဌိ မဝင်လာနိုင်မယ်၊သူမဝင်လာမှ သောတခြေကလေးငြိမ်သက်ခွင့်ကိုရမယ်၊ဒီ သောတခြေကလေးငြိမ်သက်မှ သံသရာစက် အရှိန်ပျက်မယ်၊ ဒီသောတခြေကလေး ငြိမ်ငြိမ်နေမှ ဝဋ်ဒုက္ခတွေ အရှိန်သေမယ်။

## (၃) မရှိတရား အရှိထား၊ အမှားဒိဋ္ဌိ နံ့တိုင်းငြီ။

နံ့သိမှုက နာမ်၊ အနံ့ဟူသော အနံ့ခံက ရုပ်၊ အဲဒါ ငါဟုတ်ပါ့မလား၊ သူဟုတ်ပါ့မလား။ (မဟုတ်ပါဘုရား)။

နံ့တိုင်း နံ့တိုင်း၊ အပိုင်း အပိုင်း၊ တသုတ် တသုတ်၊ ဖြစ်ချုပ်အစဉ်၊ နာမ်ရုပ်ပြင်မှ တပါး၊ ငါရယ်, သူရယ် ဆိုဒါ တကယ်ရှာတော့အဘယ်မှာ ရှိလိမ့်မလဲ။(မရှိပါဘုရား)။

ဒါဖြင့် နံ့သိတရားကရုပ်နာမ်နှစ်ပါး၊အဟုတ်အမှန် ရှိတရား၊ ငါငါ, သူသူ ဆိုဒါက သမုတ်ကြံသိအမှား၊ အဟုတ်အမှန် မရှိတရား၊ မရှိတရား မြုပ်ပစ်။ ရှိတရား ထုတ်စစ်၊သို့မှသာလျှင်ဿာနဒွါရဉ္စဒိဋ္ဌိမဝင်လာနိုင်မယ် သူမဝင်လာမှ ဃာနိန္ဒြေကလေး ငြိမ်သက်ခွင့်ကို ရမယ်၊ ဒီဃာနိန္ဒြေကလေး ငြိမ်သက်မှ သံသရာစက် အရှိန် ပျက်မယ်၊ ဒီဃာနိန္ဒြေကလေး ငြိမ်ငြိမ်နေမှ၊ဝဋ်ဒုက္ခတွေ အရှိန်သေမယ်။

## (၄) မရှိတရား အရှိထား၊ အမှားဒိဋ္ဌိ စားတိုင်းငြီ။

စားသိမှုက နာမ်၊အရသာဟူသောအစားခံက ရုပ်၊ အဲဒါ ငါဟုတ်ပါ့မလား၊ သူဟုတ်ပါ့မလား။ (မဟုတ်ပါဘုရား)။

စားတိုင်း စာတိုင်း၊အပိုင်းအပိုင်း၊တသုတ် တသုတ် ဖြစ်ချုပ်အစဉ် နာမ်ရုပ် ပြင်မှတပါး၊ ငါရယ်, သူရယ် ဆိုဒါ တကယ်ရှာတော့ အဘယ်မှာရှိလိမ့်မလဲ။ (မရှိပါ ဘုရား)။

ဒါဖြင့် စားသိတရားက ရုပ်နာမ် နှစ်ပါး၊ အဟုတ် အမှန်ရှိတရား၊ငါငါ,သူသူဆိုဒါက သမုတ်ကြံသိအမှား အဟုတ်အမှန် မရှိတရား, မရှိတရားကန်လိုက်၊ရှိတရား ညာလိုက်။

သို့မှ သာလျှင် ဇိဝှါဒွါရ၌၊ ဒိဋ္ဌိ မဝင် လာနိုင်မယ်။ သူမဝင်လာမှ ဇိဝှိန္ဒြေကလေး ငြိမ်သက်ခွင့်ကို ရမယ်၊ ဒီဇိဝှိန္ဒြေကလေးငြိမ်သက်မှသံသရာစက်အရှိန်ပျက်မယ် ဒီ ဇိဝှိန္ဒြေကလေး ငြိမ်ငြိမ်နေမှ ဝဋ်ဒုက္ခတွေ အရှိန် သေမယ်။

## (၅) မရှိတရား အရှိထား၊ အမှားဒိဋ္ဌိ တွေ့တိုင်းငြိ။

တွေ့သိမှုက နာမ်၊ မာမာ ဟူသော အတွေ့ခံက ရုပ်၊ အဲဒါ ငါဟုတ်ပါ့မလား၊သူဟုတ်ပါ့မလား၊ (မဟုတ် ပါဘုရား)။

တွေ့တိုင်း တွေ့တိုင်း၊အပိုင်းအပိုင်း၊တသုတ် တသုတ် ဖြစ်ချုပ်အစဉ် နာမ်ရုပ်ပြင်မှ တပါး၊ ငါရယ်, သူရယ် ဆိုဒါ တကယ်ရှာတော့၊အဘယ်မှာ ရှိလိမ့်မလဲ။ (မရှိပါ ဘုရား)။

ဒါဖြင့် တွေ့သိတရားက ရုပ်နာမ်နှစ်ပါး၊ အဟုတ် အမှန်ရှိတရား၊ ငါငါ သူသူဆိုဒါကသမုတ်ကြံသိအမှား၊ အဟုတ်အမှန် မရှိတရား, မရှိတရား စင်စေ၊ ရှိတရား မြင်လေ။

သို့မှသာလျှင် ကာယဒွါရဥ္စ ဒိဋ္ဌိ မဝင်လာနိုင်မယ်၊ သူမဝင်လာမှ ကာယိန္ဒြေကလေး ငြိမ်သက်ခွင့်ကိုရမယ်၊ ဒီကာယိန္ဒြေကလေးငြိမ်မှ သံသရာစက် အရှိန်ပျက်မယ်၊ ဒီ ကာယိန္ဒြေကလေး ငြိမ်ငြိမ်နေမှ ဝဋ်ဒုက္ခတွေ အရှိန် သေမယ်။

**(၆)မရှိတရား အရှိထား၊အမှားဒိဋ္ဌိ ကြံတိုင်းငြိ။**

ကြံသိမှုက နာမ်၊ အလုံးကြီး ကဲ့သို့၊ အခဲကြီး ကဲ့သို့ ဖွဲ့စည်းခြင်း အမူအရာ ဟူသော အကြံခံက ရုပ်၊ အဲဒါ ငါဟုတ်ပါ့မလား၊ သူဟုတ်ပါ့မလား။ (မဟုတ်ပါ ဘုရား)။

ကြံတိုင်း ကြံတိုင်း၊ အပိုင်းအပိုင်း၊ တသုတ် တသုတ် ဖြစ်ချုပ်အစဉ် နာမ်ရုပ်ပြင်မှ ဘပါး၊ ငါရယ်, သူရယ် ဆိုဒါ တကယ်ရှာတော့၊ အဘယ်မှာ ရှိလိမ့်မလဲ။ (မရှိပါဘုရား)။

ဒါဖြင့်-ကြံသိ တရားက ရုပ်နာမ် နှစ်ပါး၊ အဟုတ် အမှန်ရှိတရား၊ငါငါ သူသူဆိုဒါက သမုတ်ကြံသိအမှား အဟုတ်အမှန် မရှိတရား, မရှိတရား အသာ နေပစေ၊ ရှိတရား တွေ့အောင် ရှာလေ။

သို့မှသာလျှင် မနေ့ဒွါရ၌ ဒိဋ္ဌ မဝင်လာနိုင်မယ်၊ သူ မဝင်လာမှ မနိဗ္ဗာန်ကလေး ငြိမ်းသက်ခွင့်ကို ရမယ်၊ ဒီ မနိဗ္ဗာန်ကလေး ငြိမ်းသက်မှ သံသရာ စက် အရှိန် ပျက်မယ်၊ ဒီ မနိဗ္ဗာန်ကလေး ငြိမ်ငြိမ်နေမှ ဝဋ်ဒုက္ခတွေ အရှိန်သေမယ်။

ဟောဒါလို-ဒွါရခြောက်ပါး တံခါးခြောက်ပေါက် တို့၌ နာမ်ရုပ်ကိုသိသော ဝိပဿနာ ဉာဏ်နှင့် စောင့် ရှောက် သိမ်းဆည်းလိုက်နိုင်မှ ဝိထိစိတ်အစဉ်မှာ၊ ဒိဋ္ဌ မယှဉ်လာတော့ဘဲ၊ စက္ခု စသော ဍာနိဗ္ဗာန်ကလေးတွေ ငြိမ်းသက်စွာ ပေါ်လာကြ၍၊ အပါယ် အစ ရှိသော သံသရာဝဋ်ဒုက္ခကြီးက အပြီးတိုင် လွတ်မြောက် ချမ်း သာရာ ရကြမှာ ဟာ....တကာမှီရ။ (မှန်ပါ၊ဒါမှ အစဉ် ချမ်းသာခွင့်ကြီး ရကြမှာပါဘုရား)။

ထိုဍာနိဗ္ဗာန်ခြောက်ဝ,ခြောက်ဌာနတို့၌၊နာမ်ရုပ်ကို မသိ ပိုင်နိုင်စွာ မသိမ်းဆည်းမိ၍၊ ငါအရှိ, သူအရှိဟူသော အမှားသိ အမှားမြင်၊ အမှားထင် ဒိဋ္ဌ ခတ်ကလေး ဝင်လာ သေးလျှင်၊ အပါယ်ဒုက္ခ ဝဋ်ကြွေး တွေနှင့် လုံးထွေးရစ်ပတ် အမြစ် မပြတ်ဘဲ၊ တစပ်ထဲ တစင်ထဲ ပူးတွဲ ပါရှိနေသောကြောင့်၊ ဤဍာနိဗ္ဗာန် ခြောက်ခုဟာ၊ ငြိမ်းသက်တည်ကြည်မှုကို ရပါပြီလို့၊ဘယ်အခါမှ မပြော ပြထိုက်သေးဘူး၊ ဒိဋ္ဌ လိမ်ချက်က အရှိန် မပျက်သေး သောကြောင့်၊ ဍာနိဗ္ဗာန်စက်ကလေးတွေဟာ မငြိမ်းမသက်

ဖြစ်ပေါ်လာကြရတယ်လို့သာ ဆိုထိုက် မဟုတ်လား။ (မှန်ပါ၊ မငြိမ်မသက်ပါဘုရား)။

တကာမှိုရေ....(ဘုရား)။ဒါဖြင့်ရင် ဥစ္စောခြောက်ပါး တို့၌ ငြိမ်သက်ပြီး တရားသတိ အမြဲ ရှိလေအောင်၊ မြင်ရာ, ကြားရာ, နံ့ရာ, စားရာ, ထိရာ, သိရာ ဖြစ်ပေါ်လာတိုင်း၊ ဖြစ်ပေါ်လာတိုင်း၊ ငါမဟုတ်, သူမဟုတ်၊ နာမ်ရုပ်သာ ဟုတ်ပုံ၊ ငါမရှိ, သူမရှိ၊ နာမ်ရုပ်သာ ရှိပုံ၊ မရှိဒါ အသာနေစေ၍၊ရှိဒါကိုသာ ရှာဖွေပုံကို သိသာရုံ ဉာဏ်စိုက်ဘို့၊ မှန်အာရုံ သဘောဆိုက်စေချင်လွန်းလို့၊ လက်ညှိုးညွှန်ဆောင်ပိုဒ်ကို သိထိုက်သူပစပ်ဖျား၊တရား ကျန်ရစ်အောင်၊ နှုတ်တိုက် ချပေးအုံးမယ်၊ ကဲ-ကဲ လိုက်ကြစမ်း....လိုက်ကြစမ်း....။

**တရား ဆင်ခြင်နည်း ဝိပဿနာ**
**"ဆောင်ပုဒ် ကြီးများ"**

(၁) ငါမဟုတ် သူမဟုတ်-မြင်ရာ နာမ် နှင့် ရုပ်၊
ငါမရှိ သူမရှိ-မြင်ရာ နာမ်ရုပ်ရှိ၊
မရှိဒါ အသာနေ-ရှိဒါ ရှာလေ။
စက္ခုန္ဒြေ ငြိမ်ပစေ-အဲဒါမှ ဒုက္ခ အရှိန်သေ။ ။

(၂) ငါမဟုတ် သူမဟုတ်-ကြားရာ နာမ် နှင့် ရုပ်၊
ငါမရှိ သူမရှိ-ကြားရာ နာမ်ရုပ်ရှိ၊
မရှိဒါ အသာနေ-ရှိဒါ ရှာလေ။
သောတိန္ဒြေ ငြိမ်ပစေ-အဲဒါမှ ဒုက္ခ အရှိန်သေ။

(၃) ငါမဟုတ် သူမဟုတ်-နံရာ နာမ်နှင့် ရုပ်၊
ငါမရှိ သူမရှိ-နံရာ နာမ်ရုပ်ရှိ၊
မရှိဒါ အသာနေ-ရှိဒါ ရှာလေ။
ဃာနိန္ဒြေ ငြိမ်ပစေ-အဲဒါမှ ဒုက္ခအရှိန်သေ။ ။
(၄) ငါမဟုတ် သူမဟုတ်-စားရာ နာမ်နှင့် ရုပ်၊
ငါမရှိ သူမရှိ-စားရာ နာမ်ရုပ်ရှိ၊
မရှိဒါ အသာနေ-ရှိဒါ ရှာလေ။
ဇိဝှိန္ဒြေ ငြိမ်ပစေ-အဲဒါမှ ဒုက္ခအရှိန်သေ။ ။
(၅) ငါမဟုတ် သူမဟုတ်-တွေ့ရာ နာမ်နှင့် ရုပ်၊
ငါမရှိ သူမရှိ-တွေ့ရာ နာမ်ရုပ်ရှိ၊
မရှိဒါ အသာနေ-ရှိဒါ ရှာလေ၊
ကာယိန္ဒြေ ငြိမ်ပစေ-အဲဒါမှ ဒုက္ခအရှိန်သေ။
(၆) ငါမဟုတ် သူမဟုတ်-ကြံရာ နာမ်နှင့် ရုပ်၊
ငါမရှိ သူမရှိ-ကြံရာ နာမ်ရုပ်ရှိ၊
မရှိဒါ အသာနေ-ရှိဒါ ရှာလေ။
မနိန္ဒြေ ငြိမ်ပစေ-အဲဒါမှ ဒုက္ခအရှိန်သေ။ ။

အဲ....နောက်က ဟောပြခဲ့ပြီးသော တရားသဘောတွေဟာ၊ ယခု ချပေးလိုက်သော ဆောင်ပုဒ်ကြီးများအတွင်းမှာ အကုန် အဝင် အပါ ဖြစ်ကုန်ကြပြီး၊ မိမိဉာဏ်ဖြင့် ဆောင်ပုဒ်ကို အရင်းခံတယ်၍၊ အကျယ်ကိုလည်းကြည့်၊ အကျဉ်းကိုလည်း သိကြပါလေ၊ ပညာရှိသူ-ကဝိလူတို့။ ။

## "တရား အဆုံးသတ်ရန်"

ဣဓံ၊ ဤသို့ ဝိပဿနာအလုပ်၊ နာမ်နှင့်ရုပ်ကို၊ အကျဉ်းချုပ်မျှ၊ ထုတ်ဘော် ပြအပ်ခဲ့ပြီးသော။ နယံ၊ ရှုနည်း, မြင်နည်း,ဆင်ခြင်နည်းကို။ သုဏန္တု၊ သုဏန္တု၊ ကြားကြားသမျှ၊ ဝေနေယျအပေါင်း၊ သူတော်ကောင်းတို့သည်။ ဆသု - ဒွါရေသု၊ ဒွါရခြောက်ပါး၊ တံခါးခြောက်ပေါက်တို့၌။ အာဂတံ၊ အမြဲမပြတ်၊ ဝင်လာတတ်သော။ ဒိဋ္ဌိံ၊ နောက်လိုက် နောက်ပါ မြောက်မြားစွာနှင့်။ မိစ္ဆာဗိုလ်ချုပ်၊ ဒိဋ္ဌိယုတ်ကို။ ဝါ၊ ငါမြင် ငါကြား၊ ငါနံ့ စားနှင့်၊ ငါကားတွေ့ထိ၊ ငါကြံသိဟု၊ စွဲငြိ ဘောက်ပြန်၊ ဒိဋ္ဌိရန်ကို။ နိဝါရေန္တု၊ ယခု ဟောပြခဲ့ပြီး၊ တရားနည်းဖြင့်၊ များများကြီး တားဆီး စောင့်ရှောက် နိုင်ကြပါစေကုန် သတည်း။

သာဓု - သာဓု - သာဓု

နေကောင်း၊ သေကောင်း၊ တရားခွန်း ပြီးပြီ။

“ ရတနတ္တယံ-အဟံ-ဝန္ဒာမိ ”

## “အိုနာသေဘေး - လွတ်လပ်ရေး၊ မြော်တွေး ဘော်ညွှန်း တရားခွန်း”

(၉)

ယထာ ပုဗ္ဗုဠကံ ပဿေ-ယထာ ပဿေ မရီစိကံ။

ဧဝံ လောက မဝေက္ခန္တံ-မစ္စုရာဇာ န ပဿတိ။ ။

ဘိက္ခဝေ၊ အို, နာ, သေမှု၊ ဘေးအစုကို၊ တွေးရှုတတ်ငြား၊ အို....ချစ်သားတို့၊ ပုဗ္ဗုဠကံ၊ရေလှိုင်းရေပွက်၊ ရေဂယက်ကို။ ပဿေယထာ၊ ပွက်ခနဲထ ပျောက်ပျက်ရပုံကို ကိုယ်တိုင်ဒိဋ္ဌ တွေ့မြင်ရသကဲ့သို့ဝင်း။ မရီစိကံ၊ လျှပ်စစ် လျှပ်စန်း၊ လျှပ်ရောင်ပန်းကို။ ပဿေယထာ၊ ဝင်းခနဲထ ပျောက်ပျက်ရပုံကို ကိုယ်တိုင်ဒိဋ္ဌ တွေ့မြင်ရသကဲ့သို့ဝင်း။ဧဝံ၊ရေပွက်တံလျှပ်၊ပုံကပ်မလွဲ တထပ်ထဲသာလျှင်။ လောကံ၊ ဖြစ်နှင့်ပျက်မျှ, သင်္ခါရလောက၊ သဘောမျှကို။ အဝေက္ခန္တံ၊ ခိုင်မြဲတင့်တယ်၊ ချမ်းသာဘွယ်နှင့်၊ ကိုယ်ထယ်တခု အကျုံမြှုမျှ၊ ရှာမရအောင်၊ လုံ့လစိုက်ထူ၊ ပွားရှုသူကို။ မစ္စုရာဇာ၊ သုံးဆဲ့တဘုံ၊

အလုံးစုံကို။ မြှုပါရှိသတ်၊ကြွင်းမလပ်အောင်၊တင်းကြပ် ထန်ပြင်း၊ ရှင်သေမင်းသည်။ နပဿတိ၊ မြင့်မိုရ် တောင်ကြီး၊ ပိတ်ကာ ဆီးသလို၊ ဘယ်နည်းကြည့်လေ၊ မမြင်ချေ။ နပဿတိ၊သူမပါ,ငါမရော၊မာသဘောအစု ထင်မြင်အောင် အတတ်ရှုကြတော့၊ခေတ်တခု ကိုယ်မှာ ကျေလျှင်၊ဟို ဘဝါဘဝေ ကချွတ်ပတ်မပြေးရတော့ဘဲ၊ အို,နာ,သေ ဝဋ်ဇာတ်တွေ လှေ့မို့၊ ဟောဒါမှ တကယ့် လွတ်လပ်ရေးကြီးအစစ် ဖြစ်တော်မူပါပေသတည်း။

တကာသိန်းရေ-(ဘုရား)။ ယခု ရွတ်ဆိုလိုက်သော ဘုရားဟောအသို ပါဠိတော်အဆို အဓိပ္ပါယ်ကို အတို ချုပ်မျှ ပိဋကတ္တ ဖြေဝင့်ရလျှင်၊ခန္ဓာငါးဝ သဘောမျှသာ ဖြစ်သော ဤသင်္ခါရလောကကို ရေပွက်လို့မှတ်၊တံလျှပ် နှင့်အတူ အနှစ်မဘက် ဖြစ်ပျက်ပုံ ပွားရှုသူကို၊ တမိုလ် ကြမ်းကြုတ် သေမင်းယုတ်သည်၊ မကြည့်နိုင်တော့ပြီ, မမြင်နိုင်တော့ပြီ ဆိုပါလား၊ (မှန်ပါဘုရား)။

ဒါဖြင့်-သေမင်းမမြင်နိုင်တော့ဘူး ဆိုလျှင် သေမင်း၏ လက်တွင်းမှ လွတ်ကင်း ကွာဝေး၍ သံသရာ ဗွေမှာ ခန္ဓာတွေ ဝဋ်ဇာတ် ဇေသောကြောင့်၊ ဒီတရားကိုပင် စင်စစ်'လွတ်လပ်ရေး တရားတော်ကြီး'လို့ခေါ်ဆို ရပေ လိမ့်မယ်။ (မှန်ပါ၊ လွတ်လပ်ရေး တရားတော်ကြီးပါ ဘုရား)။

ဤကမ္ဘာ လောကကြီး တခုလုံးမှာ အုန်းအုန်းတက် ကြွက်ကြွက်ဆူ ဘယ် လူမျိုးမဆို လွတ်လပ်ရေးကို သိပ် အလိုရှိကြတဲ့ မဟုတ်လား။ (မှန်ပါ၊ အလွန်အလိုရှိကြပါ ဘုရား)။

လွတ်လပ်ရေးဆိုဒါ လောကီလွတ်လပ်ရေး၊ လောကုတ္တရာ လွတ်လပ်ရေး၊ မရော မထွေးစေဘဲ နှစ်မျိုး ခွဲလိုက်ကြအုံးစို့။

ကိုယ့်နိုင်ငံမှာ ကိုယ်မင်း ကိုယ့်ချင်း၊ ကိုယ့်အာဏာ ကိုယ်ပိုင်နင်း၍ ကိုယ့်အမျိုးသားချင်း တသင်းမကွဲ တခဲ တလုံး စုရုံးညီညွတ်၊ ရန်ကင်းလွတ်လျက်၊ နှိပ်စက်သူ တမျိုး၊ လွှမ်းမိုးသူ မရှိ၊ တိတိ မတ်မတ် မြတ်မြတ် ခံ့ခံ့ ကြံ့ကြံ့ခိုင်ခိုင်၊ တည်တန့်ချမ်းသာစွာနေနိုင်ရမှု၊ အရေး စုကို လောကီ လွတ်လပ်ရေးလို့ ဆိုရပေသည်။

ခန္ဓာငါးပါး၊ တရားအစု၊ ဓာတ်အနုကို၊ အတတ်ရှု ဆင်ခြင်၍ ဝိပဿနာဉာဏ်ဖြင့်၊ ထင်မြင် ပေါက်ရောက် သောအခါ၊ လေးဖြာသောစခန်း အဆင့်အတန်း အား လျော်စွာ နေရာတကျ သူ့ကိစ္စနှင့်သူ၊ သူ့ဌာန သူ့ဝင်ပုမှ၊ စိတ်ချ လက်ချ၊ ကျွတ်လွတ်ငြိမ်းရမှု အရေးစုကို လောကုတ္တရာ လွတ်လပ်ရေးလို့ ဆိုရလေ၏။

ထို လွတ်လပ်ရေး နှစ်မျိုးနှစ်စား နှစ်ပါးရှိသည့်အနက်က၊ လောကီ လွတ်လပ်ရေးကို အသာထားပြီး၊ လောကုတ္တရာလွတ်လပ်ရေးကြီးတခုကိုသာအသါးချကြစို့ရဲ့။

မိမိ သဏ္ဍာန်မှာ လောကုတ္တရာ တည်းဟူသော တကယ့် လွတ်လပ်ရေးကြီးကို အပြီးတိုင် ရရှိဘို့ရာ၊ လွန်စွာအရေးကြီး မဟုတ်လား-တကာသိန်းရ။(မှန်ပါ အရေးကြီးပါဘုရား)။

လောကမှာ ကိုယ်ပိုင် ကိုယ်စိုး၊ကိုယ့်အမျိုးကို ကိုယ့်ထီး ကိုယ့်နန်း ကိုယ့်ကြငှန်းနှင့် လွတ်လပ်ရေး ပန်းတိုင်သို့လှမ်းကိုင်ချိတက်နိုင်အောင်ဆိုလျှင်စိတ်ဓာတ်ကို မတွန့်မတို မပြုပြင်စေဘဲ၊ တဖြောင့်ထဲ,တတန်းထဲ,ရဲရဲဝံ့ဝံ့၊တချို့မှာ ခန္ဓာကိုယ်နှင့် အသက်ကိုတောင် စွန့်ကြရ မဟုတ်လား။ (မှန်ပါ၊ စွန့်ကြရပါဘုရား)။

လောကီ လွတ်လပ်ရေး ရဘို့ကိုတောင် အသက်ကို ပဓာန မထားဘူး ဆိုတော့၊ လောကုတ္တရာ လွတ်လပ်ရေးကြီး ရဘို့မှာ၊ ဆိုဘွယ်ရာမရှိ၊ ဝီရိယ လုံ့လ၊ ထထကြွကြွနှင့် မရ မနေရဘဲ၊သာလွန်၍ အသက်နှင့်လဲလိုက်ဘို့ ကောင်းတော့သည်။

ဘာ့ကြောင့်ဆိုသော် လောကီလွတ်လပ်ရေးကိုရကြကုန်သော နိုင်ငံသူ, နိုင်ငံသား လူအများတွေကို၊ သင်တို့မှာ ဘုရား သာသနာနှင့် တွေ့ရသောအခါ ယခုလက်ရှိ ခန္ဓာနှင့်တကွ ဖြစ်လေရာရာ နောင်ခန္ဓာပါ ဇရာဘေးကြီး,အဒိုမီးမှလွတ်လပ်ရေးကြီး ရကြပလား လို့ မေးလျှင် ဘယ်လိုအဖြေ ပေးကြလိမ့်မလဲ။ (မရသေးဟု အဖြေပေးကြပါလိမ့် ဘုရား)။

ဟုတ်မှာပေါ့ ယခုလဲ အိုတုံး, အိုဆဲ၊ အိုမစဲ, အိုမှု တွေက တသဲသဲ၊ နောင်လဲ အိုရမဲ့ဘေး, အိုရမဲ့ အရေး တွေက တထွေးကြီး၊ တမြှော်ကြီး ရှိနေဒါကိုး။

သင်တို့မှာ ဘုရားသာသနာနှင့် တွေ့ရသောအခါ၊ ယခုလက်ရှိ ခန္ဓာနှင့်တကွ ဖြစ်လေရာရာ,နောင်ခန္ဓာပေါ မျာမိဘေးကြီး အနာမိးမှ လွတ်လပ်ရေးကြီး ရကြ ပလားလို့ မေးလျှင်ကော၊ ဘယ်လိုအဖြေ ပေးကြလိမ့် မလဲ။ (မရသေးဟု အဖြေ ပေးရပါလိမ့်ဘုရား)။

ဟုတ်မှာပေါ့ ယခုလဲ နာတုံး,နာဆဲ၊ နာမစဲ,နာမှု တွေက တသဲသဲ၊ နောင်လဲ နာရမဲ့ဘေး၊နာရမဲ့အရေး တွေက တထွေးကြီး၊ တမြှော်ကြီး ရှိနေဒါကိုး။

သင်တို့မှာ ဘုရားသာသနာနှင့် တွေ့ရသောအခါ၊ ယခုလက်ရှိ ခန္ဓာနှင့်တကွ ဖြစ်လေရာရာ နောင်ခန္ဓာပေါ မရဏဘေးကြီး အသေမိးမှ လွတ်လပ်ရေးကြီး ရကြ ပလားလို့ မေးလျှင်ကော၊ ဘယ်လို အဖြေ ပေးကြလိမ့် မလဲ။ (မရသေးဟု အဖြေပေးရမှာပါဘုရား)။

ဟုတ်မှာပေါ့ ယခုလဲ သေတုံး, သေဆဲ၊ သေမစဲ, သေမှုတွေက တသဲသဲ၊နောင်လဲ သေရမဲ့ဘေး၊ သေရမဲ့ အရေးတွေက တထွေးကြီး၊တမြှော်ကြီး ရှိနေဒါကိုး။

သင်တို့မှာ ဘုရားသာသနာနှင့် အဆင့် သင့်လှ၍ ကြုံတွေ့ရသောအခါ၊ အပါယ်အစရှိသော ဝဋ်ဆင်းရဲ အသီးသီးတွေကို တလုံးတည်း, တစည်းတည်း၊ ဖွဲ့စည်း

ရစ်ပတ်၊ တုပ်နှောင်၍ ထားတတ်သော သတ္တာဝါယဒိဋ္ဌိ ဘေးကြီးမှ လွတ်လပ်ရေး ရကြပလားလို့ မေးလျှင်လဲ ရပါပြီဟူသော အဖြေပေးရန်မှာ ဝန်ခံနိုင်ကြမည်မဟုတ်ပါဘူး။(မှန်ပါ၊ ခဲယဉ်းလှပါဘုရား)။

အဘယ်မှာလျှင် ဝန်ခံဘို့အရေး အဖြေပေးနိုင်လိမ့်မလဲ၊ ဘုရားဟောပြ ရပ်နာမ်ဓမ္မကို အိပ်မက်တွင်မှ မမြင်ဘူး မထင်ဘူးကြဘဲကိုး။

လောကဝုဏ္ဏရာ တကယ့် လွတ်လပ်ရေးကြီး ရဘို့အရေးမှာ၊ပေါ့ပေါ့ နှေးနှေး၊ ဖြေးဖြေး ကလေး လုပ်မနေဘဲ၊ အရှိန်း ကွဲကွဲ၊ အသဲကြွေကြွေ၊ အရေစုတ်စုတ်၊ အသက်ပင် ပြတ်စေတော့၊မြန်မြန် သုတ်သုတ် အားကုန်ထုတ်ပြီး၊ အရယူထိုက်လှပေသတည်း။

တို့တတွေမှာ - အအို ဘေးကြီးမှ လွတ်လပ်ရေး မပေးဒါ၊ လက်သယ်ကို ရှာလိုက်တော့ ဘယ်သူလဲ၊ ဩော်....သတ္တာဝါယဒိဋ္ဌိ သူဘဲ....သူဘဲ။

တို့တတွေမှာ-အနာဘေးကြီးမှလွတ်လပ်ရေး မပေးဒါ၊ လက်သယ်ကို ရှာလိုက်တော့ ဘယ်သူလဲ၊ ဩော်.... သတ္တာဝါယဒိဋ္ဌိ သူဘဲ....သူဘဲ။

တို့တတွေမှာ - အသေ ဘေးကြီးမှ လွတ်လပ်ရေး မပေးဒါ၊ လက်သယ်ကို ရှာလိုက်တော့ ဘယ်သူလဲ၊ ဩော်....သတ္တာဝါယဒိဋ္ဌိ သူဘဲ....သူဘဲ။

တို့တတွေမှာ - အပါယ်ဘေးကြီးမှ လွတ်လပ်ရေး မပေးဒါ၊ လက်သယ်ကို ရှာလိုက်တော့ ဘယ်သူလဲ၊ ဩော်....သတ္တာယဒိဋ္ဌိ သူဘဲ....သူဘဲ။

လောကုတ္တရာခရိုင် ကိုယ်ပိုင် လွတ်လပ်ရေးကြီးကို မပေးနိုင်ဒါ, မရနိုင်ဒါ, အကြောင်းရင်းမှာ လက်သယ် ရှာလိုက်တော့၊ သတ္တာယဒိဋ္ဌိကို တွေ့နေပါပေါ့လားဟ တကာသိန်းရ။ (မှန်ပါ၊ သူပါဘဲ ဘုရား)။

ဒါ့ကြောင့် - လောကုတ္တရာ နိုင်ငံတော်ကြီးမှာ၊ ကိုယ်ပိုင် လွတ်လပ်ရေး ရအောင်က, အချုပ် ပဓာန လက်ရင်းကျတဲ့၊ သတ္တာယဒိဋ္ဌိကို နာနာဖိနှိပ်, အတင်း ကြိတ်ချေ၊ အသေ တိုက်ဖျက်လိုက်မှ၊ အောင်မြင်ရေး ပန်းတိုင်သို့ ကောန်ဆိုက်ရောက် နိုင်တော့မည်။

အလွန်ဆိုးဝါးလှတဲ့ သတ္တာယဒိဋ္ဌိရန်သူကို၊ ဝိပဿနာ အလံထူပြီး၊ သမ္မာဒိဋ္ဌိ ဗိုလ်ချုပ်ကြီးနှင့် တခါတည်း တိုက်ဖျက်လိုက်ကြစို့။

သတ္တာယဒိဋ္ဌိ၏ သဘောကို ထင်ရှားသော အားဖြင့် ပြောရမည်ဆိုလျှင်၊ ရှေးရှေးဘဝကဖြစ်ခဲ့ရသောခန္ဓာကို စွဲဆိုနိုင်ပါ့မလား။ (မစွဲဆိုနိုင်ပါဘုရား)။

ဘာ—စွဲဆိုနိုင်မလဲ၊ မျက်မြင်အားဖြင့် ထင်ရှားမှ မရှိ တော့ဘဲကိုး။

နောက်နောက် ဘဝ၌ ဖြစ်ရလတံ့သော ခန္ဓာကိုလဲ စွဲဆိုနိုင်ပါ့မလား။ (မစွဲဆိုနိုင်ပါဘုရား)။

ဘာ—စွဲဆိုနိုင်မလဲ၊ မျက်မြင်အားဖြင့် ထင်ရှားမှ မရှိသေးဘဲကိုး။

ဟော....ယခု ပစ္စုပ္ပန် ခန္ဓာကိုယ်တော့၊ ငါ့ကိုယ်, ငါ့ကိုယ်နှင့် သန်သန်ကြီး စွဲဆိုမနေဘူးလား။ (မှန်ပါ၊ စွဲဆိုနေပါဘုရား)။

စွဲဆိုမှာပေါ့၊ မျက်မြင်အားဖြင့်ထင်ရှားရှိနေဒါကိုး။

ကဲ-ဒါဖြင့်၊ ယခု ပစ္စုပ္ပန်မှာ ထင်ရှားရှိတဲ့၊ ခန္ဓာကိုယ်ကို စွဲဆိုနေလျှင်၊ ယခုပစ္စုပ္ပန်မှာပင် ထင်ရှားရှိတဲ့ ပထဝီဓာတ်တလုံးနှင့် ချေမှုံး ကြည့်ရလိမ့်။

ပထဝီဆိုဒါ၊ သူ၏လက္ခဏာကခဲတော့၊ မာ သဘော, နူးညံ့သဘောဟု မှတ်၊ အပြောတွင် မရပ်နှင့် သဘောဆတ်ဆတ်ကို မြင်အောင်ကြည့်၊ ကြည့်ပုံက — ဤခန္ဓာတကိုယ်လုံးမှာ ဘယ်နေရာ မကျန်၊ စိတ်နှင့် ဉာဏ်နှင့် ကိုင်စမ်း ကြည့်လျှင်၊ မာမာ, သဘောတွေ တင်းကြမ်း အပြည့် တွေ့ရှိရ မဟုတ်လား။ (မှန်ပါ၊ တွေ့ရှိနေရပါဘုရား)။

ခန္ဓာကိုယ်ဟု ခေါ်ဆိုရသော ဌာနကြီးတခုတွင်ဘဲ၊ အထဲရော ပြင်ပါ၊ ဉာဏ်ဖြာ၍ ရှုလိုက်သော်၊ အတွင်းရှိဝတ္ထု၊ အစုစု တွေမှာလဲ၊ မာမာ-မာမာ၊ အပြင်ရှိဝတ္ထု၊ အစုစုတွေမှာလဲ မာမာ-မာမာ၊ မာ,သဘော ထီးထီး၊ မာ,ကိစ္စဖြင့် ပြီး၍နေသော မာမှုတွေချည်းသာ တွေ့ရလေတော့သည်။

တကိုယ်လုံး တကောင်လုံးမှာ၊အတွင်းရော ပြင်ရော မာသဘောနှင့် လွတ်တဲ့ နေရာရယ်လို့ အပ်သွား တထောက်စာမျှ ရှာမရပါဘူး-တကာသိန်းရဲ။ (မှန်ပါ၊ အပ်သွား ချစရာ မရှိပါဘုရား)။

မာ, သဘောမှ ကင်းလွတ်သော နေရာ၊ အလပ် အကြားဟူ၍ အပ်သွား တထောက်စာမျှ အဘယ်မှာ ရှာလို့ ရလိမ့်မလဲ၊ မူလရင်းရှိ ပကတိ အမှုကိုက၊ မာ သဘောအစု တွေ့ရဲ့ကိုး၊ဟောဒါ-ဘာဝတ္ထုဘဲ၊ဟောဒါ ညာဝတ္ထုဘဲ ဟု၊ အနဲနဲ ခေါ်ဝေါ်သမှု၊ ပြောဆိုခြင်း ပြုနေကြရဒါကိုး။

ဤအရာမှာ အတွင်းရယ်ပြင်ရယ်ဆိုဒါဉာဏ်ဝင်သာ အောင် စကားပရိယာယ်ဆောင်၍ပြလိုက်သည်၊ပကတိ မာ သဘာဝ၊သယံဇာတ မျိုးကလေးကို အတိအကျမြင် လျှင်၊ အတွင်းသော, ပြင်သော အဘယ်မှာ ပြောပြလို့ ဖြစ်ပါတော့မလဲ၊ထိုမာမှုဆတ်ဆတ်,ပင်ကိုယ်ခေတ်မှာ၊ ဒြဗ်ဝတ္ထုအစုအပုံ၊ အအုံအသိုက် အတွင်းပြင် မရှိထိုက်, မရထိုက်သည့်ကိုလဲ ကြပ်ကြပ်ကြီး ဉာဏ်စိုက်၍ထား။

ဤပထဝီခေတ်သား ပရမတ် တရား၏ ဖြစ်ပေါ်ပုံ အလား သူ့အမှုသွားကို၊ထွားထွား ညက်ညက်၊ ခွဲဖက် ပိုင်းခြား၊ ထင်ရှားပေါ်လွင် ကြွေပြွန်အောင် စိစစ်၊ သန့်ရှင်းစွာ ဖြစ်လာမှ၊ အနိစ္စအချက်သို့အမှန်ကျ ဉာဏ် သက်ဝင်နိုင်တော့မည်။

ခေတ်တခုကို အဆုံးတိုင်ရှု၊ ကြေပြွန်မှုဟာ အပြော
သာလွယ်လျက်၊ အမြင်ခက် ဆိုသလိုဘဲ-တကာသိန်းရ။
(မှန်ပါ၊အပြောလွယ်လျက် အမြင် ခက်ပါဘုရား)။
ဂေါင်းကိုင်စမ်းလဲ, မာဒါကိုတွေ့ဒါဘဲ၊ လက် ကိုင်
စမ်းလဲ မာဒါကို တွေ့ဒါဘဲ၊ ခြေကိုင်စမ်းလဲ မာဒါကို
တွေ့ဒါဘဲ၊တုံး့ကိုင်စမ်းလဲ မာဒါကိုတွေ့ဒါဘဲ၊ဘိုင့်ကိုင်
ငမ်းလဲ မာဒါကို တွေ့ဒါဘဲ စသည်ဖြင့်၊ ကဲ-အပြောမှာ
မလွယ်ဘူးလား။ (လွယ်ပါဘုရား)။

ဒီ-မာသဘောကလေးဟာ၊ အတုံး့အတစ့်အနှစ်,
အမာမျိုး မဟုတ်ပုံ၊ သဏ္ဍာန် နိမိတ်, အရိပ်, အရောင်,
အကောင် အထယ်မျိုး မဟုတ်ပုံ၊ ဟိုမှာ, ဒီမှာ၊အဖျား,
အရင်း၊ အတွင်း အပြင် မရပုံ၊ ဤကဲ့သို့ ဖြစ်ပုံကို အတ္တ
နိမိတ် မြိုသွားအောင်၊ ဉာဏ်စွမ်းကုန် မြင်ဘို့ အချက်
ကျတော့ မခက်ဘူးလား။ (ခက်ပါဘုရား)။

မယုံရင် စဉ်းစား ကြည့်ပါလား၊ မာဒါကလေးကို
ငါကောင့်ကိုယ်ကောင် လိုလို၊ငါကောင်-ကိုယ်ကောင်
ကဘဲ မာဒါလိုလို၊ မာဒါက တခြား၊ ငါကောင်, ကိုယ်
ကောင်က တခြားလိုလို၊ မာဒါနှင့် ငါကောင်၊ ကိုယ်
ကောင်နှင့် အတူတူ မပြားမကွဲ တသားထဲ လိုလို၊
ဟောဒါလို တော်တော် ကြာတော့၊ မာဒါနှင့် ငါဟာ
ထွေးလုံး ရစ်ပတ်ကြီး ဖြစ်လာတတ်တယ်။

ကဲ....ထွေးလုံးရစ်ပတ် မဖြစ်လတ်အောင်၊ ဘုရားဟော ဥပမာတော်ကြီး နှစ်ရပ်နှင့် ပုံကပ်ပြီး ကြည့်လိုက်ကြစမ်း။

မိုဃ်းရွာသောအခါ အောက်မြေကြီး၌ တင်နေသော ရေပြင်ပေါ်မှာ၊ အထက်က မိုဃ်းပေါက်တွေ ကျ၍ ပွက်ခနဲ ပွက်ခနဲ၊ ထလာသော ရေပွက် ကလေးကို တကာသိန်း သေသေ ချာချာ မြင်ဘူးရဲ့ မဟုတ်လား။ (မြင်ဘူးပါဘုရား)

အဲ....ဒီရေပွက်ကလေးတွေဟာ ကျလာပြီးနောက် အချိန် အခါကာလ ဘယ့်လောက်များ ကြာရှည် ရပ်တည် နေနိုင်ကြသလဲ။ (ဘယ်လောက်မှ မကြာပါဘုရား)။

ဖျက်ခနဲ - ဖျက်ခနဲကျ၊ ပွက်ခနဲ ပွက်ခနဲထ၊ ကြည့်ရင်းပင် ဖြတ်ခနဲ ဖြတ်ခနဲ၊ ပျောက်ပျက်, ပျောက်ပျက်၊ သွားကြသောကြောင့်၊ အခိုက်အတန့်ကာလ တခဏမျှမို့၊ ကာလမှာ မပြောပလောက်ဘူး ဆိုပါတော့။

အဲ....ဒီရေပွက် ကလေးတွေလိုဘဲ တကိုယ်လုံး, တကောင်လုံးမှာ၊အုံးအုံးတက် ဖြစ်ပေါ် ပျောက်ပျက်၍ နေသော၊ မာသဘောကလေးတွေဟာ ဘယ့်လောက်မှ ကြာရှည် ရပ်တည် နေနိုင်ဒါမျိုး မဟုတ်ဘူးနော်။ ။ (မှန်ပါဘုရား)။

ထို့ပြင်တချက် အောက်က အခိုးတွေ အတက်နှင့်၊ အထက်က နေရောင်, လရောင် ခတ်တွေ၊ ထိခိုက်ရောစပ်၊ ပဏ္ဏာဟပ်မှီ ကြသောအခါ၊ ရိပ်ရိပ်, ရိပ်ရိပ်၊ လက်လက်,လက်လက်နှင့်၊အဆက်မပြတ်၊စပ်ခါ စပ်ခါ ဖြစ်ပေါ်လာသော တံလျှပ်ကလေးတွေကို တကာသိန်းသေသေ ချာချာ မြင်ဘူး ပါလိမ့်မယ်။ (မြင်ဘူးပါဘုရား)။

အဲ....ဒီတံလျှပ်ကလေးတွေဟာ၊ပေါ်လာပြီးနောက် အချိန်အခါကာလ၊ ဘယ့်လောက်များ ကြာရှည် ရပ်တည် နေနိုင်ကြသလဲ။ ။(ဘယ့်လောက်မှ မကြာပါဘုရား)။

ရိပ်ခနဲ–ရိပ်ခနဲကျ၊ လက်ခနဲ,လက်ခနဲ ရ၊ မြင်တုံးပင် လျှစ်ခနဲ, လျှစ်ခနဲ၊ ပျောက်ပျက်, ပျောက်ပျက် သွားကြသောကြောင့်၊အခိုက်အတန့်ကာလ တခဏမို့ ကာလမှာ မပြောပလောက်ဘူး ဆိုပါတော့။

အဲ....ဒီ တံလျှပ် ရိပ်ကလေးတွေလိုဘဲ၊ တကိုယ်လုံး တကောင်လုံးမှာ အုံးအုံးတက် ဖြစ်ပေါ် ပျောက်ပျက်၍ နေသော မာသဘောကလေးတွေဟာ ဘယ့်လောက်မှ ကြာရှည် ရပ်တည်နေနိုင်ဒါမျိုးမဟုတ်ဘူးနော်။(မှန်ပါဘုရား)။

ထို ဥပမာ နှစ်ရပ်နှင့် တဖန်ပြန်ပြီး၊ကပ်ရှုလိုက်စမ်းဦး အထက်က မိုဃ်းပေါက်ကျမှု ဒဏ်ချက်ကြောင့် နောက်

အဆက်နှင့်၊ နောက်အဆက် စိခနဲ့၊ စိခနဲ၊ တက်၍ တက်၍ လာသော ရေပွက်ကလေးတွေကို လက်နှင့်ကိုင်ပြ ယူငှင်လို့များ ရပါ့မလား။ (မရပါဘုရား)။

ကိုင်တွယ် ယူငှင်လို့မှ မရလျှင် ထိုရေပွက်ကလေးတွေဟာ၊ ဘယ်နေရာမှ အသုံးကျ အသုံးဝင်မျိုး မဟုတ်တော့ဘူးပေါ့။

ရေပွက်ပုံပြ၊ ပဓာဏကဲ့သို့၊ ဤ မာမာ–မာမာ ဆိုတဲ့ သဘာဝကလေးတွေလဲ၊ နှေးညမစဲ တသဲသဲနှင့် အသစ်တွေပြောင်းလဲ၊ အဟောင်းတွေလဲ ချုပ်ပျောက်၊ ကိုင်လောက်၊ ယူလောက်အောင် မရသောကြောင့်၊ အဋ္ဌကထာကြီးက အချည်းနှီးမျှ အသုံးမကျသော တုစ္ဆသဘောမျိုးတွေလို့ မှတ်ရမတဲ့–တကာသိန်းရ။ (မှန်ပါ၊ တုစ္ဆသဘာဝမျိုးတွေပါဘုရား)

အောက်က အခိုးခေတ်နှင့်၊ အထက်က အလင်းခေတ် ယှက်စပ် ကြခြင်းကြောင့်၊ နောက် အဆင်းနှင့် နောက် အဆင်း၊ လင်းခနဲ့၊ လင်းခနဲ အလိပ်အလိပ် အတွဲ အတွဲ အထပ် အထပ်၊ စပ်၍ စပ်၍ လာသော တံလျှပ်ကလေးတွေကို လက်နှင့် ကိုင်ပြ ယူငှင်လို့များ ရပါ့မလား။ (မရပါဘုရား)။

ကိုင်တွယ် ယူငှင်လို့မှ မရလျှင် ထိုတံလျှပ်ကလေးတွေဟာ ဘယ်နေရာမှ အသုံးကျ အသုံးဝင်မျိုး မဟုတ်တော့ဘူးပေါ့။

တံလျှပ်ပုံပြ၊ ပမာဏကဲ့သို့၊ ဤ မာမာ-မာမာ ဆိုတဲ့၊ သဘာဝကလေးတွေလဲ၊ နေ့ညမစဲ တသဲသဲနှင့်၊ အသစ်တွေ ပြောင်းလဲ၊ အဟောင်းတွေလဲ ချုပ်ပျောက်၊ ကိုင်လောက် ယူလောက်အောင် မရသောကြောင့်၊ အဋ္ဌကထာကြီးက အချည်းနှီးမျှ၊ အသုံးမကျသော တုစ္ဆသဘော မျိုးတွေလို့ မှတ်ကြရမတဲ့ - တကာ သိန်းရ။ (မှန်ပါ၊ တုစ္ဆသဘာဝမျိုးလို့ မှတ်ရပါလိမ့်ဘုရား)။

ထို ရေပွက်နှင့် တံလျှပ်တွေကို သ,သမ္ဘာရအနေနှင့် အခိုင်အမာတွေလိုတနဲ့၊ အစိုင် အခဲတွေ ပုံအလား၊ မျက်မြင်အားဖြင့် ဘယ်လိုပင် ထင်ရငြားသော်လည်း၊ အသား အနှစ်, စင်စစ် မဟုတ်သောကြောင့်၊ အထုပ် အထယ်နှင့် ဘယ်နေရာမှ ဘယ်ကိစ္စမဆို ဘာတခုမျှ အသုံးချ၍ မရဒါလို၊ ထို မာမာ, သဘာဝ မြေ့မြေ့မျှ ဖြစ်သော အနိစ္စသဘောကလေးတွေကိုလဲ သ,သမ္ဘာရ အနေနှင့် အခိုင်အမာတွေလိုတနဲ့၊ အစိုင်အခဲတွေ ပုံအလား၊ လက်တွေ့အားဖြင့် ဘယ်လိုပင် ထင်ရငြားသော်လည်း အသားအနှစ် စင်စစ် မဟုတ်သောကြောင့် အထုပ်အထယ်နှင့် ဘယ်နေရာမှ ဘယ်ကိစ္စမဆို ဘာတခုမျှ အသုံးချ၍ မရ၊ တုစ္ဆသဘာဝ အချည်းနှီးကျအောင် သိကြ, မြင်ကြ, ဆင်ခြင်ကြလေ။

ဩော်.... အဇ္ဈတ္တ,ဗဟိဒ္ဓ, နှစ်ဌာနစလုံး သိမ်းကျုံး၍ ကြည့်လိုက်တော့၊ သင်္ခါရ လောကကြီး အတွင်းမှာ၊

မာ,သဘောတရားတွေကိုသာအပြည့်တင်းကြမ်းတစင်
တန်းကြီး တွေ့ရှိ နေရပါတော့လား–တကာသိန်းရ။
(မှန်ပါ၊ မာ,သဘော လောကကြီးပါဘုရား)။
ဒါဖြင့် ဖြစ်ခဲ့ပြီးဖြစ်သော ရှေးရှေး အတိတ်ကာလ
ခါသမယကလဲ၊ဘယ်တရားသဘောမျိုးတွေ ဖြစ်ပေါ်၍
လာခဲ့ကြသလဲ။ (မာသဘော တရားတွေ ဖြစ်ပေါ်
ခဲ့ကြပါဘုရား)။
ဖြစ်ဆဲ ဖြစ်သော ယခု ပစ္စုပ္ပန်ကာလ ခါသမယ
မှာကော၊ဘယ်တရားသဘောမျိုးတွေ ဖြစ်ပေါ်၍နေကြ
ပါသလဲ။ (မာ,သဘောတရားတွေဖြစ်ပေါ်၍ နေကြပါ
ဘုရား။
ဖြစ်လတံ့ ဖြစ်သော နောက်နောက် အနာဂတ်
ကာလခါသမယမှာကော၊ဘယ်တရားသဘောမျိုးတွေ
ဖြစ်ပေါ် ကြလိမ့်အုံးမလဲ။ (မာ,သဘော တရားတွေ
ဖြစ်ပေါ် ကြမှာပါဘုရား)။
ဖြစ်ခဲ့ပြီးလဲ မာ,သဘောတရား၊ ဖြစ်နေတုံး ဖြစ်နေ
ဆဲလဲ မာ,သဘောတရား၊ဖြစ်ရလတံ့လဲ၊ မာ,သဘော
တရား၊ ဒီအကြားမှာ ငါဟု ကိုယ်ဟု ဘာတခုမျှ
ကြားဝင်စရာ မရတော့ပါဘူး။
ဒါကြောင့်–ရှေးရှေးကလဲ၊ငါကောင်,ကိုယ်ကောင်
တွေ ဖြစ်ပေါ်၍လာခဲ့သည်မဟုတ်၊မာ,ရုပ်တွေဖြစ်ပေါ်
ပျက်စီး၍ အချည်းနှီး အစစ်အမှန် ဖြစ်ခဲ့ကြလေပြီ။

ယခုလဲ ငါကောင်,ကိုယ်ကောင်တွေဖြစ်ပေါ်၍နေသည် မဟုတ်၊မာ,ရုပ်တွေဖြစ်ပေါ်ပျက်စီး၍ အချည်းနှီး အစစ် အမှန် ဖြစ်တုံး ဖြစ်ဆဲ၊နောက်နောက်ကာလဲ ငါကောင်, ကိုယ်ကောင်တွေ ဖြစ်ပေါ်ရမည်မဟုတ်၊မာ,ရုပ်တွေ ဖြစ် ပေါ်ပျက်စီး၍ အချည်းနှီးအစစ် အမှန်ဖြစ်ရလိမ့်မည်။

သို့ကလို ဖြစ်ပြီး ဖြစ်ဆဲ,ဖြစ်လတံ့ ဟူသော ကာလသုံး တန်မှာ မာ,တခုနှင့်ဉာဏ်နှံ့အောင် ရှုနိုင်လျှင် သက္ကာယ ဒိဋ္ဌိ သတ်ဝင်လို့ မခုနိုင်တော့ပါဘူးဟာ-တကာသိန်းရ။ (မှန်ပါ၊သတ်ခုနိုင်စရာ အကြွားမရှိတော့ပါဘုရား)။

ထိုကဲ့သို့ သက္ကာယဒိဋ္ဌိ ကြွားဝင်စရာမရှိအောင်၊မာ သဘော၏ ပျက်အစဉ်ကို မျက်မြင်လို ကြည့်ရှုစွမ်းနိုင်လျှင် သိခဏ်းကြီး အပြီးတိုင် ဆိုက်ရောက်တော့သည်။

သိခဏ်းကြီး အပြီးတိုင် ဆိုက်ရောက်လျှင်လဲ၊အလင်း ရောက်တော့ အမှောင်ပျောက်ဆိုသလို ထောင်ချောက် ကို မတွယ်လှမ်းတော့ဘဲ၊ ပယ်ခဏ်းကြီးလဲ အပြီးတိုင် ဆိုက်ရောက်တော့သည်။

ပယ်ခဏ်းကြီး အပြီးတိုင်ဆိုက်ရောက်လျှင်လဲ အပူစဲ မြေ ဆိုသလို၊ အရေးအကဲ ပိုမို အမြိုက်လွှမ်းပြီး၊ ဆိုက် ခဏ်းကြီးလဲ အပြီးတိုင် ဆိုက်ရောက်တော့သည်။

ဆိုက်ခဏ်းကြီး အပြီးတိုင် ဆိုက်ရောက်လျှင်လဲ ကျွဲကူးရေပါ ဆိုသလို၊မကွေမကွာ အားအစွမ်းပြီးလို့မို့၊ ပွားခဏ်းကြီးလဲ အပြီးတိုင် ဆိုက်ရောက်တော့သည်။

အဲ....ဒါလို သိခြင်းကိစ္စ၊ ပယ်ခြင်းကိစ္စ, ဆိုက်ခြင်း ကိစ္စ, ပွားခြင်းကိစ္စ ဟူသော ကိစ္စကြီးလေးချက်၊ တပြိုင် နက် တချက်တည်း ပြီးစီးပေါ်ထွက်လာအောင်၊အရှိန် မပျက် ဝိပဿနာ ဝီရိယစက်မျိုးကို နာနာကြီး နှိုးပေး ကြလေ။

ဝိပဿနာ ဝီရိယစက်ပေး အရှိန်သေးလျှင်၊အသွား လေးတတ်သည်၊အသွားလေးလျှင် အရောက်နှေးတတ် သည်၊ အရောက်နှေးလျှင် အရေး နှောင်းတတ်သည်။

ဒီအရေး ဒီကိစ္စမျိုးက သာသနာတော် အခါမှ ကြုံတွေ့ရသော အရေးကိစ္စမျိုးကြီးဖြစ်တယ်၊အခါတိုင်း ကြုံတွေ့ရသော အရေးကိစ္စမျိုး မဟုတ်ဘူး၊ ဒါ့ကြောင့် သူ့အခါနှင့် သူ့အရေး၊ ကြုံတွေ့ခိုက်ခလေး၊ အရေး နှောင်းနေကြလို့၊ အခြေ မလှပေဘူး - တကာသိန်းရ။ (မှန်ပါဘုရား)။

သာသနာတော်အခါကောင်းကြီးမှာ၊ရောင်ချာချာ အရေး နှောင်းနေကြလျှင်၊ ကပြောင်း ကပြန်နှင့် သဏ္ဍာယဒိဋ္ဌိ နယ်ချဲ့ ခံနေကြရလိမ့်အုံးမနော်။

ဒိဋ္ဌိကို ပါဠိလို ခေါ်တော့ - ပ, ပဥ္စမေ္မ၊ မြန်မာလို ခေါ်တော့ နယ်ချဲ့တရား,နယ်ချဲ့သမားဘဲ မဟုတ်လား။ (မှန်ပါ၊ နယ်ချဲ့ သမားကြီးပါဘုရား)။

ဒါဖြင့်-ငရဲနယ်, ငရဲထံ, ငရဲနိုင်ငံကြီးမှာ၊ ငရဲ ခန္ဓာကြီးတွေ အသီး အသီး ဖြစ်စေအောင်၊ အထွေထွေ ချွထွင်၍ ထားဒါဟာ ဘယ်တရားလဲ။ (ဒိဋ္ဌိ နယ်ချွသမားပါဘုရား)။

တိရစ္ဆာန်နယ်, တိရစ္ဆာန်ထံ, တိရိစ္ဆာန်, နိုင်ငံကြီးမှာ၊ တိရစ္ဆာန် ခန္ဓာကြီးတွေ အသီးအသီး ဖြစ်စေအောင်၊အထွေထွေချွထွင်၍ ထားဒါကော,ဘယ်တရားပါလိမ့်။ (ဒိဋ္ဌိ နယ်ချွသမားပါဘုရား)။

ပြိတ္တာနယ်, ပြိတ္တာထံ, ပြိတ္တာ နိုင်ငံကြီးမှာ၊ ပြိတ္တာခန္ဓာကြီးတွေ အသီးအသီး ဖြစ်စေအောင်၊ အထွေထွေ ချွထွင်၍ ထားဒါကတော့ကော၊ ဘယ်တရားလို့ဆိုမလဲ။ (ဒိဋ္ဌိ နယ်ချဲ့သမားပါဘုရား)။

အသုရကာယ်နယ်, အသုရကာယ်ထံ,အသုရကာယ်နိုင်ငံကြီးများမှာ၊ အသုရကာယ် ခန္ဓာကြီးတွေ အသီးအသီး ဖြစ်စေအောင်၊ အထွေထွေ ချွထွင်၍ ထားဒါကကော၊ ဘယ်တရားတဲ့လဲ။ ( ဒိဋ္ဌိ နယ်ချဲ့ သမားပါဘုရား)။

ဩော်....ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ်ဟုဆိုအပ်သော၊အပါယ်လေးသွယ် လေးနယ်ရပ်ထံ လေးနိုင်ငံကြီး အတွင်း၌၊ အမွန်းကြီး မွန်း, အနစ်ကြီး နစ်,

အညစ်ကြီး ညစ်,အပေကြီး ပေးလျက်၊ တဝေတောခံ၍ နေကြရသော၊ လေးနိုင်ငံသူ လေးနိုင်ငံသား အစား စားကွေ့ဟာ၊ဒိဋ္ဌိနယ်ချဲ့သမားက ဖိနှိပ်ချုပ်ချယ်၍ ထား ခြင်းကြောင့်၊အတင်းတဖန် မငြင်းဆန် နိုင်ကြတော့ဘဲ၊ ပြားပြားဝပ် စင်းခံနေကြရ ရှာဒါကိုး။

အထန်အပြင်း, ဖိညှင်းနှိပ်စက်, အခံခက်လှသော၊ အနက် ကျယ်ဝန်း သူ၏ လေးနိုင်ငံ အတွင်းဘက်သို့၊ တချက်တခါ မျက်နှာကလေးများ မှုမှိုင်လျှင်၊တော်တော် နှင့် ဝေါင်းပြုနိုင်ဘို့တောင် အခက်သားပါ ကလား ကရို့။

တယ် ဆိုးဝါးတဲ့ နယ်ချဲ့သမား၊ သင့် ထားလို့ဖြင့် မတော်တော့ဘူး၊ 'အရင်းလဲတော့, အဖျားထင်းဖြစ်' ဆိုသလို၊ သူ့ကိုတော်လှန် သူ့အအုပ်အချုပ်ကို မခံမှ ငရဲလွတ်လပ်ရေးကြီးရမယ်။ သူနှင့်ဝေးမှ တိရစ္ဆာန် လွတ်လပ်ရေးကြီး ရမယ်။သူ့ကိုအခွင့်အရေး အလျှင်း မပေးမှ ပြိတ္တာ လွတ်လပ်ရေးကြီးရမယ်၊သူ့ကို အစတုံး အစွမ်းတုံး လုံးလုံးအညွန့်အညှောက်အတက်ပေါက်ခါ ပွားမလာနိုင်အောင်၊ ဝိပဿနာ ဒါးစာ ကျွေးလိုက်မှ အသုရကာယ် လွတ်လပ်ရေးကြီး ရမယ်။ ဒါမှ တကယ့် လွတ်လပ်ရေးကြီးဟာ....တကာ့သိန်းရ၊(မှန်ပါ၊တကယ့် လွတ်လပ်ရေးကြီးပါဘုရား)။

ဒိဋ္ဌိတရား နယ်ချဲ့သမားမရှိခဲ့လျှင်၊ အဘိုနိုင်ငံကြီး ချွတ်ငင်နိုင်ပါအုံးမလား။ (မချွတ်ငင်နိုင်တော့ပါဘုရား)။

ဘာ-ချဲ့ထွင်နိုင်တော့မလဲ၊ တစထက် တစ, အဘို လွတ်လပ်ရေးကြီး ရပေါ့ကိုး။

ဒိဋ္ဌိတရား နယ်ချဲ့သမား မရှိခဲ့လျှင်၊ အနာနိုင်ငံကြီး ချွတ်ငင် နိုင်လိမ့်အုံးမလား။ (မချွတ်ငင် နိုင်တော့ပါ ဘုရား)။

ဘာ-ချွတ်ငင်နိုင်တော့မလဲ၊ တဘဝထက် တဘဝ, အနာ လွတ်လပ်ရေးကြီး ရပေါ့ကိုး။

ဒိဋ္ဌိတရား နယ်ချဲ့သမား မရှိခဲ့လျှင်၊ အသေ နိုင်ငံကြီးကော ချွတ်ငင်နိုင်သေးရဲ့လား။ (မချွတ်ငင် နိုင်တော့ပါ ဘုရား)။

ဘာ-ချွတ်ငင် နိုင်တော့မလဲ၊ တခဏထက် တခဏ အသေ လွတ်လပ်ရေးကြီး ရပေါ့ကိုး။

တကာသိန်းရေ—(ဘုရား)တကယ့်ကိုယ်ပိုင် လွတ်လပ်ရေးအစစ်ကြီး အပြီးတိုင် အောင်မြင်ရရှိကြအောင် မာ့ပြီး မာ့ဆဲ မာ့လတံ့ဖြစ်သော ပထဝီဓာတ်တခုကို သန့်ရှင်းစွာ အာ့ရုံ ပြုတတ်ကြဘို့ ဆောင်ပုဒ် ကလေး တခုကို၊ ဒီလူစုချပေးအုံးမှ နေရာကျမယ်၊ ကဲ-ကဲ-ညိုက်ကြစမ်း, လိုက်ကြစမ်း။

## "မှတ်ချက် ဆောင်ပုဒ်များ"

(၁) မာ ပြီး, မာဆဲ - မာ မှာဘဲဟု၊
တရား တခု - ပွားရှု ရာဝယ်၊
အို အရေး - အို ဘေး လွတ်တဲ့နယ်၊
ရောင်လယ်လယ်၊
လေးနိုင်ငံ နယ်ချွတ်ဲ့- ဒိဋ္ဌိယုတ်ကယ်၊
ငါ အထင် မငြိစမ်းနှင့်၊
သိခဏ်း,ပယ်ခဏ်း,ဆိုက်ခဏ်း ပွားတော့မယ်။

(၂) မာ ပြီး, မာဆဲ - မာ မှာဘဲဟု၊
တရား တခု - ပွားရှု ရာ ဝ ယ်၊
နာ အရေး - နာ ဘေး လွတ်တဲ့နယ်၊
ရောင်လယ်လယ်၊
လေးနိုင်ငံ နယ်ချွဘဲ့-ဒိဋ္ဌိယုတ်ကယ်၊
သူ အထင် မငြိစမ်းနှင့်၊
သိခဏ်း,ပယ်ခဏ်း,ဆိုက်ခဏ်း ပွားတော့မယ်။

(၃) မာ ပြီး, မာဆဲ - မာ မှာဘဲဟု၊
တရား တခု - ပွားရှု ရာဝယ်၊
သေ အရေး -သေဘေး လွတ်တဲ့နယ်၊
ရောင်လယ်လယ်၊
လေးနိုင်ငံ နယ်ချွတဲ့ - ဒိဋ္ဌိယုတ်ကယ်၊
ကိုယ် အထင် မငြိစမ်းနှင့်၊
သိခဏ်း,ပယ်ခဏ်း,ဆိုက်ခဏ်း ပွားတော့မယ်။

## " တရား အဆုံးသတ်ရန် "

ဝိပဿကာ၊ဘာဝနာမှ အာရုံပြု၍၊ ပွားရှုလေ့ ရှိကြကုန်သော။ ရှမေ၊ ဤသူတို့သည်။ နိဒ္ဒိဋ္ဌ၊ သရုပ်အရေ မရှုပ်စေဘဲ၊ ထုတ်ဖြေ ၈,န၊ ကြိတ်ချေ၍ ပြခဲ့ပြီးသော။ ဇကံ ခေတုံ၊ မာမှု မာမှု ပရမတ် အနု ခေတ် တခုကို။ ပဿိတ္ဘာ၊ သိ,ပယ်,ဆိုက်,ပွား, လေးပါးကိစ္စ ကိုယ်ပိုင်ရအောင်၊ သန့်ရှင်းစွာ မြင်နိုင် ကြကုန်သည်ဖြစ်၍။ ဒိဋ္ဌဗန္ဓနာ၊ ဒိဋ္ဌိလက်တွင်း၊ နှောင်ဘွဲ့ခြင်းမှ။ ဝါ၊ ဒိဋ္ဌိတရားနယ်ချဲ့သမား၏၊ကျက်စားပျော်ခင်း၊ပါယ်လေးသင်းနှင့် အဒိ နိုင်ငံ၊ အနာ နိုင်ငံ၊ အသေ နိုင်ငံကြီး အတွင်းမှ။ ပမုစ္စန္တု၊ အတင်း ဇွတ်တရွတ်၊ ပြင်းပြင်းပစ်လို့မို့၊ ကင်းလွတ် နိုင်ကြပါစေ ကုန်သတည်း။ ပမုစ္စန္တု၊ နှစ်သတ်မွဲ အရေး၊အညစ်အပတ်တွေနှင့်ဝေးပြီး၊ကိုယ်ပိုင်လွတ်လပ်ရေးကြီး အပြီးတိုင် ရရှိကြပါစေကုန်သတည်း။

သာဓု - သာဓု - သာဓု

ချွတ်ချွင်၍ ထင်မြင်အောင် ဟောကြပါကုန်။
လွတ်လပ်ရေး တရားခွန်း ပြီးပြီ။

"ရတနတ္တယံ-အဟံ-ဝန္ဒာမိ"

## "မျက်နှာခြင်းစုံ လမင်းဆုံ မှတ်ပုံဘော်ညွှန်း-တရားခွန်း"

(၁၀)

ကမ္မသ ကာရကောနတ္ထိ၊ ဝိပါကဿစ ဝေဒကော။
သုဒ္ဓဓမ္မာ ပဝတ္တန္တိ၊ ဧဝေတံ သမ္မဒဿနံ။ ။

ကမ္မသ၊ ကောင်းမှု မကောင်းမှု၊ အကြောင်းနှစ်ခု ထင်ရှား၊ ကုသိုလ်ကံ, အကုသိုလ်ကံ နှစ်ပါးကို၊ ကာရကော၊ စီမံထကြွ ဖျာပါရဖြင့်၊ ကြောင့်ကြ စိုက်ထုတ်၊ ကြိုးအားကုတ်၍၊ ပြုလုပ်တတ်စွာ၊ သတ္တဝါသည်။ နတ္ထိ၊ ပရမတ်အရပ်၊ ပညတ်အရိပ်၊ နိမိတ်အလား၊ အမှတ်အားဖြင့်၊ ဓာတ်သားအနေ မရှိချေ။ ဝိပါကဿ၊ အကြောင်းရှိမှ၊ ဖြစ်ပေါ်ရသော သဘာဝစက်၊ ကျိုးဝိပါက်ကို၊ ဝေဒကောစ စုန်လား,ဆန်လား၊ သံသရာ တလွှားမှာ၊ခံစားတတ်စွာ သတ္တဝါသည်လည်း။ နတ္ထိ၊ သခ်တမှန် ကိုယ်ပိုင်ဉာဏ်ဖြင့်၊ ကိုယ်တိုင် ကြည့်လေ၊ မရှိချေ။သုဒ္ဓဓမ္မာ၊အကောင်းအဆိုး၊ကြောင်းကျိုးနှစ်ဖုံ၊ ညီညွတ်စုံက၊ဓာတ်ပုံတံဆိတ်၊ ခတ်နှိပ်မှန်ပြ၊ ပမာဏသို့၊ အတ္တမရှိ၊အတ္တနိမဘက်၊ကာရကပုဂ္ဂိုလ်,ဝေဒကပုဂ္ဂိုလ်

တို့နှင့်လည်း မရောယှက်သော သက်သက်သဘာဝ၊ ရုပ်နာမ်သင်္ခါရ၊ သုညတ အနတ္တ ဓမ္မမျိုးတို့သည်သာလျှင်။ ပဝတ္တန္တိ၊ သစ်စေ့ကြောင့် သစ်ပင်၊ သစ်ပင်ကြောင့် သစ်စေ့၊ ပြကတေ့ထုံး၊ နှစ်ပါးလုံးပင် မဆုံးတန်း, မတုံးတန်း၊ အားစွမ်းရှိသမျှ၊ အဆက်ဆက် ဖြစ်ပေါ်၍ နေကြလေကုန်၏။ ဧဝံ၊ ဤဆိုအပ် ခဲ့ပြီးသော နည်းသဘောရှိသော။ ဧတံဒဿနံ၊ အကြောင်းအနတ္တ အကျိုးအနတ္တ၊ နှစ်ရပ်ဓမ္မ၊ ခတ်အရကို၊ အတ္တပျောက်ကင်း၊ အလင်းမဏ္ဍိုင်၊ လက်ကိုင်ရရှိ၊ သတိမယွင်း ထိုသို့ သိမြင်နိုင်ခြင်းသည်။ သမ္မဒဿနံ၊ ယထာဘူတ, အမှန်ရ၍၊ ကျ, န, စွာ မြင်ခြင်းမည်ပါပေ၏။ သမ္မဒဿနံ၊ မကွေ့မကောက်၊ မဘောက်မပြန်၊ နောက်ဆံ မတင်းတော့ဘဲ၊ ရှေ့လောက်, ပေါ့လောက်, ပြေ့လောက်အောင် သိမြင်ခြင်းကြီး မှန်ပါပေသတည်း။ သမ္မဒဿနံ၊ ဘုရားပစ္စေ၊ သာဝကတို့နှင့်၊ အမတာပြေ ရက်တိုစံရဘို့၊ မဂ်ဖိုလ်ဉာဏ်''မျက်နှာခြင်း''ကို၊ လေးသစ္စာ''လမင်း''မှာ၊ သန့်ရှင်းစွာ 'ဆုံ'ရ လေသတည်း။ ။

တကာ ကြွယ်ရေ.... ( ဘုရား ) ကဲ - ယခု ရွတ်ဆိုလိုက်တဲ့ ဝိသုဒ္ဓိမဂ် မ ဟာ အ ဋ္ဌ က ထ ာ ကြီး အလာ၊ ဤဂါထာပါဌ်အနက်ကို၊ သေသေ ချာချာ၊ အရကျက်ပြီး မှတ်ချက်ကြီးတခု၊ ခါးပိုက်ဆောင် ပြုထားဘို့၊ မကောင်းဘူးလား။ (အလွန် ကောင်းလှပါဘုရား)။

အေး....ကောင်လျှင် ကြေကြေ ပြွန်ပြွန် ကျက်ထားပြီး အနက်သွားကို လေးလေး နက်နက်ကြီး၊ ဆင်ခြင် စဉ်းစားကြည့်လေတော့။

အဋ္ဌကထာကြီး၏ ဖွင့်ဆိုထားသော အဓိပ္ပါယ် အကျယ်စကားတွေလဲ လိုရင်း ပဓာနအားဖြင့်၊ ဒီအနက် ပေးထဲဘွင် အကုန် ပါဝင်သွားလေပြီ။

ဒီ ဂါထာ နှင့် ဒီ အနက်၊ ဒီ သဘော အ ချက် ကို ဉာဏ်သက်အောင်ကြည့် ဉာဏ်မိအောင်ရှု၊ ဉာဏ်စက္ခု၊ အမြင်လင်းမှဖြင့်၊ ဘယ်သင်းက မဂ္ဂင်၊ ဘယ် အမြင်က ဝိသုဒ္ဓိ၊ဘယ်အသိကဝိပဿနာပါသိမ့်ရယ်လို့၊တခြားကို ရှာမနေနှင့်၊ဒီ တဂါထာနှင့် ကိစ္စပြီးနိုင်လေသတည်း။

အဓိပ္ပါယ် စကား, တရား သားမှာ, အနက်သွား နှင့်ဘဲ၊ ထင်ရှားလှပါပြီ၊ သို့သော်လည်း၊ ပြောနည်း, ဟောနည်း, နိသျည်းကို။ ဉာဏ်မှီးရအောင်၊ အနည်း ငယ်မျှ ပိဏ္ဍတ္တ, ဖြောင့်ပြလိုက်ဦးမည်။

'အဝိဇ္ဇာပစ္စယာ သင်္ခါရာ' ဟူသည်နှင့် အညီ၊အဝိဇ္ဇာ ကြောင့် ဖြစ်ပေါ်လာသော ကောင်းမှု, မကောင်းမှု, ကုသိုလ်ကံ, အကုသိုလ်ကံ တည်းဟူသော အကြောင်း တရားနှစ်ပါးကားထင်ရှားစေနိအမှန်ရှိ၏၊ကောင်းရန် ဆိုးရန် ကြောင့်ကြခံ၍၊ စီမံ ပြုလုပ်တတ်သော ပုဂ္ဂိုလ် သတ္တဝါကား-လားလား မရှိချေ။

ထိုကောင်းတရား,မကောင်းတရားတို့၏ အကြောင်းအားလျော်စွာ ဖြစ်ပေါ်လာသော ခန္ဓာဝိပါက်,အကျိုးဆက်ကို၊ဆောင်ရွက်သိမ်းထား၊ ပိုင်ရှင်အားဖြင့်၊ ခံစားစံစားတတ်သော ပုဂ္ဂိုလ် သတ္တဝါ သည်လည်း၊ ဘယ်နည်းတမူ၊ အလျှုမြှမျှ၊ ရှာမရချေ။

ကုသိုလ်ကံ, အကုသိုလ်ကံကို ပြုလုပ်တတ်သော ပုဂ္ဂိုလ် သတ္တဝါ မရှိပုံ၊ အကျိုးတရားကို ခံစား စံစားတတ်သော ပုဂ္ဂိုလ်သတ္တဝါလဲ မရှိပုံကို၊သိသာရုံမျှ ရှင်းပြယိုက်ကြအုံးစို့။ပုဂ္ဂိုလ်သတ္တဝါ မရှိလျှင်၊ ဘာတွေ ရှိနေသလဲလို့ တဘက်က မေးစရာကျန်နေသေးတယ် တကာကြွယ်ရ။(မှန်ပါ၊ ကျန်နေပါဘုရား)။

သုဒ္ဓဓမ္မာအရ သက်သက်သော ခန္ဓာငါးပါး,ရုပ်နာမ်တရားတွေသာ အမှန်ကေန် ရှိဒါပေါ့လို့ ဖြေရုံနှင့်လဲ၊ သိတ်ကြေနပ်အုံးမယ် မဟုတ်သေးဘူးနော်။ (မှန်ပါ၊ ရှင်းရှင်း လင်းလင်း ရှိအုံးမယ် မဟုတ်သေးပါဘုရား)။

အဝိဇ္ဇာက -အမှား ပြထားခြင်း ကြောင့်၊ မသင့်မတင့်သော နှလုံးသွင်းသမျှ၊ အယောနိသော မနသိကာရတွေဖြစ်၊ ဒီ အမြစ်, ဒီမူလကြောင့် ပါဏာတိပါတစသော အကုသလ ကမ္မပထတရား အကုသိုလ် စေတနာတွေ တဖွားဖွား ဖြစ်ပေါ်နေဒါ အထင်အရှားဘဲ မဟုတ်လား။ (ထင်ရှားပါဘုရား)။

အဝိဇ္ဇာက - အမှား ပြထားခြင်းကြောင့် လောက အလယ် သမ္မုတိနယ်မှာ ကောင်းတယ် ဟူ၍ သမုတ် ရသော သင့်တင့်သော နှလုံးသွင်းသမျှ၊ ယောနိသော မနသိကာရတွေဖြစ်၊ တဏှာ လောဘက ဘဝကို ချစ်၊ ဒီ အမြစ်, ဒီ မူလကြောင့် ကာမာဝစရ စသော ကုသလ ကမ္မပထ တရား၊ ကုသိုလ် စေတနာတွေ တဖွားဖွား ဖြစ်ပေါ် နေဒါလဲ အထင် အရှားဘဲ မဟုတ်လား။ ။ (အလွန် ထင်ရှားပါဘုရား)။

ဒါဖြင့် အကြောင်းတရား အဖြစ်ကို သဘာဝနှင့် စီစစ်ကြည့်လိုက်တော့ ပုဂ္ဂိုလ်လဲမပါ,သတ္တဝါလဲမဘက် သက်သက်သော စေတနာ နာမ်ခေတ်, နာမ်ပရမတ် တရား သဘောတွေသာ တသောသော ဖြစ်ပေါ်နေဒါ မှန်နေတော့ဒါပေါ့။

ထို ကုသိုလ်စေတနာ, အကုသိုလ် စေတနာ၊ တရား စုသည် ဥပါဒ် ဋ္ဌီ,ဘင်ဟု ဆိုအပ်သော ခဏတ္တယသမင်္ဂီ သဘောမျိုးဖြစ်၍၊ ချုပ်ပျောက် ပျက်စီး သွားကြ သော်လည်း အစပြတ်, အစပျောက်, အကြွင်းမဲ့ ချုပ် ပျောက် ပျက်စီး သွားကြသည်မဟုတ်၊ မိမိ အကြောင်း အားလျော်စွာ နောင်ခါအကျိုးဖြစ်စေရန်အရေးအခွင့် ကိုပေးပြီး ပျက်စီးရသောကြောင့် အနုသယခေတ်ကဲ့သို့ ကိန်းဝပ် ကျန်ရစ်ပုံကို သိလေ။

ထိုအနုသယခေတ်ကဲ့သို့ကျန်ရစ်သောဓိဇ္ဇသဘောက အကုသိုလ် ဓိဇ္ဇ ဖြစ်ခဲ့လျှင်၊ အပါယ်ခွင်မှာ, အပါယ် ခန္ဓာတွေ တဝေဝေနှင့် အပါယ်ပင်ကြီးတွေ ပေါက် ရောက် စည်ကားနေတော့ဒါပေါ့။

ဓိဇ္ဇ သဘောက ကုသိုလ် ဓိဇ္ဇ ဖြစ်ခဲ့လျှင်၊ သုဂတိ ဝဋ်ဘုံတခွင်မှာ သုဂတိ ဝဋ်ခန္ဓာတွေ တဝေဝေနှင့် သုဂတိဝဋ်ပင်ကြီးတွေ ပေါက်ရောက် စည်ကားနေလေ တော့သည်။

သုဂတိ ခန္ဓာငါးပါး, ဒုဂ္ဂတိ ခန္ဓာငါးပါး, ဖြစ်ပေါ် လာသမျှ တရားတွေဟာ မရဏမီး၏ စားဖတ် ဝါးဖတ်၊ နင်းနယ်ဖတ် ဖြစ်သောကြောင့်၊ စင်စစ် ဒုက္ခသစ္စာ အကျိုးမျှသာ ဖြစ်ရချေ၏။

ဒါ့ကြောင့်–အကျိုးတရားအဖြစ်ကိုသဘာဝဉာဏ်နှင့် စိစစ် ကြည့်လိုက်ပြန်ပါက၊ ပုဂ္ဂိုလ်လဲ မပါ၊ သတ္တဝါလဲ မဘက်၊ သက်သက်သော ခန္ဓာငါးပါး ရုပ်နာမ် တရား တွေသာ တမားမား တလျားလျား ဖြစ်ပေါ်နေဒါကို တွေ့ရှိရလေတော့သည်။

ပုဂ္ဂိုလ်သတ္တဝါ ဖြစ်ပေါ်စရာများ တခြား တသီး အကောင်ကြီး အထယ်ကြီးနှင့် တကယ်ရှိတယ်လို့ ထင် သေးရဲ့လား....တကာကြွယ်ရ။ (အထင်ကြီးစရာ မရှိ တော့ပါဘုရား)။

အထင်ကြီးစရာ အဘယ်မှာ ရှိပါတော့မလဲ၊ ပုဂ္ဂိုလ် သတ္တဝါ ငါ, သူတပါး, ယောကျ်ား, မိန်းမ ဟူသမျှ တွေဟာ၊ခေါ်ဝေါ်ခါမတ္တတ်, ပစ်ပ နှုတ်ဖျား၊ပညတ် နိမိတ် အရိပ် တရားမျှသာ ပါကလား၊ ခန္ဓာ ငါးပါး ရုပ်နာမ် နှစ်ပါးကတော့၊ ထင်ရှားကေန် အမှန် ဆတ် ဆတ် ပရမတ်သား ဓာတ်သားမျိုးမို့၊ အရပ်တရား ဟူ၍မှတ်။

## အရပ်ကိုဖယ်-အရိပ်ကွယ်။
## အရိပ်ကွယ်ပျောက် - တရားပေါက်။

ခန္ဓာငါးပါး, ရုပ်နာမ်နှစ်ပါး၊ ပရမတ်တရားတည်း ဟူသော အရပ်ကို ဖယ်လိုက်လျှင်၊ပုဂ္ဂိုလ်သတ္တဝါ ငါငါ သူသူ၊အမူအရာ သဏ္ဌာန် ပုံဟန် အစားစား, ပညတ် တရားတည်းဟူသော အရိပ်သည် အလိုလို ကင်းဆိတ် ကွယ်ပျောက် ရလေတော့သတည်း။

လောက မျက်မြင် အားဖြင့် မားမားမတ်မတ် ဖြစ် သော အရပ်ကို နှုပ်လိုက်, ဖယ်လိုက်လျှင်၊ အရိပ်ဟာ ဘယ်နေရာမှာ ကုတ်တွယ်ပြီး အသီးသီး ကျန်ရစ်ခဲ့နိုင် သေးသလဲ - တကာ ကြွယ်ရ။ ( မကျန်ရစ်ခဲ့ နိုင်တော့ ပါဘူး ဘုရား )။

ဘာ-ကျန်ရစ်ခဲ့နိုင်တော့မလဲ၊ အရိပ်ဆိုဒါ အရပ်ကို အကြောင်းပြု ပေါ်ရဒါကိုး၊အရပ်ကလဲ မားခနဲ၊အရိပ် ကလဲ ဘွားခနဲ ဆိုသလို၊ သူ့ပင်ကိုယ်အားဖြင့် သီးခြား

ဖြစ်နိုင်ဒါမျိုး မဟုတ်တော့၊ မီးတောက်ကို တခုခုနှင့် အုပ်လိုက်က၊ဘေးဖြာထွက်လေသမျှ အရောင်တွေဟာ၊ မကြာခဏ အလိုလို အကုန် ကွယ်ပျောက် သွားကြရ သကဲ့သို့တည်း။

ဤနည်းအတိုင်း ဥပမာနှင့်ပိုင်း၍၊ဟုတ်တိုင်းမှန်စွာ လက္ခဏာ သဘာဝ၊မှန်ကွက်ကျအောင်၊အရိပ်အရောင် တွေ၊ကင်းစေ, ရှင်းစေ, လင်းစေ၊ဉာဏ်စွမ်းကုန် မွေ့ကြ လေတော့။

သို့ကလို....ဉာဏ်စွမ်းကုန် မမွေ့နိုင်ပလား ဆိုမှဖြင့် ပရမတ်သား,ဓါတ်သားတည်းဟူသောအရပ်တရားကို အထည်ဒြဗ် ပညတ်တည်းဟူသော အရိပ်တရားက ဖုံးကွယ်၍ ထားသကဲ့သို့ မပေါ်လွင်, မထင်ရှားဘဲ နေလျှင်၊ အထင်မှား, အမြင်မှားတွေ ဖြစ်တတ်ချေ၏။

ထိုကဲ့သို့ အထင်မှား,အမြင်မှားမဖြစ်ရအောင်၊စံနစ် ကျစွာ ခန္ဓာငါး၀, ရုပ်နာမ်ဓမ္မ, သန်တမှန် ကိုယ်ပိုင် ဉာဏ်နှင့် ကိုယ်တိုင်ကပ်ရှု၊ပရမတ်အစု၊ဓာတ်အနုဆိုတဲ့ အရပ်တခု အလင်းရောက်လျှင်၊ ငါ့ကိုယ်ဆိုတဲ့ ပညတ် နိမိတ်,အရိပ်တွေ ကင်းပျောက်၍၊ ထိုသူ တရားပေါက် ပြီဟု ဆိုရလေတော့သည်။

ပုဂ္ဂိုလ် သတ္တ၀ါ၊ငါ့ကိုယ်ပုံဟန်၊သဏ္ဌာန်ဒြဗ်၊ပညတ် အရိပ်၊ နိမိတ်အပြစ်၊ အဆစ်အဖု၊ အခု အခံတွေ ကျန်ရှိ နေသေးလျှင်၊ တရားနှင့်ဝေး၊ မပေါက်သေး,

မရောက်သေး,မမြင်သေး၊ထိုသူ ရှေးကအသိအတိုင်းမို့ မိမွေးတိုင်း ဘမွေးတိုင်းဘဲလို မဆိုရပေ ဘူးလား။ ။ (မှန်ပါ၊မိမွေးတိုင်း,ဘမွေးတိုင်း အသိမျိုးပါဘုရား)။

အကြောင်းအကျိုး နှစ်မျိုးစလုံးကို အတ္တ အရိပ်, နိမိတ် ကင်းသုဉ်းအောင် သိမှ, မြင်မှသာ မိရိုး ဘလာ အသိမျိုး အမြင်မျိုးက လွှန်မြောက်ကြမှာ မဟုတ်လား။ (မှန်ပါ၊ မိရိုး ဘ လ ာ က ဒါမှ....လွှန်မြောက် မှာပါ ဘုရား)။

ပုဂ္ဂိုလ်သတ္တဝါမပါမရှိ၊ ပကတိ အကြောင်းအကျိုး တရားမျိုးတွေ၊ ဖြစ်ပေါ်ကြရိုးကို၊ ပုံထိုး၍ပြရလျှင်၊ ယခု ကာလ ခေတ်ပုံရိုက်ထာများ မြင်ဘူးကြရဲ့ မဟုတ်လား။ (မြင်ဘူးကြပါလိမ့် ဘုရား)။

ဓင်း ခေတ်ရိုက်သောအခါ၊ ရိုက်သောသူ၏ ကိုယ် ကောင်ကြီးဟာ၊ခေတ်ထဲမှာ ကပ်ပြီး ပါသွားဒါမဟုတ် ပါဘူး။ နေရာကတောင် မရွေ့ဘူး မဟုတ်လား။ ။ (မရွေ့ပါဘုရား)။

သို့ပင် မရွေ့သော်လဲ ခေတ်အလေ့ ခေတ်အရိပ် ကလေးဟာ၊ ကမဒါနှင့် ပဏာပြုံ့ပြုံ့၊ ချိန်သား တဲ့မှိ တော့၊ မဲ့မဲ့ရွှဲ့ရွှဲ့ နေလျှင်၊ မဲ့မဲ့ရွှဲ့ရွှဲ့ဘဲ ပါသွားတယ်၊ ပြုံးပြုံးရွှင်ရွှင်နေလျှင်၊ပြုံးပြုံးရွှင်ရွှင်ဘဲပါသွားတယ် စောင်းစောင်း နေလျှင်၊ စောင်းစောင်း ကလေးဘဲ

ပါသွားတယ်၊ တဲ့တဲ့ နေလျှင်၊ တဲ့တဲ့ ကလေးဘဲ ပါသွားတယ်၊သူ့အလေ့အလာနှင့် သူ့အမူအရာအတိုင်း ဖြစ်ရဒါ မဟုတ်လား။ (မှန်ပါဘုရား)။

ထွေထွေ လာလာ၊ပုံတံဆိပ်တွေကို ခပ်နှိပ်သောအခါမှာလဲ တံဆိပ်တုံးကြီးဟာ ကပ်ပြီး ပါသွားဒါမဟုတ်၊ အကြောင်းပြုလုပ်လိုက်ခါမျှပါဘဲ။

မှန် ပြသော အခါမှာလဲ၊ မှန်ထဲမှာ မျက်နှာ အရိပ်ကလေး ကျခါမျှပါဘဲ၊ မှန်ထဲမှာ မျက်နှာ ကြီးဟာ ဖေါက်ခွဲပြီး စူးဝင်သွားဒါ မဟုတ်ပါဘူး။

ထိုနည်းငှင်း အကြောင်းနှင့်ညီစွာ၊ဖြစ်ပေါ်လာသော ခန္ဓာငါးပါး, ရုပ်နာမ် နှစ်ပါး, အကျိုးတရားတွေလဲ ဓာတ်ရိုက်သည့် အလား၊ ပုံတံဆိပ် ခတ်နှိပ်သည် နှင့် မခြား၊မှန်ထဲကျအရိပ်များကဲ့သို့၊ပြုတတ်ခံစားသွားလာ ရွေ့ပြောင်း, မရှိကောင်း, မရကောင်း သောကြောင့်၊ သူ့အကြောင်းနှင့် သူ့အကျိုး ဖြစ်ပေါ်ရိုး တံထွာ့ ဓမ္မတာ သဘာဝမို့၊ကာရကပုဂ္ဂိုလ်လည်းမပါ၊ဝေဒကပုဂ္ဂိုလ်ကိုလည်း မရှာလေနှင့်တော့၊ပညာအမြင် ဉာဏ်ကြီးရှင်တို့။

ကောင်းသော အလားရှိသော အကြောင်းတရား ဖြစ်ခဲ့လျှင်၊ကောင်းသော အလားရှိသော ခန္ဓာငါးပါး အကျိုးတရား ပေါ်ရသည်။ မကောင်းသော အလား

ရှိသော အကြောင်းတရား ဖြစ်ခဲ့လျှင်၊ မကောင်းသော အလား ရှိသော ခန္ဓာငါးပါး အကျိုးတရားပေါ်ရသည်။

ဤအရာမှာ ကောင်း,မကောင်း နှစ်ပါး ခွဲခြားပြီး ဆိုငြားသော်လည်း အကုသိုလ်တရားကို ထောက်ထား၍သာ၊ လောကီ ကုသိုလ် တရားကို ကောင်းသော အလားရှိသည်ဟုဆိုရ၏၊ ဝဋ်အတွင်းမှာဖြစ်ခြင်းကြောင့် စင်စစ် အပြစ်ကင်းသော ကောင်းခြင်းကို မဆိုလိုပေ၊ မဆိုနိုင်ချေ။

အကြောင်း တရားက လှုံ့ဆော်၍ အကျိုးတရား ခန္ဓာငါးပါးပေါ်မှု, ဤနှစ်ခုကို စပ်ကြည့် လိုက်တော့၊ ပြုတတ်သော ကာရက ပုဂ္ဂိုလ်လည်း မကပ်၊ ခံစားတတ်သော ဝေဒကပုဂ္ဂိုလ်လည်းမရ၊ သုညတအနတ္တမွေ မျိုးတွေချည်း တစဉ်တည်း ဖြစ်ပေါ်နေဒါပါကလားဟု တကာကြွယ်ရ။ (မှန်ပါဘုရား)။

ဖြစ်ပေါ်ပုံ အစဉ်ကို ဥပမာတင်၍, ထင်မြင်အောင် ပြောရလျှင်၊ သစ်စေ့ကြောင့် သစ်ပင်၊ သစ်ပင်ကြောင့် သစ်စေ့ ဆိုသကဲ့သို့တည်း။

သစ်ပင်ဟာ — ဘာ့ကြောင့် ဖြစ်သလဲ၊ (သစ်စေ့ ကြောင့် ဖြစ်ရပါဘုရား)။

သစ်စေ့ဟာကော-ဘာ့ကြောင့် ဖြစ်သလဲ၊ (သစ်ပင် ကြောင့်ပါဘုရား)။

သစ်စေ့ အောင်မသလောက် အပင်ပေါက် သန်စွမ်းသည်၊ အပင်ပေါက် သန်စွမ်းသလောက် အပွင့်အသီးမှာ၊ ခရီးရောက်သည်၊ အပွင့်အသီး ခရီးရောက်သလောက်၊တဖန် အစေ့ အဆံ အောင်မပြန်သည်။

အဲ....ကြောင်းကျိုးနှစ်ခု၊ ကျေးဇူးပြု၍ နေကြသော ပဋိစ္စသမုပ္ပါဒ်, စက်ရဟတ်မှာ၊ အဆက်မပြတ် ဆက်ခါ ဆက်ခါ၊မရပ်မနား၊မတန့်စားဘဲ ဖြစ်ပေါ် ပေါက်ပွားရပုံလဲ သည်အတိုင်းဘဲ မှတ်ရမည်။

အတိတ် ဘဝက အဝိဇ္ဇာ နှင့် တကွ ၊ ကံသင်္ခါရ အကြောင်း တရားကြောင့် ယခုပစ္စုပ္ပန်ဘဝမှာ အကျိုးတရား ခန္ဓာငါးပါးဖြစ်ပေါ်ရ၏။ထိုအကျိုးတရား ခန္ဓာငါးပါးနှင့် စပ်၍ မှီ၍, တည်၍, တဏှာနှင့် တကွ၊ ကံသင်္ခါရ အကြောင်းတရားကို ပြုပြန်ငြားက၊ ထိုပစ္စုပ္ပန်အကြောင်းတရားကြောင့်၊ နောင် အနာဂတ် ဘဝမှာ အကျိုးတရား ခန္ဓာငါးပါးဝင်မှ တဖန်ဖြစ်ရပြန်လေ၏။

သို့ကလို့ အပြန်ပြန်,အလှန်လှန်,အဖန်ဖန်, အခါခါ ချာချာရစ် ကရွတ်ခွေလို ဖြစ်လေမဆုံး၊ကြောင်းမတုံးလို့ ကျိုးဆုံးမမြင်၊သံသရာတခွင် ခရီးဆက်ကိုစဉ်လိုက်တော့ သစ်ပင်နှင့် သစ်စေ့၊ ပြကတေ့အမှု ကျေးဇူးပြု မပျက်၊ ပြန်လှန်၍ ဆက်သကဲ့သို့၊စက်ရဟတ် လယ်ပုံကို သိသာရုံမျှ သဲလွန်စ ပြလိုက်ပါသတည်း။

ဒီအချက်ဟာ ရိုးတိုးရားတား မဟုတ်ဘူး၊ပေါ့ပေါ့ မမှတ်နှင့်၊ ဒီတချက်ကို ပိုင်အောင် သိလျှင် အကုန်လုံး ဝိသုဒ္ဓိ ဖြစ်နိုင်သော အချက်ကြီးမို့၊ လေးလေး နက် နက်ကြီး ဆင်ခြင်စဉ်းစားလိုက်စမ်း-တကာကြွယ်ရေ့။ (မှန်ပါဘုရား)။

အကြောင်းရှိက အကျိုးရ၊ အကြောင်းဖြစ်သော်— အကျိုးပေါ်၊အကြောင်းဟိတ်ကုန်အကျိုးမြို၊အကြောင်း ချုပ်ဆုံး အကျိုးတုံး၊ နှစ်ပါးလုံးအရ အနတ္တကို၊ သိကြ မြင်ကြလေ။

အကြင်မျှလောက် ကာလပတ်လုံး၊အမြစ်အရင်းနှင့် တကွ၊ ဝဋ္ဋမူလ ဇာတ်ကို၊ပယ်ဖြတ် ငြိမ်းသတ်နိုင်သော အရဟတ္တမဂ်ဉာဏ် မပေါ် လာသေး၊ ထိုမျှလောက် ကာလ ပတ်လုံး၊ အကြောင်းတရားတွေ အားအစွမ်း ကောင်းကြလေ၏။ အကြင် အခါ၌ အမြစ်အရင်းနှင့် တကွ၊ ဝဋ္ဋမူလဇာတ်ကို ပယ်ဖြတ် ငြိမ်းသတ်နိုင်သော အရဟတ္တမဂ်ဉာဏ် ပေါ်လာအံ့၊ထိုအခါ၌ အကြောင်း တရားတွေ အားအစွမ်း မကောင်းနိုင်ကြဘော့ပေ။ အကုန် ငြိမ်းရ, ချုပ်ရ မြိုကြရလေတော့၏။

ထိုကဲ့သို့ ကြောင်းကျိုးမွှ, သယံဇာတ သဘာဝ အပေါ်မှာ-ကာရက,ဝေဒက, အတ္တမငြိ, အတ္တနိမဘက် သက်သက်သော သုညတသဘောမျှ အနတ္တ ထီးထီးကို

ထင်ပြီး မြင်ပြီး၊အဖန်ဖန်တင်စီးနိုင်မှ ယထာဘူတဉာဏ် ရငြိးဟု ဆိုရမဟုတ်လား။ (မှန်ပါ၊ ဒါမှ ယထာဘူတ ဉာဏ်ပါဘုရား)။

ယထာဘူတဉာဏ် အမြင်သန်၍ အမှန်ကို သိလျှင် သက္ကာယဒိဋ္ဌိ အငြိအစွဲလဲ ရှေ့ သွားမြဲ, ပေါ့ သွားမြဲ, ပြေ့သွားမြဲ ပါဘဲဟ-တကာကြွယ်ရ။ (မှန်ပါ၊ ရှေ့မြဲ ပေါ့မြဲ,ပြေ့မြဲပါ ဘုရား)။

သက္ကာယဒိဋ္ဌိ အငြိအစွဲ ရှေ့နဲသွားလျှင်လဲ ကွေ့ခြင်း ကောက်ခြင်း,ဘောက်ပြန်ခြင်းကင်း၍၊ ငရဲဖြစ်ကြောင်း နောက်ဆံ, တိရစ္ဆာန် ဖြစ်ကြောင်း၊ နောက်ဆံ ပြိတ္တာ ဖြစ်ကြောင်း၊ နောက်ဆံ အသုရကာယ် ဖြစ်ကြောင်း၊ နောက်ဆံတွေလဲ မတင်းနိုင်တော့ပါဘူးနော်။ (မှန်ပါ၊ ဘောက်ပြန်ကင်းရင် နောက်ဆံလဲ မတင်းနိုင်တော့ပါ ဘုရား)။

သို့ကလို ဘောက်ပြန်ခြင်းကင်း၍ 'ဒိဋ္ဌိ'အစရှိသော ကိလေသာတွေ နောက်ဆံမတင်းနိုင်လောက်အောင်၊ အကြောင်းခမ္မ အနတ္တ၊ အကျိုးခမ္မ အနတ္တ အချက်ကို ကွက်ကွက်ကွင်းကွင်း၊ ထင်ထင်လင်းလင်း သန့်ရှင်းစွာ သိမြင်တော်မူကြ ခြင်းကြောင့်၊ ဘုရား, ပစ္စေကဗုဒ္ဓါ, သာဝက အပေါင်း သူတော်ကောင်း တို့သည်၊ တိမ်း စောင်းမယွွင်း၊ မဂ်ဖိုလ် ဉာဏ်ကို စီ လင်း ကြသဖြင့်၊ 'မျက်နှာခြင်းလမင်းမှာဆုံ'သကဲ့သို့၊သစ္စာလေးပါးတွင်

အမြင်အာရုံ အတူဆုံပြီး၊ နိဗ္ဗာန် ရွှေဘုံသို့ အပြီးတိုင်၊ ခိုလှုံ ဆိုက်ရောက်တော်မူကြလေပြီ။

တကာကြွယ်ကြီးကော-သူတို့နှင့် ကြုံရအောင်၊ ဒီလိုများ မဆုံချင်ဘူးလား။ (မှန်ပါ၊ အလွန် ဆုံချင်လှပါပြီဘုရား)။

အေး-ဆုံချင်လျှင် ငါမရှိ သူမရှိတဲ့ဘုရားဟောကိုယုံ ငါရှိ သူရှိတဲ့အများပြောကိုမယုံနှင့်၊ဘုရားဟောယုံလျှင် သစ္စာ လေးပါး ဆိုရလိမ့်မယ်၊ အများ ပြော ယုံ လျှင် အပါယ်လေးပါးဆိုရလိမ့်မယ်....တကာကြွယ်များ....။ (မှန်ပါ ဘုရား)။

ဒါ့ကြောင့်-သရုပ်တွေမများစေဘဲ၊ တိုတို တုပ်တုပ် အကျဉ်းချုပ်အားဖြင့်၊ရုပ်နာမ်နှစ်ပါး အနတ္တတရားကို ပိုင်းခြားသိမှု သတိပြု၍ ကြည့်ရှုဆင်ခြင် ထင်မြင်အောင် ပွားများဘို့တခုသာ အရေးကြီးတော့သည်။

ဝိပဿနာအလုပ်နှင့် ပွားများ အားထုတ်ဘို့ဆိုဒါ အကျယ်သရုပ်တွေ သိတ်ထုတ်နေဘို့ရာလိုဒါမဟုတ်ဘူး သာဝကတို့ ဉာဏ်နှင့် ထိုက်တန်သလောက် သဘောပေါက်ရောက်ဘို့တခုသာ လိုတယ်။ဒေသနာတွေအမျိုးမျိုးထုတ်၊ သရုပ်တွေ အသွယ်သွယ်နှင့်၊ ကျယ်ချင်တိုင်း ကျယ်နေမှဖြင့် သိုရင်းသဘာဝကိုလဲမမှတ်မိ၊ကိုယ်မှာလဲ ကပ်၍ မရှုတတ်, မကြည့်တတ်၊ ကောင်းတယ် လို့သာ သိလိုက်ရ၊ ဒိဋ္ဌိကဖြင့် ဘယ့်နှယ်မှ မရှိဘူး။

တကာကြွယ်တို့လောကကြီးက များသောအားဖြင့် ဒေသနာစကားတွေကျယ်နိုင်သမျှကျယ်မှဟုတ်တယ်လို့ ထင်ကြ၊ မှန်တယ်လို့ ထင်ကြ၊ကောင်းတယ်လို့ ထင်ကြ၊ မိမိမှာ သဏ္ဍာဒိဋ္ဌိ အငြိအစွဲဟာ ရေခဲ့ရဲ့လား, ပေါ့ရဲ့ လားလို့ အစွဲအလန်းရေခဲ့မှု,ပေါ့မှုကိုတော့၊နဲနဲမှ သတိ မပြုကြဘူး ထင်တယ်။(မှန်ပါ၊သတိမပြုမိဒါက များလိမ့် ထင်ပါဘုရား)။

အေး....လိုရင်းဖြစ်တဲ့ အချက်ကို ဒက်ခနဲနေအောင် မတွယ် လိုက်နိုင်လျှင်၊ အကျယ်ကြိုက် ဆရာရှင်, မော ဖတ်သော တင်ပြီး၊ တင်ပလ္လင် ခွေကြီးနှင့် ကျန်ရစ်၍၊ ဘိုးသူတော်က ပန်းဆွတ်သွားသောစကားကဲ့သို့ ဖြစ်နေကြအုံးမယ် နော်။ (မှန်ပါ၊ဘိုးသူတော်က ပန်း ဆွတ်ပုံကို အမိန့်ရှိပါအုံးဘုရား)။

ရှေးက-သားအမိ နှစ်ယောက် ရှိကြ၊ သမီးဖြစ်သူက အချိန်တန်လို့ အရွယ်ရောက်တော့၊ တဦးသော သတို့ သားနှင့် သေချာပေါက် စကားမျိုး, ခတ်တိုးတိုး ထား ရှိကြ၊ အများသိ ဆိုကိုး။

သမီးရီးစားလဲ မကာ၊ လင်မယားလဲ မကျ ဆိုသလို ဖြစ်နေကြ ထင်ပါရဲ့၊ ကျုပ်တို့တော့ ဘုန်းကြီးမို့ နား မလယ်ပါဘူး။

အဲ.... ဒီလို ဖြစ်နေကြတဲ့ အတောအတွင်းမှာ သဘော ရင်း ရှုပ်ထွေးတဲ့ ယောက်ျားက၊ ဘောက်ပြားသော စိတ်ကလက်ကြောင့်၊ တယောက်သော မိန်းကလေးနှင့် အစိမ်းတွေ့ ချိပ်ဆက်ပြီး မိတ်ဘက်ကြီး ပြုလုပ်သွား သတဲ့။

သည်တော့ ကျုန်ရစ်တဲ့ သူ့ခမျာမှာ လူ့ဝမ္မတာမိတ် ပျက်တော့၊ အဆိပ်တက်သလို စိတ်ရတက်တွေများပြီး၊ မစားနိုင် မသောက်နိုင်, တမှိုင်မှိုင် တငေးငေး နှင့် အဆွေးကြီး ဆွေး၊ အပူကြီး ပူ၊ ဘယ်သူ နှင့်မှ မတွေ့ ချင်အောင်ဖြစ်၊စိတ်ရော့ ကိုယ်ရော့, ညစ်ချင်တိုင်း ညစ် နေရော ဆိုပါကလား။ (မှန်ပါ၊ညစ်ပါလိမ့်ဘုရား)။

"အိမ်ရှေ့ပူတော့ အိမ်နောက် မချမ်းသာ"ဆိုသလို၊ သွီးရဲ့အပူဟာ အမိပါ ကူးစက်သွားတော့၊ ဩော်.... ဒီလို နေလို့ဖြင့် - မတော်သေးပါကလား....၊ ကြာရင် အသက်ပါ ထိခိုက်ချေရဲ့၊ငါ'နားချ'လို့ဖြင့် ဘယ်နည်းမှ ရမည်မဟုတ်၊ တရားမှတပါး,အားထားစရာ မရှိတော့ ပါဘူးလေ ဆိုပြီး၊ မိမိ ကိုးကွယ်နေသော ဘုန်းကြီးထံ တရားနာရန် သွီးကိုခေါ်သွားသတဲ့၊မလိုက်ချင်လိုက်ချင် ဆန့်ငင် ဆန့်ငင်နှင့် ပါသွားရော ဆိုပါတော့။

ကျောင်းရောက်တော့၊ အရှင်ဘုရား ညဏ်သွား သလိုသာ တရားပြ ဆုံးမတော် မူပါဘုရား.... ဆိုပြီး၊

ဘုန်းကြီးထံ တရား ဆုံးမရန် သွေးကိုအပ်နှံလိုက်သတဲ့ တကာကြွယ်ရ။ (မှန်ပေါ၊ ကိုယ်မတတ်နိုင်ရင်, တတ်နိုင်သူထံ အပ်နှံရပေါလိမ့်ဘုရား)။

ထိုအခါ-အကြောင်းကိုလဲ မသိ၊ အကျိုးကိုလဲ မသိ၊ သဘောကိုလဲ မရိပ်မိရှာသော ကဝိဆရာ ဘုန်းကြီးက ကျကျ နန, တင်ပလ္လင်ကြီးခွေပြီး၊ပါဠိတော်ကြီးက ဘယ်လိုဟာ၊ အဋ္ဌကထာကြီးက ဘယ်လိုလာ၊ ဋီကာက ဘယ်လိုပြု၊ အနု နှင့် မဓုက ဘယ်ဟာ၊ယောဇနာက ဘယ်လိုရှိ ဂဏ္ဌိက ဘယ်သဘော၊မှတ်မိသမျှ ဝိတ္ထာရ အထွေထွေ ကျမ်းဂန်တွေ စုရှန်းပြီး၊ တနေ့လုံး ဟောလိုက်ထာ၊ ဘုန်းကြီးကို ဖတ်ဖတ်မောရော ဆိုဘဲ။

ဖတ်ဖတ် မောသွားအောင် ဘယ်သိုပင် ဟောကြားသော်လဲ၊ ပါဠိ စကားကိုလဲ နားမလယ်၊ အဓိပ္ပါယ်ကိုလဲမသိ၊ တရားနာတဲ့ သား အမိ နှစ်ယောက်မှာ၊ ဘုန်းကြီးဟာ ရှေတော်မူလွန်းတယ်လို့ စိတ်ပေါက်နားတောက်လို့ ညောင်းကိုက်၊ ဂေါင်းငိုက်ဆိုက် ကျရာက၊ ဝပ်ကလေးအသာချ၊ ဆတ်ခနဲထ, ပြန်ကြမယ် အလုပ်တွင် ဘိုးသူတော်က ဝင်ပြီး....

ဂျင်းစိမ်းနှင့် မိတ်သလင်၊ သူကြင်မှ ကြင်ဟေး။

သူမကြင်,ကိုယ်ကြင့်ချေး၊နှောင်းလိမ့် နောက်ရေး။

သို့ကလို-အကြောင်းကို သိ၍၊ သဘောကို ရိပ်မိသော ဘိုးသူတော် လူပါးက ဒွေးချိုး စ ကား က လေး နှင့်

အားပေး ဆုံးမလိုတဲ့ သဘောမျိုးဖြင့်၊ လက်တွေ့တရား ကလဖန် ဝင်ထိုးလိုက်သတဲ့ - တကာကြွယ်ရဲ့။ (မှန်ပါ၊ ထိုးလဲ ထိုးထိုက်ပါဘုရား)။

ဒီစကား ကြားရတော့၊ သူဌေး ဖြစ်သူက တွေးဆ စဉ်းစား လိုက်သည်မှာ၊ ဩော်.... လောကမှာ ဘယ် အရေး, ဘယ်အရာ, ဘယ်ဌာန, ဘယ်ကိစ္စမျိုးမဆို၊ တွေ့ ပြီးသား, ကြုံပြီးသား, လွန်ပြီးသား, ဖြစ်ပြီးသားများဟာ အရေးမကြီးတော့ပါလား....အမှတ်မထားထိုက်တော့ ပါလား။ မတွေ့ရသေး, မကြုံရသေး, မလွန်ရသေး, မဖြစ် ရသေးသော အရေးကိစ္စ တခုသာ သတိပြုပြီး၊ ကြည့်ရှု ပြုလုပ်ထိုက်တော့ ဒါဘဲကိုး။

နောက်အရေးဆိုဒါ, တွေးလိုက်တိုင်းမဆုံး၊ အမိပ္ပါယ် အားလုံးပါ၊ နောက်အရေး နေရာကျလို့, နောက်ကိစ္စ လှဘို့ဟာ, လွန်မင်းစွာအရေးကြီးတဲ့အချက်ကို ကွက်ခနဲ သဘော ပေါက်လာတော့မှ၊ သောကမီး ငြိမ်းပျောက် သွားသဖြင့်၊ ဩော်....ဦးသူတော်ရဲ့ ဆုံးမ စကားဟာ၊ ဟုတ်လိုက် ထာပါကလား, မှန်လိုက် ထာပါကလား နော်....နှင့်၊ ကျေးဇူးတွေတင်ပြီး၊ တခါထည်းစိတ်ဓာတ် ကလဲ ကြည်လင်၊ မျက်နှာကလဲ ပြုံးရွှင် တကိုယ်လုံး အအေးဓာတ်တွေ ဝင်ကုန်ရော ဆိုကိုး-တကာကြွယ်ရဲ့။ (မှန်ပါ၊ တယ် နေရာကျ ဘုရား)။

သွီးဖြစ်သူ စိတ်ချမ်းသာသွားတော့၊မိခင် ဖြစ်သူလဲ တခါထဲ ဝန်ထုပ်ကြီး ချလိုက်သလို၊ ဟင်,ကျပြီး အေး ခွင့်ကြီး ရသွားရောပေါ့လေ။

အမေတို့ ဘုန်းကြီးက တရားဟောပါဆို ဘယ့် နှယ်ဟာ၊ ကုလားစကားတွေ ပြောလိုက်တယ် မသိဘူး လို့တောင် ဆိုသေးသတဲ့-တကာကြွယ်ရဲ့။ (မှန်ပါ၊နား မလယ်တဲ့ ဘာသာတွေနှင့် ဟောနေတော့ ဆိုလဲ ဆိုပေ မှာပေါ့ဘုရား)။

ကဲ.... ဒီလို နေရာမှာ၊ ဘိုးသူတော်က တရားပန်း ဆွတ်သွားတယ် မဟုတ်လား။ ။( မှန်ပါ၊ ပန်းဆွတ် သွားပါဘုရား)။

လက်ရှိဖြစ်သော အပူမီးကို ဘယ်နည်းနှင့်ဘဲ ငြိမ်း သတ် ငြိမ်းသတ်၊ကင်းပြတ် ငြိမ်းသွေးမှုတခုသာပဓာန ဖြစ်တော့သည်၊ ဥပမာန, ပုံဆောင်၍ ပြရလျှင်၊ သား ကောင်ကို လိုက်သောသူသည် ခွေးကိုက်လို့ရရ,ဒုတ်နှင့် ပေါက်လို့ရရ, ခဲနှင့်ပစ်လို့ ရရ, ရမှုတခုမျှသာ လိုရင်း ပဓာန ဖြစ်သကဲ့သို့တည်း။

ထိုနည်းမခြား အလားတူစွာ၊မိမိ,မိမိတို့မှာ၊သက္ကာယ ဒိဋ္ဌိမီး တခု ချုပ်ငြိမ်း သွားမှုသာ အရေးကြီး ဒါဘဲ မဟုတ်လား - တကာကြွယ်ရ။ (မှန်ပါ၊ အရေးကြီးပါ ဘုရား)။

ကဲ....ဒါဖြင့် - အကျယ် အကျယ် မငြိမ်းဘွယ်တွေ အသာထား၊ နှစ်ပါးသော ရုပ်နာမ်ကို တဖန်ထုတ်ပြန် ရှင်းလင်းလိုက်ကြအုံးစို့။

ခန္ဓာ ငါးပါး ဆိုဒါလဲ၊ ရူပက္ခန္ဓာကို ရုပ်တရားဟု ဆိုသည်။ ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာ ဤနာမ်ခန္ဓာလေးပါးကို နာမ်တရားဟု ဆိုသည်။

အဲ-ဒါလို လောကကြီးတခုလုံးကို အကျဉ်းချုံးပြီး သိမ်းကြုံး ရေတွက် လိုက်တော့၊ စုစု အချုပ် အားဖြင့် ရုပ်နာမ် နှစ်ပါးမျှသာ အသားချရတော့ဘယ်-တကာ ကြွယ်ရေ့။ (မှန်ပါ ဘုရား)။

ဒါ့ကြောင့်-

ပရမတ္ထတော ပန နာမရူပမတ္တမေဝ အတ္ထိ။

ပန၊ တလောကလုံး၊ သိမ်းကြုံး ကိုင်ဆုပ်၊ စုစုချုပ် သော်ကား။ ပရမတ္ထတော၊ မဘောက် မပြန် အမှန် အားဖြင့်။ နာမရူပမတ္တမေဝ၊ နာမ်ရုပ်နှစ်ခု၊ ဒွက္ခအစုမျှ သည်သာလျှင်။ အတ္ထိ၊ မုချဧကန် ရှိရိုးမှန်၏။

သို့ကလို ဝိပဿနာဉာဏ် ယထာဘူတ အမြင်မှန်ကို ဝိသုဒ္ဓိမဂ်က သေချာစွာ ဖွင့်ဆိုတော်မူသောစကား အသိဉာဏ် ထောက်ထားမိလျှင် နာမ်ရုပ်မှ တပါး တခြားတစ်၊တွေးတောယုံမှားဘွယ် မရှိတော့ချေ။

(၁) ရုပ်ကိုဖယ်ကြည့်-နာမ်သာရှိ၊ နာမ်ကိုဖယ်ကြည့် ရုပ်သာရှိ။
(၂) ရုပ်ကိုနှုတ်ပြန်-နာမ်သာကျန်၊ နာမ်ကိုနှုတ်ပြန် ရုပ်သာကျန်။

ဟောဒီ စကားသီတန်ကလေးကို စိတ်ထဲ နှလုံးထဲ အမြဲထားပြီး၊ ပွားများ ဆင်ခြင်ရလိမ့်မယ်-တကာကြွယ် (မှန်ပါ၊ ဆင်ခြင် ပွားများဘို့ပါဘုရား)။

ကဲ....ရုပ်ဘက်က ကြည့်လိုက်တော့၊ မာရုပ်, ဖွဲ့ရုပ်, ပူရေရုပ်, လှုပ်ရှားရုပ်, ၎င်းရုပ်တရားတွေ မထင်ရှားဘူးလား။ (ထင်ရှားပါဘုရား)။

ခက်ကြီး လေးပါးလို့လဲ ခေါ်တယ် မဟာဘုတ် လေးပါးလို့လဲ ခေါ်တယ်။နာမ်ဘက်က ကြည့်လိုက်ပြန်တော့လဲ—ခံစားနာမ်, မှတ်သားနာမ်, လှုံ့ဆော်နာမ်, ဝိညာဉ်နာမ်, ၎င်း နာမ်တရားတွေလဲ အထင်အရှားဘဲ မဟုတ်လား။ (ထင်ရှားပါဘုရား)။

ဤတရားများကို နာမက္ခန္ဓာတရား လေးပါးလို့လဲ ခေါ်တယ်၊ဉာဏ်ဝင်စားနိုင်အောင် ခွဲခြားပြီး အကြမ်းစားအားဖြင့် ကြည့်လိုက်စမ်း၊ ယောကျ်ား, မိန်းမ ဟု ခေါ်ဆိုရသောဝတ္ထု အစုစုတွေ၊ ခွေး, ဝက်, ကျွဲ, နွား အစားစားဟု ခေါ်ထားသော ဝတ္ထုအစုစုတွေ၊ အိမ်, ကျောင်း,ဇရပ်,တိုက်,ပြာသာဒ်ဟု ပညတ်သော ဝတ္ထုအစုစုတွေ၊ သစ်ပင်, တော, တောင်, ခေါ်ဆောင် ဝတ္ထု

အစုစုတွေ၊ မြေထု, ရေထု, လေထုတရပ်၊ သမုတ်အပ်သော ဝတ္ထု၊ အစုစုတွေ၊ ရုပ်ခေတ်နှင့် ချေရလျှင် မာရုပ်တွေ တသဲ့သဲ့၊ဖွဲ့ရုပ်တွေတမူထွေး၊ပူဇောကရုပ်တပါး လှုပ်ရှားက ရုပ်တဖုံ၊ အားလုံးကုန် သတ္တုချလိုက်တော့၊ ရုပ်အဇ မျှသာပါလား - တကာကြွယ်ရ။ ။( မှန်ပါ၊ ရုပ်တရားအစုမျှ သဘာဝတွေပါဘုရား )။

ထိုမှတပါး၊ကောင်း,မကောင်းအလားဖြင့်ခံစားတဲ့ ဝေဒနာ နာမ်တရားတွေကလဲ တဖွားဖွား ဟုတ်မဟုတ် အလားဖြင့် မှတ်သားတဲ့ သညာ နာမ်တရား တွေလဲ တဖွားဖွား၊ ကောင်း,မကောင်း အလားဖြင့် လှုံ့ဆော်သွားတဲ့ သင်္ခါရ နာမ်ဘရားတွေလဲ တဖွားဖွား၊ ဟုတ် မဟုတ် အလား၊ မှန်-မမှန်အားဖြင့်၊ ထင်မြင် ထားတဲ့ ဝိညာဉ် နာမ်တရား တွေကလဲ တဖွားဖွား၊ သိသိသမျှ သတ္တုချလိုက်တော့၊ ဒီသဘာဝတွေလဲ နာမ် အစုမျှဘဲ မဟုတ်လား။ ( မှန်ပါ၊ နာမ်တရား အစုမျှ သဘာဝ တွေပါ ဘုရား )။

အဲ....ဒီလို မိမိအဇ္ဈတ္တအစ-ဗဟိဒ္ဓအဆုံး၊အကုန်လုံး ရှိရှိသမျှအစစအရာရာ၊ဉာဏ်ပတျာဖြန့်ကြည့်လိုက်တော့ ရုပ်နာမ် နှစ်ပါးမျှသာ ရှိတော့သည်။

ဩကာသ လောကကြီးတခွင်၊ နယ် တပြင်လုံးမှာ ဝိပဿနာ ပွားများခိုက် ဉာဏ်အားဖြင့် ရုပ်တရားကို ဖယ်ကြည့်လိုက်လျှင်၊နာမ်တရား တပါးသာရှိစေရမည်၊

တဖန် နာမ်တရားကို ဖယ်ကြည့်လိုက်ပြန်လျှင် ရုပ်တရား တပါးသာ ရှိစေရမည်၊ နှစ်ပါးစလုံးကို ဖယ်လိုက်က၊ ဘာတခုမျှ မရှိစေရ။

ကြပ်ကြပ် သတိထားပြီး စဉ်းစားလိုက်ပါ– တကာ ကြွယ်။ ရုပ်နာမ်ကို ဖယ်ကြည့် ပါလျက်နှင့် တဘက်က ဘာတွေ, ညာတွေများ ရှိနေသေးလျှင် ခက်လိမ့်မနော်။ (မှန်ပါ၊ ခက်ပါလိမ့် ဘုရား)။

သြကာသ လောကကြီး တခွင်၊ နယ် တပြင်လုံးမှာ၊ ဝိပဿနာ ပွားများခိုက် ဉာဏ်အားဖြင့် ရုပ်တရားကို နှုတ်ထားလိုက်လျှင် နာမ်တရား တပါးသာ ကျန်စေ ရမည်၊ တဖန် နာမ်တရားကို နှုတ်ထား လိုက်ပြန်လျှင် ရုပ်တရား တပါးသာ ကျန်စေရမည်၊ နှစ်ပါးစလုံးကို နှုတ်ထားလိုက်က ဘာတခုမျှ မကျန်စေရ။

သေသေ ချာချာ သဘော စိုက်လိုက်ဟ....တကာ ကြွယ်ရ၊ရုပ်နာမ်နှစ်ပါးကိုနှုတ်ထားပါလျက်နှင့်တဘက် တဧာနက ဘာတွေ,ညာတွေ ကျန်နေသေးလျှင် ဒိဋ္ဌိက ဝင်ပြီး တွေးလိုက်လိမ့် မနော်။ (မှန်ပါ၊ တွေးပါလိမ့် ဘုရား)။

သို့ကလို ရုပ်တရားကို ဖယ်ကြည့်, နှုတ်ကြည့်၊ နာမ် တရားကို ဖယ်ကြည့်, နှုတ်ကြည့်၊ နှစ်ပါးစလုံးကို ဖယ် ကြည့်၊နှုတ်ကြည့်ရခြင်းသည်ပုဂ္ဂိုလ်ကင်း,သတ္တဝါကင်း၊

အစိုင်အခဲ အထဲအတွင်း အတ္တ ဃ,န ကင်း၍ သက်သက် ရုပ်နာမ်နှစ်ပါး ဒုက္ခ တရားမျှသာ ရှိသည်၏ အဖြစ်ကို ဉာဏ်အမြင် သန့်ရှင်း စေခြင်းငှာ၊ ဉာဏ်ကစား ကြည့်သောအရာဖြစ်သည်၊ရုပ်တရား နာမ်တရားကိုဖယ်ထား နှုတ်ထားလို့ ဖြစ်နိုင်ပါ့မလားဟု၊ စောဒနာ စကား တက်နေရန် မလို။

ထို မာရုပ်, ဖွဲ့ရုပ်, ပူရေပ်, လှုပ်ရှားရုပ် ဆိုတဲ့၊ ရုပ် တရားတွေဟာ၊ ဖြစ်လာ ပျက်မြဲ၊ တသဲသဲ နှင့် မစဲနေ့ည တခဏလျှင်၊ လှုပ်လှုပ် ရွရွ၊မွမွ ညက်ကျေ၊ တဖြုတ်ဖြုတ် သေနေရသော တရားမျိုးမို့ အားကိုးစရာ, အားထား စရာ, အခိုင်အမာ ဘာတခုမျှ ရှာမရပါကလား-တကာ ကြွယ်ရ။ ( မှန်ပါ၊ အားကိုးရာမဲ့ အားထားရာမဲ့ပါ ဘုရား)။

ခံစား သိနာမ်,မှတ်သား သိနာမ်,လှုံ့ဆော် သိနာမ် တွေလာ သိနာမ်၊ ထို နာမ်ဘရားတွေ ဟာလဲ၊ ဖြစ်လာ ပျက်မြဲ တသဲသဲနှင့်၊ မစဲနေ့ည တခဏလျှင် လှုပ်လှုပ် ရွရွ မွမွ ညက်ကျေ၊ တဖြုတ်ဖြုတ် သေနေရသော တရား မျိုးမို့၊အားကိုးစရာ အားထားစရာ,ဘာတခုမျှ ရှာမရ ပါဘူး-တကာကြွယ်ရ။ (မှန်ပါ၊ သူတို့လဲ အားကိုးရမဲ့ အားထားရမဲ့၊ တရားတွေပါဘုရား)။

မခိုင်မမြဲ၊ ယိုင်လဲပြိုကျ သေခကျ ပျက်စီးနေရသော တရားမျိုးဖြစ်၍၊ အားကိုးစရာမှ ရှာမရလျှင် သုခနိမိတ် ချမ်းသာ ရိပ်လဲ၊ တဆိတ် စာမျှ, ရှာ မရတော့ပါဘူး။ (မှန်ပါ၊ ချမ်းသာခွင့်လဲ မရှိတော့ပါဘုရား)။

ဥပမာန-ပုံကို ပြရလျှင်၊ ရင်က ကျောရောက် ဒိုးလျှိုပေါက်အောင်၊ ထိုးဖေါက် နာကျင် မြားငြောင့်ကြီး စူးဝင်၍ နေသော သူကဲ့သို့တည်း။

ရင်ဖက်က ကျောဘက်သို့ ဖူးဖူး ထွက်အောင်၊ မြား ငြောင့်ကြီးစူး၍၊တွန့်တွန့်လူးဖြစ်နေတဲ့သူမှာ၊ဘယ်အခါ ကာလ, ဘယ်ခဏမျှ, သက်သာခွင့် ချမ်းသာခွင့်၊ မရ သလိုဘဲ နေ၁်။ (မှန်ပါ၊သက်သာခွင့် မရပါဘုရား)။

အဲ....ဒါလိုဘဲ၊ နေ့မစဲ, ညမစဲ၊ တသဲသဲနှင့် အမြဲ အိုဘေးတည်းဟူသော မြားငြောင့်ကြီး။ မကြည်မလင် မရွှင်မလန်း၊ ပင်ပန်း နွမ်းညှိုး၊ တမျိုးဖြစ်စဉ် နာကျင် ကိုက်ခဲ တ သဲ သဲ နှင့်၊ အမြဲ နာဘေး တည်းဟူသော မြားငြောင့်ကြီး ဖြစ်သလိုမနား၊ ထားသလိုမနေ၊ ပြုတ် ကြွေ ကျေကွဲ တသဲသဲနှင့်၊အမြဲ သေဘေးတည်းဟူသော မြားငြောင့်ကြီး၊ ဤမြားငြောင့်ကြီး အသီး အသီးတို့ဖြင့် အပြီးတိုင် စူးဝင် ထိုးလျှို၍ ထားအပ်သော၊ ရုပ်ဒုက္ခ သစ္စာ, နာမ်ဒုက္ခ သစ္စာတရား။

အထန် အပြင်း အတင်းအကြပ်၊မပြတ်ခဏ နှိပ်စက်ခြင်း၊ပီဠနဋ္ဌ အနက်။ အသွင်မတူ၊အမှုကွဲပြား,မနားမရပ် ပြုပြင် အပ်သော သင်္ခတဋ္ဌအနက်။ ငိုကြွေး တောင့်တ၊ ကြောင့်ကြပူဆွေး၊မအေးသပ်ထပ်၊ ပူပန်စေတတ်သော သန္တာပဋ္ဌအနက်။ ဖရိုဖရဲ ပြိုကွဲ သဘော၊ ရွေ့လျော အတင်း ဘောက်ပြန်ခြင်း ဝိပရိဏာမဋ္ဌအနက်။ ထိုဒုက္ခ အချက် အနက်လေးပါး၊မြွားငြောင့်ကြီးများဖြင့် စူးဝင် ထိုးလျှို၍ ထားသော ရုပ်ဒုက္ခ သစ္စာ, နာမ်ဒုက္ခ သစ္စာ တရား။

ဒါ့ကြောင့်–

ရုပ် နာမ် မှန်သမျှဟာ၊ ဒုက္ခ သစ္စာ ချည်းဘဲ
မဟုတ်လား။(မှန်ပါ၊ ဒုက္ခသစ္စာပါဘုရား)။

ထို ရုပ်နာမ် ဒုက္ခ သစ္စာကို ဒုက္ခ သစ္စာမှန်း မသိ၊ ချမ်းသာသုခထင်မို၍ ကောင်းတယ်, ကောင်းတယ်ဟု၊ တာတွယ် ဘပ်ငြိမှုကို သမုဒယ သစ္စာဆို မဟုတ်လား၊ (မှန်ပါ၊ သမုဒယ သစ္စာပါဘုရား)။

ဒုက္ခ သစ္စာကို ဒုက္ခသစ္စာမှန်း ပေါက်ပေါက် ပိုင်ပိုင် သိမြင်နိုင်က ထိုခဏာ၌၊ ထိုသမုဒယ စင်ကျယ်၍ အမျှင် မတွယ်သော ငြိမ်း သဘောကြီးဟာ၊ နိရောဓ သစ္စာ တဲ့လား။ (မှန်ပါ၊ နိရောဓ သစ္စာပါဘုရား)။

ဒုက္ခကိုရှု, သမုဒယကိုပယ်၊ နိရောဓနေယ်သို့ ရောက်အောင် ထွင်းဖေါက် ခွဲဝှက်၊ ပွားများ ဆောင်ရွက်ထား မဂ္ဂသစ္စာဘဲမဟုတ်လား။(မှန်ပါ၊မဂ္ဂသစ္စာပါဘုရား)။

အဲဒါလို–သစ္စာလေးချက် တပြိုင်နက် ပေါ်ထွက်လာအောင်၊ ရုပ်ဒုက္ခ သစ္စာတရားကြီးကို ဖြစ်စေ၊ နာမ်ဒုက္ခ သစ္စာတရားကြီးကို ဖြစ်စေ၊ အပေါင်းအားဖြင့် ရုပ်နာမ်နှစ်ပါး ဒုက္ခသစ္စာတရားကြီးကိုဖြစ်စေ၊ကြိမ်ဖန်များစွာ အခါခါ အထပ်ထပ် သုံးသပ်ဆင်ခြင်၊ ထင်မြင်ကြည့်ရှု ပွားများမှုကို တွင်တွင်ကြီး ပြုကြပါကုန်။

သို့မှသာလျှင် ရှေးရှေးသော ဘုရားချစ်သား,ဘုရားချစ်သမီး,ဖြစ်ပြီး များစွာ၊အရိယာမှန်လှ၊သာဝကတို့နှင့်၊ မကြာခဏ ထွက်ရေးမြန်လို့မို့၊မဂ်လေးတန်အကြောင်းပြု၊ဖိုလ်လေးခု အကျိုးထင်၊ဉာဏ်အမြင် မျက်နှာချင်းကို၊ လေးဖြာရောင်ဝင်း၊ လေးရောင်စုံ တောက်လင်းသည့်၊ လေးသစ္စာ 'လမင်းကြီး' မှာ၊ ရွှင်လန်း ကြည်သာ၊ ချမ်းသာစွာ ပေါင်းကြဲ,ဆုံကြရတော့မည်။

တကာကြွယ်ရေ(ဘုရား)သည်အရေး,သည်အတွက် သည်လေးချက်အရ၊ အကွက်ကျ ပေါ်ထွက်လာသဲဖြင့် ဂမ္ဘီရကဗျာ ခေါ်ထိုက်သော 'သခေ်ပဆောင်ပုဒ်'ကို၊ ဉာဏ်လဲလိုက် အမှန်လဲ ဆိုက်ရအောင်၊ အံကိုက်ချပေးအံ့မယ်၊ ကဲကဲ–အားလုံးကုန် လိုက်ကြ....လိုက်ကြ။

## "ဂမ္ဘီရ ဆောင်ပုဒ်များ"

(၁) ရုပ်ဟာမုချ-ဒုက္ခမှန်တယ်၊
ဒုက္ခသိမှ-သမုဒယစင်ကြယ်၊
စင်ကြယ်သောခဏ-နိရောဓနယ်၊
မဂ်သစ္စာ ထွက်ခါလင်းမှ၊
မျက်နှာချင်း-လမင်း, တွေ့ဆုံမယ်။

(၂) နာမ်ဟာ မုချ-ဒုက္ခမှန်တယ်၊
ဒုက္ခသိမှ-သမုဒယစင်ကြယ်၊
စင်ကြယ်သောခဏ-နိရောဓနယ်၊
မဂ်သစ္စာ-ထွက်ခါလင်းမှ၊
မျက်နှာချင်း-လမင်း, တွေ့ဆုံမယ်။

(၃) ရုပ်နာမ်မုချ-ဒုက္ခမှန်တယ်၊
ဒုက္ခသိမှ-သမုဒယစင်ကြယ်၊
စင်ကြယ်သောခဏ-နိရောဓနယ်၊
မဂ်သစ္စာ-ထွက်ခါလင်းမှ၊
မျက်နှာချင်း-လမင်း, တွေ့ဆုံမယ်။

## "တရား အဆုံးသတ်ရန်"

ဣတိ၊ ဤသို့။ မယာ၊ ငါသည်။ သင်္ခေပတော၊ လိုရင်း
စကားအကျဉ်းအားဖြင့်။ ဒဿိတံ၊ ဥပမာနှင့်တကွညွှန်ပြ

အပ်ခဲ့ပြီးသော။ ဒုက္ခသစ္စာ၊ ရုပ်နာမ် နှစ်ပါး၊ ဒုက္ခသစ္စာ တရားကြီးကို။မနသိကာရ၊ကောင်းစွာထိမိ၊နှလုံးသွင်း ခြင်း ရှိကြကုန်သော။ သာဓဝေါ၊ တရားနာ ပရိသတ် အပေါင်း သူတော် ကောင်းတို့သည်။ ပစ္စက္ခေ ယေဝ၊ ယခုပစ္စက္ခ မျက်မှောက် ဘဝ၌ပင်လျှင်။ သာဝကေဟိ၊ သာဝကများစွာ အရိယာအပေါင်း သူတော်ကောင်း တို့နှင့်။ သင်္ဂမိဿန္တု၊ ငေါ့စရာ,ထစ်စရာ, ခေတ်မကြာ ရအောင်၊သစ္စာအာရုံ အကြောင်းစုံ၍၊ ပေါင်းဆုံနိုင်ကြ ပါစေကုန်သတည်း။

သာဓု - သာဓု - သာဓု။

မျက်နှာချင်း လ,မင်းဆုံ-တရားခွန်း ပြီးပြီ။

## ကျက်မှတ်၍ ကုသိုလ်ဖြစ် ရွတ်ဘတ်ရန်

ပဋိသမ္ဘိဒါမဂ် ပါဠိတော်လာ-ဝိပဿနာ
ကမ္မဋ္ဌာန်း မည်သော

### "တောလေးဆယ် ပါဠိအနက်"

ပဉ္စက္ခန္ဓေ အနိစ္စတော ပလောကတော စလတော ပဘင်္ဂုတော အဓုဝတော ဝိပရိဏာမ ဓမ္မတော အသာရကတော ဝိဘဝတော သင်္ခတတော မရဏ ဓမ္မတော။ ။

ပဉ္စက္ခန္ဓေ ဒုက္ခတော, ရောဂတော, ဂဏ္ဍတော, သလ္လတော, အဃတော, အာဗာဓတော, ဤတိတော, ဥပဒ္ဒဝတော, ဘယတော, ဥပသဂ္ဂတော, အတာဏတော, အလေဏတော, အသရဏတော, အာဒီနဝတော, အဃမူလတော, ဝဓကတော, သာသဝတော, မာရာမိသတော, ဇာတိဓမ္မတော, ဇရာဓမ္မတော, ဗျာဓိဓမ္မတော, သောကဓမ္မတော, ပရိဒေဝဓမ္မတော, ဥပါယာသဓမ္မတော သံကိလေသိကဓမ္မတော။

ပဉ္စက္ခန္ဓေ အနတ္တတော ပရတော
ရိတ္တတော တုစ္ဆတော သုညတောတိ။

ပဉ္စက္ခန္ဓေ ရုပ်ကား ဘောက်ပြန်၊ ဝေဒနာ ခံစား မှတ်သားသညာ၊ သင်္ခါရပြုပြင် ဝိညာဉ်သိမှု ငါးခုခန္ဓာ၊

နှစ်ဖြာနာမ်ရုပ် ဓာတ်အနုပ်တို့ကို။ အနိစ္စတော၊ ဥပါဒ်အစ,ဋ္ဌီကအလယ်,ဘင်ဝယ်အဆုံး,တရုံးရုံးနှင့်၊ အုံးအုံးတက်မျှ ပျက်ရသဘော အစဉ် မမြဲသော အားဖြင့်ရင်း။ ပလောကတော၊အထင်ကရ မြင်သမျှတို့၊ဗျသနသဘော အလွန် ပျက်စီးသောအားဖြင့်ရင်း။ စလတော၊အိုခြင်း, နာခြင်း, သေခြင်းတရားတို့ဖြင့် မတည်ကြည် မတံ့စားမရပ်နားဘဲ အမြဲ တုန်လှုပ်သော အားဖြင့်ရင်း။ ။ ပဘင်္ဂုတော၊ သဘောအလို ဖရိုဖရဲ အနဲနဲလျှင်၊ ပြိုကွဲပျက်စီးခြင်းသို့ ရောက်တတ်သော အားဖြင့်ရင်း။ အဓုဝတော၊အလွန်နုလှ သီးခါစဥ္ဍ၊ကြွေကျလေပြီး သစ်သီးပမာ နှစ်မပါ၍၊ အကာမျှသာ မခိုင်မာသော အားဖြင့်ရင်း။ ဝိပရိဏာမဓမ္မတော၊ အိုမှု,သေမှု, ဤနှစ်ခုကြောင့် အပြုမခံ ဘောက်ပြန်တတ်သော သဘောအားဖြင့်ရင်း။ အသာရကတော၊ အကာသဘွယ် ပျက်စီး လွယ်၍ အထယ်အထုပ် ကယ်မဟုတ်သည့် အနုပ်အဖျင်း၊ အနှစ်ကင်းသော အားဖြင့်ရင်း။ ဝိဘဝတော၊ ဝိဘဝတဏှာ ဝိဘဝဒိဋ္ဌိတို့ကြောင့်၊အကျိုးတစိ မရှိလုံးလုံး ပျက်ပြုပြုန်းသဖြင့်၊ဆုံးရှုံးတတ်သော အားဖြင့်ရင်း။ သင်္ခတတော၊ ဇနကအကြောင်း ဥပထမ္ဘက အကြောင်း တို့သည်၊ အညီမပြတ်၊ပေါင်းမိကပ်၍ အဖန်ဖန် အထပ်ထပ် ပြုပြင်အပ်သည့်၏အဖြစ်အားဖြင့်ရင်း။မရဏဓမ္မတော၊ခဏိကမရဏ စုတိမရဏ အားဖြင့်၊ အစားစား အထွေထွေ

သေကြေ ပျက်စီးတတ်သော သဘော အားဖြင့်ရင်း။ သမ္ဗသတိ၊နေ့စဉ်မပြတ်အာရုံကပ်၍၊သုံးသပ်ဆင်ခြင်၏။

ပဥ္စက္ခန္ဓေ၊ ရုပ်ကား ဘောက်ပြန်၊ ဝေဒနာ ခံစား၊ မှတ်သားသညာ၊ သင်္ခါရပြုပြင်၊ ဝိညာဉ်သိမှု၊ ငါးခုခန္ဓာ နှစ်ဖြာ နာမ်ရုပ် ဓာတ်အနုပ်တို့ကို။ဒုက္ခတော၊ ဖြစ်ခြင်း ပျက်ခြင်း၊ မကင်းနှိပ်စက် အဆိတ်တက်သို့၊ ခံခက် သဘော၊ ဆင်းရဲသော အားဖြင့်ရင်း။ ရောဂတော၊ မရှင်မကြည်၊မအိမသာ၊မခံသာအောင်၊လွန်စွာများပြား ရောဂါ အားဖြင့်ရင်း။ ဂဏ္ဍတော၊ ဥပဒြ ငြိ ဘင်၊ အတင်းနှင်၍၊အတွင်းမစဲ၊ပေါက်အက်ကွဲရာ၊အိုင်းအမာ တမှု၊အလွန်တူသောအားဖြင့်ရင်း။ သလ္လတော၊တဏှာ ဒိဋ္ဌိတို့ဖြင့် ကပ်ငြိပူးယှဉ်၊ စူးဝင်ထိုးဆောင့် ကျင်နာ အောင့်သည့်၊မြားငြောင့်တမှု အလွန်တူသောအားဖြင့် ရင်း။ အဃတော၊ အကုသိုလ်တရား ဖြစ်ပွားတည်ရာ၊ ဆိုးယုတ်မာ၍၊ မပါစီးပွား၊ အကျိုးမဲ့ အားဖြင့်ရင်း။ အာဗာဓတော၊ အကြပ်အတင်း၊ အပြင်းအထန် သီးခံ မရ၊တစစလျှင်၊ ထ, ကြွ, ပွားတိုး၊ အနာမျိုးကြီး အား ဖြင့်ရင်း။ ဤတိတော၊ များစွာခပင်း၊ ပျက်စီးခြင်းကို ဆောင်နှင်း နှိုးနွယ်၊ ထိတ်စဘွယ် အားဖြင့်ရင်း။ ဥပဒ္ဒ ဝတော၊ မှုကြီး ခင်းရေး၊ မင်းဘေး မင်းဒဏ် များပြား ရန်ကြောင့်၊ မကြံစည်အပ်၊ မတွေးတတ်အောင်၊ အမြဲ ကပ်၍၊နှိပ်စက်တတ်သော၊ဥပါဒ်အန္တရာယ်၊လန့်စဘွယ်

အားဖြင့်ရင်း။ ဘယတော၊ချမ်းသာမရှိ ပကတိသဘော ပြန့်ပြောကြီးကျယ်၊ ဘေးပေါင်း ကွယ်သည့်၊ ကြောက်မက်ဖွယ်အါးဖြင့်ရင်း။ဥပသဂ္ဂတော၊ဗဟိဒ္ဓရှိညတိဗျသန အစစနှင့်၊ အဇ္ဈတ္တမှာ ရောဂါ များတောင်း၊ ခို၀င် အောင်းသဖြင့်၊ မကောင်းသောဟိတ်၊ တိတ်နိမိတ်ရွယ် ဖြစ်ကြောင်းလွယ်၍၊ ရှုံတုန်ဘွယ် အားဖြင့်ရင်း။ အတာ လာတော၊ ဘေးရန်မရောက်၊ မပေါ် ပေါက်အောင်၊ မစောင့်ရှောက်နိုင်သောအားဖြင့်ရင်း။အလေလာတော ဘေးရန်လွတ်ကြောင်း၊ မပုန်းအောင်သာ၊ မကွယ်ကာ နိုင်သော အားဖြင့်ရင်း။ အသရလာတော၊ အားထား တမျိုး အားကိုး ဇာ့ွယ်၊ ငြိခိုဘွယ်ဟု၊ အကယ်တိတိ အလျှင်း မ ရှိ သေ ာ အားဖြင့်ရင်း။ ။အာဒိနဝတော၊ ငတ်မွတ်ခေါင်းပါး၊ အစာရှားသည်၊ ဆင်းရဲသားတမျှ မက,ဆိုး၀ါး၊ကြီးမားသော အပြစ်အားဖြင့်ရင်း။ အဃ မူလတော၊ရန့်ရင်းကြမ်းကြုတ်အယုတ်တမ၊ပါပညစ်ကျူ အပြစ်စုတို့၊ဖြစ်မှုမယှင်း အကြောင်းရင်း အားဖြင့်ရင်း ၀ဓကတော၊ မျက်နှာပြုံးရွှင်၊ ထားကြည်လင်လျက်၊ချစ် ခင်ဟန်မူ၊ကျွမ်း၀င်သူကို၊အပူတပြင်း၊အတင်းခုတ်ပြတ်၊ ညှဉ်းဆဲတတ်သည့်၊ သူသတ်သမားတမူ၊ အလွန် တူသော အားဖြင့်ရင်း။ သာသ၀တော၊ အာသဝေါ တရား လေးပါးတို့၏ အစီးအပွား အာရုံအားဖြင့်ရင်း။ မာရာမိသတော၊ ကိလေသမင်း၊ မာရ်နှစ်သင်းတို့၏၊

ပိုင်းနင်းဥဗ္ဗာ၊စားဝါးရာဖြစ်သော၊အစာအားဖြင့်ရှင်း။ ဇာတိဓမ္မတော၊ ဘယ်သူ့ ဘယ်ဝါ၊ ဘယ်ဘယ်ဟာမှ၊ မညှာမငဲ့၊အရွဲ့တစောင်း၊ ကပြောင်းကပြန်၊ အပြောင်းပြန်၍ အဖန်ဖန် ဖြစ်တတ်သော သဘောအားဖြင့်ရှင်း။ ဇရာဓမ္မတော၊ ဘယ်သူ့, ဘယ်ဝါ၊ ဘယ်ဘယ်ဟာမှ၊ မညှာမငဲ့၊ အရွဲ့တစောင်း,ကပြောင်းကပြန်၊ အပြောင်းပြန်၍ အဖန်ဖန် အိုတတ်သော သဘောအားဖြင့်ရှင်း။ ဗျာဓိဓမ္မတော၊ ဘယ်သူ့, ဘယ်ဝါ၊ ဘယ်ဘယ်ဟာမှ၊ မညှာမငဲ့ အရွဲ့တစောင်း,ကပြောင်းကပြန်၊ အပြောင်းပြန်၍၊အဖန်ဖန် နာတတ်သော သဘောအားဖြင့်ရှင်း။ သောက ဓမ္မတော၊ လောဘ, ဒေါသ, မောဟ အာရုံ၊ အလုံးစုံတို့ကြောင့်၊အကူတုန်,သဲတုန်,အဖုံဖုံ စိုးရိမ်ရသော သဘော အားဖြင့်ရှင်း။ ပရိဒေဝ ဓမ္မတော၊ လောဘ, ဒေါသ, မောဟ အာရုံ၊ အလုံးစုံ တို့ကြောင့်၊ အကူတုန်, သဲတုန်, အဖုံဖုံ ငိုကြွေးရသော သဘောအားဖြင့်ရှင်း။ ဥပါယာသဓမ္မတော၊ လောဘ, ဒေါသ, မောဟအာရုံ အလုံးစုံတို့ကြောင့်။အကူတုန်,သဲတုန်,အဖုံဖုံ ပူပန်ရသော သဘောအားဖြင့်ရှင်း။ သံကိလေသိက ဓမ္မတော၊တဏှာ ဒိဋ္ဌိ၊ ဒုစ္စရိတာ၊ ကိလေသာ အပေါင်း၊ မကောင်းသော အညစ် တရားတို့ကို၊ ဖြစ်ပွားစေတတ်သော သဘော အားဖြင့်ရှင်း။ သမ္မသတိ၊ နေ့စဉ်မပြတ် အာရုံကပ်၍ သုံးသပ်ဆင်ခြင်ရာ၏။

ပဥ္စက္ခန္ဓေ၊ ရုပ်ကား ဘောက်ပြန်၊ ဝေဒနာ ခံစား၊ မှတ်သား သညာ၊ သင်္ခါရပြုပြင်၊ ဝိညာဉ်သိမှု၊ ငါးခုခန္ဓာ၊ နှစ်ဖြာနာမ်ရုပ်၊ ခတ်အနုပ်တို့ကို။ အနတ္တတော၊ တိတ္တိ တို့သည်၊ ကြံဆအပ်သော။ အတ္တအတ္တနိ၊ ပကတိအနေ၊ မရှိလေပြေး၊ ကိုယ်မဟုတ်သောအားဖြင့်ရင်း။ ပရတော မအိုစေငှါ၊ မနာစေနှင့်၊ မသေလင့်ဟု၊ အခွင့်အရေး၊ အာဏာပေးလို့၊ တောင်းပန်ဆိုလည်း၊ ဘယ်ပုဂ္ဂိုလ်၏ အလိုမလိုက်၊ အကြိုက်မပေါ်၊ စီရင်ရာမရ သူစိမ်းပြင်ပအာ ဖြင့်ရင်း။ ရိတ္တတော၊ ခိုင်မြဲချမ်းသာ၊ တင့်တယ်စွာဖြင့်၊ စွဲရာအတ္တ၊ နှစ်သာရမှ၊ ကင်းရှင်းပသော အားဖြင့်ရင်း။ တုစ္ဆတော၊ အခိုက်အားနှဲ့ကာလ၊ တခဏမျှ၊ အသုံးကျ အသုံးဝင်၊ အမှန်းတင်ဘို့၊ ရှာလျှင်မရ၊ ကိစ္စမပြီး၊ အချည်း နှီး သဘောအားဖြင့်ရင်း။ သုညတော၊ သယံ ဇာတ၊ သဘာဝမို့၊ ကာရက,ဝေဒက၊ မြဲအတ္တနှင့်၊ သတ္တဇီဝ၊ မရှိပါ၍၊ သူငါမဖြစ်၊ အနှစ်အတုံး၊ အလုံး နိမိတ်မှ၊ စင်စစ် သုဉ်းဆိတ်သောအားဖြင့်ရင်း။ သမ္မသတိ၊ နေ့စဉ်မပြတ်၊ အာရုံကပ်၍၊ သုံးသပ်ဆင်ခြင်၏။ ။ဤတိ ဤသည်လျှင် တောလေးဆယ် ပါဠ်အနက် မှတ်ချက်အပြီးတည်း။

"မှတ်ချက်"

ဤသို့—အနိစ္စ လက္ခဏာ, ဒုက္ခ လက္ခဏာ, အနတ္တ လက္ခဏာ,ဟု ဆိုအပ်သော၊ လက္ခဏာရေး သုံးပါးကို ခြားနား ပိုင်းဖြတ်၊ ကျက်မှန်၍ လွယ်စေခြင်းငှါ။ ပါဠိ

တော်လ ပုဒ်စုကို၊ သုံးပုံ သုံးစု ပြ၍ပြဆိုခဲ့ရာ၊ ပဌမပုဒ်စု တော,ဆယ်ခုကို၊ အနိစ္စလက္ခဏာဟုမှတ်။ ဒုတိယပုဒ်စု တော,နှစ်ဆဲ့ငါးခုကို ဒုက္ခလက္ခဏာ ဟုမှတ်။ တတိယ ပုဒ်စု-တော,ငါးခုကို အနတ္တလက္ခဏာဟုမှတ်။

## အကျယ် ပွားပုံ။

ခန္ဓာငါးပါးရှိခဲ့ရာ-ရူပက္ခန္ဓာ၌(၄၀)၊ဝေဒနာက္ခန္ဓာ၌ (၄၀)၊ သညာက္ခန္ဓာ၌(၄၀)၊ သင်္ခါရက္ခန္ဓာ၌ (၄၀)၊ ဝိညာဏက္ခန္ဓာ၌ (၄၀)၊ ဤသို့- တပါး တပါးလျှင် လေးဆယ်စီ, လေးဆယ်စီ ရသောကြောင့်၊ အကျယ် ပွားဖြင့် - ဝိပဿနာ ကမ္မဋ္ဌာန်း (၂၀၀) ဟူ၍ ရင်း။ တော(၂၀၀)ဟူ၍ရင်း မှတ်။

အဋ္ဌကထာကြီး ပြတော်မူချက် - လိုရင်း ဖြစ်သော အဓိပ္ပါယ်နက်ကို၊ အတွင်းဝင်ပါအောင်၊ မကျဉ်းမကျယ် သိလွယ်, ရလွယ်စေခြင်းငှါ၊ ယောဇနာ လိုက်သော၊ ဤ တော(၄၀) ပါဠိအနက် တော်ကြီးကို အပြီးတိုင် ကျက်မှတ်၍ နေ့စဉ်မပြတ် ရွတ်ဘတ်ပွားများကြပါကုန် ဝိပဿနာ ယောဂီအပေါင်း သူတော်ကောင်းတို့။

ပြီး ပြီ။

# ဆုတောင်းချက်

(၁) ကိလေသဝဋ်၊ သူ့အဖြစ်၊ မှုပြစ်ရှုပ်ထွေး၊
အပူမျိုး, အလောင်မျိုး၊ မှောင်ခိုး တဝေဝေ။
ခုဘဝ၊ ပြုသမျှ၊ ကုသလ ထွေထွေ၊
ဝဋ်ကြွင်း၊ ဝဋ်စခန်း၊ ဝဋ်လမ်း လွတ်ပါစေ။

(၂) ကမ္မဝဋ်၊ သူ့အဖြစ်၊ မှုပြစ် ရှုပ်ထွေး၊
အပင်မျိုး, အမြစ်မျိုး၊ ဖြစ်ရိုး တတေတေ။
ခုဘဝ၊ ပြုသမျှ၊ ကုသလ ထွေထွေ၊
ဝဋ်ကြွင်း၊ ဝဋ်စခန်း၊ ဝဋ်လမ်း လွတ်ပါစေ။

(၃) ဝိပါကဝဋ်၊ သူ့အဖြစ်၊ မှုပြစ် ရှုပ်ထွေး၊
ဘုံမျိုး, ဘဝမျိုး၊ ရရိုး တပေပေ။
ခုဘဝ၊ ပြုသမျှ၊ ကုသလ ထွေထွေ၊
ဝဋ်ကြွင်း၊ ဝဋ်စခန်း၊ ဝဋ်လမ်း လွတ်ပါစေ။

သာဓု - သာဓု - သာဓု။

**ဤတွင် ဟောပုံကျမ်း ဒုတိယတွဲ**
**ပြီး၏။**

# သတိပြုတော်မူရန်

၁။ ပဌမ ကြောင်ပန်း ဆရာတော်ဘုရားကြီး ၏
**ဝိပဿနာ ခြောက်စောင်တွဲကျမ်း။**

၂။ ဒုတိယ ကြောင်ပန်းဆရာတော်ဘုရားကြီး ၏
**တရားသင်နည်း ဆွေးနည်း သုံးစောင်တွဲကျမ်း**

၃။ ကြောင်ပန်း ဦးတိက္ခာ အရှင်မြတ် ၏
**ဒိဋ္ဌိပြုတ်လမ်း-ဟောပုံကျမ်း၊ (ပ-ဒု-တတွဲ)**

၄။ ဆရာတော် ဦးပဏ္ဍိဝ ၏
**တုံးနာမ်-တိုင်နာမ်၊ ဋီကာကျမ်း။**

၅။ ကြောင်ပန်း ဦးတိက္ခာ အရှင်မြတ် ၏
**ဝိဝဋ္ဋဒါန ဒီပနီကျမ်း။**

၆။ ဦးနန္ဒ အရှင်မြတ် ၏
**ရုပ်ရိုပ်-နာမ်ရိပ် ဝါဒ အဖြေများကို**
ပူဇော်တော် မူနိုင်ပါကြောင်း။

ကြောင်ပန်း ဝိပဿနာကျမ်းများ ဖြန့်ချီရာဌာန
**ဦးဘညွန့်-ဒေါ်အုန်းမေ**
မြင်းမူလမ်း - မုံရွာမြို့။

ဒိဋ္ဌိပြုတ်လမ်း-ဟောပုံကျမ်း ဒုတိယတွဲ ဖြန့်ချီရာဌာန၊
**ကိုကျော်သန်း-မကြည်**
အမှတ်(၃၈၉)အနောက်ပြင် ဥယျဉ်တန်း-မန္တလေးမြို့။

ဦးအောင်သိန်း ပုံနှိပ်တိုက် ၈၅-လမ်း၊ မလွန်-မန္တလေး။ (မြ-၀၁၂၁၆)